ညောင်တုံးမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ် ကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ ခံကျောင်း ဆရာတော် ဘုရားကြီး

ရေးသားအပ်သော

# ပရိဝါသ မာနတ္တာဒိ

# ဝိနိစ္ဆယကျမ်း



(စတုတ္ထအကြိမ်ပုံနှိပ်ခြင်း)

ကြင်ကြင်

အမျိုးသမီး သိဒ္ဓိပိဋကတ်-ပရိက္ခရာဆိုင်

၄၃/၄၄ ရွှေတိဂုံ အရှေ့မုခ်

ရန်ကုန်မြို့။

၂၄၈၇၄

ညောင်တုန်းမြို့ ရွှေဟင်္သာ[illegible]ရ ပါဠိတက္ကသိုလ် ကျောင်းတိုက်

**အဂ္ဂမဟာပဏ္ဍိတ ခံကျောင်း ဆရာတော် ဘုရားကြီး**

ရေးသားအပ်သော

# ပရိဝါသ မာနတ္တာဒိ
# ဝိနိစ္ဆယကျမ်း



(စတုတ္ထအကြိမ် နှိပ်ခြင်း)

ကြင်ကြင်

အမျိုးသမီး၊ သိန်းနိုင်ဦးကတ်-ပေါ်ကူရေဆိုင်
၄၄/၄၄ ဈေးတော် အရှေ့မုခ်
ရေကုန်းမြို့။

[A-စတုတ္ထအကြိမ်]

[စတုတ္ထအကြိမ်]

၁၉၈၂-ခု၊ ဖေဖော်ဝါရီလ

အုပ်ရေ-၂၀၀၀

မျက်နှာဖုံးခွင့်ပြုအမှတ် (၃၇)

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၈၁၂

ပန်းချီ-နေလင်း

ဘလောက်-ရောင်နီဦး

အဖုံးရိုက်-အောင်သာပုံနှိပ်တိုက်

စာအုပ်ချုပ်-သန်းသန်းယဉ်

ရောင်းဈေး-၁၅ ကျပ်

၂၄၈၇၄

ထုတ်ဝေသူ။ ။ဦးအောင်ကြီး (၀၉၈၆) အညကြွန့်လူသားစာပေ
အမှတ် ၅၊ တင့်ဆန်းလမ်း၊ ဥက္ကလစ်၊ ရန်ကုန်။

ပုံနှိပ်သူ။ ။ဒေါ်တင်လှ (၀၂၀၃၀) နေလင်း ပုံနှိပ်တိုက်၊
အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်။

# နိဒါန်း

"သိက္ခာဝိပုလ သမာဒါန၊ ဇောတံ သမဏဿ ပတိရူပံ" ဟူသည်နှင့်အညီ ရဟန်းတော်တို့ကျင့်ရသော ကျင့်ဝတ်တို့သည်ကား ကုဋေပေါင်းကိုးထောင် တရာ ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင်ရှိရကား အလွန်များပြားလှ၏။

ထိုတွင် ပရိဝါသ်မာနတ်၊ သိမ်၊ ကထိန်၊ ရဟန်းခံ၊ နိဿယည်း ဟူသော ကိစ္စများသည်ကား အများနှင့်ဆက်ဆံခြင်း၊ မကြာမကြာ ပြုလုပ်ခြင်းအားဖြင့် များစွာအရေးကြီး၏၊

ချွဲဦးအဖွဲ့- ထိုလေးပါးတို့တွင် ရဟန်းတိုင်းလိုပင် "ပရိဝါသ်မာနတ်"ကို တကြိမ်နှစ်ကြိမ်စသည်ဖြင့် စောင့်ဘူးကြ၏။ ထိုသို့ စောင့်ရာ၌ မြန်မာဘာသာဖြင့် ဆုံးဖြတ်ထားသော အဆုံးအဖြတ်မရှိရကား အပ္ပဿုတပုဂ္ဂိုလ်များမှာ များစွာ တွေဝေကြသည်ကို သိတော်မူသဖြင့် ထိုသို့မတွေဝေကြစေရန် ကျောင်းဆရာတော်ဘုရားကြီးသည် ပြတ်ပြတ်သားသား ရေးသားဆုံးဖြတ်အပ်သော "ပရိဝါသ်မာနတ် အဆုံးအဖြတ်နှင့် ပရိဝါသာဒိ ပကိဏ္ဏက အဆုံးအဖြတ်"။

"သိမ်"မှာလည်း သာသနာတော်၏ ရေသောက်မြစ်သဖွယ် ဖြစ်၍ အလွန်အရေးကြီး၏။ ထိုသို့ပင်အရေးကြီးလှ၍ သိမ်ကို မည်သို့အမိန့်ခံရသည်၊ မည်သို့နုတ်ရသည်၊ မည်သို့သမုတ်ရသည်

စသည်ဖြင့် သိမ်နှင့်စပ်၍ သိသင့်သိထိုက်သမျှကို အလွယ်တကူ သိစေခြင်းငှာ သေချာ ပြတ်သားစွာ ဆုံးဖြတ်အပ်သော "သိမ် အဆုံးအဖြတ်"။

"ကထိန်"ကိုလည်း ကျောင်းတိုင်း ကျောင်းတိုင်း လိုပင် နှစ်စဉ်ခင်းကြရ၍ ကထိန်ကို မည်သို့ခင်းရသည်၊ မည်သို့သော အင်္ဂါနှင့်ပြည့်စုံမှ ခင်းရသည်၊ အာနိသင် မည်သို့ရသည် စသည် ဖြင့် အလွယ်တကူသိကြစေရန် သိသင့်သိထိုက်သမျှကို အကျဉ်း ရေးသား ဆုံးဖြတ်အပ်သော "ကထိန် အဆုံးအဖြတ်"။

"ရဟန်းခံကိစ္စ"ကိုလည်း နှစ်စဉ် ကျောင်းတိုင်း ကျောင်း တိုင်း ကြုံတွေ့တတ်ရာ ထိုကိစ္စ၌လည်း ရဟန်းလောင်း ဆုံးမ ခြင်းနှင့်တကွ လိုရင်းအလုံးစုံကို တိုတိုနှင့်သိကြစေရန် အကျဉ်း ရေးသားထားအပ်သော "ရဟန်းလောင်းဆုံးမ"။

"နိဿယည်း ငြိမ်းမငြိမ်း"နှင့် စပ်လျဉ်း၍ ပညာရှိကြီးများ ပင် အမျိုးမျိုးယူဆ နေကြသည်ဖြစ်ရာ ထိုသည်လည်း အရေး ကြီးသော အချက်တခုပင် ဖြစ်၍ စံကျောင်းဆရာတော်ဘုရား ကြီး အကျဉ်းအားဖြင့် စီရင်၍ ရေးသားအပ်သော "နိဿယ ပဋိပဿမ္ဘန အဆုံးအဖြတ်"။

ထိုဆိုပြီးသော အဆုံးအဖြတ်တို့ကို ဆိုင်ရာ ကမ္မဝါစာတို့နှင့် တကွ ပေါင်းရုံးစုဆောင်း၍ ကောင်းမြတ်သော နှလုံးသွင်းဖြင့် သန့်ရှင်းစွာ စီစဉ်၍ (စတုတ္ထအကြိမ်) စက်တင် ပုံနှိပ်အပ်ပါ သတည်း။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ပဉ္စမကဏ္ဍ** | |
| ၁။ | သီလမရှိခြင်း၏ အပြစ် .... | ၂ |
| ၂။ | သီလရှိခြင်း၏ အကျိုး .... | ၇ |
| ၃။ | ပါတိမောက္ခ သံဝရသီလကို စောင့်ပုံ .... | ၁၀ |
| ၄။ | ဣန္ဒြိယသံဝရသီလကို စောင့်ပုံ.... .... | ၁၂ |
| ၅။ | အာဇီဝပါရိသုဒ္ဓိသီလကို စောင့်ပုံ .... | ၁၃ |
| ၆။ | ပစ္စယသန္နိဿိတသီလကို စောင့်ပုံ .... | ၁၅ |
| ၇။ | သုဒ္ဓိလေးပါး .... | ၁၆ |
| ၈။ | သုတ္တဝိဘင်္ဂ အဓိပ္ပာယ် .... | ၁၈ |
| ၉။ | ရာဂတဆယ့်တပါး .... | ၁၉ |
| ၁၀။ | ရာဂတဆယ့်တပါးဖြင့် နှိုင်းဆပုံ .... | ၂၃ |
| ၁၁။ | ကာယသံသဂ္ဂ သိက္ခာပုဒ် .... | ၂၅ |
| ၁၂။ | ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ် .... | ၂၇ |
| ၁၃။ | အာပတ် ဖုံးလွှမ်းပုံ မဖုံးလွှမ်းပုံ .... | ၂၉ |
| ၁၄။ | အာပတ္တိ အာပတ္တိသညီ .... | ၃၀ |
| ၁၅။ | ပကတတ္တ ပကတတ္တသညီ .... | ၃၁ |
| ၁၆။ | အနန္တရာယိက အနန္တရာယိကသညီ .... | ၃၂ |
| ၁၇။ | ပဟု ပဟုသညီ .... | ၃၃ |
| ၁၈။ | ဆာဒေတု ကာမ ဆာဒနာ .... | ၃၃ |
| ၁၉။ | အာဝိကတာ ပြုပုံ .... | ၃၅ |
| ၂၀။ | ပရိဝါသ် .... | ၃၆ |
| ၂၁။ | အမည်ကို စိစစ်ပုံ .... | ၃၇ |
| ၂၂။ | ဩဟ ပဋိစ္ဆန္နပရိဝါသ ယာစန .... | ၃၉ |
| ၂၃။ | ၎င်း ကမ္မဝါစာ .... | ၃၉ |
| ၂၄။ | ဝတ်ဆောက်တည်ပုံ, ကြားပုံ .... | ၄၁ |


[B-စတုတ္ထအကြိမ်]

ဦးရေ အကြောင်းအရာ စာမျက်နှာ


၂၅။ ဝတ်စောင့်ပုံ .... ၄၂
၂၆။ အာရောစနခေတ် .... ၄၃
၂၇။ ဥတုဇာသဒ္ဓကို သံသယ မရှိသင့် .... ၄၅
၂၈။ မာနတ်တက် အဗ္ဘာန်သွင်းသောအခါ မကြားရပုံ ၄၇
၂၉။ သုံးခေါက် ကြားရန် မလို .... ၄၉
၃၀။ ဝတ်စောင့်ရာ မာနတ်ကျင့်ရာ၌ ညဉ့်ပြတ်ပုံ .... ၅၀
၃၁။ ပါရိဝါသိက အာဂန္တုကတို့ .... ၅၇
၃၂။ ပါရိဝါသိက အာဝါသိကတို့ .... ၅၇
၃၃။ ရက်လို, ရက်ပို၍ ဝတ်ပျက် မပျက်ပုံ .... ၆၀
၃၄။ ကြားပြီးရဟန်း ကိုထပ်ကြားရန်မလို .... ၆၁
၃၅။ ဒဏ်သား အပြား .... ၆၂
၃၆။ ဒဏ်သား အချင်းချင်း ကျင့်ရပုံ .... ၆၃
၃၇။ ဒဏ်သား အချို့နှင့် ဆက်ဆံသော ကျင့်ဝတ် .... ၆၃
၃၈။ ဒဏ်သား အားလုံးနှင့် ဆက်ဆံသော ကျင့်ဝတ် .... ၆၄
၃၉။ ဒဏ်သားများကို အထူးခွင့်ပြုပုံ .... ၇၃
၄၀။ ဒဏ်သား ခေါ်ရပုံ .... ၇၅
၄၁။ ကေဝလ ပဋိစ္ဆန္န မာနတ်တောင်း .... ၇၇
၄၂။ ကေဝလ ပဋိစ္ဆန္န မာနတ်ပေး ကမ္မဝါစာ .... ၇၇
၄၃။ ကေဝလ ပဋိစ္ဆန္န မာနတ်ကြား .... ၇၉
၄၄။ မာနတ် စောင့်ပုံ .... ၈၀
၄၅။ ကေဝလ ပဋိစ္ဆန္န အဗ္ဘာန်တောင်း .... ၈၃
၄၆။ ကေဝလ ပဋိစ္ဆန္န အဗ္ဘာန် ကမ္မဝါစာ .... ၈၃
၄၇။ အပဋိစ္ဆန္န မာနတ် .... ၈၅
၄၈။ ဖုံးလွှမ်းသောအာပတ်နှင့် မဖုံးလွှမ်းသောအာပတ်၌-
မာနတ်ကျင့်ပုံ — ၈၅
၄၉။ ကေဝလ ပဋိစ္ဆန္န အပဋိစ္ဆန္န မာနတ်တောင်း .... ၈၆
၅၀။ ကေဝလ ပဋိစ္ဆန္န အပဋိစ္ဆန္န မာနတ်ပေး ကမ္မဝါစာ ၈၆
၅၁။ ကေဝလ ပဋိစ္ဆန္န အပဋိစ္ဆန္န မာနတ်ကြား .... ၈၈

ဦးရေ အကြောင်းအရာ စာမျက်နှာ


၅၂။ ဧကာဟ ပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န အဗ္ဘာန်တောင်း .... ၈၈
၅၃။ ဧကာ ပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န အဗ္ဘာန် ကမ္မဝါစာ .... ၈၉
၅၄။ သုဒ္ဓန္တ ပရိဝါသ် .... ၉၁
၅၅။ စူဠသုဒ္ဓန္တ .... ၉၁
၅၆။ စူဠသုဒ္ဓန္တ လက္ခဏာ .... ၉၂
၅၇။ အာပတ္တိဝုဋ္ဌာ လက္ခဏာ .... ၉၃
၅၈။ ပရိဝါသ် ထပ်ယူသင့်, မယူသင့် .... ၉၄
၅၉။ ပရိဝါသ် ပြောင်းလဲ ယူသင့်ပုံ .... ၉၄
၆၀။ မဟာသုဒ္ဓန္တ .... ၉၅
၆၁။ ဩဓာနသမောဓာန် .... ၉၅
၆၂။ မူလာယ ပ္ပဋိကဿန ပရိဝါသ်တောင်း .... ၉၉
၆၃။ မူလာယ ပ္ပဋိကဿန ပရိဝါသ်ပေးကမ္မဝါစာ .... ၉၉
၆၄။ ဩဓာနသမောဓာန ပရိဝါသ်တောင်း။ .... ၁၀၁
၆၅။ ဩဓာနသမောဓာန ပရိဝါသ်ပေး ကမ္မဝါစာ .... ၁၀၁
၆၆။ ဩဓာနသမောဓာန ပရိဝါသ်ကြား။ .... ၁၀၃
၆၇။ ဩဓာနသမောဓာန မာနတ်တောင်း .... ၁၀၄
၆၈။ ဩဓာနသမောဓာန မာနတ်ပေး ကမ္မဝါစာ .... ၁၀၅
၆၉။ ဩဓာနသမောဓာန မာနတ်ကြား .... ၁၀၇
၇၀။ ဩဓာနသမောဓာန အဗ္ဘာန်တောင်း .... ၁၀၈
၇၁။ ဩဓာနသမောဓာန အဗ္ဘာန် ကမ္မဝါစာ .... ၁၀၉
၇၂။ ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿန အဓိပ္ပါယ် ၁၁၂
၇၃။ ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿနတောင်း ၁၁၃
၇၄။ ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿန ကမ္မဝါစာ ၁၁၃
၇၅။ ပါရိဝါသိကအပ္ပဋိစ္ဆန္နမူလာယပ္ပဋိကဿန ပရိဝါသ်ကြား ၁၁၅
၇၆။ ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿန သမောဓာန
မာနတ်တောင်း .... ၁၁၅
၇၇။ ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿန သမောဓာန
မာနတ်ပေး ကမ္မဝါစာ .... ၁၁၆

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈။ | ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပဋိကဿန သမောဓာန မာနတ်ကြား .... | ၁၁၈ |
| ၇၉။ | ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပဋိကဿန သမောဓာန အဗ္ဘာန်တောင်း .... | ၁၁၉ |
| ၈၀။ | ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယ ပဋိကဿန သမောဓာန အဗ္ဘာန် ကမ္မဝါစာ .... | ၁၂၀ |
| ၈၁။ | အပ္ပဋိစ္ဆန္န မာနတ္တ မူလာယ ပဋိကဿန .... | ၁၂၂ |
| ၈၂။ | အပ္ပဋိစ္ဆန္န မာနတ္တ မူလာယ ပဋိကဿနတောင်း.... | ၁၂၂ |
| ၈၃။ | အပ္ပဋိစ္ဆန္န မာနတ္တ မူလာယပဋိကဿန ကမ္မဝါစာ | ၁၂၃ |
| ၈၄။ | အပ္ပဋိစ္ဆန္န မာနတ်ကို အရင်းသို့ငင်၍ မာနတ် ထပ်တောင်း .... | ၁၂၄ |
| ၈၅။ | အပ္ပဋိစ္ဆန္န မာနတ်ကို အရင်းသို့ငင်၍ မာနတ် ထပ်ပေး ကမ္မဝါစာ .... | ၁၂၅ |
| ၈၆။ | အပ္ပဋိစ္ဆန္န မာနတ်ကို အရင်းသို့ငင်၍ နောက် .... ပေးအပ်သော မာနတ်ကြား .... | ၁၂၇ |
| ၈၇။ | အပ္ပဋိစ္ဆန္န မာနတ်ကို အရင်းသို့ငင်၍ မာနတ် ကျင့်ပြီးအဗ္ဘာန်တောင်း .... | ၁၂၈ |
| ၈၈။ | အပ္ပဋိစ္ဆန္န မူလာယ ပဋိကဿနအဗ္ဘာန် ကမ္မဝါစာ | ၁၂၉ |
| ၈၉။ | အပ္ပသမောဓာန် .... | ၁၃၀ |
| ၉၀။ | သုဒ္ဓန္တ အဗ္ဘသမောဓာန် သင့်လျော်ပုံ .... | ၁၃၄ |
| ၉၁။ | မိဿက သမောဓာန် .... | ၁၃၅ |
| ၉၂။ | မိဿက သမောဓာန်တောင်း .... | ၁၃၅ |

## ဒုတိယကဏ္ဍ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၃။ | ဝတ်စောင့်ဆဲစသည်၌ ဖောက်ပြန်ရွေ့ရှာ ပကတိပြန်ဖြစ် သောအခါကျင့်ရပုံ .... | ၁၃၇ |
| ၉၄။ | ဆာရတ္တ အဓိပ္ပာယ် .... | ၁၃၉ |
| ၉၅။ | အဗ္ဘာန်သွင်းပြီးနောက် မာနတ်ချရန်မလို .... | ၁၄၀ |
| ၉၆။ | ဝတ်ယူရာ, စောင့်ရာ,ချရာ၌ ထူးပုံ .... | ၁၄၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၇။ | ဓတေရသကဏ်ဋီကာ ဆိုပုံ .... | ၁၄၁ |
| ၉၈။ | ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးအဆို .... | ၁၄၂ |
| ၉၉။ | မာနတ်ကိုကြား ချသင့်ပုံ .... | ၁၄၂ |
| ၁၀၀။ | ဝိနယာလင်္ကာရဋီကာဆရာ ဆိုပုံ .... | ၁၄၃ |
| ၁၀၁။ | သုဒ္ဓန်,အဂ္ဃသမောဓာန်၌ အပ္ပဋိစ္ဆန္န မာနတ်ပေးပုံ | ၁၄၄ |
| ၁၀၂။ | အပ္ပဋိစ္ဆန္နမာနတ်တောင်း ... | ၁၄၅ |
| ၁၀၃။ | အပ္ပဋိစ္ဆန္န မာနတ်ပေး ကမ္မဝါစာ .... | ၁၄၅ |
| ၁၀၄။ | အပ္ပဋိစ္ဆန္န မာနတ်ပေး ဆောက်တည်ကြား .... | ၁၄၆ |
| ၁၀၅။ | အပ္ပဋိစ္ဆန္န အဗ္ဘာန်တောင်း .... | ၁၄၇ |
| ၁၀၆။ | အပ္ပဋိစ္ဆန္န အဗ္ဘာန် ကမ္မဝါစာ ... | ၁၄၇ |
| ၁၀၇။ | အဂ္ဃသမောဓာန် ပရိဝါသ်တောင်း .... | ၁၄၈ |
| ၁၀၈။ | အဂ္ဃသမောဓာန် ပရိဝါသ်ပေး ကမ္မဝါစာ .. | ၁၄၈ |
| ၁၀၉။ | အဂ္ဃသမောဓာန် ပရိဝါသ်ဆောက်တည်၊ ပရိဝါသ် ကြား ... | ၁၅၀ |
| ၁၁၀။ | အဂ္ဃသမောဓာနမာနတ်, အပ္ပဋိစ္ဆန္နမာနတ် နှစ်ခုရောတောင်းပုံ ... | ၁၅၂ |
| ၁၁၁။ | အဂ္ဃသမောဓာနမာနတ်, အပ္ပဋိစ္ဆန္နမာနတ်ပေး ကမ္မဝါစာ .... | ၁၅၂ |
| ၁၁၂။ | အဂ္ဃသမောဓာနမာနတ်, အပ္ပဋိစ္ဆန္နမာနတ် ဆောက်တည်ကြား .... | ၁၅၄ |
| ၁၁၃။ | အဂ္ဃသမောဓာနအဗ္ဘာန်, အပ္ပဋိစ္ဆန္နမာနတ် အဗ္ဘာန်တောင်း .. | ၁၅၅ |
| ၁၁၄။ | အဂ္ဃသမောဓာနအဗ္ဘာန်, အပ္ပဋိစ္ဆန္နအဗ္ဘာန် ကမ္မဝါစာ .. | ၁၅၆ |
| ၁၁၅။ | သုဒ္ဓန္တ ပရိဝါသ်တောင်း .. | ၁၅၈ |
| ၁၁၆။ | သုဒ္ဓန္တ ပရိဝါသ်ပေး ကမ္မဝါစာ .... | ၁၅၈ |
| ၁၁၇။ | သုဒ္ဓန္တ ပရိဝါသ်ကြား .... | ၁၆၀ |
| ၁၁၈။ | သုဒ္ဓန္တသမောဓာနမာနတ်တောင်းပုံ ... | ၁၆၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၁၉။ သုဒ္ဓန္တ သမ္မောဓာန မာနတ်ပေး ကမ္မဝါစာ .... ၁၆၂
၁၂၀။ သုဒ္ဓန္တ သမောဓာန မာနတ်ကြားပုံ .... ၁၆၃
၁၂၁။ သုဒ္ဓန္တ သမောဓာန အဗ္ဘာန်တောင်း .... ၁၆၄
၁၂၂။ သုဒ္ဓန္တ သမောဓာန အဗ္ဘာန်ကမ္မဝါစာ .... ၁၆၅
၁၂၃။ သမ္ဗဟုလပုဒ်နှင့် စပ်၍ သိမှတ်ဖွယ် .... ၁၆၇

## တတိယကဏ္ဍ

၁၂၄။ သိမ်ဟုခေါ်ပုံ .... ၁၆၉
၁၂၅။ သိမ်ပျက်ဆယ့်တပါး .... ၁၇၀
၁၂၆။ နိမိတ် ၈–မျိုး .... ၁၇၃
၁၂၇။ ပိုလ် အဆုံးအဖြတ် .... ၁၇၄
၁၂၈။ နိမိတ်ကြားပုံ .... ၁၇၇
၁၂၉။ မဟာသိမ်ပေါ်သို့ ဝိသုံဂါမ ရောက်နေပုံ .... ၁၇၉
၁၃၀။ အခြားဗဒ္ဓသိမ်တို့နှင့် အမျိုးမျိုး ငြိတွယ်နေပုံ .... ၁၈၀
၁၃၁။ သိမ်နုတ်ပုံ .... ၁၈၁
၁၃၂။ ဝိမတိဝိနောဒနီဋီကာ, ဝိနယာလင်္ကာရဋီကာတို့၌ လာသော နည်းအတိုင်း အလျား ၄–တောင်, အနံ ၂–တောင်ရှိ ညောင်စောင်းကွက် ချ၍ နုတ်သောပုံစံ .... ၁၈၄
၁၃၃။ အရှေ့မြောက်ထောင့်မှစ၍ လှူးလာ ပြန်ခေါက် နုတ်ပုံ ၁၈၅
၁၃၄။ အလယ်ကွက်မှစ၍ လက်ျာရစ်နုတ်ပုံ .... ၁၈၆
၁၃၅။ အရှေ့စူးစူးမှစ၍ လက်ျာရစ် လှည့်နုတ်ပုံ .... ၁၈၇
၁၃၆။ အရှေ့တောင်ထောင့်မှစ၍ ထောင့်တန်းစပ်၍နုတ်ပုံ ၁၈၈
၁၃၇။ ရက်ကန်းခပ် နုတ်ပုံ .... ၁၈၉
၁၃၈။ ပျားကြီးစွဲနုတ်ပုံ .... ၁၉၀
၁၃၉။ သိမ်သမုတ်ပုံ .... ၁၉၁
၄၁၀။ ဝိသုံဂါမ အပြင်ဘက်ကို သမုတ်ပုံ .... ၁၉၄
၄၁၀။ ချွဲသမုတ်ပုံ .... ၁၉၈
၁၄၂။ ချွဲဆောက်ပုံ .... ၁၉၉
၁၄၃။ သိမ်နုတ် ကမ္မဝါစာ .... ၁၉၁

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၄၄။ သိမ်နိမိတ်ကြား .... ၁၉၉
၁၄၅။ သိမ်သမုတ် ကမ္မဝါစာ .... ၂၀၀
၁၄၆။ အဗဒ္ဓသိမ် .... ၂၀၂
၁၄၇။ သိမ်သမုတ်ရန် မြေပေး အမိန့်တော် .... ၂၀၅
၁၄၈။ နယ်နိမိတ် .... ၂၀၅
၁၄၉။ သိမ်သမုတ်ရန် လျှောက်လွှာကို အောက်ပါ ....
စည်းကမ်းများ ပါရှိစေရမည် .... ၂၀၇
၁၅၀။ သိမ်သမုတ်ရန်အပိုင်ပဋ္ဌာရရှိကြောင်း
လျှောက်လွှာပုံစံ .... ၂၁၀
၁၅၁။ သာသနာ့မြေ ပြုလုပ်ပေး ရန်လျှောက်လွှာပုံစံ .... ၂၁၁
၁၅၂။ မြေပိုင်ရှင်၏ ဒွန့်ပြုပုံ အလှူပုံစံ .... ၂၁၂
၁၅၃။ အစွန့်လွှတ် ဝတ္ထုကံမြေ ပြုလုပ်ရာ၌ သိရန်ဥပဒေ ၂၁၂
၁၅၄။ ဝိသုဒ္ဓါရုံ သိမ်အဆုံးအဖြတ် .... ၂၁၄
၁၅၅။ သတ္တဗ္ဘန္တရသိမ် .... ၂၁၇
၁၅၆။ ဥဒကုက္ခေပသိမ် .... ၂၁၈
၁၅၇။ ဂါမနှင့် မစပ်သော ဥဒကုက္ခေပ သိမ်ပုံ .... ၂၂၁
၁၅၈။ ဂါမနှင့်စပ်သော ဥဒကုက္ခေပသိမ်ပုံ .... ၂၂၂
၁၅၉။ သိမ် အမိန့်ခံရခြင်း, သိမ်သမုတ်ရခြင်း, သိမ်ဆောက်
ရခြင်း အကျိုးများ .... ၂၂၃


## စတုတ္ထကဏ္ဍ


၁၆၀။ အနုသာသနဥတ် .... ၂၂၅
၁၆၁။ ဩသာရဏာ ဥတ် .... ၂၂၆
၁၆၂။ ပုစ္ဆနဥတ် .... ၂၂၆
၁၆၃။ ရဟန်းခံ ကမ္မဝါစာ .... ၂၂၇
၁၆၄။ အာဝိက္ခနဝိမိ .... ၂၂၉
၁၆၅။ နိဿယ .... ၂၂၉
၁၆၆။ အကရဏီယ .... ၂၃၁

| ဦးရေ | အမည်ကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆၇။ | ရဟန်းလောင်းဆုံးမအနက် | .... | ၂၃၁ |
| ၁၆၈။ | နိဿယ | .... | ၂၃၅ |
| ၁၆၉။ | အကာရဏီယ | .... | ၂၃၈ |
| ၁၇၀။ | ရဟန်းဒါယကာ ခံရခြင်းအကျိုး | .... | ၂၄၃ |

## ပဉ္စမကဏ္ဍ


| | | | |
|---|---|---|---|
| ၁၇၁။ | ကထိန်မည်ပုံ | .... | ၂၄၃ |
| ၁၇၂။ | ကထိန်ခေတ်, ကထိန်အာနိသင် ရထိုက်သူ | .... | ၂၄၆ |
| ၁၇၃။ | ကထိနကံကို ပြုနိုင်သော ရဟန်းအရေအတွက် | . | ၂၄၆ |
| ၁၇၄။ | ကထိန်သင်္ကန်းကို လှူနိုင်သူနှင့်လှူပုံ | .... | ၂၄၇ |
| ၁၇၅။ | ကထိန်သင်္ကန်းကို ပေးသင့်သူ | .... | ၂၄၈ |
| ၁၇၆။ | ကထိန်ခင်းပုံ | .... | ၂၅၀ |
| ၁၇၇။ | ကထိန်အနုမောဒနာပြုပုံ | .... | ၂၅၁ |
| ၁၇၈။ | ပစ္စည်းကို စိစစ်ပုံ | .... | ၂၅၁ |
| ၁၇၉။ | ကထိန်ခင်းထိုက်သူ | .... | ၂၅၂ |
| ၁၈၀။ | ပုဗ္ဗကရဏစသည် | .... | ၂၅၂ |
| ၁၈၁။ | မာတိကာ | .... | ၂၅၃ |
| ၁၈၂။ | ပလိဗောဓ | .... | ၂၅၆ |
| ၁၈၃။ | ဥဗ္ဘာရ | .... | ၂၅၆ |
| ၁၈၄။ | အာနိသံသ | .... | ၂၅၈ |
| ၁၈၅။ | ကထိနတ္ထာရ ကမ္မဝါစာ | .... | ၂၆၁ |
| ၁၈၆။ | ကထိနုဒ္ဓါရ ကမ္မဝါစာ | .... | ၂၆၁ |
| ၁၈၇။ | ကထိန်သင်္ကန်း လှူကျိုး | .... | ၂၆၂ |


## ဆဋ္ဌမကဏ္ဍ


| | | | |
|---|---|---|---|
| ၁၈၈။ | နိဿယ ပဋိပ္ပဿမ္ဘန ဝိနိစ္ဆယ | .... | ၂၆၅ |
| ၁၈၉။ | နင်္ဂိုး | .... | ၂၇၄ |

ပဥ္စမ ကဏ္ဍ

# ပရိဝါသ် မာနတ် အဆုံးအဖြတ်

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

နဂရံ ယထာ ပစ္စန္တံ၊
ဂုတ္တံ သန္တရဗာဟိရံ၊
ဧဝံ ဂေါပေထ အတ္တာနံ၊
ခဏော ဝေ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊
နိရယမှိ သမပ္ပိတာ။ ။

**ပစ္စန္တံ**၊ အစွန်အဖျားဖြစ်သော။ နဂရံ၊ မြို့ကို။ သန္တရဗာဟိရံ၊ **အတွင်းအပနှင့်တကွ**။ ဂုတ္တံ ယထာ၊ လုံခြုံစေသကဲ့သို့။ ဧဝံ၊ ဤ **အတူ**။ **အတ္တာနံ**၊ မိမိကိုယ်ကို။ ဂေါပေထ လုံခြုံစေလော။ ပါ- **လုံခြုံစေရာ၏**။ ခဏော၊ ကုသိုလ်ပြုရာ အခွင့်အခါကာလသည်။ **မာဥပစ္စဂါ**၊ လွန်၍မသွားစေလင့်၊ ခဏာတီတာ၊ ကုသိုလ်ပြုရာ **အခွင့်အခါသည်** လွန်၍သွားခြင်း ရှိကြကုန်သော သူတို့သည်။ **နိရယမှိ သမပ္ပိတာ**၊ ငရဲ၌ ဖြစ်ကြကုန်သည်ဖြစ်၍၊ သောစန္တိ၊ စိုးရိမ် **ငိုကြွေး** ပူဆွေးကြရကုန်၏။

**အစွန်အဖျား၌ရှိသော** မြို့ကို အတွင်း အပ နှင့် တကွ လုံခြုံ **စေသကဲ့သို့**၊ ထို့အတူ မိမိတို့ ကိုယ်ကိုလည်း လုံခြုံစေရမည်။ ကုသိုလ်ပြုဘို့ အခွင့်အခါသည် လွန်၍ မသွားစေသင့်၊ ကုသိုလ်

ပြုဘို့ အခွင့်အခါ လွန်၍သွားခြင်း ရှိကုန်သော သူတို့သည် ငရဲ၌ ဖြစ်ကြ၍ စိုးရိမ်ကြရကုန်၏ ဟူ၍ ဟောတော်မူအပ်သော ဓမ္မပဒ ပါဠိတော်လာ ဒေသနာနှင့်အညီ မိမိတို့ စောင့်ရှောက်အပ်သော သီလတို့ကို လုံခြုံအောင် စောင့်ရှောက်ကြကုန်ရာ၏။ ။ဆိုဦးအံ့၊ သီလ မလုံခြင်း၏ အပြစ်, သီလ လုံခြင်း၏ အကျိုးတို့ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဤသို့ဆို၏။

## သီလ မရှိခြင်း၏ အပြစ်

တသ္မာ အဂ္ဂိက္ခန္ဓာလိင်္ဂန၊
ဒုက္ခာဓိကဒုက္ခကဋုကဖလံ။
အဝိဇဟတော ကာမသုခံ၊
သုခံ ကုတော ဘိန္နသီလဿ။ ။

ထို့ကြောင့် ကာမသုခကို စွန့်ခြင်းမရှိသော ပျက်သော သီလရှိသော ရဟန်း၏ မီးပုံကို ဖက်သော ဆင်းရဲထက် လွန်ကဲစွာ စပ်ခါးသော အကျိုးရှိသော ချမ်းသာသည် အဘယ်မှာ ချမ်းသာအံ့နည်း။ ။

အဘိဝါဒန သာဒနေ၊
ကိံ နာမသုခံ ဝိပန္နသီလဿ။
ဒဠှဝါလရဇ္ဇုဃံသန၊
ဒုက္ခာဓိကဒုက္ခဘာဂိဿ။ ။

ခိုင်ခံ့ မြဲမြံသော သားမြီးကြိုးဖြင့် ပွတ်သည့် ဆင်းရဲထက် လွန်ကဲသော အဘို့ရှိသော ပျက်သော သီလ ရှိသော ရဟန်း

၏ ရှိခိုးခြင်းကို သာယာခြင်းကြောင့် ဖြစ်သော ချမ်းသာသည် အဘယ်မှာ ချမ်းသာမည်အံ့နည်း။ ။

သဒ္ဓါနံ့ အဉ္ဇလိကမ္မ၊
သာဒနေ ကိံ သုခံ အသီလဿ။
သတ္တိပ္ပဟာရ ဒုက္ခာ၊
မိမတ္တဒုက္ခဿ ယံ ဟေတု။ ။

သီလမရှိသော ရဟန်း၏ သဒ္ဓါတရားရှိသော သူတို့၏ လက်အုပ်ချီခြင်းကို သာယာခြင်းကြောင့် လှံဖြင့် ထိုးခြင်းကြောင့် ဖြစ်သော ဆင်းရဲထက် လွန်ကဲခြင်းရှိသော ဆင်းရဲ၏ အကြောင်းဖြစ်သော အကြင်ချမ်းသာသည် ရှိ၏။ ထိုချမ်းသာသည် အဘယ်မှာ ချမ်းသာမည်အံ့နည်း။

စီဝရပရိဘောဂ သုခံ၊
ကိံ နာမ အသံယတဿ။
ယေန ဝိရံ အနုဘဝိတဗ္ဗာ၊
နိရယေ ဇလိတအယောပဋ္ဋသမ္ဖဿာ။ ။

အကြင် ချမ်းသာဖြင့် ငရဲ၌ ကြာမြင့်စွာ တောက်ပသော သံပြား အတွေ့ကို ခံစားအပ်၏။ မစောင့်စည်းသော ရဟန်း၏ ထိုသင်္ကန်းကို သုံးဆောင်ရခြင်း ချမ်းသာသည် အဘယ်မှာ ချမ်းသာမည်အံ့နည်း။ ။

မဓုရောပိ ပိဏ္ဍပါတော၊
ဟလာဟလဝိသူပမော အသီလဿ။

အာဒိတ္တာဂိလိတဗ္ဗာ။
အယောဂုဠာ ယေန စိရရတ္တံ။ ။

သီလမရှိသော ရဟန်းသည် အကြင်သုံးဆောင်အပ်သော ဆွမ်းဖြင့် ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး အလျှံပြောင်ပြောင် တောက်သော သံတွေခဲတို့ကို မျိုအပ်ကုန်၏။ ထိုသီလမရှိသော ရဟန်းအား ထိုဆွမ်းသည် ချိုဆိမ့် မွန်မြတ်သော အရသာ ရှိသော်လည်း လတ်တလော သေစေတတ်သော အဆိပ်နှင့် တူ၏။ ။

သုခသမ္ဖဿောပိ ဒုက္ခော၊
အသီလိနော မဉ္စပီဌပရိဘောဂေါ။
ယံ ဗာဓိဿန္တိ စိရံ၊
ဇလိတအယောမဉ္စပီဌာနိ။ ။

အကြင်ကြောင့် အကြဲင်သူကို အလျှံပြောင်ပြောင် တောက်လောင်သော ညောင်စောင်း အင်းပျဉ်တို့သည် ကြာမြင့်စွာ နှိပ်စက်ကုန်၏။ ထို့ကြောင့် ထိုသီလမရှိသော ရဟန်း၏ ညောင်စောင်း အင်းပျဉ်ကို သုံးဆောင်ခြင်းသည် ချမ်းသာသော အတွေ့ပင် ဖြစ်သော်လည်း ဆင်းရဲ၏။ ။

ဒုဿီလဿ ဝိဟာရေ၊
သဒ္ဓါဒေယျမှိ ကာ နိဝါသရတိ။
ဇလိတေသု နိဝသိတဗ္ဗံ၊
ယေန အယောကုမ္ဘိမဇ္ဈေသု။ ။

အကြင်ကြောင့် အလျှံပြောင်ပြောင် တောက်ကုန်သော သံအိုးအလယ်တို့၌ နေအပ်၏။ ထို့ကြောင့် ဒုဿီလရဟန်း၏ သဒ္ဓါ၍ လှူအပ်သော ကျောင်း၌ နေခြင်းဖြင့် မွေ့လျော်ခြင်းသည် အဘယ်မှာ ရှိအံ့နည်း။ ။

သင်္ကဿရသမာစာရော၊
ကသမ္ဗုဇာတော အဝဿုတော ပါပေါ။
အန္တောပူတိတိစ ယံ၊
နိဗ္ဗန္တော အာဟ လောကဂရူ။ ။
မိစ္ဆိဝိတံ အသညတဿ၊
တဿ သမဏဗ္ဗဇနဝေသဓာရိဿ။
အဿမဏဿ ဥပဟတံ၊
ခတမတ္တာနံ ဝဟန္တဿ။ ။

လောက၏ ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားသည် အကြင်သူကို ရွံရှာသဖြင့် အောက်မေ့အပ်သော အကျင့်ရှိသောသူ ဟူ၍လည်းကောင်း၊ အမှိုက်ကဲ့သို့ ဖြစ်သောသူဟူ၍ လည်းကောင်း၊ ကိလေသာ စိုစွတ်သောသူ ဟူ၍လည်းကောင်း၊ ယုတ်မာသောသူ ဟူ၍လည်းကောင်း၊ အတွင်း၌ ပုပ်သောသူ ဟူ၍လည်းကောင်း ကဲ့ရဲ့လျက် ဆိုတော်မူပြီ။ ။မစောင့်စည်းသော ရဟန်းအသွင်ကို ဆောင်သော ဖျက်ဆီးအပ် တူးဖြိုးအပ်သော မိမိကိုယ်ကိုဆောင်သော ရဟန်းမဟုတ်သော သူ၏ အသက်ရှင်ခြင်းသည် ရှုံ့ဘွယ်တည်း။ ။

ဂူထံဝိယ ကုဏပံဝိယ၊
မဏ္ဍနကာမာ ဝိဝဇ္ဇယန္တိဧ။

ယံနာမ သီလဝန္တော၊
သန္တော ကိံ ဇိဝိတံ တဿ။

ဤသို့ တန်ဆာ ဆင်လိုကုန်သော သူတို့သည် မစင်ကဲ့သို့လည်းကောင်း၊ အလောင်းပုပ်ကဲ့သို့လည်းကောင်း ကြဉ်ကြကုန်သကဲ့သို့၊ သီလ ရှိကုန်သော သူတော်ကောင်းတို့သည် အကြင်သူကို ကြဉ်ကြကုန်၏။ ထိုသူ၏ အသက်ရှင်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

သဗ္ဗဘယေဟိ အမုတ္တော၊
မုတ္တော သဗ္ဗေဟိ အဓိဂမသုခေဟိ။
သုပိဟိတ သဂ္ဂဒွါရော၊
အပါယမဂ္ဂံ သမာရုဠှော။
ကရုဏာယ ဝတ္ထုဘူတော၊
ကာရုဏိက ဇနဿနာမ ကောအညော၊
ဒုဿီလသမော ဒုဿီလတာယ၊
ဣတိ ဗဟုဝိဓာပိ ဒေါသာ။

ခပ်သိမ်းသော ဘေးတို့မှ မလွတ်သော, ခပ်သိမ်းသော အဓိဂမ ချမ်းသာတို့မှ မလွတ်သော, အလွန် ပိတ်အပ်ပြီးသော နတ်ပြည်တံခါးရှိသော, အပါယ်လမ်းသို့ ကောင်းစွာတက်သော, ကရုဏာရှိသောသူ၏ ကရုဏာ၏ အကြောင်းဖြစ်သော ဒုဿီလနှင့် တူသော တပါးသော အဘယ်မည်သော သူသည် ရှိအံ့နည်း။ ဤသည်တို့ကား သီလမရှိသော သူ၏ အပြစ်၏ များစွာသော အပြစ်တို့တည်း။ ။ဤကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ သီလမရှိခြင်း၏ အပြစ်တို့တည်း။

## သီလ ရှိခြင်း၏ အကျိုး

သာသနေ ကုလပုတ္တာနံ၊
ပတိဋ္ဌာနတ္ထိ ယံ ဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊
တဿသီလဿ ကော ဝဒေ။ ။

သာသနာ၌ အကြင်သီလကို ကြဉ်၍ အမျိုးသားတို့အား တည်ရာသည် မရှိ။ ထိုသီလ၏ အကျိုးအာနိသင် အပိုင်းအခြားကို အဘယ်သူသည် ဆိုနိုင်အံ့နည်း။ ။

နဂင်္ဂါ ယမုနာစာပိ၊
သရဘူဝါ သရဿတီ။
နိန္နဂါဝါ စိရဝတီ၊
မဟီဝါပိ မဟာနဒီ။ ။

သက္ကုဏန္တိ ဝိသောဓေတုံ၊
တံမလံ ဣဓ ပါဏိနံ။
ဝိသောဓယတိ သတ္တာနံ၊
ယံ ဝေ သီလဇလံ မလံ။ ။

ဤ၌ သီလ တည်းဟူသော ရေသည် သတ္တဝါတို့၏ အညစ်အကြေးကို စင်စစ် သုတ်သင်နိုင်၏၊ သတ္တဝါတို့၏ ထိုအညစ်အကြေးကို ဂင်္ဂါမြစ်သည်လည်းကောင်း၊ ယမုနာမြစ်သည် လည်းကောင်း၊ သရဘူမြစ်သည်လည်းကောင်း၊ သရဿတီမြစ် သည်လည်းကောင်း၊ အစိရဝတီမြစ်သည်လည်း ကောင်း၊ မဟီ မြစ်သည် လည်းကောင်း၊ မဟာနဒီမြစ်သည် လည်းကောင်း သုတ်သင်ခြင်းငှာ မစွမ်းနိုင်။ ။

န တံ သဇလဒါ ဝါတာ၊
န စာပိ ဟရိစန္ဒနံ။
နေဝ ဟာရာ န မဏယော၊
န စန္ဒကိရဏင်္ကုရာ။ ။
သမယန္တီဓ သတ္တာနံ၊
ပရိဠာဟံ သုရက္ခိတံ။
ယံ သမေတိဒံ အရိယံ၊
သီလံ အစ္စန္တသီတလံ။ ။

ဤသို့ ကောင်းစွာ စောင့်စည်း အပ်သော၊ ဖြူစင်သော၊ အလွန်အေးသော အကြင်သီလသည် သတ္တဝါတို့၏ ပူပန်ခြင်းကို ငြိမ်းစေ၏။ ထိုပူပန်ခြင်းကို မိုးနှင့်တကွသော လေတို့သည် မငြိမ်းစေနိုင်ကုန်။ စန္ဒကူးရွှေတို့သည်လည်း မငြိမ်းစေနိုင်ကုန်။ ပုလဲသွယ်တို့သည်သည်း မငြိမ်းစေနိုင်ကုန်။ ပတ္တမြားတို့သည်လည်း မငြိမ်းစေနိုင်ကုန်။ လရောင်တည်းဟူသော အညွန့်တို့သည်လည်း မငြိမ်းစေနိုင်ကုန်။ ။

သီလဂန္ဓသမော ဂန္ဓော၊
ကုတော နာမ ဘဝိဿတိ။
ယော သမံ အနုဝါတေစ၊
ပဋိဝါတေစ ဝါယတိ။ ။

အကြင်အနံ့သည် လေအောက်သို့လည်းကောင်း၊ လေညာသို့လည်းကောင်း အမျှလှိုင်၏။ ထိုသီလတည်းဟူသော အနံ့နှင့်တူသော အနံ့မည်သည် အဘယ်မှာ ဖြစ်နိုင်အံ့နည်း။

သဂ္ဂါရောဟဏ သောပါနံ၊
အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန၊
နဂရဿ ပဝေသနေ။ ။

သီလနှင့်တူသော တပါးသော နတ်ပြည်သို့ တက်ရာ စောင်းတန်းလှေကားသည် အဘယ်မှာ ရှိအံ့နည်း။ နိဗ္ဗာန်တည်းဟူသော မြို့သို့ ဝင်ရာ၌ သီလနှင့်တူသော တံခါးမည်သည်လည်း အဘယ်မှာရှိအံ့နည်း။

သောဘန္တေဝံ န ရာဇာနော၊
မုတ္တာမဏိ ဝိဘူသိတာ။
ယထာ သောဘန္တိ ယတယော၊
သီလဘူသန ဘူသိတာ။ ။

သီလတည်းဟူသော တန်ဆာဖြင့် တန်ဆာဆင်ကြကုန်သော ရဟန်းတို့သည် တင့်တယ်ကုန်သကဲ့သို့ ထိုအတူ ပုလဲပတ္တမြားဖြင့် တန်ဆာ ဆင်ကြကုန်သော မင်းတို့သည် မတင့်တယ်ကုန်။ ။

အတ္တာနုဝါဒါဒိဘယံ၊
ဝိဒ္ဓံသယတိ သဗ္ဗသော။
ဇနေတိ ကိတ္တိံ ဟာသဉ္စ၊
သီလံ သီလဝတံ သဒါ။ ။

ဂုဏာနံ မူလဘူတဿ၊
ဒေါသာနံ ဗလဃာတိနော၊
ဣတိ သီလဿ ဝိညေယျံ၊
အာနိသံသကထာမုခံ။ ။

သီလရှိသော သူတို့၏ သီလသည် မိမိကိုယ်ကို မိမိစွပ်စွဲခြင်း စသော ဘေးကို အချင်းခပ်သိမ်း ဖျက်ဆီးတတ်၏။ ကျော်စော ခြင်း၊ ရှင်လန်းခြင်းကို အခါခပ်သိမ်း ဖြစ်စေတတ်၏။ ဤသို့ လျှင် ဂုဏ်တို့၏ အမြစ်သဖွယ်ဖြစ်၍ ဖြစ်သော အပြစ်တို့၏ အစုမ်းကို ဖျက်ဆီးတတ်သော သီလ၏အကျိုးကို ဆိုရာစကား အမြွက်ကို သိအပ်၏။ ။ဤကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ သီလ၏ အကျိုးအာနိသံသကတည်း။

ဤသို့လျှင် သီလမရှိခြင်း၊ သီလရှိခြင်း၏ အပြစ်အကျိုးတို့ကို သိရှိဆင်ခြင်၍ လေးပါးသော သီလကို ကောင်းစွာစောင့်ရှောက် အပ်၏။

—၀—

### ပါတိမောက္ခသံဝရသီလကို စောင့်ပုံ

ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ၊
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။
တထေဝ သီလံ အနုရက္ခမာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ။
ပါတိမောက္ခံ ဝိသောဓေန္တော၊
အပ္ပံဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊
နဘိန္ဒေ သီလသံဝရံ။ ။

ကိကီမည်သော တစ်တီတူးမသည် ဥကိုစောင့်သကဲ့သို့လည်း ကောင်း၊ စမရီမည်သော သားသည် မြီးဆံကို စောင့်သကဲ့သို့

လည်းကောင်း၊ မိခင်သည် ချစ်အပ်သော တယောက်ထည်းသော သားကို စောင့်သကဲ့သို့လည်းကောင်း၊ မျက်လုံး တလုံးသာရှိသော သူသည် တလုံးသော မျက်လုံးကို စောင့်သကဲ့လည်းကောင်း၊ ထို့အတူသာလျှင် အခါခပ်သိမ်း ရိုသေခြင်းရှိကြကုန်သော၊ ကောင်းစွာ သီလကိုချစ်ခင်ကြကုန်သော သူတို့သည် သီလကို စောင့်ကြကုန်သည် ဖြစ်ကြကုန်လော့။ ။ ပါတိမောက္ခသံဝရသီလကို စောင့်သော သူသည် အသက်ကို အကယ်၍သာလျှင် စွန့်ရာ၏။ လောက၏ ကိုးကွယ်ရာ ဘုရားသည် ပညတ်အပ်သော ပါတိမောက္ခသံဝရ သီလကို မဖျက်ဆီးရာ။ ။

ဤသို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ လာသည်နှင့်အညီ တစ်တီတူးမသည် ဥကို စောင့်သကဲ့သို့လည်းကောင်း၊ စမရီမည်သော သားသည် မြီးဆံကို စောင့်သကဲ့သို့လည် ကောင်း၊ သားတယောက်သာ ရှိသော မိခင်သည် တယောက်ထည်းသော သားကို စောင့်သကဲ့သို့လည်းကောင်း၊ မျက်စိတလုံးသာရှိသော သူသည် တလုံးသော မျက်စိကို စောင့်သကဲ့သို့လည်းကောင်း အသက်ကို အသေခံ၍ စောင့်ရှောက်ရာ၏။ ထိုမှတပါးလည်း မဟာဝတ္တနီ တောအုပ်၌ ခိုးသားတို့ နွယ်ငင်းဖြင့် တုပ်၍ ထားအပ်သော မထေရ်ကြီးသည် နွယ်ကို မဖြတ်မူ၍ မိမိအသက်ကို စွန့်လျက် မီးလောင်ခံ၍ သေသကဲ့သို့လည်းကောင်း၊ သီဟိုဠ်ကျွန်း၌ ခိုးသားတို့ ဆင်သမနွယ်ဖြင့် တုပ်၍ ထားအပ်သော မထေရ်ကြီးသည် ဆင်သမနွယ်ကို မဖြတ်မူ၍ မိမိအသက်ကို စွန့်လျက် တောမီးလောင်၍ အသေခံသကဲ့သို့ လည်းကောင်း၊

ပ၅၇၂

မိမိအသက်ကို စွန့်လျက် သဒ္ဓါ တရားဖြင့် ပါတိမောက္ခသံဝရ သီလကို စောင့်ရှောက်ရာ၏။

—o—

## ဣန္ဒြိယသံဝရသီလကို စောင့်ပုံ

မက္ကဋောဝ အရညမှိ၊
ပဝနေ ဘန္တော မိဂေါ ယထာ။
ဗာလောဝိယစ ဥတြဿတော၊
န ဘဝေ လောလ လောစနော။ ။
အဓောခိပေယျ စက္ခူနိ၊
ယုဂမတ္တဒသော သိယာ။
ဝနမက္ကဋလောလဿ၊
န စိတ္တဿ ဝသံ ဝဇေ။ ။
အာဒိတ္တာယ စက္ခာဒီနံ၊
ဝရံ သံပလိမဋ္ဌနံ၊
န တု စက္ခာဒိ ဉေယျေသု၊
နိမိတ္တံ ဂဟဏံ ဝရံ။ ။

တော၌ မျောက်ကဲ့သို့လည်းကောင်း၊ တော၌ တုန်လှုပ်သော သမင်ကဲ့သို့လည်းကောင်း၊ လန့်တတ်သော သူငယ်ကလေးကဲ့သို့လည်းကောင်း လျှပ်ပေါ်သော ကြည့်ခြင်းသည် မဖြစ်ရာ။ မျက်လုံးတို့ကို အောက်သို့ချရာ၏၊ ထမ်းပိုးတပြန်မျှ ကြည့်သည် ဖြစ်ရာ၏။ တောမျောက်ကဲ့သို့ လျှပ်ပေါ်သော စိတ်၏ အလိုသို့ မလိုက်ရာ။ ။အလျှံ ပြောင်ပြောင် တောက်သော

သံပြားဖြင့် မျက်စိစသည်ကို ပယ်ခြင်းသည် မြတ်သေး၏။ မျက်စိ စသည်ဖြင့် သိအပ်သော အာရုံတို့၌ တင့်တယ်၏ဟု ယူသော အမှတ်ကို ယူခြင်းသည် မမြတ်။ ။ဤသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ သင်္ဂဟဂါထာတို့နှင့်အညီ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဒွါရခြောက်ပါးတို့မှ အဆင်းအစရှိသော အာရုံတို့၌ အဘိဇ္ဈာ, ဒေါမနဿ စသော အကုသိုလ် မဖြစ်အောင် တားမြစ်အပ်၏။ တနည်းလည်း ကောက်ပင်ကို စားတတ်သော နွားကို နှိပ်သကဲ့သို့ မိမိစိတ်ကို နှိပ်ရာ၏။ မိမိစိတ်ကို နှိပ်၍ အလုံးစုံသော ဣရိယာပုထ်တို့၌ ဆင်ခြင်၍ သတိတရားဖြင့် စိတ္တဂုတ္တ မထေရ်ကြီးကဲ့သို့လည်းကောင်း၊ မိတ္တ မထေရ်ကဲ့သို့လည်းကောင်း ကောင်းစွာ စောင့်ရှောက်အပ်၏။

—o—

### အာဇီဝ ပါရိသုဒ္ဓိသီလကို စောင့်ပုံ

ဝစီဝိညတ္တိ ဝိပ္ဖါရာ၊
ဥပ္ပန္နံ မဓုပါယာသံ။
သစေ ဘုတွာ ဘဝေယျာဟံ၊
သာဇီဝေါ ဂရဟိတော မမ၊ ။
ယဒိပိ မေ အန္တဂုဏံ၊
နိက္ခမိတွာ ဗဟိ စရေ၊
နေဝ ဘိန္ဒေယျံ အာဇီဝံ၊
စဇမာနောပိ ဇီဝိတံ။ ။

အာရာဓေမိ သကံ စိတ္တံ၊
ဝိဝဇ္ဇေမိ အနေသနံ။
နာ ဟံ ဗုဒ္ဓပဋိကုဋ္ဌံ၊
ကာဟာမိစ အနေသနံ။ ။
အနေသနာယ စိတ္တမ္ပိ၊
အဇနေတွာ ဝိစက္ခဏော။
အာဇီဝံ ပရိသောဓေယျ၊
သဒ္ဓါပဗ္ဗဇိတော ယတိ။ ။

ငါသည် ဝစီဝိညတ် ပြုန္တိခြင်းကြောင့် ဖြစ်သော နိုဂဏ္ဍာကို စားသည် အကယ်၍ ဖြစ်အံ့၊ ငါ၏ အသက်ရှင်ခြင်းသည် ကဲ့ရဲ့ အပ်သည် ဖြစ်ရာ၏၊ (သာတိအသ၊ အကာရ လောပေန ဟိ နိဒ္ဒေသော၊ ဇေံသတောဘိအာဒိသု ဝိယ၊ ဋီကာ) ။အူသိမ် သည် ထွက်၍ အပဥ္စ အကယ်၍ သွားစေကာမူ အသက်ကိုသော် လည်း စွန့်အံ့၊ အသက်မွေ့ ခြင်းကို မဖျက်ဆီးအံ့၊ ။မိမိစိတ်ကို နှစ်သက်စေအံ့၊ မအပ်သော ရှာမှီးခြင်းကို ကြဉ်အံ့ ငါသည် ဘုရားသည် စက်ဆုပ်အပ်သော မအပ်သော ရှာမှီးခြင်းကို မပြု လတ္တံ့။ ။သဒ္ဓါဖြင့် ရဟန်းပြုသော ပညာရှိသော ရဟန်းသည် မအပ်သော ရှာမှီးခြင်း၌ စိတ်ကိုမူလည်း မဖြစ်စေမူ၍ အသက် မွေ့ခြင်းကို သုတ်သင်ရာ၏။ ။ဤသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ လာသည်နှင့်အညီ အာဇီဝပါရိသုဒ္ဓိသီလကို ရှင်သာရိပုတြာ မထေရ်ကဲ့သို့လည်းကောင်း၊ စိရာဂုမ္ဗ ပါသိက အမ္ဗခါဒကတိဿ မထေရ်ကဲ့သို့လည်းကောင်း အသက်ကို အသေခံ၍ ဝီရိယဖြင့် စောင့်ရှောက်အပ်၏။ ။

**ပစ္စယသန္နိဿိတသီလကို စောင့်ပုံ**

တသ္မာ အညောပိ ဒုက္ခသ၊
ပတ္တယန္တော ပရိက္ခယံ။
ယောနိသော ပစ္စဝေက္ခိတွာ၊
ပဋိသေဝေထ ပစ္စယေ။ ။

ထိုကြောင့် တပါးသော ဆင်းရဲ၏ ကုန်ခြင်းကို တောင့်တသော သူသည် အကြောင်းအားလျော်စွာ ဆင်ခြင်၍ ပစ္စည်းလေးပါးတို့ကို မှီဝဲရာ၏-ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ လာသည်နှင့်အညီ သင်္ကန်းကို ကိုယ်မှ ချ၍ ပြန်ဝတ်တိုင်း ရုံတိုင်း ဆင်ခြင်အပ်၏။ ဆွမ်းကို ဆွမ်းလုပ်တိုင်း ဆင်ခြင်အပ်၏။ ကျောင်းအိပ်ရာ နေရာတို့ကိုလည်း သုံးဆောင်တိုင်း ဆင်ခြင်အပ်၏။ ဆေးကိုလည်း အကပ်ခံသော အခါတိုင်း၊ သုံးဆောင်သော အခါတိုင်း ဆင်ခြင်အပ်၏။ အကယ်၍ မစွမ်းနိုင်သည် ဖြစ်အံ့၊ မွန်းမလွဲမီ၊ မွန်းလွဲ၊ ညဉ့်ဦးယာမ်၊ သန်းခေါင်ယာမ်၊ မိုးသောက်ယာမ်တို့၌ ဆင်ခြင်အပ်၏။ အကယ်၍ မဆင်ခြင်မိပဲ အရုဏ်တက်သွားသည် ဖြစ်အံ့၊ ဣဏပရိဘောဂအရာ၌ တည်၏။ ။

အခြားပစ္စည်းထက် ဆေးပစ္စည်းက သာ၍ထူး၏။ အဘယ်သို့ ထူးသနည်းဟူမူ၊ ။ပဋိဂ္ဂဟဏေ သတိံ ကတွာ ပရိဘောဂေ အကရောန္တဿေဝ အာပတ္တိ၊ ပဋိဂ္ဂဟဏေ ပန သတိံ အကတွာ ပရိဘောဂေ အကရောန္တဿ အနာပတ္တိ၊ ။ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဆေးကို အကပ်ခံရာ၌ မဆင်ခြင်မိသော်လည်း အာပတ်မသင့်မူ၍ သုံးဆောင်သောအခါ၌ မဆင်ခြင်မိပဲ သုံးဆောင်မိမူ

သုံးဆောင်မိသည်နှင့် တပြိုင်နက် ဝိကာလဘောဇန သိက္ခာပုဒ် အန္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ ။ဤသို့ ဆိုအပ်ခဲ့သော နည်းတို့ဖြင့် လေးပါးသော သီလကို ကောင်းစွာ သုမ်သင် အပ်၏။ ။

## သုဒ္ဓိလေးပါး

ထိုသို့ သုမ်သင်ငြားသော်လည်း ပုထုဇဉ်အလျောက် သတိ ချွတ်ယွင်းခြင်းကြောင့် သီလ၏ညစ်နွမ်းခြင်းသို့ ရောက်ရှိသော် လည်း လေးပါးသော စင်ကြယ်ခြင်းတို့ဖြင့် စင်ကြယ်စေအပ်၏။ ထိုစကားကို ခွဲဦးအံ့။ ပါတိမောက္ခ သံဝရသီလပျက်စီးလျှင် ဒေသနာကံ ဝုဋ္ဌာနကံတို့ဖြင့် သုမ်သင် စင်ကြယ်စေအပ်၏။ ထိုသို့ စင်ကြယ်စေခြင်းကို ဒေသနာသုဒ္ဓိဟူ၍ ဆိုအပ်၏။

ဣန္ဒြိယသံဝရ သီလပျက်စီးလျှင် ငါနောက်တဖန် ထိုကဲ့သို့ မပြုလုပ်တော့ပါဘူးဟူ၍ စိတ်ကိုဆောက်တည်၍ စင်ကြယ်စေအပ် ၏။ ထိုသို့ စင်ကြယ်စေခြင်းကို သံဝရသုဒ္ဓိဟူ၍ ဆိုအပ်၏။

အာဇီဝ ပါရိသုဒ္ဓိသီလ ပျက်စီးလျှင် အနေသန ကုလဒူသန အမှု စသော မကောင်းသော အသက်မွေးမှုကို ပယ်ရှား၍ ဆွမ်းခံ ခြင်း စသော အပ်သော ရှာမှီးခြင်းဖြင့် စင်ကြယ်စေအပ်၏။ ထိုသို့ စင်ကြယ်စေခြင်းကို ပရိယေဋ္ဌိသုဒ္ဓိဟူ၍ ဆိုအပ်၏။

ပစ္စယသန္နိဿိတ သီလပျက်လျှင် ယောနိသော ပဋိသင်္ခါယ စသည်ဖြင့် ဆင်ခြင်၍ စင်ကြယ်စေအပ်၏။ ထိုသို့ စင်ကြယ်စေ ခြင်းကို ပစ္စဝေက္ခဏာ သုဒ္ဓိဟူ၍ ဆိုအပ်၏။

ထိုလေးပါးသော သုဒ္ဓိတို့တွင် ဒေသနာသုဒ္ဓိသည် ခက်၏။ ကြွင်းသုံးပါးသည် လွယ်၏။ ထိုဒေသနာသုဒ္ဓိ၌လည်း ဂရုကအာပတ်မှ စင်ကြယ်စေခြင်း၊ လဟုကအာပတ်မှ စင်ကြယ်စေခြင်း ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ဂရုကအာပတ်မှ စင်ကြယ်စေခြင်းသည် ခက်၏။ လဟုကအာပတ်မှ စင်ကြယ်စေခြင်းသည် လွယ်၏။ ထိုဂရုကအာပတ်သည်လည်း ပါရာဇိက၊ သံဃာဒိသိသ် ဟူ၍ နှစ်မျိုး ပြား၏။ ထိုတွင် ပါရာဇိကမှ စင်ကြယ်စေလိုသော သူသည် ရဟန်းအဖြစ်ကို စွန့်လွှတ်၍ လူဝတ်လဲခြင်း၊ သာမဏေအဖြစ်၌ တည်ခြင်းဖြင့် စင်ကြယ်စေအပ်၏။ သံဃာဒိသိသ်အာပတ်မှ စင်ကြယ်စေလိုသော ရဟန်းသည် ပရိဝါသ်ဆောက်တည်ခြင်း၊ မာနတ်ဆောက်တည်ခြင်း၊ အဗ္ဘာန်သွင်းခြင်းတို့ဖြင့် စင်ကြယ်စေအပ်၏။ ။

ဤ၌ ပရိဝါသ်ဆောက်တည်နည်း၊ မာနတ် ဆောက်တည်နည်း၊ အဗ္ဘာန်သွင်းနည်းတို့သည် လွန်စွာ ရှုပ်ထွေး ခက်ခဲကုန်၏။ ထိုကြောင့် ရဟန်းသစ်များကို မဆိုထားဦး၊ စာပေ ပို့ချ၍ နေကြသော အချို့သော မထေရ်ကြီးများပင် များစွာတွေဝေကြ၏။ အပ္ပသုတပုဂ္ဂိုလ်တို့ကား ဆိုဘွယ်ရာမရှိဖြစ်သည်။ ထိုကြောင့် ထိုဂရုကအာပတ်မှ ထမြောက်အောင် လုပ်နည်းတို့ကို ပါဠိတော်နည်း၊ အဋ္ဌကထာနည်း၊ ဋီကာနည်း၊ ဆရာနည်းအားဖြင့် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား အကျယ်ဝိတ္ထာရ ပြဆိုပေအံ့။ ။

ဤ၌ ပရိဝါသ်ဆောက်တည်ခြင်း၊ မာနတ်ဆောက်တည်ခြင်းနှင့် ဆိုင်သော သံဃာဒိသိသ် သိက္ခာပုဒ်သည် တဆယ့်သုံး

ပုဒ်ရှိ၏။ ထိုတွင် အစဦး ဖြစ်သော သုက္ကဝိသဋ္ဌိ သိက္ခာပုဒ်၊ ကာယသံသဂ္ဂသိက္ခာပုဒ်၊ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် ဤသုံးပုဒ်တို့သည် အများနှင့်လည်း ဆက်ဆံကုန်၏။ ခက်လည်း ခက်ကုန်၏။ ထို့ကြောင့် ထိုသိက္ခာပုဒ်တို့၏ အဓိပ္ပာယ်ကို ဆိုဦးအံ့။ ။

## သုက္ကဝိသဋ္ဌိ အဓိပ္ပာယ်

ထိုတွင် [အယံ ပန အာပတ္တာနာပတ္တိဘေဒေါ၊ သဏှော သုခုမော တသ္မာ သုဋ္ဌု သလ္လက္ခေတဗ္ဗော]ဟူသော အဋ္ဌကထာနှင့်အညီ သုက္ကဝိသဋ္ဌိသိက္ခာပုဒ်သည် သိမ်မွေ့၏၊ နူးညံ့၏။ ထို့ကြောင့် အာပတ်သင့်မသင့်ကို ရှေးဦးစွာ ဆင်ခြင်အပ်၏။ ကောင်းစွာ ဆင်ခြင်ပြီး လျှင် အာပတ်သင့်သည်၊ မသင့်သည်ကို ပြောကြားအပ်၏။ ဝိနည်းကံကိုလည်း ပြုအပ်၏။ ထိုစကားကို ဆိုသင့်စွ၊ မဆင်ခြင်မူ၍ ပြုလုပ်သော သူသည် ရောဂါ၏ အကြောင်းကို မသိမူ၍ ဆေးကုသော ဆေးသမားကဲ့သို့ ပင်ပန်းခြင်းသို့ ရောက်တတ်၏။ ထိုပုဂ္ဂိုလ်ကိုလည်း ဆေးကုခြင်ငှာ မစွမ်းနိုင်ရာ။ ထို့ဒွ ဤကား ဆင်ခြင်ခြင်း အစီအရင်တည်း။ ကုက္ကုစ္စ ဖြစ်သာသော ရဟန်းကို အဘယ်သို့သော လို၊ အဘယ်သို့သော ရာဂဖြင့် အာပတ်သင့်သနည်း ဟူ၍ သုံးကြိမ် တိုင် မေးအပ်၏။ အကယ်၍ ရှေးဦးစွာ တပါသော စကားကို ဆို၍ နောက်၌ တပါးသော စကားကို ဆိုအံ့။ သင်သည် တခုသော အစဉ်ဖြင့် မဆို ရှောင်ရှား၏။ သင့်အား ဝိနည်းကံကို ပြုခြင်းငှာ မစွမ် နိုင်၊ သွားလော့။ သင်၏ ချမ်းသာကိုသာ ရှာလော့ဟု ထိုသူကို ဆိုအပ်၏၊ အကယ်၍ သုံးကြိမ်လုံးပင်

တခုသော အစဉ်ဖြင့်သာလျှင် ဆို၏။ ဟုတ်တိုင်းမှန်စွာ မိမိကိုယ်ကို ထင်စွာပြု၏။ ထိုအခါ ထိုသူ၏ အာပတ် သင့် မသင့်၊ ဂရုကအာပတ်၊ လဟုကအာပတ်ဟု ဆုံးဖြတ်ခြင်းငှာ တဆယ့်တပါးကုန်သော ရာဂတို့၏ အစွမ်းအားဖြင့် တဆယ့်တပါးကုန်သော လုံ့လတို့ကို ဆင်ခြင်အပ်ကုန်၏။ ။

## ရာဂတဆယ့်တပါး

ထို၌ ဤသည်တို့ကား တဆယ့်တပါးကုန်သော ရာဂတို့တည်း။ (၁) လွှတ်ခြင်းငှာ သာယာခြင်း။ (၂) လွှတ်ဆဲ သာယာခြင်း။ (၃) လွှတ်ပြီး၌သာယာခြင်း။ (၄) မေထုန်၌ သာယာခြင်း။ (၅) အတွေ့၌ သာယာခြင်း။ (၆) ယားနာကို ဖျောက်ခြင်း၌ သာယာခြင်း။ (၇) ကြည့်ခြင်း၌ သာယာခြင်း။ (၈) ထိုင်ခြင်း၌ သာယာခြင်း။ (၉) စကားပြောခြင်း၌ သာယာခြင်း။ (၁၀) အိမ်သားအချင်းချင်းကဲ့သို့ချစ်ခြင်း။ (၁၁) တောမှ ခူးအပ်သော ပန်းစသည်၌ သာယာခြင်းဟူသည်တို့တည်း။ ။

(၁) ထိုတွင် လွှတ်ခြင်းငှာ သာယာရာ၌။ ။လွှတ်လိုသော စေတနာဖြင့် စေ့ဆော်သည်ဖြစ်၍၊ သာယာသည်ဖြစ်၍ လုံ့လသည်း ပြု၏။ လွှတ်လည်းလွှတ်၏။ သံဃာဒိသိသ်အာပတ်သင့်၏။ ထိုအတူသာလျှင် စေ့ဆော်လျက်၊သာယာလျက် လုံ့လပြု၏၊ မလွှတ်။ ထုလ္လစ္စဉ်းအာပတ်သင့်၏။ အကယ်၍ကား အိပ်သောအခါ၌ ရာဂဖြင့် ထိုကျင်ဆည်ဖြစ်၍ ပေါင်ဖြင့်လည်းကောင်း၊ လက်ဆုပ်ဖြင့်လည်းကောင်း နာနာညှစ်၍

လွှတ်ခြင်းငှာ အားထုတ်လျက် အိပ်၏။ အိပ်သည်ရှိသော် သက်လွှတ်၏။ သံဃာဒိသိသ်သင့်၏။ ။အကယ်၍ ရာဂဖြင့် ထိုးကျင်ခြင်းကို အသုဘဟူ၍ နှလုံးသွင်းခြင်းဖြင့် ငြိမ်းစေ၍ စင်ကြယ်သောစိတ်ဖြင့် အိပ်၏။ လွှတ်သော်လည်း အာပတ်မသင့်။

(၂) လွှတ်ဆဲသာယာခြင်း၌။ ။သုတ္တသဘောအတိုင်း လွှတ်သည်ကို သာယာ၏။ လုံ့လကားမပြု အာပတ်မသင့်။ အကယ်၍ လွှတ်ဆဲကို သာယာ၍ လုံ့လပြု၏။ ထိုလုံ့လကြောင့် လွှတ်သည်ရှိသော် သံဃာဒိသိသ်အာပတ်သင့်၏။ သုတ္တသဘောအတိုင်း လွှတ်ရာ၌ အိပ်ရာ နေရာကိုလည်းကောင်း၊ သင်္ကန်းကိုလည်းကောင်း၊ မပျက်စီးပါစေလင့်ဟူ၍ အင်္ဂါဇာတ်အဖျားကို ပိတ်လျက်ကိုင်၍ ဆေးကြောခြင်းငှာ ရေရှိရာသို့ သွား၏။ အပ်၏ ဟူ၍ မဟာပစ္စရိတ်အဋ္ဌကထာ၌ ဆို၏။

(၃) လွှတ်ပြီးသည်ကို သာယာခြင်း၌။ ။သုက်သည် သုတ္တသဘောအတိုင်း တည်ရာမှ လွှတ်ပြီးသော် နောက်မှ သာယာသော ရဟန်းအား လုံ့လကင်း၍ လွှတ်၏။အာပတ်မသင့်။ အကယ်၍ သာယာ၍ တဖန်လွှတ်ခြင်းငှာ အင်္ဂါဇာတ်၌ လုံ့လပြု၍ လွှတ်၏။ သံဃာဒိသိသ်သင့်၏။

(၄) မေထုန်ကို သာယာရာ၌။ ။မေထုန်ရာဂဖြင့် မိန်းမကို ကိုင်၏။ထိုသို့ ကိုင်ခြင်းကြောင့် သုက်လွှတ်၏။သံဃာဒိသိသ်မသင့်။ မေထုန် အတွက် အားထုတ်ခြင်းကြောင့် ထိုကဲ့သို့ ကိုင်ခြင်း၌ ဒုက္ကဋ်သင့်၏။ အဆုံးသို့ ရောက်သည်ရှိသော် ပါရာဇိကကျ၏။ မေထုန်ရာဂဖြင့် တပ်သည်ဖြစ်၍ တဖန် သာယာ၍

လွှတ်စေခြင်းငှာ အင်္ဂါဇာတ်၌ လုံ့လပြု၍ လွှတ်စေ၏။ သံဃာ ဒိသိသ်သင့်၏။

(၅) အစေ့ကို သာယာရာ၌။ ။အစေ့သည် အတွင်း၌ ဖြစ်သော အစေ့၊ အပ၌ ဖြစ်သော အစေ့ ဟူ၍ နှစ်မျိုး ရှိ၏။ အတွင်း၌ ဖြစ်သော အစေ့၌ ရှေးဦးစွာ မိမိ၏ အင်္ဂါ ဇာတ် မာသည် ပျော့သည်ကို သိစေအံ့ ဟူ၍ လည်းကောင်း၊ လျှပ်ပေါ်သည် အဖြစ်ဖြင့် လည်းကောင်း ကစားသော ရဟန်း အား သုက်သည် လွှတ်၏။ သံဃာဒိသိသ်အာပတ် မသင့်။ အကယ်၍ ကစားသည်ရှိသော် သာယာ၍ လွှတ်စေခြင်းငှါအင်္ဂါ ဇာတ်၌ လုံ့လပြု၍ လွှတ်စေ၏။ သံဃာဒိသိသ် သင့်၏။ အပ အစေ့၌ကား ကိုယ်လက်နှိုးနှောလိုသော တဏှာဖြင့် မိန်းမ၏ အင်္ဂါကြီးငယ်တို့ကို သုံးသပ်သော ရဟန်းအားလည်းကောင်း၊ ဖက်သောရဟန်းအားလည်းကောင်း သုက်လွှတ်၏။ သုက္ကဝိသဋ္ဌိ သံဃာဒိသိသ်အာပတ် မသင့်၊ ကာယသံသဂ္ဂသံဃာဒိသိသ် သာ သင့်၏။

(၆) အယားဖျောက်ခြင်းကိုသာယာခြင်း၌။ ။ပွေးပိုး၊ ဝဲပိုး၊ ညှင်းပိုးတကောင်ကောင်၏ အစွမ်းအားဖြင့် ကိုက်ခဲအပ် သော အင်္ဂါဇာတ်ကို အယား ဖျောက်ခြင်း၌ သာယာသဖြင့် အယားဖျောက်သောရဟန်းအား သုက်လွှတ်၏။ အာပတ်မသင့်။ အကယ်၍ အယားဖျောက်ခြင်း၌ သာယာသဖြင့်တပ်သည်ဖြစ်၍ တဖန် သာယာ၍ လွှတ်စေခြင်းငှာ အင်္ဂါဇာတ်၌ လုံ့လပြု၍ လွှတ်စေ၏။ သံဃာဒိသိသ်အာပတ် သင့်၏။

၂၄၈၇၄

(၇) ကြည့်ခြင်းကိုသာယာခြင်း၌။ ။ကြည့်ခြင်းကို သာယာခြင်းဖြင့် အဖန်ဖန် မိန်းမ၏ မကြည့်အပ်သော အရပ်ကို တစိမ့်စိမ့်ကြည့်သောရဟန်းအား သုက်လွတ်၏။ သံဃာဒိသိသ် အာပတ်မသင့်။ ဒုက္ကဋ်အာပတ်သင့်၏။ အကယ်၍ ကြည့်ခြင်း၌ သာယာခြင်းဖြစ်၍ တပ်သည်ဖြစ်၍ တဖန်သာယာ၍ အင်္ဂါဇာတ်၌ လှုံ့လကိုပြု၍ လွှတ်စေ၏။ သံဃာဒိသိသ်အာပတ် သင့်၏။

(၈) ထိုင်ခြင်းကိုသာယာခြင်း၌။ ။မိန်းမနှင့် အတူတကွ ဆိတ်ကွယ်ရာအရပ်၌ ထိုင်ခြင်းကို သာယာသောတဏှာဖြင့် ထိုင်နေသော ရဟန်းအား သုက်လွတ်၏။ သံဃာဒိသိသ် အာပတ်မသင့်။ ပါစိတ်အာပတ်သာ သင့်၏။ အကယ်၍ ထိုင်ခြင်းကို သာယာခြင်းဖြင့် တပ်သည်ဖြစ်၍ တဖန်သာယာ၍ လွှတ်ခြင်းအကျိုးငှါ အင်္ဂါဇာတ်၌ လှုံ့လပြု၍လွှတ်စေ၏။ သံဃာဒိသိသ် အာပတ် သင့်၏။

(၉) စကား ပြောခြင်းကို သာယာခြင်း၌။ ။စကား ပြောခြင်းကို သာယာသော တဏှာဖြင့် မိန်းမကို မေထုန်နှင့်စပ်သောစကားတို့ဖြင့် ပြောသောရဟန်းအား သုက်လွတ်၏။ သုက္ကဝိသဋ္ဌိသံဃာဒိသိသ် မသင့်။ ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ် သင့်၏။ အကယ်၍ စကားပြောခြင်း၌ သာယာခြင်းဖြင့် တပ်သည်ဖြစ်၍ တဖန်သာယာ၍လွှတ်စေခြင်းငှါ အင်္ဂါဇာတ်၌ လှုံ့လပြု၍ လွှတ်စေ၏။ သံဃာဒိသိသ် အာပတ် သင့်၏။ ။

(၁၀) အိမ်သားအချင်းချင်းကဲ့သို့ ချစ်ခြင်း၌။ ။အမိကို အမိဟူသော ချစ်ခြင်းဖြင့်၊ နှမကို နှမ ဟူသော ချစ်ခြင်းဖြင့် အဖန်ဖန် သုံးသပ်သောရဟန်းအားလည်းကောင်း၊ ဖက်သော

ရဟန်းအား လည်းကောင်း သုက်သည် လွှတ်၏။ သံဃာဒိသိသ်
အာပတ် မသင့်၊ ဒုက္ကဋ် အာပတ်သာ သင့်၏။ အကယ်၍
အိမ်သား အချင်းချင်းကဲ့သို့ ချစ်ခြင်းဖြင့်တပ်သည် ဖြစ်၍
တဖန် သာယာ၍ လွှတ်ခြင်း အကျိုးငှာ အင်္ဂါဇာတ်၌ လုံ့လ
ပြု၍ လွှတ်စေ၏။ သံဃာဒိသိသ်အာပတ် သင့်၏။

(၁၁) ဘောမှ ခူးအပ်သော အရာစသည်၌ သာယာ
ခြင်း၌။ ။မိန်းမ ယောကျ်ားတို့သည် ချစ်ကျွမ်းဝင်သည်၏
အဖြစ်၏ မြဲမြံစေခြင်း အကျိုး ငှာ အချင်းချင်း တစုံတခုသော
ကွမ်း, နံ့သာ, ပန်း, အထုံ စသည်ကို ပို့ကြကုန်၏။ ထိုဟာသည်
ဘောမှ ခူးအပ်သော အရာမည်၏။

ထိုဘောမှ ခူးအပ်သောအရာကို မိန်းမသည် တစုံတယောက်
သော မိမိနှင့် အကျွမ်းဝင်သော အိမ်သို့ ကပ်သော ရဟန်း
အား ပို့စေ၏။ ဤပန်းကို ဤမည်သော မိန်းမသည် ပို့စေ
အပ်၏ ဟူ၍ သာယာသည်ဖြစ်၍ အဖန်ဖန်လက်ဖြင့် ထိုဘောမှ
ခူးအပ်သော အရာကို ကစားသော ထိုရဟန်းအား သုက်သည်
လွှတ်၏၊ အာပတ်မသင့်။ အကယ်၍ ဘောမှ ခူးအပ်သော
အရာ၌ သာယာခြင်းဖြင့် တပ်သည်ဖြစ်၍ တဖန်သာယာ၍
အင်္ဂါဇာတ်၌ လုံ့လပြု၍ လွှတ်စေ၏၊ သံဃာဒိသိသ် အာပတ်
သင့်၏။ အကယ်၍ လုံ့လပြုသော်လည်း သုက်မလွှတ်အံ့၊
ထုလ္လစ္စဥ်းအာပတ် သင့်၏။ ။

ရာဂတဆယ့်တပါးဖြင့် နှိုင်းဆပုံ

ဤသို့လျှင် ဤတဆယ့်တပါးကုန်သော ရာဂတို့၏ အစွမ်း
အားဖြင့် တဆယ့်တပါးကုန်သော လုံ့လတို့ကို မှတ်၍ အာပတ်

သင့်သည် မသင့်သည်ကို ဆင်ခြင်အပ်၏။ ဆင်ခြင်၍ အကယ်၍ ဂရုကအာပတ် ဖြစ်အံ့၊ ဂရုက အာပတ် ဟူ၍ ကြားအပ်၏။ အကယ်၍ လဟုကအာပတ် ဖြစ်အံ့ လဟုကအာပတ်ဟု ကြားအပ်၏။ ထိုအားလျော်သော ဝိနည်းကံကိုလည်း ပြုအပ်၏။ မှန်၏။ ဤသို့ ပြုသည်ရှိသော် ကောင်းသော ပြုခြင်း မည်၏။ ဆေးသမားသည် ရောဂါ၏ အကြောင်းကို သိ၍ ဆေးကုသည်နှင့် တူ၏။ ထိုသို့ကုလတ်၍ ချမ်းသာသွား ဖြစ်ခြင်းငှါလည်း ဖြစ်၏။ ။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဘာသယ့်ဘာပါ ကုန်သော ရာဂတို့ဖြင့် ဆင်ခြင်သည်ရှိသော် အိပ်မက်သောအခါ၌ သုက်လွှတ်ရာ၌ မိမိက တပ်မက်၍ လုံ့လ မပြု၊ သူ့အလိုလို လွှတ်ရာ၌ အာပတ်သင့်ပေဦးမည်လော ဟူ၍ တွေးတောဖွယ် မရှိ၊ အာပတ်မှကင်း၏ ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ အကယ်၍ သူ့အလိုလို အိပ်မက်ခြင်းဖြင့် သုက်လွှတ်ရာဝယ် မိမိက တဖန် လုံ့လပြု၍ လွှတ်စေပြန်မူသော သုက္ကဝိသဋ္ဌိ သံဃာဒိသိသ်အာပတ်သင့်၏။ ။

တနည်းလည်း—ထို သိက္ခာပုဒ်၌ လွှတ်လိုသော စေတနာဖြင့် စေ့ဆော်ခြင်း၊ လွှတ်အောင် အားထုတ်ခြင်း၊ လွှတ်ခြင်း၊ ဤအင်္ဂါ ၃-ပါးစုံမှ သုက္ကဝိသဋ္ဌိ သံဃာဒိသိသ် အာပတ်သင့်၏။ ။

စေ့ဆော်၏၊ အားထုတ်၏၊ မလွှတ်၊ ထုလ္လစ္စည်း သင့်၏။
စေ့ဆော်၏၊ အားမထုတ်၊ လွှတ်၏၊ အာပတ် မသင့်။ ။

ဤအင်္ဂါ ၃-ပါးနှင့် ဆင်ခြင်ရာ၌လည်း အိပ်မက်သော အခါတို့၌ လွှတ်လိုသော စေတနာတို့ဖြင့် အင်္ဂါဇာတ်၌ လုံ့လ ပြုရသည် ဟူ၍ မက်ခဲ၏။ အခြားသော နည်းတို့ဖြင့် မက်၍

အခြားသော နည်းတို့ဖြင့် သုက်လွှတ်သော်လည်း သံဃာဒိသိသ် မသင့်။ မောစနာ ရာဂဖြင့် စေ့ဆော် အားထုတ်၍ လွှတ်မှ သံဃာဒိသိသ်အာပတ် သင့်၏။ ထို့ကြောင့် ဆိုသုက္ကဝိသဋ္ဌိ သိက္ခာပုဒ်၌ သုက် လွှတ်လိုသော စေတနာဖြင့် စေ့ဆော်၍ အားထုတ်မိသည်၊ မထုတ်မိသည်ကို အထူး သတိပြုအပ်၏။ သုက် လွှတ်လိုသော စေတနာဖြင့် စေ့ဆော် အားထုတ်မိသည် ဖြစ်အံ့၊ ထိုသို့ အားထုတ်မှုကြောင့် သုက် လွှတ်သည်ဟု သိမှ သုက္ကဝိသဋ္ဌိ အာပတ် သင့်၏။ အခြားနည်းအားဖြင့် မသင့်။ ထို့ကြောင့် အလွန်သိမ်မွေ့သော ဤ သိက္ခာပုဒ်ကို အထူး သတိပြုရာ၏။ အိပ်မက်သောအခါ ခါးကို ကော့ပေးခြင်း၊ လက်ဖြင့် ကိုင်ခြင်းကို မပြုအပ်။ သက်နှန်း၊ အိပ်ရာခင်းများကို မပျက်စီးစေခြင်းငှာ လက်ဖြင့် အင်္ဂါဇာတ်အဖျားကို ကိုင်၍ ရေဆေးခြင်းငှာ ရေရှိရာသို့မူကား သွားအပ်၏။ ။ဤကား သမန္တပါသာဒိက အဋ္ဌကထာအတိုင်း သုက္ကဝိသဋ္ဌိ သိက္ခာပုဒ်၌ မှတ်ဖွယ်တို့တည်း။ ။

—o—

## ကာယသံသဂ္ဂ သိက္ခာပုဒ်

ထိုသိက္ခာပုဒ်၌ (၁) မိန်းမဖြစ်ခြင်း။ (၂) မိန်းမဟု အမှတ်ရှိခြင်း။ (၃) ကိုယ်လက် နှီးနှောလိုသော ရာဂစိတ်ရှိခြင်း။ (၄) ထိုရာဂစိတ်ဖြင့် လုံ့လပြုခြင်း။ (၅) လက်စသည် ကိုင်ခြင်းသို့ ရောက်ခြင်း ဟူ၍ အင်္ဂါ ၅-ပါးရှိ၏။ ထိုအင်္ဂါ ၅-ပါးနှင့် ပြည့်စုံမှ အာပတ်သင့်၏။ ဤ သိက္ခာပုဒ်၌

ကိုယ်လက် နှီးနှောခြင်းသည် လက်ကို ကိုင်ခြင်း၊ ဆံထုံးကို ကိုင်ခြင်း၊ တပါးပါးသော အင်္ဂါကြီးငယ်ကို သုံးသပ်ခြင်းဟူ၍ သုံးမျိုးရှိ၏။ ထိုတွင် ဆံထုံးကို ကိုင်ခြင်းဟူသော စကားဖြင့် "အနုပါဒိန္နကဖဿ"ကို ပြ၏။ ထို့ကြောင့် မိန်းမ၏ ဆံပင်ကို လည်းကောင်း၊ အမွေးကိုလည်းကောင်း၊ မိမိလက်ဖြင့်လည်း ကောင်း၊ မိမိ၏ဆံပင်အမွေးဖြင့် လည်းကောင်း မထိစေအပ်။ အကယ်၍ ထိစေလိုသော စိတ်ဖြင့် ထိစေငြားအံ့၊ ကာယသံသဂ္ဂ သံဃာဒိသိသ် အာပတ် သင့်၏။ ။ထို့ကြောင့် အချို့သော ဆရာတော်များနှင့် နောက်ပါ သံဃာတို့ကို အရပ်တပါးမှ ပင့်ဆောင်ခဲ့၍ မိမိတို့ ရပ်ရွာ ဒေသသို့ ရောက်သောအခါ များ ရှိ၏၊ သင်ဖြူးတို့ကို ခင်း၍ ကြိုဆိုကြရာ၌ အချို့သော မာတုဂါမတို့သည် ဆံပင်ကို ဖြန့်၍ ခင်းကြကုန်၏။ ထိုသို့ ခင်းရာ၌ သတိမထားပဲ အမှတ်မဲ့ နင်းသော ရဟန်းများ၊ ဆံပင်ကို ကျော်၍ နင်းသော်သည်း မတော်တဆ နင်းမိသော ရဟန်းများ၌ ကိုယ်လက် နှီးနှော လိုသော ရာဂစိတ်မှ ကင်းခြင်းငှာ ထင်ရှား၍ ကာယသံသဂ္ဂ သံဃာဒိသိသ် အာပတ်မှ ကင်းလွတ်၏။ မာတုဂါမ၏ ဆံပင်မှန်းသိလျက် တမင်နင်းလိုသော စိတ်ဖြင့် နင်းသော ရဟန်းတို့ကား ကာယသံသဂ္ဂ သံဃာဒိသိသ်အာပတ်မှ လွတ်ဖို့ အကြောင်းမရှိ ဖြစ်သည်။ ထို့ကြောင့် ကာယသံသဂ္ဂ သိက္ခာပုဒ် သံဃာဒိသိသ်အာပတ် သင့်၏ ဟူ၍ သန္နိဋ္ဌာန်ကျမှတ်အပ်၏။ ။

ထို့ကြောင့် မိန်းမများ၏ ဆံပင်ကို မနင်းမိကြရအောင် အထူးသတိ ဆောင်ကုန်ရာ၏။ ဆွမ်းလောင်းသောအခါ၊ ကပ်

သောအခါတို့၌ မိန်းမတို့၏ လက်နှင့် မတော်၍ ထိမိသော အရာ၊ ယောကျ်ားကဲ့သို့ ဝတ်ဆင်၍ထားသော သူငယ်မများ ကို ယောကျ်ား မှတ်၍ ကိုင်မိသောအရာ တို့၌ကား ထို အာပတ်မှ လွတ်၏။ မာတုဂါမများသည် ရဟန်းတို့၏ ခြေကို ဆေးသောအခါ ခြေကိုသော်လည်း ရုပ်အင်၏။ သို့မဟုတ် မလှုပ်ရှားပဲသော်လည်း နေရာ၏။ အကယ်၍ လှုပ်ရှားလိုသော စိတ်ဖြင့် လှုပ်ရှားမိသည်ရှိသော် ထိုအာပတ်မှ မလွတ်ပေ။ မတော် တဆ အမှတ်မဲ့ လှုပ်ရှားမိသော် လည်းကောင်း၊ ယောင်၍၊ လန့်၍ လှုပ်ရှားမိသော်လည်းကောင်း အပြစ် မရှိ ဟူ၍ မှတ်အပ်၏။ ။ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲ စသည်တို့၌ တိုးဝှေ့သော ရဟန်းတို့သည် မာတုဂါမတို့နှင့် တိုးမိ ထိမိသည့် အခါ၌ သာယာသော စိတ်ဖြင့် မာတုဂါမ၏ အသား၊ အမွေး၊ ဆံပင်၊ တစုံတခုတို့ကို မိမိ၏ အမွေး၊ အသား တစုံတခုဖြင့် ထိစေငြားအံ့၊ ကာယသံသဂ္ဂ သံဃာဒိသိသ် အာပတ် သင့်၏။

ဤကား ကာယသံသဂ္ဂ သိက္ခာပုဒ်၌ အဌကထာလာတိုင်း မှတ်ဖွယ် အကျဉ်းတည်း။ ။

—o—

## ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်

ထို သိက္ခာပုဒ်၌ (၁) လူမိန်းမဖြစ်ခြင်း။ (၂) မိန်းမဟု အမှတ်ရှိခြင်း။ (၃) ကြမ်းတမ်းသော စကား၌ တပ်ခြင်း။ (၄) ထိုတပ်ခြင်းဖြင့် ပြယ်ဆိုခြင်း။ (၅) ထိုခဏ၌ သိခြင်း ဟူ၍ အင်္ဂါ ၅-ပါး ရှိ၏။ ။ထိုသို့ ပြယ်ဆိုရာ၌ (သိခရဏီသိ။

သမ္မိန္နာသိ၊ ဥဘတောဗျဉ္ဇနာသိ) အစေ့ ရှည်သည် ဟူသော စကား၊ အပေါ်နှစ်ခု စပ်နေသည် ဟူသော စကား၊ ဥဘတော ဗျည်း (အင်္ဂါဇာတ် နှစ်ခုရှိသူ) ဟူသော စကားတို့ဖြင့် ဆိုမှသာ ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ် သင့်၏။ အခြား စကားတို့ဖြင့် အာပတ် မသင့်ဟူ၍ အဋ္ဌကထာ၌ ဆို၏။ ။ထို၌ လိုရင်းကား မိန်းမ၏ ဝစ္စမဂ်၊ ပဿာဝမဂ် ပ သော စကားကြမ်းကို မဆိုရ ဟု ဆိုလို၏။ ထို့ကြောင့် သိခရဏီသိ၊ သမ္ဘိန္နာသိ ဟူသော စကားတို့နှင့် အလားတူ မိခိတို ဆိုင်ရာ ဘာသာ ဝေါဟာရ အရ ဝစ္စမဂ် ပဿာဝမဂ်တို့၏ အမည်ပါရှိသော ဆဲရေးခြင်း မျိုးဖြင့် ဆဲဆိုက သံဃာဒိသိသ်အာပတ် သင့်၏။ ။[မေထုန ယာစနာဒိဟိ ဝါ၊ မေထုန်ကို တောင်းခြင်း စသည်တို့ဖြင့်- ဟူသော စကား၌ မေထုန်ဟူသော စကားသည် မြန်မာလို လ-လုံးကြီးတင်, တချောင်းငင်, ဝသတ်, အောက်မြစ်, ရှေ့စီး ပါသော စကားနှင့် တူ၏။ ထို့ကြောင့် ထိုစကားလုံးဖြင့် ဆဲရေးခြင်းကို မဆိုအပ် မပြုအပ်။ ထိုစကား၌ သာယာသော စိတ်ဖြင့်ဆိုက ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ် သင့်၏။ ။]

တကယ် စိတ်ဆို၍ ဒေါသဖြင့် ဆဲရေးရာ၌ကား ဒုဋ္ဌုလ္လ ဝါစာ သံဃာဒိသိသ် မသင့်။ ဩမသဝါဒ ဒုက္ကဋ်အာပတ် သင့်၏။ ။"မေထုနယာစန" ဟူသော ပါဠ်ဖြင့် မေထုန်ကို ပေးပါ ဟူ၍လည်း မပြောအပ်။ ထို သိက္ခာပုဒ်ဖြင့် သံဃာ ဒိသိသ်အာပတ် သင့်တတ်သောကြောင့် ထို သိက္ခာပုဒ်ကိုလည်း အထူး သတိပြု၍ ရှောင်ကြဉ်အပ်၏။ ။ဤကား ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ အဋ္ဌကထာ လာတိုင်း မှတ်ဖွယ်အကျဉ်းတည်း။ ။

သံဃာဒိသိသ်အာပတ်တဆယ့်သုံး ခုရှိသည့်အနက် ထိုသုံးပါးသော အာပတ်တို့သို့ မကြာ မကြာ ရောက်တတ်ကုန်၏။ ထိုသို့ရောက်ကြကုန်သော်လည်း အာပတ်က အလွန် သိမ်မွေ့သည့် အဖြစ်ကြောင့် ထိုအာပတ်တို့သို့ရောက်ပြီး မရောက်သေးဟူ၍ မသိနိုင်ကြ ဖြစ်သည်။ ထို့ကြောင့် ထိုအာပတ် သုံးခုကိုသာ အကျယ်ရေးလိုက်သည်၊ ကြွင်းသော အာပတ်တို့သို့ရောက်လည်း ရောက်ခဲ၏။ ရောက်လျှင်လည်း သိလွယ်၏။ ယင်းကြောင့် ကြွင်းသော အာပတ်တို့၏ အဓိပ္ပာယ်ကို လျှင်လျှင်ရှုလိုက်၏။

## အာပတ် ဖုံးလွှမ်းပုံ မဖုံးလွှမ်းပုံ

ယခုအခါ၌ ဂရုက အာပတ်ကို ကုစားခြင်းကို ဆိုဦးအံ့။ ။ ဂရုက အာပတ်ကို ပရိဝါသ် ဆောက်တည်ခြင်း၊ မာနတ်ကျင့်ခြင်း၊ အဗ္ဘာန်သွင်းခြင်းဖြင့် ကုစားအပ်၏။ ထိုတွင် ပရိဝါသ်သည် ပဋိစ္ဆန္န ပရိဝါသ်၊ သုဒ္ဓန္တ ပရိဝါသ်၊ သမောဓာန ပရိဝါသ် ဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် ဖုံးလွှမ်းတိုင်းသော အာပတ်ဖြင့် ပေးအပ်သော ပရိဝါသ်သည် ပဋိစ္ဆန္န ပရိဝါသ်မည်၏။ ချဲ့ဦးအံ့။ အချို့သောသူအား တရက်ဖုံးလွှမ်းအပ်သော အာပတ်သည် ဖြစ်၏။ အချို့သောသူအား နှစ်ရက်စသည် ဖုံးလွှမ်းအပ်သော အာပတ်သည် ဖြစ်၏။ အချို့သောသူအား တခုသော အာပတ်သည်ဖြစ်၏။ အချို့သောသူအား နှစ်ခုသည်လည်း လည်းကောင်း၊ သုံးခုသည်လည်းကောင်း၊ ထို့ထက်အလွန်သည် လည်းကောင်း ဖြစ်၏။ ထို ပဋိစ္ဆန္န ပရိဝါသ်ကို ပေးသောသူသည် ရှေးဦးစွာ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကို သိအပ်၏၊

မှန်၏။ ဤအာပတ်မည်သည် ဆယ်ပါးကုန်သော အခြင်းအရာတို့ဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၏။

—၀—

ထို၌ ဤကား မာတိကာတည်း။ အာပတ် သင့်သည်လည်းဖြစ်စေ၊ အာပတ်သင့်သည်ဟု အမှတ်ရှိသည်လည်းဖြစ်စေ၊ ပကတတ်လည်းဖြစ်စေ၊ ပကတတ်ဟု အမှတ်ရှိသည်လည်းဖြစ်စေ၊ အန္တရာယ် မရှိသည်လည်းဖြစ်စေ၊ အန္တရာယ်မရှိသည်ဟု အမှတ်ရှိသည်လည်းဖြစ်စေ၊ စွမ်းနိုင်သည်လည်းဖြစ်စေ စွမ်းနိုင်သည်ဟု အမှတ်ရှိသည်လည်းဖြစ်စေ၊ ဖုံးလွှမ်းလိုသည်လည်းဖြစ်စေ၊ ဖုံးလွှမ်းသည်လည်းဖြစ်စေ ဟူသည်တည်း။ ။

**အာပတ္တိ အာပတ္တိသညီ**

ထိုတွင်အာပတ်သင့်သည်းလည်းဖြစ်စေ၊အာပတ်သင့်သည်ဟု အမှတ်ရှိသည်လည်း ဖြစ်စေဟူရာ၌ အကြင်အာပတ်သို့ ရောက်၏။ ထိုဟာသည် သံဃာဒိသိသ် အာပတ်သည်သာလျှင် ဖြစ်၏။ ထိုရဟန်းသည်လည်း ထိုအာပတ်၌ အာပတ်ဟု အမှတ်ရှိ၏။ ဤသို့လျှင် အာပတ်မှန်းသိလျက် ဖုံးလွှမ်းအပ်သည် မည်၏။ ။

ထိုသို့မဟုတ်။ ဤရဟန်းသည် အာပတ်မဟုတ်ဟု မှတ်ထင်သည်ဖြစ်၍ ဖုံးလွှမ်း၏၊ ဖုံးလွှမ်းအပ်သည် မမည်။ အာပတ်မဟုတ်သည်ကို အာပတ်ဟူသော အမှတ်ဖြင့်လည်းကောင်း၊ အာပတ်မဟုတ်ဟူသော အမှတ်ဖြင့်လည်းကောင်း ဖုံးလွှမ်းသော်လည်း ဖုံးလွှမ်းအပ်သည် မမည်။ လဟုကကို ဂရုက ဟူ၍လည်းကောင်း၊ ဂရုကကို လဟုကဟူ၍လည်းကောင်း ဖုံးလွှမ်း၏။ အာပတ်သည်ကား ဖုံးလွှမ်းအပ်သည် မမည်။

ဂရုကအာပတ်ကို လဟုကအာပတ်ဟု မှတ်သည် ဖြစ်၍ ဒေသနာကြား၏။ ဒေသနာ ကြားအပ်သည်လည်း မမည်။ ဖုံးလွှမ်းအပ်သည်လည်း မမည်။ဂရုကကို ဂရုကဟု သိသည်ဖြစ်၍ ဖုံးလွှမ်း၏။ ဖုံးလွှမ်းအပ်သည် မည်၏။ ဂရုက လဟုကအဖြစ်ကို မသိ၊ အာပတ်ကို ဖုံးလွှမ်းအံ့ဟူ၍ ဖုံးလွှမ်း၏။ ဖုံးလွှမ်းအပ်သည်သာလျှင် ဖြစ်၏။ ။

## ပကတတ္တ ပကတတ္တသညီ

ပကတတ် ဟူသော်ကား အာပတ်ကို မရှု၊ မကု၊ ဒိဋ္ဌိအယူကို မစွန့်ခြင်း ဟူသော သုံးပါးသော အကြောင်းကြောင့် သုံးပါး အပြားရှိသော ဥက္ခေပနီယကံကို မပြုအပ်သောသူတည်း။ ထိုသူသည် အကယ်၍ ပကတတ်ဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်း၏၊ ဖုံးလွှမ်းအပ်သည် မည်၏။ ထိုသို့မဟုတ် ငါ့အား သံဃာသည် ကံကို ပြုအပ်၏ဟူ၍ ပကတတ်ဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်း၏၊ ဖုံးလွှမ် အပ်သည် မမည်။ ပကတတ် မဟုတ်သောသူသည် ပကတတ်ဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်းအပ်သော်လည်း ဖုံးလွှမ်အပ်သည် မမည်။

ထိုစကားမှန်၏။ သာဝသေသ ဖြစ်သော ဂရုကအာပတ်သို့ ရောက်၏ မရှိသေးခြင်းကို စွဲ၍ ဖုံးလွှမ်း၏။ ဘိက္ခုနီလည်း မဟုတ်၊ အဖြစ်သို့လည်း မရောက်။ ဤပြဿနာကို လိမ္မာသောသူတို့သည် ကြံအပ်၏။ ။ဟူ၍ ဤစကားကို ဟောတော်မူအပ်ပြီ။ ။ ဤပြဿနာကို ဥက္ခိတ္တကဖြင့် ဆိုအပ်၏။ ။

## အနန္တရာယိက အနန္တရာယိကသညီ

အန္တရာယ်မရှိ၊ အန္တရာယ်မရှိဟူသော အမှတ်ရှိသည်ဟူသော်ကား အကြင်သူအား ဆယ်ပါးသော အန္တရာယ်တို့တွင် တခုမျှလည်း မရှိ။ ထိုသူသည် အကယ်၍ အန္တရာယ် မရှိဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်း၏။ ဖုံးလွှမ်းအပ်သည် မည်၏။ အကယ်၍ ကြောက်သော သဘောရှိသည်အဖြစ်ကြောင့် အမိုက်တိုက်၌ ကြမ်းသောဘီလူး၊ သားရဲဘေးဖြင့် အန္တရာယ်ရှိသည်ဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်း၏။ မဖုံးလွှမ်းအပ်သည်သာဖြစ်၏။ ထင်ရှားစေဦးအံ့။ ။

တောင်ပေါ်ကျောင်း၌ နေသောသူသည် ချောင်းကိုလည်းကောင်း၊ မြစ်ကိုလည်းကောင်း ကျော်၍ သွားအပ်သည်ဖြစ်ရာ လမ်းကြား၌လည်း ကြမ်းသော သားရဲ ဘီလူး စသည်တို့၏ ဘေးသည်ရှိ၏။ လမ်း၌ စပါးကြီးတို့သည် အိပ်ကြကုန်၏။ မြစ်သည် ပြည့်သည်ဖြစ်၏။ ဤသို့အားဖြင့် တခုခုသော အန္တရာယ်သည် ရှိသော်သာလျှင် အန္တရာယ်ရှိသည်ဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်း၏။ ဖုံးလွှမ်းအပ်သည် မမည်။ ။

အန္တရာယ်မရှိရာ၌ အန္တရာယ်မရှိဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့။ ဖုံးလွှမ်းအပ်သည်သာဖြစ်၏။ အန္တရာယ်ရှိသည်ဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ မဖုံးလွှမ်းအပ်သည်သာဖြစ်၏။ အန္တရာယ်ရှိသောသူသည်ကား အန္တရာယ်ရှိသည်ဟူသော အမှတ်ဖြင့်လည်းကောင်း၊ အန္တရာယ်မရှိဟူသော အမှတ်ဖြင့်လည်းကောင်း ဖုံးလွှမ်းအပ်သည်ရှိသော် မဖုံးလွှမ်းအပ်သည်သာဖြစ်၏။

## ပဟု ပဟုသညီ

စွမ်းနိုင်၏၊ စွမ်းနိုင်၏ဟုအမှတ်ရှိ၏ ဟူသော်ကား ရဟန်း၏ အထံသို့ သွားခြင်းငှါလည်းကောင်း၊ ကြားခြင်းငှါလည်းကောင်း စွမ်းနိုင်၏။ ထိုသူသည် အကယ်၍ စွမ်းနိုင်သည်ဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်း၏၊ ဖုံးလွှမ်းအပ်သည်သာဖြစ်၏။ အကယ်၍ ထိုသူ၏ ခံတွင်း၌ အနည်းငယ်မျှသော ဖူးရောင်သော အနာသည်လည်းကောင်း ဖြစ်၏။ မေး၌ လေသော်လည်းကောင်း ထိုး၏။ သွားသော်လည်းကောင်း နာ၏။ ဆွမ်းသော်လည်းကောင်း အနည်းငယ်သာ ရအပ်သည် ဖြစ်၏။ ထိုမျှလောက်ဖြင့် စကားပြောခြင်းငှါ မစွမ်းနိုင်သည်၊ ကြားခြင်းငှါ မစွမ်းနိုင်သည် မဖြစ်။ စင်စစ်သော်ကား မစွမ်းနိုင်ဟု အမှတ်ရှိ၏၊ ဤသူသည် စွမ်းနိုင်သည်ဖြစ်လျက် မစွမ်းနိုင်ဟု အမှတ်ရှိသူမည်၏။ ဤသူသည် ဖုံးလွှမ်းအပ်သော်လည်း ဖုံးလွှမ်းအပ်သည် မမည်။ မစွမ်းနိုင်သောသူသည်ကား ဆိုခြင်းငှါလည်းကောင်း၊ သွားခြင်းငှါလည်းကောင်း၊ မစွမ်းနိုင်သည်ဖြစ်၍ စွမ်းနိုင်သည်ဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း၊ ဖုံးလွှမ်းအပ်သည်ဖြစ်အံ့၊ မဖုံးလွှမ်းအပ်သည်သာတည်း။

## ဆာဒေတုကာမ ဆာဒနာ

ဖုံးလွှမ်းလိုသည်လည်းဖြစ်၏၊ ဖုံးလည်း ဖုံးလွှမ်း၏ ဟူသော ဤစကားသည် ပေါ်သော အနက်ရှိ၏။ အကယ်၍ ဖုံးလွှမ်းအံ့ဟု ဝန်ချခြင်းကို ပြု၍ မွန်းမလဲ့မိလည်းကောင်း မွန်းလဲ့မှုသော်လည်းကောင်း၊ ညဉ့်ဦးယာမ် စသည်တို့၌လည်းကောင်း၊ လင်္ဂီ သဘောသို့ သက်၍ အရုဏ်၏ အတွင်း၌သာလျှင် ကြား၏။ ဤသူသည် ဖုံးလွှမ်းလိုသည်ဖြစ်၍ မဖုံးလွှမ်းသောသူ မည်၏။

ရဟန်းမရှိသောနေရာ၌ နေသော အကြင်ရဟန်းသည် ဤအာပတ်သို့ ရောက်၍ သဘောတူသော ရဟန်း၏ လာခြင်းကို ငံ့စဉ်လည်းကောင်း၊ သဘောတူသောရဟန်း၏ အထံသို့ သွားစဉ်လည်းကောင်း၊ လခွဲသည်လည်းကောင်း၊ တလသည်လည်းကောင်း လွန်သွား၏။ ဤသူသည် မဖုံ လွှမ်းလိုပဲ ဖုံးလွှမ်းသည် မည်၏။ ဤအာပတ်သည်လည်း မဖုံးလွှမ်းအပ်သည် မည်၏။

အကြင်သူသည်ကား အာပတ်သင့်ခါမျှဖြစ်၍သာလျှင် မီးကို နင်းမိသော ယောကျ်ားကဲ့သို့ အဆောတလျင်ဖြ၍ သဘောတူရာ အရပ်သို့သွား၍ ထင်ရှားပြု၏။ ဤသူသည် မဖုံးလွှမ်းလိုသည် ဖြစ်၍သာလျှင် မဖုံးလွှမ်းသောသူ မည်၏။ အကယ်၍ သဘောတူသောသူကို မြင်၍လည်း ဤသူသည် ငါ၏ဥပဇ္ဈာယ် ဟူ၍လည်းကောင်း၊ ဆရာဟူ၍လည်းကောင်း၊ ရှက်ခြင်းကြောင့် မကြား၊ အာပတ်သည် ဖုံ လွှမ်းအပ်သည် မည်၏။ မှန်၏၊ ဤ၌ ဥပဇ္ဈာယ် စသည်တို့၏ အဖြစ်သည် ပမာဏ မဟုတ်။ ရန်သူ မဟုတ်သောသူ၊ သဘောတူသောသူတို့၏ အဖြစ်သည်သာ ပမာဏတည်း။ ထို့ကြောင့် ရန်သူမဟုတ်သောသူ၊ သဘောတူသောသူ၏ အထံ၌ ကြားအပ်၏။ အကြင်သူသည်ကား သဘော မတူသည် ဖြစ်၏၊ ကြားနာရ၍ ထင်ရှားပြုလို၏။ ထိုသို့ သဘောရှိသော ဥပဇ္ဈာယ်၏ အထံ၌လည်း မကြားအပ်။ ထိုအရာ၌ မွန်းမလွဲမီ အာပတ်သို့ရောက် သည် ဖြစ်အံ့၊ မွန်းလွဲ၌လည်းကောင်း၊ နေ့လယ်၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊ အကြင်မျှလောက် အရုဏ်သည် မတက်သေး၊ ထိုမျှလောက် ကြားအပ်၏။

အရုဏ်သည် တက်လတ်သော် ဖုံးလွှမ်းခြင်း၏ အကြောင်းကြောင့်လည်း ဒုက္ကဋ်အာပတ်သို့ ရောက်၏။ ။

## အာဝိကတ ပြုပုံ

သဘာဂ သံဃာဒိသိသ်အာပတ်သင့်သော ရဟန်း၏ အထံ၌ ထင်ရှား မပြုအပ်၊ အကယ်၍ ထင်ရှားပြုသည် ဖြစ်အံ့၊ အာပတ်သည် ထင်ရှားပြုအပ်သည် ဖြစ်၏၊ ဒုက္ကဋ်အာပတ်မှုကား မလွှတ်။ ထို့ကြောင့် စင်ကြယ်သော ရဟန်း၏ အထံ၌ ထင်ရှား ပြုအပ်၏။ ထင်ရှား ပြုသော ရဟန်းသည်လည်း "တုယှံ သန္တိကေ ဧကံ အာပတ္တိံ အာဝိကရောမိတိဝါ၊ အာဝိက္ခာမိတိဝါ၊ အာရောစေမိတိဝါ၊ မမ ဧကံ အာပတ္တိံ အာပန္နဘာဝံ ဇာနာဟီတိဝါ ဝဒတု"။ သင်၏အထံ၌ တခုသော အာပတ်ကို ထင်ရှားစွာ ပြုပါ၏ ဟူ၍လည်းကောင်း၊ ကြားပါ၏ ဟူ၍လည်းကောင်း၊ ပြောပါ၏ ဟူ၍လည်းကောင်း၊ ငါ၏ တခုသော အာပတ်သို့ ရောက်သည်၏ အဖြစ်ကို သိလော ဟူ၍လည်းကောင်း၊ ဆိုသည်ဖြစ်စေ။ "ဧကံ ဂရုကံ အာပတ္တိံ အာဝိကရောမိ အာဒိနာ ဝါ နယေန ဝဒတု" "တခုသော ဂရုကအာပတ်ကို ထင်စွာ ပြုပါ၏" ဤသို့ အစရှိသော နည်းဖြင့် ဆိုသည် ဖြစ်စေ၊ အလုံးစုံလည်း ဖြစ်သော အခြင်းအရာတို့ဖြင့် ဖုံးလွှမ်းအပ်သည်သာလျှင် ဖြစ်၏ဟု ကုရုန္ဒီအဋ္ဌကထာ၌ ဆိုအပ်၏။

အကယ်၍ကား "လဟုကအာပတ်ကို ထင်စွာ ပြုပါ၏" ဤသို့ အစရှိသော နည်းဖြင့် ဆိုအံ့၊ ဖုံးလွှမ်းအပ်သည်သာလျှင် ဖြစ်၏။ ဝတ္ထုကို ကြား၏၊ အာပတ်ကို

ကြား၏၊ နှစ်ပါးစုံကို ကြား၏၊ ဤသို့ သုံးပါးသော အပြားအားဖြင့်လည်း ကြားအပ်သည်သာလျှင် ဖြစ်၏။ ဤသို့ ဤဆယ်ပါးသော အကြောင်းတို့ကို ဆင်ခြင်၍ ပဋိစ္ဆန္နပရိဝါသ်ပေးသောသူသည် ရှေးဦးစွာသာလျှင် ဖုံးလွှမ်းသော အဖြစ်ကို သိအပ်၏။

## ပရိဝါသ်ပေးပုံ

ထိုနောင်မှ ဖုံးလွှမ်းသော နေ့တို့ကိုလည်းကောင်း၊ အာပတ်တို့ကိုလည်းကောင်း မှတ်၍ အကယ်၍ တရက်ဖုံးလွှမ်းသည် ဖြစ်အံ့။ "အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ ဧကာဟပ္ပဋိစ္ဆန္နံ"ဟူ၍ တောင်းပန်စေ၍ ခင်ကဥ္စလာသော နည်းဖြင့်သာလျှင် ကမ္မဝါစာကို ဖတ်၍ ပရိဝါသ်ကို ပေးအပ်၏။ ။ထိုသို့မဟုတ် နှစ်ရက်၊ သုံးရက်စသည် ဖုံးလွှမ်းအပ်သည် ဖြစ်အံ့၊ "ဒွီဟပ္ပဋိစ္ဆန္နံ တီဟပ္ပဋိစ္ဆန္နံ (ပ) စတုဒ္ဒသာဟပ္ပဋိစ္ဆန္နံ"ဟူ၍ တဆယ့်လေးရက်တိုသို့ တိုင်အောင် နေ့၏အစွမ်းအားဖြင့် ယှဉ်ခြင်းကို ပြုအပ်၏။ တဆယ့်ငါးရက် ဖုံးလွှမ်းအပ်သော အာပတ်၌ "ပက္ခပ္ပဋိစ္ဆန္နံ"ဟူ၍ ယှဉ်ခြင်းကို ပြုအပ်၏။ ထို့ထက်အလွန် အကြင်မျှလောက် တခုယုတ် သုံးဆယ်မြောက်သော နေ့သည် ရှိ၏။ ထိုမျှလောက် "အတိရေကပက္ခပ္ပဋိစ္ဆန္နံ"ဟူ၍ ဆိုအပ်၏။ထိုထက်လွန်မူ "မာသပ္ပဋိစ္ဆန္နံ၊ အတိရေကမာသပ္ပဋိစ္ဆန္နံ၊ ဒွေမာသပ္ပဋိစ္ဆန္နံ၊ အတိရေကဒွေမာသပ္ပဋိစ္ဆန္နံ၊ (ပ) အတိရေကဧကာဒသမာသပ္ပဋိစ္ဆန္နံ"ဟု ဤသို့ ယှဉ်ခြင်းကို ပြုအပ်၏။ နှစ်သည် ပြည့်လတ်သော် "ဧကံ သံဝစ္ဆရ

ပဋိစ္ဆန္နံ” ဟူ၍၊ ထို့ထက်လွန်မူ “အတိရေက သံဝစ္ဆရံ, ဒွေ သံဝစ္ဆရံ” ဟူ၍ ယှဉ်ခြင်းကို ပြုအပ်၏။ ဤသို့ “သဋ္ဌိသံဝစ္ဆရံ, အတိရေကသဋ္ဌိသံဝစ္ဆရံ”ဟူ၍လည်းကောင်း၊ ထို့ထက် အလွန် လည်းကောင်း ဆို၍ ယှဉ်ခြင်းကို ပြုအပ်၏။

အကယ်၍ကား နှစ်ခုလည်း ဖြစ်ကုန်သော၊ သုံးခုလည်း ဖြစ်ကုန်သော၊ ထို့ထက်အလွန်လည်း ဖြစ်ကုန်သော အာပတ်တို့သည် ဖြစ်ကုန်အံ့၊ “ဧကံ အာပတ္တိံ” ဟု ဆိုသကဲ့သို့ ထို့အတူ “ဒွေ အာပတ္တိယော, တိဿော အာပတ္တိယော” ဟူ ဆိုအပ်၏။ ထို့ထက်လွန်မူကား တရာသည်လည်းကောင်း၊ တထောင်သည်လည်းကောင်း ဖြစ်စေ “သမ္ဗဟုလာ” ဟု ဆိုအပ်၏။ အထူးထူးသော ဝတ္ထု ရှိကုန်သော အာပတ် တို့၌လည်း “အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ ဧကံ သုက္ကဝိသဋ္ဌိံ, ဧကံ ကာယသံသဂ္ဂံ, ဧကံ ဒုဋ္ဌုလ္လဝါစံ, ဧကံ အတ္တကာမံ, ဧကံ သဉ္စရိတ္တံ, ဧကာဟပ္ပဋိစ္ဆန္နာယော” ဟု ဤသို့ အရေအတွက်၏ အစွမ်းအားဖြင့် လည်းကောင်း။ “အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာ ဧကာဟပ္ပဋိစ္ဆန္နာယော” ဟု ဤသို့ ဝတ္ထုကို ကြားသည်၏ အစွမ်းအားဖြင့်လည်းကောင်း၊ “အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နာယော” ဟု ဤသို့ အမည်၏ အစွမ်းအား ဖြင့်လည်းကောင်း ယှဉ်ခြင်းကို ပြုအပ်၏။ ဤ သုံးနည်းတို့တွင် နောက်ဆုံးနည်း အကောင်းဆုံး ဖြစ်၏။ ထို့ကြောင့်ယခုအခါ၌ နောက်ဆုံးနည်းကို အသုံးပြု၏။ ထိုစကားမှန်၏။ “သမ္ဗဟုလာ”

ဟု ဆိုလိုက်က နာနာဝတ္ထုက အာပတ်၊ ဧက ဝတ္ထုက အာပတ် အလုံးစုံပါဝင်၏။ "သမ္ဗာအာပတ္တိယော" ဟုဆိုသည်နှင့်တူ၏။ ။

## အမည်ကို စိစစ်ပုံ

ထိုတွင် အမည်သည် မိမိဇာတ်နှင့်သာ ဆက်ဆံသောအမည်၊ အလုံးစုံနှင့် ဆက်ဆံသောအမည် ဟူ၍ နှစ်ပါးပြား၏။ ထိုတွင် "သံဃာဒိသေသ" ဟူသော အမည်သည် မိမိဇာတ်နှင့်သာ ဆက်ဆံ၏။ "အာပတ္တိ" ဟူသောအမည်သည် အလုံးစုံနှင့် ဆက်ဆံ၏။ ထို့ကြောင့် "သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော" ဟု ဤသို့ အလုံးစုံနှင့် ဆက်ဆံသောအမည်၏ အစွမ်းအားဖြင့်လည်း ယူဉ်အပ်၏။ မှန်၏။ ဤ ပရိဝါသ် စသော ဝိနည်းကံသည် ဝတ္ထု၏ အစွမ်းအားဖြင့်လည်းကောင်း၊ အနွယ်၏ အစွမ်းအားဖြင့်လည်းကောင်း၊ အမည်၏ အစွမ်းအားဖြင့်လည်း ကောင်း၊ အာပတ်၏ အစွမ်းအားဖြင့်လည်းကောင်း ပြုခြင်းငှာ အပ်သည်သာတည်း။ ထိုတွင် "သုက္ကဝိသဋ္ဌိ" ဟူသည် ဝတ္ထုလည်း ဖြစ်၏၊ အနွယ်လည်းဖြစ်၏။ "သံဃာဒိသေသ" ဟူသည် အမည် လည်း ဖြစ်၏၊ အာပတ် လည်းဖြစ်၏။ ထိုတွင် "သုက္ကဝိသဋ္ဌိ, ကာယသံသဂ္ဂ" ဤသို့အစရှိသော စကားဖြင့်လည်းကောင်း၊ "နာနာဝတ္ထုကာယော" ဤသို့သောစကားဖြင့်လည်းကောင်း၊ ဝတ္ထုကို လည်းကောင်း၊ အနွယ်ကိုလည်းကောင်း ယူအပ်သည်ဖြစ်၏။ "သံဃာဒိသေသာ" ဤသို့သော စကားဖြင့်လည်းကောင်း၊ "အာပတ္တိယော" ဤသို့သော စကားဖြင့်လည်းကောင်း၊ အမည်ကိုလည်းကောင်း၊ အာပတ်ကိုလည်းကောင်း ယူအပ်သည်ဖြစ်၏။ ထို့ကြောင့် ထိုနည်းတို့တွင် အမှတ်မရှိ တစုံတခုသော နည်းဖြင့်

အစွမ်းအားဖြင့်ကမ္မဝါစာကို ပြုအပ်၏။ ထိုနည်းတို့တွင် တနည်းနည်းဖြင့် ကမ္မဝါစာကို ဖတ်ခြင်းငှါ အပ်၏။

ဤဉ်ကား အလုံးစုံသော အာပတ်တို့နှင့် ဆက်ဆံသည်၏ အစွမ်းအားဖြင့် "သမ္ဗဟုလာ"နည်းအားဖြင့် အလုံးစုံ၌ ကမ္မဝါစာကို ယှဉ်၍ ပြပေအံ့၊ ချဲဦးအံ့၊ တခုသော အာပတ်သို့ ရောက်၍ "သမ္ဗဟုလာ"ဟု ဝိနည်းကံကို ပြုသောသူ၏ အာပတ်သည် ထ၏၊ တခုကိုကြည့်၍ အများတို့၏ မရှိသည်၏ အဖြစ်ကြောင့်တည်း။ များသောအာပတ်တို့သို့ ရောက်၍ "ဧကံ အာပတ္တိံ"ဟူ၍ ဝိနည်းကံကို ပြုသောသူ၏အာပတ်သည် မထ။ ထို့ကြောင့် "သမ္ဗဟုလာ" နည်းအားဖြင့် ယှဉ်၍ ပြပေအံ့။ ပရိဝါသ်ကို ပေးသောသူသည် အကယ်၍ တရက် ဖုံးလွှမ်းအပ်သော အာပတ်ဖြစ်အံ့။

**ကောဟ ပဋိစ္ဆန္န ပရိဝါသ ယာစန**

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစာမိ၊

ဤသို့ သုံးကြိမ်တောင်းစေအပ်၏၊ တောင်းစေပြီးလျှင်—

**၎င်း ကမ္မဝါစာ**

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပဋိစ္ဆန္နာနံ ပရိဝါသံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊

**သံဃော** ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ဧကာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပရိဝါသံ ယာစတိ၊ သံဃော ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ ဒေတိ၊ ယဿာ ယသ္မတော ခမတိ ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ (လ) ဘာသေယျ။ ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ (လ) ဘာသေယျ။

ဒိန္နော သံဃေန ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝ မေတံ ဓာရယာမိ။ ။

ဤသို့လျှင် အကြင်အကြင်သူသည် အာပတ်သင့်၏။ ထိုသို သောသူ၏အမည်ကို "တိဿ"ဟု မှည့်၍ "အယံဣတ္ထန္နာမော" နေရာ၌ "အယံ တိဿော"ဟူ၍လည်း ကမ္မဝါစာကို ပြုအပ်၏။ ကမ္မဝါစာ၏ အဆုံး၌လည်း ထိုရဟန်းသည် သိမ်တန်ဆောင်း၌သာလျှင် "**ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ**"ဟူ၍ ဝတ်ကို ဆောက်တည်အပ်၏။ ဝတ်ကို ဆောက်တည်၍ ထို၌

သာလျှင် သံဃာအား ကြားအပ်၏၊ ကြားအပ်သောပုဂ္ဂိုလ် သည်လည်း—

## ဝတ် ဆောက်တည်ပုံ ကြားပုံ

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နာယော။ သော ဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ အဒါသိ၊ သော ဟံ ပရိဝသာမိ ဝေဒယာမဟံ ဘန္တေ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

ဤသို့ တကြိမ်သာ ကြားအပ်၏။ သုံးကြိမ် ကြားရမည်ဟု ပါဠိ အဋ္ဌကထာ ဋီကာတို့၌ မဆို။ ဤအနက်ကို ယူ၍ အမှာ်မရှိ သော ဘာသာဖြင့် ကြားခြင်းငှါ အပ်သည်သာတည်း။ ကြား ပြီး၍ အကယ်၍ ချလိုသည်ဖြစ်အံ့၊ "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု ဆို၍ ချအပ်၏။ ဤ၌ တပုဒ်တည်းဖြင့်လည်း "ပရိဝါသ်" သည် ချအပ်သည် ဖြစ်၏။ နှစ်ပုဒ်တို့ဖြင့်ကား ကောင်းစွာ ချအပ်သည်ဖြစ်၏။ ဆောက်တည်ရာ၌လည်း ဤနည်း သာတည်း။ ချသောအခါမှ စ၍ ပကတတ်အရာ၌ တည်၏။ သိမ် တန်ဆောင်းမှ ရဟန်းတို့သည် ထွက်ကုန်သည်ရှိသော် တပါး သောသူ၏ အထံ၌လည်း ချခြင်းငှါ အပ်၏။ သိမ် တန်ဆောင်း၌ သတိမရ၍ ထွက်ပြီးမှ သတိရသောပုဂ္ဂိုလ်သည် တကွသွားသော ရဟန်း၏ အထံ၌လည်း ချအပ်၏။ အကယ်၍ ထိုသူသည်လည်း

ဖဲသွားအံ့။ တပါးသော အကြင်သူအား သိမ်တန်ဆောင်း၌ မကြားအပ်သေး၊ ထိုသူအား ကြား၍ ချအပ်၏။ [အထူး] ကြားသောသူသည် တပါးတည်းသော ပုဂ္ဂိုလ်အား ကြားသည်ရှိသော် အဆုံး၌ "ဝေဒယာမိ ဘန္တေ အာယသ္မာ ဓာရေတု" ဟူ၍၊ နှစ်ပါးကုန်သော သူတို့အား "အာယသ္မန္တာ ဓာရေန္တု" ဟူ၍၊ သုံးပါးကုန်သောသူတို့အား "အာယသ္မန္တော ဓာရေန္တု" ဟူ၍၊ လေးပါးကုန်သောသူတို့အား "သံဃော ဓာရေတု" ဟူ၍ ကြားအပ်၏။ ။

## ဝတ် စောင့်ပုံ

အကယ်၍ နည်းသော ရဟန်းရှိသော ကျောင်းသည်ဖြစ်အံ့၊ သဘောတူသော ရဟန်းတို့သည် နေကုန်အံ့၊ ဝတ်ကို မချမူ၍ ကျောင်း၌သာလျှင် ညဉ့် ရေတွက်ခြင်းကို ပြုအပ်၏။ အကယ်၍ သုခ်သင်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်အံ့၊ ဆိုအပ်ပြီးသော နည်းဖြင့် ဝတ်ကို ချ၍ မိုးသောက်ယာမ်အခါ၌ တပါးသော ရဟန်းနှင့် တကွ အာရာမ်ရှိသော ကျောင်း၏ အာရာမ်မှ၊ အာရာမ်မရှိသော ကျောင်း၏အာရာမ် ထိုက်သော နေရာမှ၊ ခဲနှစ်ကျ ခဲနှစ်ပစ် အရပ်တို့ကိုလွန်၍ လမ်းကြီးမှ ဖဲ၍ ချုံဖြင့်လည်းကောင်း၊ စောင်းရန်းဖြင့်လည်းကောင်း ဖုံးလွှမ်းသောအရပ်၌ နေအပ်၏။ အရုဏ်၏ အတွင်း၌သာလျှင် ဆိုအပ်ပြီးသော နည်းဖြင့် ဝတ်ကို ဆောက်တည်၍ ကြားအပ်၏။ ကြားအပ်သော ရဟန်းသည် အကယ်၍ မိမိအောက် ငယ်သူဖြစ်အံ့ "အာဝုသော" ဟူ ဆိုအပ်၏။ အကယ်၍ မိမိထက်ကြီးအံ့ "ဘန္တေ" ဟု ဆိုအပ်၏။ ။

အကယ်၍ တပါးသော တစုံတယောက်သော ရဟန်းသည် တစုံတခုသော ပြုဘွယ်ဖြင့် ထိုအရပ်သို့ လာအံ့၊ အကယ်၍ ဝတ်ဆောက်တည်သော ရဟန်းသည် ထိုရဟန်းကို မြင်မူလည်း မြင်အံ့၊ ထိုသူ၏ အသံကိုမူလည်း ကြားအံ့၊ ကြားအပ်၏။ မကြားသော် ရဟန်း၏ ညဥ့်ပြတ်ခြင်းသည်လည်းကောင်း ဝတ်ပျက်ခြင်းသည်လည်းကောင်း ဖြစ်၏။ အကယ်၍ တဆယ့်နှစ်တောင်ရှိသော ဥပစာသို့ သက်၍ မသိစဉ်ပင် သွားအံ့၊ ညဥ့်ပြတ်ခြင်း ဖြစ်သည်သာတည်း။ ဝတ်ပျက်ခြင်းသည်ကား မရှိ။ အရုဏ်တက်သည်ရှိသော် ဝတ်ကို ချအပ်၏။ အကယ်၍ ထိုရဟန်းသည် တစုံတခုသော ပြုဘွယ်ကိစ္စဖြင့် ဖဲသွားသည်ဖြစ်အံ့၊ တပါးသော အကြင်သူကို ရှေးဦးစွာမြင်၏။ ထိုသူအား ကြား၍ ချအပ်၏။ ကျောင်းသို့ သွား၍လည်း အကြင်သူကို ရှေးဦးစွာမြင်၏။ ထိုသူအား ကြား၍ ချအပ်၏။ ဤကား ချ၍ စောင့်အပ်သော "နိက္ခိတ္တဝတ်"၏ အစောင့် အရှောက်တည်း။ [ဤအဆုံးအဖြတ်ကား ဝိနယသင်္ဂဟ အဋ္ဌကထာလာတိုင်း အပို၊ အလို မရှိစေပဲ ဆုံးဖြတ်အပ်သော အဆုံးအဖြတ်တည်း။]

## အာရောစနခေတ်

ပါဠိတော် ဋီကာဝါဒ တို့နှင့် နှိုးနှော၍ အဋ္ဌကထာ၏ အဓိပ္ပာယ်ကို ပြဦးအံ့။ ပရိဝါသ် ကြားရာခေတ်ကား အာရာမ်ရှိလျှင် အာရာမ်၊ အာရာမ်မရှိလျှင် အာရာမ်ထိုက်သော အရပ်သည် "အာရောစနခေတ္တ" ပရိဝါသ် ကြားရာခေတ်တည်း။ ထို့ကြောင့် ဝိနယသင်္ဂဟ အဋ္ဌကထာတို့၌ "ပရိက္ခိတ္တ ဝိဟာရေ့သ ပရိက္ခေပ

တော အပရိက္ခိတ္တဝိဟာရဿ ပရိက္ခေပါရဟဋ္ဌာနတော" ဟူ၍ မိန့်အပ်၏။

အချို့က "ဒွေလေဍ္ဍုပါတေ အတိက္ကမိတွာ" ဟူ၍ အဋ္ဌကထာ၌ ဆိုခြင်း ကြောင့် ခဲနှစ်ကျအတွင်းမှာ ဝတ်မစောင့်အပ်၊ မိမိတို့၏ အာရာမ်၏ ခဲနှစ်ကျအတွင်းရှိ ကျောင်းတိုက်က သံသာများကိုလည်း ကြားရမည်ဟု ဆို၏၊ မသင့်။ ခဲ နှစ်ကျ ဆိုခြင်းမှာ အာရောစနခေတ်ဖြစ်၍ ဆိုသည်မဟုတ် သရဇ္ဈာယ် သံကို ကြားမှာ စိုး၍သာဆိုသည်။ ထို့ကြောင့် တေရသကဏ္ဍ၌ "ဒွေလေဍ္ဍုပါတေ အတိက္ကမိတ္ဘာတိ ဘိက္ခူနံ သဇ္ဈာယန သဒ္ဒ သဝနူပစာရ ဝိဇဟနတ္ထံ ဝုတ္တံ" ဟု မိန့်အပ်၏။ ။ဤ၌ "သဇ္ဈာယန သဒ္ဒ သဝနူပစာရ ဝိဇဟနတ္ထံ" ဟူသော ပါဌ်ဖြင့် အသံအရ ကရဒက် စသော ဥတုဇသဒ္ဒ မဟုတ်ကြောင်း၊ ရဟန်း၏ ရွတ်ဖတ်သံဟူသော စိတ္တဇသဒ္ဒဖြစ်ကြောင်း ထင်ရှား၏။ အာရာမ်၏ အပြင်ဘက်၌ အဆင်းကို မမြင်၊ အသံကိုမကြား ရမှု တဆယ့်နှစ်တောင် အရပ်သည် "အာရောစနခေတ်" မည်၏။

ထို့ကြောင့် အဋ္ဌကထာတို့၌ "အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာအဇာနန္တဿေဝ ဂစ္ဆတိ ရတ္တိစ္ဆေဒေါ ဟောတိယေဝ၊ ဝတ္တဘေဒေါ ပန နတ္ထိ" ဟူ၍ မိန့်အပ်၏။ ။

အဆင်းကို မြင်အံ့ မြင်ရာ အရပ်၊ အသံကို ကြားအံ့ ကြားရာ အရပ်သည် "အာရောစနခေတ်" မည်၏။ ထို့ကြောင့် အဋ္ဌကထာတို့၌ "သစေ သော တံ ပဿတိ သဒ္ဒံ ဝါ သုဏာတိ အာရောစေတဗ္ဗံ၊ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါစ ဝတ္တဘေဒေါစ" ဟူ၍ မိန့်အပ်၏။ ။

## ဥတုဇသဒ္ဒကို သံသယ မရှိသင့်

ဤ၌ အသံ ဟူသည် စိတ္တဇသဒ္ဒ ကိုသာ ယူအပ်၏။ ထို့ကြောင့် "သဒ္ဒံ ဝါသ သုဏာတိ"၌ "အသ" ဟူသော သမ္ဗန်ကို ပြု၏။အသ- ဟူသော သမ္ဗန်ဖြင့် ထိုရဟန်းပိုင်သော ထိုရဟန်းမှ ဖြစ်သော ပျို့အန်သော အသံ၊ ချောင်းဟန့်သော အသံ တို့ကိုသာ ယူအပ်၏။ ထို့ကြောင့် အဋ္ဌကထာတို့၌ "အယဉ္စ နေသံ ဆဒ္ဒသဒ္ဒံဝါ၊ ဥက္ကာသိတ သဒ္ဒံဝါ၊ ခိပိတသဒ္ဒံဝါ၊ သုတ္တာ အာဂန္တုကဘာဝံ ဇာနာတိ ဂန္တ္ဝာ အာရောစေတဗ္ဗံ" ဟူ၍ မိန့်အပ်၏။ "ဆဒ္ဒသဒ္ဒံဝါ၊ ပျို့အန်သော အသံကိုလည်းကောင်း။ ဥက္ကာသိတ သဒ္ဒံဝါ၊ ချောင်းဟန့်သော အသံကိုလည်းကောင်း။ ခိပိတသဒ္ဒံဝါ၊ ချေ ဆတ်သော အသံကိုလည်းကောင်း" ဟူ၍ အနက်ပေး။

ပုတ်အုပ်စာ၊ပေစာတို့၌ 'ဆတ္တ' ဟု ဒန္တဇပထမက္ခရာ 'တ္တ' ဒွေဘော်နှင့် ရှိကြ၏။ ရှေ့ဥမင်နိဿယ၌လည်း 'ထီးသံကိုလည်းကောင်း' ဟု အနက်ပေး၏။ သဒ္ဒါလွဲ၍ အနက်လွဲခြင်းမျှသာ ဖြစ်သည်။ အကယ်၍ ထီးသံကိုဆိုလိုက ထီးသံထက်နီးစပ်သော ဖိနပ်သံကိုလည်း ယူ၍လျက် "ဆတ္တသဒ္ဒံဝါ ဥပါဟနသဒ္ဒံဝါ" ဟူ၍ ဥပါဟနသဒ္ဒနှင့် တွဲ၍ဆိုသင့်ရာ၏။ ဆိုသင့်လျက် "ဥပါဟနသဒ္ဒံဝါ" ဟုမဆိုသည်ကို ထောက်က "ဆတ္တသဒ္ဒံဝါ" မဟုတ်သည်အဖြစ်ကို သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ "ဥက္ကာသိတ သဒ္ဒံဝါ၊ ခိပိတသဒ္ဒံဝါ" ဟူသော စိတ္တဇသဒ္ဒကို မြင်သဖြင့် "ဆဒ္ဒသဒ္ဒံဝါ" ဟူသော စကားကို စိတ္တဇသဒ္ဒဟူ၍ သန္နိဋ္ဌာန်ကျ

မှတ်အပ်၏။ မှန်၏။ ထိုအသံတို့သည် "အဿာသ၊ ပဿာသ" တို့ကဲ့သို့ စိတ္တဇတို့သာတည်း။

အချို့က ကြေးစည်သံ၊ ခေါင်းလောင်းသံ၊ ကရဒက်သံကိုပင် သံသယရှိ၍ ဝတ်စောင့်သည့်အခါ၌ ဟိုကျောင်း၊ သည်ကျောင်း တို့သို့ သွား၍ နံနက် ကြေးစည်၊ ခေါင်းလောင်း၊ ကရဒက် တို့ကို ရှင်သာမဏေများကို ထိုးစေပါမည့် အကြောင်းနှင့် လျှောက်ကြကုန်၏။ ထိုထို ကျောင်းတိုက်တို့က ထိုးပါစေမည် ဟု အကယ်၍ ဝန်ခံစကားမူ ဝန်ခံသည့်အတိုင်း ရှင်သာမဏေ တို့သာ ထိုးမည်၊ မထိုးမည်ကိုလည်း သံသယ ရှိသင့်၏။ ထို့ကြောင့် ဥတုဇသဒ္ဒကို သံသယ မရှိသင့်ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်သား အပ်၏၊ "သဇ္ဈာယနသဒ္ဒ သဝနူပစာရ ဝိဇဟနတ္တံ" ဟူသော ဋီကာ စကားကို ထောက်၍လည်း သံသယ မရှိသင့်ကြောင်း ကို ပြခဲ့ပြီ။

[တနည်းလည်း] ဤကြေးစည်သံ၊ ခေါင်းလောင်းသံ၊ ကရဒက်သံသည် ရဟန်းတီးခေါက်သော အသံဟူ၍ သေချာစွာ မသိနိုင်၊ မပိုင်းခြားနိုင်ခြင်းကြောင့် သံသယ မရှိသင့်။ ထို့ကြောင့် အဋ္ဌကထာတို့၌ "သမဏောအယန္တိ ဝဝတ္ထာနမေဝ ပမာဏံ" ဟူ၍ မိန့်အပ်၏။ "အယံ၊ ဤသူသည်။ သမဏော၊ ရဟန်းတည်း။ ဣတိ၊ ဤသို့၊ ဝဝတ္ထာနမေဝ၊ ပိုင်းခြား ဆုံးဖြတ်နိုင်ခြင်း သည်သာလျှင်။ ပမာဏံ၊ ပမာဏ တည်း"။

အချို့က အဝေးကြီး၌ရှိသော လူစု၊ လူအုပ်ကို မြင်ရာ၌ ဤလူအုပ်၌ ရဟန်းများပါလေသလော ဟူ၍လည်းကောင်း၊ ဤလူအုပ်သည် ရဟန်းများဖြစ်လေသလော ဟူ၍လည်းကောင်း

သံသယ ဖြစ်တတ်၏။ "သမဏော အယန္တိ ဝဝတ္တာန မေဝ ပမာဏံ" ဟူသည်နှင့်အညီ ရဟန်းဟူ၍သေချာစွာ မသိရသည့် အတွက် သံသယ မရှိသင့်ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ အကယ်၍ ရဟန်းဟု သေသေချာချာ သိအံ့၊ အဝိသယ ဖြစ်က ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သာ မသင့်သည်။ ညဉ့်ပျက်ခြင်းတား ဖြစ်၏။ ဝိသယ ဖြစ်က ဝတ်ပျက်ခြင်းလည်း ဖြစ်၏။ ။

## မာနတ်တက် အဗ္ဘာန်သွင်းသောအခါ မကြားရပုံ

အချို့က ပရိဝါသ် စောင့်ပြီး၍ "မာနတ္တာရဟ"ဖြစ်သော အခါ၊ မာနတ်ကျင့်ပြီး၍ "အဗ္ဘာနာရဟ" ဖြစ်သောအခါ တို့၌ပင် ပရိဝါသ်၊ မာနတ်ကို ကြားသင့်သေးသည်ဟု အယူ ရှိ၍ မာနတ်တက်သောအခါ၊ အဗ္ဘာန်သွင်းသော အခါတို့၌ ပရိဝါသ်၊ မာနတ်ကို ထပ်ကြားကြကုန်၏။ တံမြက်စည်းလှည်း သံ၊ စာအံသံကို မကြားရစေခြင်းငှါ နားကို ပိတ်ထားတတ် ကြကုန်၏။ သိမ်အပြင်ရှိ ရဟန်းတို့ကို မမြင်စေခြင်းငှါ သိမ် တံခါးတို့ကို ပိတ်ကုန်၏။ ထိုသူတို့သည် သံသယ မရှိသင့်သော အရာ၌ ရှိသောသူတို့ မည်ကုန်၏။

ထိုစကားမှန်၏။ ပရိဝါသ် ဆောင်ဆဲ၊ မာနတ်စောင့်ဆဲ (ကျင့်ဆဲ) ရဟန်းတို့သာလျှင် ကြားရမည့် အဖြစ်ကို မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်က-

"ပါရိဝါသိကေန ဘိက္ခဝေ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ၊ မာနတ္တစာရိကေန

ဘိက္ခဝေ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ" ဟူ၍ ဟောတော်မူအပ်၏။ ။

"မာနတ္တာရဟေန ဘိက္ခဝေ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ၊ အဗ္ဘာနာရဟေန ဘိက္ခဝေ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ"ဟူ၍ ဟောတော် မမူ။

ဝိနယ သင်္ဂဟအဋ္ဌကထာ၊ စူဠဝဂ္ဂအဋ္ဌကထာ တို့၌လည်း မာနတ် တက်သည့် အစီအရင်၊ အဗ္ဘာန်သွင်းသည့် အစီအရင် တို့ကိုပြရာ၌ ကြားရမည့်အရာကို မပြကြကုန်။

မှန်၏။ ပရိဝါသ်ကို စောင့်ပြီးကလည်း ပါရိဝါသိက အဖြင့် ကိုလွန်၍ "မာနတ္တာရဟ" အဖြစ်သို့ ရောက်ပေပြီ၊ မာနတ်ကို ကျင့်ပြီးကလည်း မာနတ္တစာရိက အဖြစ်ကို လွန်၍ "အဗ္ဘာနာရဟ" အဖြစ်သို့ ရောက်ပေပြီ။

ထို့ကြောင့် စူဠဝဂ္ဂအဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာတို့၌ "သော ဟိ ပဋိစ္ဆန္နဒိဝသာတိက္ကမေနေဝ မာနတ္တာရဟော ဟောတိ။ သော ဟိ ဆာရတ္တာတိက္ကမေနေဝ အဗ္ဘာနာရဟော ဟောတိ"ဟူ၍ မိန့်အပ်ပြီ။ ။

ထို့ကြောင့် ပရိဝါသ်စောင့်၍ရက်စေ့ပြီးက မာနတ်ထိုက်သော "မာနတ္တာရဟ" ပုဂ္ဂိုလ်၊ မာနတ်ကျင့်ပြီးက အဗ္ဘာန်ထိုက်သော "အဗ္ဘာနာရဟ" ပုဂ္ဂိုလ်တို့ မည်ကုန်၏။ ပါရိဝါသိက၊ မာနတ္တစာရိကတို့ မဟုတ်ကြတော့ပြီ။ ။

စူဠဝဂ္ဂအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာတို့၌ "တေနာပိ ဝတ္တံ သမာဒိယိတွာ အာရောစေတွာ အဗ္ဘာနံ ယာစိတဗ္ဗံ"

ဟူ၍ကား ပါရှိ၏။ သို့သော်လည်း "အဗ္ဘာနာရဟော န စ" စသည်ဖြင့် ပြအပ်သော စူဠဝါပါဠိ၊ ဝိနယသင်္ဂဟ အဋ္ဌကထာ အဗ္ဘာနဝိဓိတို့၌ အာစိက္ခဝိဓိ မပါ။ ရှင်းပြင် ကြားရန်ဝတ်၌လည်း "မာနတ္တာရဟော န ဘိက္ခဝေ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အဗ္ဘာနာရဟော န ဘိက္ခဝေ အာဂန္တုကေန အာရောစေတဗ္ဗံ" စသည်ဖြင့် မာနတ္တာရဟ၊ အဗ္ဘာနာရဟပုဂ္ဂိုလ်တို့ ကြားရမည်ကို မပြဆို၊ မဟောကြားအပ်သောကြောင့် ထို "အာရောစေတဗ္ဗ" ဟူသော ပါဠိသည် ပါဠိဟောင်းမဟုတ်။ စာခရေးမှားသော "ပမာဒလေခ" ဟူ၍သာ မှတ်အပ်၏။

ထို့ကြောင့်မာနတ်တက်သောအခါ ပရိဝါသ်ကြားရန် မလို။ အဗ္ဘာန်သွင်းသောအခါ မာနတ်ကြားရန် မလို၊ မကြားခြင်းကြောင့် မည်သို့မျှ အပြစ်မရှိ၊ ထိုသို့မကြားရသည်သာ ဖြစ်၍ မာနတ်တက်၊ အဗ္ဘာန်သွင်းသောအခါတို့၌ ထပါးသော ရဟန်းကို မမြင်ရ၊ အသံကို မကြားရအောင် သိမ်တံခါးကို ပိတ်ရန်၊ နားကို ပိတ်ရန်၊ ဝေးသော သိမ်ရှိရာသို့ သွားရန်မလို။ တံမြက်စည်း မလှည်းပါနှင့်၊ စားမအံပါနှင့်၊ အသံမပြုကြပါနှင့် စသည်ဖြင့်လည်း တားမြစ်နေရန် မလိုဟု သန္နိဋ္ဌာန်ကျ မှတ်အပ်၏။

## သုံးခေါက်ကြားရန်မလို

ပရိဝါသ် မာနတ်ကြားသည့် အရာတို့၌ သုံးခေါက် သုံးခေါက် ကြားကြကုန်၏။ သုံးခေါက် ကြားရမည်ဟူ၍ စူဠဝါပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာတို့၌ မရှိ။ ပရိဝါသ်၊ မာနတ်ကြားရာ အစီအရင်ကို ပြရာ၌ တကြိမ်

ကြားခြင်းကိုသာ ပြဆိုအပ်သည်ဖြစ်၍ သုံးကြိမ်သုံးခေါက် ကြားနေရန် မလိုဟု မှတ်အပ်၏။

## ဝတ်စောင့်ရာ မာနတ်ကျင့်ရာ၌ ညဥ့်ပြတ်ပုံ

ဤဝတ်အဆောက်တည်သည့် အရာ၌ ညဥ့် ပြတ်ခြင်းအကြောင်း တို့သည်ကား "တယော ခေါ ဥပါလိ ပါရိဝါသိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါ၊ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ" ဟူ၍ စူဠဝါ ပါဠိတော်၌ ဟောတော်မူရကား၊ ပကတတ်ရဟန်း၊ ဒဏ်သားရဟန်းတို့နှင့် တခုသော အမိုး အတွင်း၌ ပြိုင်တူအိပ် ခြင်း၊ ပကတတ်ရဟန်းနှင့် အာရောစန ခေတ်အတွင်း၌ အဘူတက္က အရှက်မတက်မူ၍ ကွေကွင် ၍ အရှက်တက် စေခြင်း၊ အာရောစနခေတ်အတွင်းသို့ ရောက်သော ပကတတ်ရဟန်း၊ ဒဏ်သားရဟန်းတို့ကို မကြားခြင်းဟူ၍ သုံးပါး အပြား ရှိကုန်၏။

မာနတ်ကျင့်ရာ၌ ညဥ့်ပြတ်ခြင်း အကြောင်းတို့သည် "စတ္တာရော ခေါ ဥပါလိ မာနတ္တစာရိကဿ ရတ္တိစ္ဆေဒါ၊ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ ဦနေဂဏေစရတိ" ဟူ၍ ဟောတော်မူရကား၊ ယခင်သုံးပါးသော အင်္ဂါတို့တွင် လေးပါးအောက် ယုတ်သော ရဟန်းအပေါင်း၌ မာနတ် ကျင့်ခြင်းဟူသော အင်္ဂါတပါးကို ထည့်၍ လေးပါးအပြား ရှိကုန်၏။

သဟဝါသ။ ။ထိုတွင် "သဟဝါသော" ဟူသော်ကား တခုသော အမိုး အတွင်း ၌ ပကတတ်ရဟန်းနှင့် ဖြစ်စေ၊ ဒဏ်သား

ရဟန်းနှင့်ဖြစ်စေ၊ အတူတကွ အိပ်ခြင်းသည် "သဟာဝါသ" မည်၏။

ထိုစကားကို ခွဲဦးအံ့။ ကုရုန္ဒိအဋ္ဌကထာ၌ကား ငါးပါး အပြားရှိသော အမိုးဖြင့် မိုးအပ်သော အရပ်တို့၌ ပရိဝါသ် စောင့်သော ရဟန်း၏ လည်းကောင်း၊ ဥက္ခိတ္တကရဟန်း၏လည်း ကောင်း၊ ပကတတ်ရဟန်းနှင့် အတူတကွ အိပ်ခြင်းကို တံစက် မြိတ်ရေ ကျရာအရပ်ဖြင့် တားမြစ်အပ်၏ ဟူ၍ ဆိုအပ်၏။ ထို့ကြောင့် ကွဲသော ဥပစာ ရှိသော်သည်း တူသော အမိုး ရှိသော အရပ်၌ အတူတကွ အိပ်ခြင်းငှာ မအပ်။

ဤ၌ အကယ်၍ကား ထိုနေ့ ရဟန်းခံသော ပကတတ်ရဟန်း သည် ရှေးဦးစွာ ဝင်၍ အိပ်သော် ဝါခြောက်ဆယ် ရသည် လည်း ဖြစ်သော ပရိဝါသ် စောင့်သော ရဟန်းသည် နောက်မှ သိ၍ (သိလျက်)အိပ်အံ့၊ ညဥ့် ပြတ်ခြင်းသည်လည်း ကောင်း၊ ဝတ် ပျက်ခြင်းကြောင့် ဖြစ်သော ဒုက္ကဋ် အာပတ် သည်လည်းကောင်း ဖြစ်၏၊ မသိသည် ရှိသော် ညဥ့် ပြတ်ခြင်း သည်သာလျှင် ဖြစ်၏။ ဝတ် ပျက်ခြင်းကြောင့် ဖြစ်သော ဒုက္ကဋ် အာပတ်သည် မဖြစ်၊ အကယ်၍ကား ထို ပရိဝါသ် စောင့်သောရဟန်းသည် အိပ်လတ်သော် နောက်မှ ပကတတ် ရဟန်းသည် ဝင်၍ အိပ်အံ့၊ ပရိဝါသ် စောင့်သော ရဟန်း သည်လည်း အကယ်၍ သိအံ့၊ ညဥ့်ပြတ်ခြင်းသည်လည်းကောင်း၊ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သည်လည်းကောင်း ဖြစ် ၏၊ အကယ်၍ မသိသည် ဖြစ်အံ့၊ ညဥ့် ပြတ်ခြင်းသည်သာ လျှင် ဖြစ်၏။ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သည် မဖြစ်။

ပရိဝါသ်စောင့်သော ရဟန်းသည် ပရိဝါသ်စောင့်သော သီတင်းကြီး ရဟန်းနှင့်၊ အရင်းသို့ ငင်ခြင်းငှာထိုက်သော ရဟန်းနှင့်၊ မာနတ်ထိုက်သော ရဟန်းနှင့်၊ မာနတ် ကျင့်သော ရဟန်းနှင့်၊ အဗ္ဘာန် ထိုက်သော ရဟန်းနှင့်တူသော အမိုး ရှိသော ကျောင်း၌လည်းကောင်း၊ ကျောင်းမှ တပါးသောဇရပ်၊ တန်ဆောင်းစသည်၌လည်းကောင်း အတူတကွ မအိပ်အပ်။

ဤ၌ကား အကယ်၍ သီတင်းကြီးသော ပရိဝါသ် စောင့်သော ရဟန်းသည် ရှေးဦးစွာ အိပ်သက်သော် သီတင်းငယ် ဖြစ်သော ပရိဝါသ် စောင့်သော ရဟန်းသည် သိလျက် နောက်မှအိပ်၏၊ ထိုသူအား ညဉ့်ပြတ်ခြင်းသည်လည်းကောင်း၊ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သည်လည်းကောင်း ဖြစ်၏။ သီတင်းကြီးအားကား ညဉ့်ပြတ်ခြင်းသည်သာလျှင် ဖြစ်၏။ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သည် မဖြစ်။ အကယ်၍ မသိပဲ အိပ်အံ့၊ နှစ်ပါးတို့၏ ဝတ် ပျက်ခြင်းသည် မဖြစ်။ ညဉ့်ပြတ်ခြင်းကား ဖြစ်၏။

အကယ်၍ ပရိဝါသ် စောင့်သော သီတင်းငယ်သည် ရှေးဦးစွာ အိပ်လတ်သော် သီတင်းကြီးသည် နောက်မှ အိပ်အံ့၊ ထိုသီတင်းငယ်၏ ညဉ့်ပြတ်ခြင်း သည်လည်း ဖြစ်၏။ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်သည်လည်း ဖြစ်၏။ သီတင်းကြီး၏ ညဉ့်ပြတ်ခြင်းသာ ဖြစ်၏။ ဝတ်ပျက်ခြင်းကား မဖြစ် အကယ်၍ မသိသည်ဖြစ်အံ့၊ နှစ်ပါးတို့၏ ဝတ်ပျက်ခြင်းသည် မဖြစ်၊ ညဉ့်ပြတ်ခြင်းကား ဖြစ်၏။

အကယ်၍ မရှေးမနှောင်း တပြိုင်နက် အိပ်ကြကုန်အံ့၊ သီတင်းကြီး၏ ညဥ့်ပြတ်ခြင်းသာ ဖြစ်၏၊ ဝတ်ပျက်ခြင်းမဖြစ်။ ဤမှဘပါးသော သီတင်းငယ်၏ကား ဝတ်ပျက်ခြင်းလည်း ဖြစ်၏။ ညဥ့်ပြတ်ခြင်းသည်း ဖြစ်၏ဟု ကုရုန္ဒီ အဋ္ဌကထာ၌ ဆိုအပ်၏။

ပရိဝါသ် စောင့်ကုန်သော ရဟန်းတို့သည် အကယ်၍ ဝါတူကုန်အံ့ တပါးသောသူက ရှေးဦးစွာအိပ်၏။ တပါးသောသူက သိလျက် နောက်မှ အိပ်အံ့၊ ထိုနောက်မှ အိပ်သောရဟန်း၏ ညဥ့်ပြတ်ခြင်းသည်လည်း ဖြစ်၏။ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်လည်း ဖြစ်၏။ ရှေးဦးစွာ အိပ်သော ရဟန်း၏ကား ညဥ့်ပြတ်ခြင်းသာ ဖြစ်၏။ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ် မဖြစ်။

အကယ်၍ နောက်အိပ်သော ရဟန်းသည်လည်း မသိအံ့၊ နှစ်ပါးတို့၏ ဝတ်ပျက်ခြင်းသည် မဖြစ်။ ညဥ့်ပြတ်ခြင်းသာ ဖြစ်၏၊ အကယ်၍ နှစ်ပါးတို့သည် မရှေးမနှောင်း အိပ်ကုန်အံ့၊ နှစ်ပါးတို့၏လည်း ညဥ့်ပြတ်ခြင်းသည်သာ ဖြစ်၏။ ဝတ်ပျက်ခြင်းသည် မဖြစ်။

အကယ်၍ နှစ်ပါးကုန်သော ပရိဝါသ်စောင့်သောသူတို့သည် အတူတကွ နေကြကုန်အံ့၊ အချင်းချင်း လွန်ကြူးခြင်းကို သိ၍ မရှိသေကြကုန်သည်၊ နှလုံးမသာကြကုန်သည်ဖြစ်၍ ထိုအာပတ်သို့ ရောက်သော်လည်း ရောက်ကုန်ရာ၏။ ထိုအောက် ယုတ်ညံ့သော အာပတ်သို့ သော်လည်း ရောက်ကုန်ရာ၏။ လူသော်လည်း ထွက်ကုန်ရာ၏။ ထို့ကြောင့် ထိုသူတို့၏ အတူတကွ အိပ်ခြင်းကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပယ်အပ်၏။

ဤ၌ အရင်းသို့ ငင်ခြင်းငှါ ထိုက်သောသူ စသည်တို့သည် ပရိဝါသ် စောင့်သောသူတို့၏ ပကတတ်အရာ၌ တည်ကြကုန်၏။ ထို့ကြောင့် ပရိဝါသ်စောင့်သောသူသည် အရင်းသို့ ငင်ခြင်းငှါ ထိုက်သောသူနှင့်၊ မာနတ်ထိုက်သောသူနှင့်၊ မာနတ်ကျင့်သော သူနှင့်၊ အဗ္ဘာန်ထိုက်သောသူနှင့်တူသော နေရာ၌ မနေအပ်။ နိမ့်သောနေရာ၌ နေသော် မြင့်သောနေရာ၌ မနေအပ်။ မြေ၌ နေသော် နေရာ၌ မနေအပ်။ တူသောစင်္ကြံ၌ စင်္ကြံမသွားအပ်။ မြေကြီး၌ စင်္ကြံသွားသော် စင်္ကြံ၌ စင်္ကြံ မသွားအပ်။

(ဤစကား ဝိနယသင်္ဂဟ အဋ္ဌကထာအတိုင်း အပိုအလို မရှိ ရေးသားအပ်သော အဓိပ္ပာယ်တည်း။)

[ထို့ကြောင့် ပရိဝါသ် စောင့်သောရဟန်းသည် ကျောင်း၊ ဇရပ်၊ တဲ၊ တင်းကုပ် စသော တူသော အမိုးရှိသောအရပ်၌ ပကတတ်ရဟန်းနှင့်ဖြစ်စေ၊ မိမိတို့ ဒဏ်သားချင်းဖြစ်စေ၊ အတူ မအိပ်မိအောင် အထူးသတိပြုအပ်၏။ အိပ်မိလျှင် ညဥ့်ကား ပြတ်ပြီးဖြစ်၏။ ဝတ်ပျက်မပျက်ကိုမူကား ရှေးက အကျယ် ပြအပ်သော စကားအတိုင်း ဆုံးဖြတ်ကြရာ၏။ သစ်ပင်အောက်၌ လည်းကောင်း၊ လွင်တီးခေါင်၌လည်းကောင်း အိပ်အပ်၏။]

ဝိပ္ပဝါသ။ ။''ဝိပ္ပဝါသော''ဟူသော်ကား ယခုပြဆိုအပ် ခဲ့ပြီးသော အာရောစနာ ခေတ်အတွင်း၌ ပကတတ်ရဟန်း တပါးမျှမရှိမူ၍ မိမိတပါးတည်း ပကတတ်ရဟန်းနှင့် ကင်း၍ အရဏ်တက်စေခြင်းသည် ''ဝိပ္ပဝါသ''မည်၏။

ချဲဦးအံ့။ ပရိဝါသ်စောင့်သောရဟန်းသည် ရဟန်းရှိသော ကျောင်းမှလည်းကောင်း၊ ကျောင်းမဟုတ်သော ဇရပ်၊ တန်

ဆောင်း စသည်မှသည်းကောင်း၊ ရဟန်းမရှိသည်လည်း ဖြစ်သော ဥက္ခိတ္တက ရဟန်းတို့ဖြင့် ရဟန်းရှိသည်လည်းဖြစ်သော ကျောင်းသို့လည်းကောင်း၊ ကျောင်းမဟုတ်သော ဇရပ်၊ တန်ဆောင်း စသည်တို့သို့လည်းကောင်း၊ အန္တရာယ်ကို ကြဉ်၍ မသွားအပ်။ မှန်၏။ အကြင်အရပ်၌ ပကတတ် ရဟန်းတပါးမျှ မရှိ၊ ထိုအရပ်သို့ မသွားအပ်။ မှန်၏။ ထိုအရပ်၌နေ၍ စောင့်အပ်သောညဥ့်တို့သည် ရေတွက်ခြင်းသို့ ရောက်ကုန်သည်မဖြစ်ကုန်။ ဆယ်ပါးအပြားရှိသော အန္တရာယ်ရှိသော်ကား အကယ်၍ ညဥ့်တို့သည် ရေတွက်ခြင်းသို့ ရောက်ကုန်သည် မဟုတ်ကုန်၊ ထိုသို့ပင် မရောက်ကုန်သော်လည်း အန္တရာယ်မှလွတ်ခြင်းအကျိုးငှာ သွားအပ်၏။ ထို့ကြောင့် "အညတြ အန္တရာယာ"ဟူ၍ ဟောတော်မူအပ်၏။

(ဤကား ဝိနယသင်္ဂဟအဋ္ဌကထာ စကားရပ်တည်း။)

[ထို့ကြောင့် ပရိဝါသ် စောင့်သောရဟန်းသည်ပကတတ် ရဟန်းနှင့် အာရာမ်ရှိလျှင် အာရာမ်အတွင်း၊ အာရာမ်မရှိသော သစ်ပင်အောက် လွင်တီးခေါင်ဖြစ်အံ့၊ တပါးကိုတပါး မြင်လောက်သော နေရာ၊ အကယ်၍ ချုံ စသည်၊ ကန့်လန့်ကာ စသည်ကွယ်သည်ဖြစ်အံ့၊တဆယ့်နှစ်တောင်အတွင်း၌ နေအပ်၏။ ထိုသို့ မနေပဲ အကယ်၍ အရုဏ် တက်စေသည် ဖြစ်အံ့၊ "ဝိပ္ပဝါသ"ဖြစ်၍ ညဥ့်သည်း ပြုတ်၏။ ဝတ်ပျက်ခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ်လည်း သင့်၏။]

**အနာရောစနာ**။ ။"အနာရောစနာ" ဟူသော်ကား မိမိမှ တပါးသော ပကတတ်ရဟန်း၊ ဒဏ်သားရဟန်းတို့ကို မကြားပဲ နေခြင်းသည် "အနာရောစနာ" မည်၏။

နာနာသံဝါသကရဟန်းတို့အားကား မကြားအပ်။ ထိုရဟန်းတို့အား မကြားသော်လည်း ညှဉ့်ပျက်ခြင်း မရှိ။ ထို့ကြောင့် ဝိနယသင်္ဂဟ အဋ္ဌကထာ၌ ဤသို့ မိန့်အပ်၏;

"နာနာသံဝါသကေဟိ ဝိနယကမ္မံ ကာတုံ န ဝဋ္ဋတိ၊ တေသံ အနာရောစနေပိ ရတ္တိစ္ဆေဒေါ နတ္ထိ"။

အချို့က ဒဏ်သားအချင်းချင်း မကြားသော်လည်း အပြစ်မရှိဟု အယူရှိ၏၊ ထိုသို့မဟုတ် ဒဏ်သားရဟန်း အချင်းချင်းလည်း တွေ့မြင်လျှင် ကြားအပ်၏၊ မကြားက "အနာရောစန" ဖြစ်၏။ ထို့ကြောင့် ဘေဒသကဏ်ဋီကာ၌ ဤသို့ ဆိုအပ်၏။

"အာဂန္တုကေန အာဂန္တုကဿ အာရောစေတဗ္ဗန္တိ အဝိသေသေန ဝုတ္တတ္တာ သစေ ဒွေ ပရိဝါသိကာ ဂစ္ဆန္တေ အညမညံ ပဿန္တိ ဥဘောဟိပိ အညမညံ အာရောစေတဗ္ဗံ"။

အချို့က ဝတ်ကိုကြားပြီးသော်လည်း နောင်တဖန် အခြားသော အရပ်၌ တွေ့သောအခါ ထပ်ကြားရဦးမည်ဟု အယူရှိကြ၏၊ ထိုသို့ကား မဟုတ်၊ ကြားပြီး ရဟန်းကို အခြားအရပ်၌ တွေ့သော်လည်း ထပ်၍ကြားဘွယ်မရှိ၊ ထို့ကြောင့် ဘေဒသကဏ်ဋီကာ၌ ဤသို့ မိန့်အပ်၏။

"ယထာ ဗဟိ ဒိသွာ အာရောစိတဿ ဘိက္ခုနော ဝိဟာရံ အာဂတေ ပုန အာရောစနကိစ္စံ နတ္ထိ ဧဝံ အညံ ဝိဟာရံ

ဂတေနာပိ ပုဇ္ဇ အာဝါသောစိတယာ ပုန အာဝါသောစနံ ကိစ္စံ နတ္ထီတိ ဝဒန္တိ”

## ပါရိဝါသိက အာဂန္တုကတို့

ဤ၌ အနာဝါသောစနကို ထင်ရှားစေခြင်းငှာ အာဝါသောစနကို ချ၍ ပြဦးအံ့။

အကြင်ကြောင့် “ပါရိဝါသိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာဝါသောစေတဗ္ဗံ အာဂန္တုကဿ အာဝါသောစေတဗ္ဗံ၊ ဥပေါသထေ အာဝါသောစေတဗ္ဗံ၊ ပဝါရဏာယ အာဝါသောစေတဗ္ဗံ၊ သစေ ဂိလာနော ဟောတိ ဒူတေနာပိ အာဝါသောစေတဗ္ဗံ” ဟု ဟောတော်မူအပ်၏။

ထို့ကြောင့် တစုံတခုသော ကျောင်းသို့ ရောက်သွားသော အာဂန္တုကသည် ထိုကျောင်း၌ရှိသော ရဟန်းတို့အား ကြားအပ်၏။ အကယ်၍ အားလုံးတို့ကို တခုသော နေရာ၌ တည်သည်တို့ကို မြင်အံ့၊ တခုသောနေရာ၌ တည်ကုန်သော သူတို့ကို သာလျှင် ကြားအပ်၏။

အကယ်၍ သစ်ပင်ရင်း စသည်တို့၌ အသီး အသီး တည်သည် ဖြစ်ကုန်အံ့။ ထိုထိုသော အရပ်သို့ သွား၍ ကြားအပ်၏။ မကြားလိုသော စေတနာရှိ၍ မကြားသောရဟန်း၏ ညဉ့်ပြတ်ခြင်းသည်လည်း ဖြစ်၏၊ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်သည်လည်း ဖြစ်၏။ အကယ်၍ ရှာသော်လည်း အချို့ကိုသာ မြင်၏။ ညဉ့်ပြတ်ခြင်းသာ ဖြစ်၏။ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်သည် မဖြစ်။　॥

## ပါရိဝါသိက အာဂဝါသိကတို့

အာဂန္တုအားလည်း မိမိကျောင်းသို့ ရောက်လာသော တပါးသော်သူအားလည်းကောင်း၊ များစွာသော သူတို့အား လည်းကောင်း၊ ဆိုအပ်ပြီးသောနည်းဖြင့်သာ ကြားအပ်၏။ ဤ၌ ညဥ့်ပြတ်ခြင်း၊ ဝတ်ပျက်ခြင်းတို့ကိုလည်း ပါရိဝါသိက အာဂန္တု၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာ သိအပ်ကုန်၏။ အကယ်၍ အာဂန္တုကတို့သည် တမုဟုတ်မျှ အပန်းဖြေ၍ လည်းကောင်း၊ အပန်းမဖြေမူ၍လည်းကောင်း၊ ကျောင်းလယ် ဖြင့် သွားကုန်အံ့၊ ထိုသူတို့အားလည်း ကြားအပ်၏။ အကယ်၍ မသိစဉ် သွားကုန်အံ့၊ ဤ ဝတ်စောင့်သော သူသည်လည်း သွားပြီးသောအခါ သိအံ့၊ လိုက်၍ ကြားအပ်၏။ မှီခြင်းငှာ လည်းကောင်း၊ ကြားစေခြင်းငှာလည်းကောင်း၊ မစွမ်းနိုင် သော် ညဥ့်ပြတ်ခြင်းသာ ဖြစ်၏။ ဝတ် ပျက်ခြင်းကြောင့် ဒုက္ကဋ် မဖြစ်။

အကြင် သူတို့သည်လည်း ကျောင်းအတွင်းသို့ မဝင်မူ၍ ဥပစာသို့ သက်ဝင်၍ သွားကုန်အံ့၊ ဝတ်စောင့်သော ဤသူ သည်လည်း ထိုသူ၏ ပျံ့အန်သော အသံကိုလည်းကောင်း၊ ချောင်းဟန့်သော အသံကိုလည်းကောင်း၊ ချေဆတ်သောအသံ ကိုလည်းကောင်း ကြား၍ အာဂန္တုက အဖြစ်ကို သိအံ့၊ လိုက်၍ ကြားအပ်၏။ သွားပြီးသောအခါမှ သိသော သူသည်လည်း လိုက်၍ ကြားအပ်သည်သာတည်း။ မှီခြင်းငှာ မစွမ်းနိုင်သည် ရှိသော် ညဥ့်ပြတ်ခြင်းသာ ဖြစ်၏။ ဝတ် ပျက်ခြင်းကြောင့်

ဒုက္ကဋ်မဖြစ်။ အကြင်သူသည် ညဉ့်၌ လာ၍ ညဉ့်၌သွား၏။ မသိခြင်းကြောင့် ဒုက္ကဋ်အာပတ် မဖြစ်၊ ညဉ့်မူကား ပြတ်၏။

မြစ်စသည်တို့၌ လှေဖြင့်သွားသော ရဟန်းကိုလည်းကောင်း၊ တောင်ကုန်း တောစသော အဝေး၌တည်သော ရဟန်းကို လည်းကောင်း၊ မြင်၍ ရဟန်းဟူ၍ ပိုင်းခြားနိုင်သည် ဖြစ်အံ့၊ လှေ စသည်တို့ဖြင့် သွား၍လည်းကောင်း၊ ကျယ်သော အသံကို ပြု၍လည်းကောင်း၊ လျင်သော အဟုန်ဖြင့် လိုက်၍လည်း ကောင်း ကြားအပ်၏။ မကြားသည်ရှိသော် ညဉ့်ပြတ်ခြင်း လည်း ဖြစ်၏။ ဝတ် ပျက်ခြင်းကြောင့် ဒုက္ကဋ်လည်း ဖြစ်၏။ အကယ်၍ အားထုတ်သော်လည်း မှီခြင်းငှာလည်းကောင်း၊ ကြားစေခြင်းငှာလည်းကောင်း မစွမ်းနိုင်သည် ဖြစ်အံ့၊ ညဉ့်ပြတ် ခြင်းသာ ဖြစ်၏။ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ် မဖြစ်။

သံဃသေနာဘယ မထေရ်မူကား အရာဟုတ် မဟုတ် အားဖြင့် ဆို၏။ အကယ်၍ ကြားနိုင်ကောင်းသော အရာ၌ မကြားသည်ရှိသော် ညဉ့်ပြတ်ခြင်းသည်လည်းကောင်း၊ ဝတ် ပျက်ခြင်းကြောင့် ဒုက္ကဋ်သည်လည်းကောင်း ဖြစ်၏၊ ကြားနိုင် သောအရာ မဟုတ်ရာ၌ကား နှစ်ပါးစလုံးပင် မဖြစ်ဟု ဆို၏။

ကရဝိကတိဿ မထေရ်ကား ဤသူကား ရဟန်းဟု ပိုင်း ခြားနိုင်ခြင်းသာ ပမာဏတည်း။ အကယ်၍ မကြားနိုင်သော အရာဖြစ်အံ့၊ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်သာလျှင် မဖြစ်။ ညဉ့်ပြတ်ခြင်းကား ဖြစ်သည်သာတည်းဟု ဆို၏။

ဥပုသ်နေ့၌ ဥပုသ်ပြုရာ အရပ်သို့ ရောက်ကုန်အံ့ဟု အာဂန္တု က ရဟန်းတို့သည် လာကြကုန်၏။ တန်ခိုးဖြင့် သွားကြကုန်

သော သူတို့သည်လည်း ဥပုသ်ပြုသည်၏ အဖြစ်ကို သိကုန်၍ သက်၍ ဥပုသ်ကို ပြုကြကုန်၏။ ထို့ကြောင့် အာဂန္တုကကို သိမ်သင်ခြင်းအကျိုးငှာ ဥပုသ်နေ့၌လည်း ကြွားအပ်၏။ ပဝါရဏာနေ့၌လည်း ဤနည်းပင်တည်း။ ။သွားခြင်းငှာ မစွမ်းနိုင်သော နာသော ရဟန်းသည် ရဟန်းကိုစေ၍ ကြွားအပ်၏၊ လူ သာမဏေကို စေ၍ ကြွားခြင်းငှာ မအပ်။ ။

(ဤကား ဝိနယသင်္ဂဟအဋ္ဌကထာလာတိုင်း ဆိုအပ်သော စကားတည်း။)

## ရက်လို ရက်ပို၍ ဝတ် ပျက် မပျက်ပုံ

အကာယ်၍ ညဉ့်ပြတ်သည်ကို မသိပဲ အဗ္ဘာန်သွင်းအံ့၊ မသွင်းအပ်သည်သာဖြစ်၏ဟု ကုရုန္ဒီ၌ဆို၏။ ထို့ကြောင့် အပိုဖြစ်သော ညဉ့်တို့ကိုယူ၍ ပြုအပ်၏။ ဤဝတ်အကျင့်သည် မချွတ်မယွင်း ပြုအပ်သော အကျင့်တည်း။

ဤ၌ အချို့က ရက်လိုလျှင်သာ ပျက်သည်မဟုတ် ရက်ပိုကလည်း ပျက်သည်ဟု ယူကြ၏၊ ထိုသူတို့၏ စကားကို "တသ္မာ အဓိကာရတ္တိယော ဂဟေတွာ ကာတဗ္ဗံ၊ အယံအပဏ္ဏကပဋိပဒါ" ဟူသော စူဠဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာဖြင့် ပယ်အပ်၏။ [ထို့ကြောင့် ရက်လိုလျှင်သာ ပျက်သည်၊ ရက်ပိုက မပျက်ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။]

ဤ ဆိုအပ်ပြီးသော စကားရပ်တို့သည် ပရိဝါသ် စောင့်သော ရဟန်း၏ ညဉ့်ပြတ်ခြင်း အကြောင်းတို့တည်း။ မာနတ် ကျင့်သော ပုဂ္ဂိုလ်၏ ညဉ့်ပြတ်ခြင်း လေးပါးတို့တွင် ရှေးသုံး

ပါးမှာ ပရိဝါသ် စောင့်သော ရဟန်း၏ ညဉ့်ပြတ်ခြင်းနှင့် အလုံးစုံတူပြီ။ ။

ဦနေဂဏေစရတိ။ ။“ဦနေဂဏေစရတိ”၌ လေးပါး လေးပါး၏ အထက်သည် “ဂဏ” မည်၏။ ထို့ကြောင့် လေးပါး မပြည့်သော ရဟန်းတို့နှင့် မာနတ်ကျင့်ခြင်းသည် “ဦနေ ဂဏေ စရတိ” ယုတ်သော ဂိုဏ်း၌ မာနတ်ကျင့်သည် မည်၏။ ဤ “ဦနေဂဏေစရတိ” ဟူသော အင်္ဂါတပါးကို ယခင် ပရိဝါသ် စောင့်သောသူ၏ ညဉ့်ပြတ်ကြောင်း သုံးပါးနှင့် ပေါင်း၍ မာနတ်ကျင့်သောသူ၏ ညဉ့်ပြတ်ကြောင်း လေးပါးတို့ကို သိအပ်ကုန်၏။

ဝတ်ကြားသည့် နေရာ၌ ဝတ်စောင့်သော ရဟန်းသည် တခါကြားပြီးရဟန်းကို နောက်နောက်သောနေ့တို့၌ နောက်ထပ်၍ မကြားရတော့ပြီ။ မာနတ်စောင့်သော ရဟန်းမှုကား နေ့စဉ် ကြားအပ်၏။ ထို့ကြောင့် စူဠဝါပါဠိတော်၌ “ဒေဝသိကံ အာရောစေတဗ္ဗံ” ဟူ၍ ဟောတော်မူအပ်၏။

## ကြားပြီးရဟန်းကို ထပ်ကြားရန် မလို

အချို့က ပရိဝါသ်စောင့်ရာ၊ မာနတ်ကျင့်ရာ၌ ဝတ်ကို ချလိုက်လျှင် အသစ် ဖြစ်သွား၍ ဝတ်ကို ပြန်ဆောက်တည်သောအခါ ကြားပြီးသော ရဟန်းကိုလည်း ထပ်၍ ကြားရဦးမည်။ မကြားရသေးသော ရဟန်းကိုလည်း နောင် တွေ့မြင်မှ အသံကိုကြားမှ ကြားရမည်။ မတွေ့မမြင် အသံကို မကြားရမူကား မကြားရတော့ပြီဟု အယူရှိ၏၊ ထိုတွင် ဝတ်ကို ချလိုက်သည့်အတွက် အသစ်ဖြစ်သွားသည်။ နောက်တဖန် ဆောက်

တည်သောအခါ ကြားပြီး ရဟန်းကို ထပ်ကြားရမည် ဟူ၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ အရိပ်အမြွက်ကိုမျှ မမြင် ဖြစ်သည်။

မှန်၏။ ကြားပြီးသော ရဟန်းကို နောက်ထပ်၍ မကြား ရပုံသည်ကား "ပုဗ္ဗေ အာရောစိတဿ ပုန အာရောစနကိစ္စံ နတ္ထိ" ဟူသော တေရသကဏ္ဍဋီကာဖြင့် ထင်ရှား၏။

မကြားရသေးသော ရဟန်းကို တွေ့မြင်လျှက် မကြားပဲ ဝတ်ကို ချ၍၊ နောက်၌လည်း ဝတ်ကိုဆောက်တည်၍ မကြား သည် ဖြစ်အံ့၊ အနာရောစနဝတ္တဘေဒဒုက္ကဋ် သင့်ခြင်း၊ ညဉ့် ပြတ်ခြင်း ဖြစ်၏။ ထို့ကြောင့် စူဠဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာတို့၌ ဤသို့ မိန့်တော်မူအပ်ကုန်၏။

သစေ အညော ကောစိ ဘိက္ခု ကေနစိ ဒေဝကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ သော တံ ပဿတိ၊ သဒ္ဒံ ဝါ သုဏာတိ၊ အာရောစေတဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒေါ စ။ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိယေဝ၊ ဝတ္တဘေဒေါ ပန နတ္ထိ။

ဒဏ်သား အပြား

ဒဏ်သားရဟန်းဟူသည် (၁) "ပါရိဝါသိက" ပရိဝါသ် စောင့်ဆဲ။ (၂) "မူလာယ ပဋိကဿနာရဟ" မာနတ်မတက် ရသေးမီ ဝတ်ဆောက်တည်၍ နေဆဲ၌ သံဃာဒိသိသ်အာပတ် သင့်၍အရင်းသို့ ငင်ထိုက်သော ရဟန်း၊ အဗ္ဘာန်မသွင်း မီ မာနတ် ဆောက်တည်၍ နေဆဲ၌ သံဃာဒိသိသ်အာ ပတ် သင့်၍ မာနတ်

သို့ ပြန်ငင်ခြင်းငှာ ထိုက်သော ရဟန်း။ (၃) "မာနတ္တာရဟ" ဝတ် စောင့်ပြီး၍ မာနတ်တက်ခြင်းငှာ ထိုက်သော ရဟန်း၊ (၄) "မာနတ္တစရိက" မာနတ်ကျင့်ဆဲ ရဟန်း။ (၅) "အဗ္ဘာနာရဟ" မာနတ်ကျင့်ပြီး၍ အဗ္ဘာန်သွင်းခြင်းငှာ ထိုက်သော ရဟန်းဟူ၍ ငါးမျိုးရှိ၏။

### ဒုက္ကဋ်သား အချင်းချင်း ကျင့်ရပုံ

ငါးမျိုးသော ဒုက္ကဋ်သားတို့တွင် မိမိတို့၏ အချင်းချင်း ဖြစ်သော သီတင်းငယ် ဒုက္ကဋ်သားရဟန်းတမျိုးကို ချန်ထား၍၊ ကြွင်း လေးမျိုးသော ဒုက္ကဋ်သားတို့သည် မိမိတို့၏ ပကတတ် ရဟန်းအရာ၌ တည်ကြကုန်သည် ဖြစ်၍ မိမိတို့၏ အချင်းချင်း ဖြစ်သော သီတင်းငယ်ကိုထား၍ ကြွင်းလေးမျိုးသော ဒုက္ကဋ်သားတို့၌ ပကတတ်ရဟန်းတို့၌ကဲ့သို့ ကျင့်အပ်၏။

### ဒုက္ကဋ်သားအချို့နှင့် ဆက်ဆံသော ကျင့်ဝတ်

ထိုဒုက္ကဋ်သား ငါးမျိုးတို့တွင် "ပါရိဝါသိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ၊ ဥပေါသထေ အာရောစေတဗ္ဗံ၊ ပဝါရဏာယ အာရောစေတဗ္ဗံ၊ သစေ ဂိလာနော ဟောတိ ဒူတေနာပိ အာရောစေတဗ္ဗံ။ ။မာနတ္တစာရိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရော စေတဗ္ဗံ၊ ဥပေါသထေ အာရောစေတဗ္ဗံ၊ ပဝါရဏာယ အာရောစေတဗ္ဗံ၊ ဒေဝသိကံ အာရောစေတဗ္ဗံ၊ သစေ ဂိလာနော ဟောတိ ဒူတေနာပိ အာရောစေတဗ္ဗံ"

ဟူ၍ ဟောတော်မူအပ်သောကြောင့် ပရိဝါသ် စောင့်ဆဲ ရဟန်း၊ မာနတ်ကျင့်ဆဲ ရဟန်းတို့သည်ကား မကြွေးရသေးသော ရဟန်းကို တွေ့မြင်သောအခါ ကြွေးအပ်၏။ မကျန်းမမာ၍ မစွမ်းနိုင်လျှင် ရဟန်းကို တမန် စေလွှတ်၍ ကြွေးအပ်၏။ လူ၊ သာမဏေကို စေလွှတ်၍ ကြွေးခြင်းငှာ မအပ်။ အာဂန္တုက ရဟန်းများကို သိမ်းသင်ခြင်းငှာ ဥပုသ်နေ့၊ ပဝါရဏာ နေ့တို့၌လည်း ကြွေးအပ်၏။ မာနတ်ကျင့်ဆဲ ရဟန်းသည်ကား နေ့တိုင်း ကြွေးအပ်၏။ ဤကြွေးရမည့် ကျင့်ဝတ်သည် ပါရိဝါသိက၊မာနတ္တစာရိကတို့နှင့်သာ ဆက်ဆံသည်။

## ဒဏ်သားအားလုံးနှင့် ဆက်ဆံသော ဝတ်

ထိုမှတပါးသော ကျင့်ဝတ်တို့သည်ကား ကြွင်း ဒဏ်သား သုံးဦးတို့နှင့်လည်း ဆက်ဆံသည်။ထိုကြွင်းသော ဒဏ်သားသုံးဦးတို့၏လည်း ကျင့်ဝတ် တူသည်၏ အဖြစ်ကို သိစေခြင်းငှာ “ယထာ မူလာယ ပဋိကဿနာရဟာနံ မာနတ္တာရဟာနံ အဗ္ဘာနာရဟာနံ တိဏ္ဏံ စေသ ဒိသံ ဝိတ္ထာရေတဗ္ဗံ” ဟူ၍ စူဠဝါ ပါဠိတော်၌ ဟောတော်မူအပ်ပြီ။ ထို့ကြောင့် ထိုရဟန်း ၄ မျိုးလုံးနှင့် ဆက်ဆံသော ကျင့်ဝတ်ကို စူဠဝါ ပါဠိ အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာ လာတိုင်းကို ပြဆိုအံ့။

ဒဏ်သားရဟန်းသည် ဥပဇ္ဈာယ်ဆရာသည်ဖြစ်၍ ရဟန်းခံမပေးအပ်၊ ဝတ်ကို ချ၍သာ ရဟန်းခံပေးခြင်းငှာ အပ်၏။ ဆရာသည် ဖြစ်၍ ကမ္မဝါစာကို မဖတ်အပ်။ တပါးသော သူသည် မရှိသည်ရှိသော် ဝတ်ကိုချ၍ ဖတ်အပ်၏။ အာဂန္တုက ရဟန်းတို့အား နိဿယည်းမပေးအပ်။ အကြွင်းသူတို့သည် ပကတိ

အားဖြင့် သာလျှင် နိဿယည်းကို ယူအပ်၏။ ထိုသူတို့ကို "ငါသည် ဝိနည်းကံကို ပြု၏။ ဤမည်သော မထေရ်၏ ထံ၌ နိဿယည်းကို ယူကုန်လော၊ ငါ့အား ဝတ်ကို မပြုကြကုန်လင့်၊ ရှာဝင်ခြင်းကို မပန်ကြကုန်လင့်" ဟူ၍ ဆိုအပ်ကုန်၏။ တားမြစ်အပ်သော အခါမှစ၍ ပြုကုန်သော်လည်း အာပတ်မသင့်။

တပါးသော သာမဏေကိုလည်း ဥပဇ္ဈာယ်ဆရာပြုလုပ်၍ မယူအပ်။ ပကတတ်အခါ၌ ဥပဇ္ဈာယ်ကို ပေး၍ ယူအပ်ပြီးသော သာမဏေတို့ကိုလည်း "ငါသည် ဝိနည်းကံကို ပြု၏၊ ငါ့အား ဝတ်ကို မပြုကြကုန်လင့်၊ ငါ့ကို ရှာဝင်ခြင်းကို မပန်ကြကုန်လင့်" ဟူ၍ ဆိုအပ်ကုန်၏။ ဤသို့ ဆိုသော်လည်း အကယ်၍ ပြုကုန်သည်သာလျှင် ဖြစ်ကုန်အံ့၊ တားမြစ်အပ်သော အခါမှစ၍ ပြုကုန်သော်လည်း အာပတ်မသင့်။ ဘိက္ခုနီဩဝါဒက သမ္မုတ်ကို မသာယာအပ်၊ သမ္မုတိသော ရဟန်းသည်လည်း မဆုံးမအပ်။

ထို့ကြောင့် ရဟန်းအပေါင်းအား "အရှင်ဘုရား၊ အကျွန်ုပ်သည် ဝိနည်းကံကို ပြု၏။ ဘိက္ခုနီတို့ကို ဆုံးမတတ်သော ရဟန်းကို သိကြကုန်လော" ဟူ၍ ဆိုအပ်၏။ စွမ်းနိုင်သော ရဟန်း၏ တာဝန်ကိုလည်း ပြုအပ်၏။ လာကြကုန်သော ဘိက္ခုနီမတို့ကို "သံဃာ၏ အထံသို့ သွားကြကုန်လော၊ သံဃာသည် အဆုံးအမကို ပေးတတ်သော ရဟန်းကို သိလတ္တံ့" ဟူ၍လည်းကောင်း၊ "ငါသည် ဝိနည်းကံကို ပြု၏၊ ဤအမည်ရှိသော ရဟန်း၏ အထံသို့ သွားကြကုန်လော၊ ထိုသူသည် သင်တို့အား အဆုံးအမကို ပေးလတ္တံ့" ဟူ၍လည်းကောင်း ဆိုအပ်၏။

အကြင်အာပတ် သင့်သောကြောင့် သံဃာသည် ပရိဝါသ်ကို ပေးအပ်သည်ဖြစ်၏၊ ထိုအာပတ်သို့ မရောက်အပ်၊ တပါးသော ထိုသို့သဘောရှိသော တစုံတခုသော သံဃာဒိသိသ်အာပတ်သို့ လည်းကောင်း၊ *ထိုအောက် ယုတ်ညံ့သော အာပတ်သို့ လည်းကောင်း မရောက်အပ်။ ကမ္မဝါစာကို မကဲ့ရဲ့အပ်၊ ကံပြုကုန်သော ပကတတ်ရဟန်းတို့ကို မကဲ့ရဲ့အပ်ကုန်။ ပကတတ်ရဟန်း၏ ဥပုသ်ကို မဘန့်၊ မတား၊ မထားအပ်။ ပဝါရဏာကို မတန့်၊ မတား၊ မထားအပ်၊ ကြောင့်ကြဖြစ်ခြင်း အကျိုးငှါလည်းကောင်း၊ ခေါ်ခြင်းအကျိုးငှါ လည်းကောင်း ဆိုဘွယ် အပြစ်ရှိသည်ကို မပြုအပ်။

ချဲ့ဦးအံ့၊ ကြောင့်ကြပြုခြင်းငှါ ပြုသောသူသည် "ငါသည် အရှင်အား ဤဝတ္ထု၌ ဆိုဘွယ်အပြစ်ရှိသည်ကို ပြု၏။ အကြင်မျှလောက် ဤအဓိကရုဏ်းသည် မငြိမ်းသေး၊ ထိုမျှလောက် ဤကျောင်းမှ တပါးသို့ မဖဲပါသင့်" ဤသို့ ဆိုခြင်းကိုပြု၏။ ခေါ်ခြင်းငှာ ပြုသောသူသည် "ငါသည် သင့်ကိုဆိုဘွယ် အပြစ်ရှိသည်ကို ပြု၏။ လာ၊ ငါနှင့်အတူ ဝိနည်းဓိုရ်တို့၏ အထံသို့ သွားကုန်အံ့" ဟူ၍ ဆို၏။ ထိုနှစ်ပါးစုံကိုလည်း မပြုအပ်။ ကျောင်း၌ အကြီး အမှူးအရာကိုမယူ မပြုအပ်။ ပါတိမောက်ပြတတ်သော

---

*အာပတ် ခုနစ်ပုံတို့တွင် ဒုဗ္ဘာသိ အာပတ်သည် ပါပိဋ္ဌ၊ ဒုက္ကဋ်အာပတ်သည် ပါပိဋ္ဌတရ၊ ဒုက္ကဋ်အာပတ်သည် ပါပိဋ္ဌ၊ ပါဋိဒေသနီ အာပတ်သည် ပါပိဋ္ဌတရ။ ဤနည်းဖြင့် ပါစိတ်၊ ထုလ္လစ္စည်း၊ သံဃာဒိသိသ်၊ ပါရာဇိကအာပတ်တို့၌လည်း ပါပိဋ္ဌ၊ ပါပိဋ္ဌတရကို ယထာက္ကမယူအပ်၏၊ အာပတ်ဝတ္ထုတို့၌လည်း ထိုနည်းတည်း။

ရဟန်းသည်လည်းကောင်း၊ တရားကို တိုက်တွန်းတတ်သော ရဟန်းသည်လည်းကောင်း မဖြစ်အပ်။ တဆယ့်သုံးပါးသောသမ္မုတိ တို့တွင် တခုသော သမ္မုတိ၏ အစွမ်းအားဖြင့်လည်း အစိုးရခြင်းအမှုကို မပြုအပ်။ "အရှင်သည် ငါ့အား အခွင့်ကို ပြုလော၊ အရှင့်ကို ငါသည် ဆိုလို၏" ဟူ၍ ပကတတ်ရဟန်းအား အခွင့်တောင်းခြင်းကို မပြုအပ်။ ဝတ္ထုဖြင့်လည်းကောင်း၊ အာပတ်ဖြင့်လည်းကောင်း မစောဒနာအပ်။ "ဤကား သင်၏ ရှေးအခါ၌ ဖြစ်သော အပြစ်တည်း" ဟူ၍ မအောက်မေ့စေအပ်။ ရဟန်းတို့ကို အချင်းချင်းယှဉ်၍ ခိုက်ရန် ဖြစ်စေခြင်းကို မပြုအပ်။

သံဃာ့ထေရ်သည် ဖြစ်၍ ပကတတ်ရဟန်း၏ ရှေ့မှ မသွားအပ်၊ မထိုင်အပ်။ တဆယ့်နှစ်တောင် ဥပစာကို လွှတ်စေ၍ တယောက်ထီးတည်း သွားအပ်၊ ထိုင်အပ်၏။ သံဃာ၏ ယုတ်ညံ့သော နေရာ၊ အိပ်ရာ၊ ကျောင်းကို ထိုသူအား ပေးအပ်၏။ ယုတ်ညံ့သော နေရာမည်သည်ကား ဆွမ်းစားကျောင်း စသည်တို့၌ သံဃာအငယ်ဆုံး၏ နေရာတည်း၊ ထိုနေရာကို ထိုသူအား ပေးအပ်၏၊ ယုတ်ညံ့သော အိပ်ရာမည်သည်ကား အိပ်ရာတို့တွင် အလုံးစုံတို့အောက် ယုတ်ညံ့သော ညောင်စောင်း အင်းပျဉ်တည်း၊

မှန်၏။ ထိုသူသည် ဝါစဉ်ဖြင့် မိမိအား ရောက်သောနေရာ၌ အိပ်ရာကို ယူခြင်းငှါ မရ၊ အလုံးစုံသော ရဟန်းတို့သည် ရွေး၍ ယူအပ်ပြီးသည်မှ ကြွင်းသော ကြမ်းပိုးချေးတို့ဖြင့် ပြည့်သော ကြိမ်၊ နွယ်၊ လျှော် စသည်တို့ဖြင့် ခက်အပ်သော ယုတ်ညံ့သော အိပ်ရာကိုသာလျှင် ထိုသူအား ပေးအပ်၏။ အိပ်ရာကဲ့သို့ နေရာ

ကျောင်းသည်လည်း ဝါစဉ်ဖြင့် မိမိအား ရောက်သောနေရာ၌ ထိုသူအား မအပ်၊ အလုံးစုံသော ရဟန်းတို့သည် ရွေးချယ်၍ ယူအပ်ပြီးသည်မှ ကြွင်းသော ဖုံထူသော မြေရှိသော လင်းနို့၊ ကြွက်တို့ဖြင့် ပြည့်သော သစ်ရွက်မိုးသောကျောင်းကိုပေးအပ်၏။

အစာယ်၍ အလုံးစုံသော ပကတတ်တို့သည် ရုက္ခမူဓုတင်၊ အဗ္ဗောကာသိကဓုတင်ကို ဆောင်ကုန်အံ့၊ အမိုးသို့ မဝင်ကုန်အံ့၊ အလုံးစုံသော ကျောင်းတို့သည် ထိုသူတို့သည် စွန့်အပ်သည် မည်ကုန်၏။ ထိုကျောင်းတို့တွင် အကြင်ကျောင်းကို အလိုရှိ၏၊ ထိုကျောင်းကို ရ၏၊ ဝါကပ်သော နေ့၌ သကာန်း စသော ပစ္စည်းကို တခုသော နောက်စွန်နံ့ဘေး၌ ရပ်၍ ဝါစဉ်ဖြင့် ယူခြင်းငှါ ရ၏။ ကျောင်းကို ဝါစဉ်ဖြင့် ယူခြင်းငှါ မရ၊ အမြဲ နေရန် ကျောင်းကို ယူလိုသောသူသည် ဝတ်ကိုချ၍ ယူအပ်၏။

ဆွေမျိုးတော်သောသူ၊ ဖိတ်ထားသောသူတို့၏ နေရာ၌ “ဤ မျှလောက်သော ရဟန်းတို့ကို ငဲ့၍ လာကြကုန်လော” ဟူ၍ ဖိတ်အပ်သည်ရှိသော် “အရှင်ဘုရားတို့၊ ဤအမည်ရှိသော အမျိုးသည် ရဟန်းကိုဖိတ်ပြီ၊ လာကြကုန်၊ ထိုအမျိုးသို့ သွားကြကုန်အံ့” ဟု ဤသို့ စီရင်၍ ရဟန်းတို့၏ ရှေ့သွားသည်လည်း ကောင်း၊ နောက်လိုက်ရဟန်းသည်လည်းကောင်း ဖြစ်၍ အမျိုး အိမ်တို့သို့ မသွားအပ်ကုန်။ “အရှင်ဘုရားတို့၊ ဤအမည်ရှိသော ရွာ၌ လူတို့သည် ရဟန်းတို့၏ လာခြင်းကို အလိုရှိကြကုန်၏။ အကယ်၍ ထိုသူတို့အား ချီးမြှင့်ကြကုန်မူ စင်စစ်ကောင်းသည် သာလျှင် ဖြစ်ရာ၏” ဤသို့ ဝိနည်းပရိယာယ်အားဖြင့် ဆိုခြင်းငှါအပ်၏။

လာကုန်လာကုန်သော သူတို့အား ကြားခြင်းငှာ ရှက်သည် ဖြစ်၍ အရည်ကင်ဓုတင်ကို မဆောက်တည်အပ်၊ အကြင်သူသည် လည်း ပကတိအားဖြင့် ဆောက်တည်အပ်၏၊ ထိုသူသည်လည်း အဖော် ရဟန်းကို ယူ၍ တော၌ အရုဏ်ကို တက်စေအပ်၏၊ တယောက်ထီးတည်း မနေအပ်။ ထို့အတူ ဆွမ်းစားကျောင်း စသည်တို့၌ နေရာ၏။

အဆုံး၌ ထိုင်ခြင်းငှါ ရှက်သည်ဖြစ်၍ ပိဏ္ဍပါတ်ဓုတင်ကို လည်း မဆောက်တည်အပ်၊ "အကြင်သူသည်ကား ပကတိအား ဖြင့် ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏၊ ထိုသူအား တားမြစ် ခြင်းမရှိ။ ထိုအကြောင်းကြောင့် ငါ့အား မသိစေလင့်"ဟု ဆွမ်းကို မဆောင်အပ်၊ ဆောင်အပ်သော ဆွမ်းရှိသည်ဖြစ်၍ ကျောင်း၌သာလျှင် နေ၍ စားလျက် ညဥ့်တို့ကို ရေတွက်မည်၊ "ငါသည် သွားလတ်သော် ရဟန်းကို မြင်၍ မကြားသည် ရှိသော် ညဥ့်ပြတ်ခြင်းသည် ဖြစ်၏၊" ဤသို့သော အကြောင်း ကြောင့် ဆွမ်းကို မဆောင်အပ်။ "ငါ့ကို တပါးသော ရဟန်း သည်လည်း မသိပါစေလင့်" ဤသို့သော အလိုအားဖြင့်လည်း ကျောင်း၌ သာမဏေတို့ကို ချက်စေ၍ စားခြင်းငှါလည်း မရ။ ရွာသို့ ဆွမ်းအလို့ငှါ ဝင်အပ်သည်သာတည်း။ နာသော ရဟန်း အားလည်းကောင်း၊ အမှုသစ်၊ ဆရာဥပဇ္ဈာယ်၏ အမှုကို အားထုတ်သော ရဟန်းအားလည်းကောင်း ကျောင်း၌သာလျှင် နေခြင်းငှါ အပ်၏၊ အကယ်၍ ရွာ၌ အရာမတကုန်သော ရဟန်း တို့သည် လှည့်လည်ကုန်၏။ ကြားခြင်းငှါ မစွမ်းနိုင်သည်ဖြစ်အံ့၊

ရွာကျောင်းသို့ သွား၍ သဘောတူသော ရဟန်းတို့၏ နေရာ၌ နေခြင်းငှါ သင့်၏။

ဒဏ်သားရဟန်းသည် ရဟန်းရှိသော ကျောင်းမှလည်းကောင်း၊ ကျောင်းမဟုတ်သော ဇရပ်၊ တန်ဆောင်း စသည်မှလည်းကောင်း ပကတတ်ကိုကြဉ်၍၊ အန္တရာယ်ကို ကြဉ်၍၊ ရဟန်းမရှိသောကျောင်း၊ နာနာ **သံဝါသက** ရဟန်းတို့ဖြင့်သာ ရဟန်းရှိသော ကျောင်းသို့လည်းကောင်း၊ ကျောင်းမဟုတ်သော ဇရပ်၊ တန်ဆောင်း စသည်သို့လည်းကောင်း မသွားအပ်။ ချဲဦးအံ့။ ထိုအရပ်၌ ညဉ့်တို့သည် ရေတွက်ခြင်းသို့ ရောက်သည်မဖြစ်ကုန်။ ဆယ်ပါးသော အန္တရာယ် ရှိလတ်သော်ကား အကယ်၍ ညဉ့်တို့သည် ရေတွက်ခြင်းသို့ မရောက်စေကုန်မူ၊ အန္တရာယ်မှ လွတ်ခြင်းငှါ သွားအပ်၏။ ထို့ကြောင့် "အညတြ အန္တရာယာ"ဟု ဟောတော်မူအပ်၏။

"နာနာသံဝါသက" ရဟန်းတို့နှင့် အတူတကွ ဝိနည်းကံကို ပြုခြင်းငှါမအပ်၊ ထိုသူတို့အား မကြားသော်လည်း ညဉ့်ပြတ်ခြင်းမရှိ။ ရဟန်းမရှိသောကျောင်းနှင့် တူသည်သာလျှင် ဖြစ်၏။ ထို့ကြောင့် "နာနာသံဝါသကေဟိ သဘိက္ခုကော"ဟူ၍ ဟောတော်မူအပ်၏။ ထို၌ ကျောင်းဟူသည်ကား နေခြင်းငှါ အပ်သော ကျောင်းတည်း။ ကျောင်းမဟုတ် ဟူသော်ကား စေတီအိမ်၊ ဗောဓိအိမ်၊ တံမြက်စည်းစင်၊ ထင်းစင်၊ သောက်ရေအိုးစင်၊ တံခါးမုခ် စသည်တို့တည်း။

ဒဏ်သားရဟန်းသည် ထိုနေ့ ရဟန်းပြုသည်လည်းဖြစ်သော ပကတတ်ရဟန်းကို မြင်၍ နေရာမှ ထအပ်၏၊ ထ၍ ချမ်းသာစွာ

နေသော ငါ့ကို ညို့ဟန်သည့် ထ စအပ်၏ဟု မျက်နှာလွှဲသည်ဖြစ်၍ မသွားအပ်၊ ဆရာ ဤကား နေရာတည်း။ ဤ၌ ထိုင်လော၊ ဤသို့ ပကတတ်ရဟန်းကို နေရာဖြင့် ဖိတ်အပ်သည်သာတည်း။ သီတင်းငယ်သည်လည်း မထေရ်ကြီးကို နှိပ်နက်ခြင်းကိုပြုအံ့ဟု ဒဏ်သားရဟန်း၏အထံသို့ မသွားအပ်။ ဒဏ်သားရဟန်းသည် ပကတတ် ရဟန်းနှင့် အတူတကွ တခုသောနေရာ၌ မနေအပ်၊ နိမ့်သော နေရာ၌ နေသည်ဖြစ်သော် မြင့်သောနေရာ၌ မနေအပ်၊ မြေ၌ နေသည်ရှိသော် နေရာ၌ မနေအပ်၏။ တဆယ့်နှစ်တောင်ဥပစာကို လွှတ်၍ကားနေခြင်းငှာ အပ်၏။

ဒဏ်သားရဟန်းသည် ပကတတ်ရဟန်းနှင့် အတူတကွ တခုသော စင်္ကြံ၌ စင်္ကြံသွားအပ်၊ နိမ့်သောစင်္ကြံ၌ စင်္ကြံသွားသည်ရှိသော် မြင့်သော စင်္ကြံ၌ စင်္ကြံသွားအပ်၊ မြေ၌ စင်္ကြံသွားသည်ရှိသော် စင်္ကြံ၌ စင်္ကြံသွားအပ်။ အပိုင်းအခြား မရှိသော မြေ၌ စင်္ကြံသွားသည်ရှိသော် အပိုင်းအခြားကို ပြု၍၊ သဲကိုလောင်း၍ လက်ကသုံးကိုတပ်၍ ပြုအပ်သော နိမ့်သော စင်္ကြံ၌လည်း စင်္ကြံသွားအပ်။ အုတ်စီခြင်းနှင့် ပြည့်စုံသော ပွတ်တိုင်ရံအပ်သောစင်္ကြံ၌ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

အကယ်၍ တံတိုင်းဖြင့် ရံအပ်သည် ဖြစ်အံ့ တံခါးမုခ်တပ်အပ်သည် ဖြစ်၍ တောအတွင်း၊ တောင်အတွင်းတို့၌ ကောင်းစွာ ဖုံးလွှမ်းအပ်သည် ဖြစ်အံ့၊ ထိုသို့ သဘောရှိသော စင်္ကြံ၌ စင်္ကြံသွားအပ်၏၊ မဖုံးလွှမ်းသော စင်္ကြံ၌လည်း တဆယ့်နှစ်တောင် ဥပစာကိုလွှတ်၍ စင်္ကြံသွားခြင်ငှာ အပ်၏၊

ဒဏ်သားဖြစ်သော ရဟန်းသည် ပကတတ် ဖြစ်ကုန်သော ရဟန်းတို့၏ ရှိခိုးခြင်းကို၊ ခရီးဦး ကြိုဆိုခြင်းကို၊ လက်အုပ်ချီခြင်းကို၊ အရိုအသေပြုခြင်းကို နေရာဖြင့် ရှေးရှုဆောင်ခြင်းကို၊ အိပ်ရာဖြင့် ရှေးရှုဆောင်ခြင်းကို၊ ခြေဆေးရေကို၊ ခြေဆေး အင်းပျဉ်ကို၊ ခြေပွတ်အိုးခြမ်းကို၊ သပိတ် သင်္ကန်း ယူခြင်းကို၊ ရေချိုးရာ၌ ကျောက်ကုန်း၌ ကြေးပွတ်ခြင်းကို မသာယာအပ်။ အကြင် ရဟန်းသည် သာယာ၏။ ထိုရဟန်းအား ဒုက္ကဋ် အာပတ်သည် ဖြစ်၏ ဟူ၍ ဟောတော်မူခြင်းကြောင့် မိမိတို့၏ သဘောတူသော သိတင်းငယ်သော ဒဏ်သား ရဟန်းတို့ကို ထား၍ ပကတတ်ရဟန်းတို့၏ လည်းကော မိမိတို့၏ သဘောင်း၊ တူ မဟုတ်သော ကြွင်းသော ဒဏ်သား လေးမျိုး၏သည်း ကောင်း၊ ရှိခိုးခြင်း စသည်ကို သာယာသောရဟန်းအား ဒုက္ကဋ်အာပတ်သည် ဖြစ်၏။ သဒ္ဓိဝိဟာရိကတို့၏သည်း ရှိခိုးခြင်း စသည်ကို သာယာသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ထို့ကြောင့် ထိုသူတို့ကို "ငါသည် ဝိနည်းကံကို ပြု၏။ ငါ့အား ဝတ်ကို မပြုကြကုန်လင့်၊ ငါ့ကို ရှာဝင်ခြင်းကို မပန်ကြကုန်လင့်" ဟု ဆိုအပ်ကုန်၏၊ အကယ်၍ သဒ္ဒါ၍ ရဟန်း ပြုသော အမျိုးသားတို့သည် 'အရှင်ဘုရား....၊ အရှင်ဘုရား တို့၏ ဝိနည်းကံကို ပြုသာပြုကြကုန်လော့" ဟု ဆို၍ ဝတ်ကို ပြုကြကုန်အံ့၊ ရှာဝင်ခြင်းကို ပန်ကြကုန်အံ့၊ မြစ်သောအခါမှ စ၍ အာပတ်မသင့်။

"ချစ်သားတို့ မိမိတို့ သဘောတူရာ ဒဏ်သား ရဟန်းချင်း သိတင်းကြီး အစဉ်အတိုင်း ရှိခိုခြင်း၊ ခရီးဦးကြိုဆိုခြင်း၊

လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ နေရာဖြင့် ရှေးရှုဆောင်ခြင်း၊ အိပ်ရာဖြင့် ရှေးရှုဆောင်ခြင်း၊ ခြေဆေးအင်းပျဉ်ကို၊ ခြေပွတ်အိုးခြမ်းကို၊ သပိတ် သင်္ကန်း ယူခြင်းကို၊ ရေချိုးရာ၌ ကျောက်ကုန်း၌ ကြေးပွတ်ခြင်းကို ခွင့်ပြု၏’’ ဟူ၍ ဟောတော်မူခြင်းကြောင့် မိမိတို့၏ သဘောတူ ဒဏ်သား ရဟန်းချင်းဖြစ်သော ပါရိဝါသိက ပါရိဝါသိကချင်း၊ မူလာယပဋိကဿနာရဟ မူလာယပဋိကဿနာရဟချင်း၊ မာနတ္တာရဟ မာနတ္တာရဟချင်း၊ မာနတ္တစာရိက မာနတ္တစာရိကချင်း၊ အဗ္ဘာနာရဟ အဗ္ဘာနာရဟချင်း၊ အကြင် အကြင် ရဟန်းသည် သိတင်းကြီး၏။ ထိုထိုသော ရဟန်းသည် သီတင်းငယ်၏ ရှိခိုးခြင်းစသည်ကို သာယာခြင်းငှာ အပ်၏။

## ဒဏ်သားများကို အထူး ခွင့်ပြုပုံ

“ချစ်သားတို့ ဒဏ်သားရဟန်းတို့အား ဥပုသ်ကိုလည်းကောင်း၊ ပဝါရဏာကိုလည်းကောင်း၊ ဝါဆိုသင်္ကန်းကိုလည်းကောင်း၊ စွန့်ခြင်းကိုလည်းကောင်း၊ ဆွမ်းကိုလည်းကောင်း၊ ဤငါးပါးတို့ကို သိတင်းကြီး အစဉ်အတိုင်း ခွင့်ပြုတော်မူ၏’’ ဟူ၍ ဟောတော်မူခြင်းကြောင့် ဥပုသ်အစရှိကုန်သော ငါးပါးတို့ကို ပကတတ်ရဟန်းနှင့် အတူတကွ သိတင်းကြီးအစဉ်အတိုင်း ပြုခြင်းငှာ အပ်၏။ ထို့ကြောင့် ပါတိမောက် ပြသောအခါ ဟတ္ထပါသ်၌ နေခြင်းငှာ အပ်၏။

မဟာပစ္စရိ၌ကား အစဉ်၌မနေမူ၍ အစဉ်ကိုပယ်၍ ဟတ္ထပါသ်ကို မလွတ်စေမူ၍ နေအပ်၏ဟု ဆိုပြီ။

ပါရိသုဒ္ဓိဥပုသ်ကို ပြုသည့်ရှိသော် သံဃာငယ်၏ နေရာ၌ နေ၍ ထိုနေရာ၌ပင် နေလျက် မိမိ၏ အစဉ်အားဖြင့် ပါရိသုဒ္ဓိဥပုသ်ကို ပြုအပ်၏။ ပဝါရဏာ၌လည်း သံဃာငယ်၏နေရာ၌ နေ၍ ထိုနေရာ၌ပင် နေလျက် မိမိ အစဉ်အားဖြင့် ပဝါရဏာ ပြုအပ်၏။ သံဃာသည် ခေါင်းလောင်းထိုး၍ ဝေဖန်အပ်သော ဝါဆိုသင်္ကန်းကိုလည်း မိမိ၏ ရောက်သောနေရာ၌ ယူခြင်းငှာ အပ်၏။

"စွန့်ခြင်း"ဟူသည် မိမိအား ရောက်သောဆွမ်း စွန့်ခြင်းကို ဆိုအပ်၏။ ချဲ့ဦးအံ့။ အကယ်၍ ဒဏ်သားရဟန်းအား နှစ်ခု၊ သုံးခု ကုန်သော ဥဒ္ဒေသဘတ်တို့သည် ရောက်ကုန်အံ့၊ ထိုသူအား တပါးသော ပုဂ္ဂလိကဖြစ်သော ရလတ္တံ့သော ဆွမ်းစသည် ရှိအံ့၊ ထိုဥဒ္ဒေသဘတ်တို့ကို အစဉ်အတိုင်း ယူ၍"အရှင်ဘုရားတို့ တပည့်တော်၏ အောက်၌ ရဟန်းတို့ကို ယူစေကုန်သော၊ ယနေ့ တပည့်တော်အား ရလတ္တံ့သော ဆွမ်းသည်ရှိ၏။ နက်ဖြန် ယူအံ့"ဟုဆို၍ စွန့်အပ်ကုန်၏။ဤသို့ စွန့်လျှင် ထိုဆွမ်းတို့ကို နောက်နေ့၌ ယူခြင်းငှာ ရ၏။ နောက်နေ့၌ အလုံးစုံတို့၏ ရှေးဦးစွာ ထိုသူအား ပေးအပ်၏ဟု ကုရုန္ဒီ၌ ဆိုပြီ။ အကယ်၍ကား မယူအံ့၊ မစွန့်အံ့၊ နောက်နေ့၌ ယူခြင်းငှာ မရ။ ဤဆွမ်း စွန့်ခြင်းကို ဒဏ်သား ရဟန်းကိုသာ ရည်၍ ခွင့်ပြုတော်မူအပ်၏။ အဘယ်ကြောင့်နည်း၊ သံဃာငယ်၏ နေရာ၌ နေသော ထိုရဟန်းအား ဆွမ်းစားကျောင်း၌ ယာဂုခဲဘွယ်တို့သည် ရောက်သော်လည်း ရောက်ကုန်ရာ၏။ မရောက်သော်လည်း မရောက်ကုန်ရာ။ထို့ကြောင့် ထိုသူသည် ဆွမ်းကြောင့်

မပင်ပန်းပါစေလင့်ဟု ဤရဟန်းအား ချီးမြှင့်ခြင်းအကျိုးငှာ ခွင့်ပြုအပ်၏။

"ဆွမ်း"ဟူသော်ကား လာကုန် လာကုန်သော ရဟန်းတို့သည် သိတင်းကြီး၏ အစဉ်ဖြင့် ယူ၍ သွားအပ်သော ကျောင်းတိုက်တွင်းရှိ ဆွမ်းစားကျောင်း၌ ဆွမ်းတည်း၊ ထိုဆွမ်းကို သိတင်းကြီး၏ အစဉ်အားဖြင့် ရ၏။ အစဉ်၌ကား၊ သွားခြင်းငှာလည်းကောင်း၊ ရပ်ခြင်းငှာလည်းကောင်း၊ မရ။ ထို့ကြောင့် အစဉ်မှ အောက်သို့ပဲ၍ ဟတ္ထပါသ်၌ တည်လျက် လက်ကိုဆန့်၍ သိမ်းသည် သုတ်၍ယူသကဲ့သို့ ထိုအတူ ယူအပ်၏။ အာရုမ်စောင့်သော သာမဏေတို့ကို ဆောင်စေခြင်းငှာ မရ။ အကယ်၍ မိမိတို့၏ အလိုလိုသာလျှင် ဆောင်ကုန်အံ့ အပ်၏။ ရှင်ဘုရင်၏ ဆွမ်းကြီးလောင်းရာ၌လည်း ဤနည်းပင်တည်း။

ဆွမ်းစားကျောင်း၌ကား အကယ်၍ စုနိုးခြင်းကို ပြုလိုသည် ဖြစ်အံ့၊ မိမိအကျိုးငှာ ဆွမ်းစားရေးကို မြောက်သည် ရှိသော် ယနေ့ငါ့အား ဆွမ်းသည် ရှိ၏ နက်ဖြန် ယူအံ့ဟု ဆိုအပ်၏။ နောက်နေ့၌ နှစ်ခုသော ဆွမ်းတို့ကို ငါ၏ဟု မဟာပစ္စရိ၌ ဆိုပြီ။ ဥဒ္ဒေသဘတ်စသည်တို့ကိုလည်း အစဉ်မှ နောက်သို့ ဆုတ်၍ ယူအပ်ကုန်၏၊ အကြင်အရပ်၌ ထိုင်စေ၍ ဆွမ်းကျွေးကုန်၏။ ထိုအရပ်၌ သာမဏေတို့၏ အကြီးသည် ရဟန်းတို့၏ သံဃာငယ်သည် ဖြစ်၍ နေအပ်၏။ ။ဤကား ဒဏ်သားတို့ ကျင့်အပ်သော ဝတ်တည်း။

(ဤကား စူဠဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာလာသည့်အတိုင်းရေးအပ်သော စကားရပ်တည်း။)

## ဒဏ်သားခေါ်ရပုံ

အဋ္ဌကထာတို့၌ ပါရိဝါသိကရဟန်း၏ ကျင့်ဝတ်ကိုသာ ပြ၍ အကြွင်းကို ထိုနည်းတူ ညွှန်း၏။ ငါတို့ကား ပါရိဝါသိက၊ မူလာယပဋိကဿနာရဟ၊ မာနတ္တာရဟ၊ မာနတ္တစာရိက၊ အဗ္ဘာနာရဟ ငါးမျိုးလုံးကို ပေါင်း၍ "ဒဏ်သား ရဟန်း" ဟူ၍ ယခုကာလ အခေါ်အတိုင်း ရေးလိုက်သည်။

စူဠဝါ၊ ၂ါဠိ၌ကား ပါရိဝါသိကခန္ဓက၌သည်း ပါရိဝါသိက ရဟန်း၊ မူလာယပဋိကဿနာရဟ ရဟန်း၊ မာနတ္တာရဟ ရဟန်း၊ မာနတ္တစာရိက ရဟန်း၊ အဗ္ဘာနာရဟ ရဟန်းတို့ကို အသီးသီးခွဲ၍ ဟောတော်မူအပ်ကုန်၏။ သို့သော်လည်း—

"ပါရိဝါသိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ၊ ဥပေါသထေ အာရောစေတဗ္ဗံ၊ ပဝါရဏာယ အာရောစေတဗ္ဗံ၊ သစေ ဂိလာနော ဟောတိ ဒူတေနာပိ အာရောစေတဗ္ဗံ။ ။ မာနတ္တစာရိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ၊ ဥပေါသထေ အာရောစေတဗ္ဗံ၊ ပဝါရဏာယ အာရောစေတဗ္ဗံ၊ ဒေဝသိကံ အာရောစေတဗ္ဗံ၊ သစေ ဂိလာနော ဟောတိ ဒူတေနာပိ အာရောစေတဗ္ဗံ"

ဟူ၍ ပါရိဝါသိကပုဂ္ဂိုလ်၊ မာနတ္တစာရိကပုဂ္ဂိုလ်တို့အားသာ ဤအာရောစေတဗ္ဗ ဝတ်တခုပို၍ ကြွင်းသော ဝတ်တို့ကိုမူကား ငါးပါးလုံးတို့အား အတူထား၍ ဟောတော်မူအပ်၏။

(ဤ**စား** ဒဏ်သားရဟန်းတို့ ကျင့်ရသော ဝတ်ကို ဆိုရာ **စကားရပ် အပြီးသတ်တည်း။)**

ဤသို့လျှင် အကြွင်းမျှလောက်သော နေ့တို့ ပတ်လုံးအာပတ်ကို ဖုံးလွှမ်းအပ်၏။ ထိုမျှလောက်သော နေ့တို့ပတ်လုံးသော်လည်းကောင်း၊ ကုက္ကုစ္စသံသယကို ဖျောက်ခြင်းအကျိုးငှာ ထိုထက်အလွန်သော် လည်းကောင်း ပရိဝါသ် ဆောက်တည် ကျင့်သုံးရာ၏။ ဆောက်တည် ကျင့်သုံးပြီးသည်ရှိသော် သံဃာသို့ကပ်၍ ဝတ်ကို ဆောက်တည်၍ မာနတ်ကို တောင်းအပ်၏။

ချွဲဦးအံ့။ ဤသူသည် ဝတ်ကို ဆောက်တည်ပြီးသောသာလျှင် မာနတ်ထိုက်၏။ နိက္ခိတ္တပရိဝါသ် ဆောက်တည်အပ်သည်၏အဖြစ်ကြောင့် ဝတ်ကို ဆောက်တည်၍ မာနတ်တောင်းရသည်။ အနိက္ခိတ္တဝတ်ကို ဆောက်တည် ကျင့်သုံးသောသူအားကား ဝတ်ကို တဖန်ဆောက်တည်ဘွယ်မရှိပြီ။ မှန်၏။ ထိုသူသည် ဖုံးလွှမ်းသောနေ့တို့ကို လွန်ကာ မျှဖြင့်သာလျှင် မာနတ်ထိုက်၏။ ထို့ကြောင့် ထိုသူအား မာနတ် ပေးအပ်သည်သာတည်း။

မာနတ်ကို ပေးသော သံဃာသည်—

ကောဟပ္ပဋိစ္ဆန္န မာနတ်တောင်း

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော

သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဤသို့လျှင် သုံးကြိမ်တောင်းစေပြီး၍—

## ကောဟပ္ပဋိစ္ဆန္န မာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိ။ သံဃော ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထ ပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ဒဒေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ ကောဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိ၊ သံဃော ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထ ပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ။ သံဃော ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗ

ဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ ယဿာယသ္မတော ခမတိ ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တဿ ဒါနံ။ သော တုဏှဿ၊ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။

ဒိန္နံ သံဃေန ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

ဤသို့ ကမ္မဝါစာကို ဖတ်ရွတ်၍ မာနတ်ကို ပေးအပ်၏။ ။ ကမ္မဝါစာ၏ အဆုံး၌ ထိုရဟန်းသည်လည်း သိမ်၊ တန်ဆောင်း၌ သာလျှင် "မာနတ္တံ သမာဒိယာမိ ဝတ္တံ သမာဒိယာမိ" ဟု၍ ဆောက်တည်အပ်၏။ ဆောက်တည်ပြီး၍ ထိုသိမ်၊ တန်ဆောင်း ၌ပင် သံဃာအား ကြားအပ်၏။

ကြားသောပုဂ္ဂိုလ်သည်လည်း—

### ဧကာဟပ္ပဋိစ္ဆန္န မာနတ်ကြား

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟ ပရိဝါသံ ယာစိံ။ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ အဒါသိ။ သောဟံ ပရိဝုတ္ထ ပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ။ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာ

ဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သောဟံ မာနတ္တံ စရာမိ၊ ဝေဒယာမ ဟံ ဘန္တေ ဝေဒယာမီတိ မံ သံဃော ဓာရေတု။ ။ဟူ၍ ကြားအပ်၏။

ဤအနက်ကိုယူ၍ အမှတ်မရှိသော ဘာသာဖြင့်လည်း ကြားခြင်းငှါ အပ်သည်သာလျှင်တည်း။

ပါဠိကို မကျက်နိုင်ကလည်း မြန်မာဘာသာဖြင့် ကျက်ပြီး မြန်မာဘာသာဖြင့် ကြားအပ်၏။ နှုတ်လွတ် မကြားနိုင်က စာကို ဖတ်၍ ကြားရာ၏။

ကြားပြီး၍ အကယ်၍ ချလိုသည် ဖြစ်အံ့၊ "မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟူ၍ သံဃာ့အလယ်၌ ချအပ်၏။ သိမ်၊ တန်ဆောင်းမှ ရဟန်းတို့သည် ထွက်ကုန်သည်ရှိသော် တပါးသောသူ၏ အထံ၌လည်း ချခြင်းငှါ အပ်၏။ သိမ်က ထွက်မှ သတိရသော ရဟန်းသည် အတူတကွသွားသောသူ၏ အထံ၌ ချအပ်၏။ ထိုသူသည်လည်း အကယ်၍ ဖဲသွားသည် ဖြစ်အံ့၊ တပါးသော အကြင်သူအား သိမ်၊ တန်ဆောင်း၌ မကြားအပ်သေး၊ ထိုသူအား ကြား၍ ချအပ်၏။ ။ချသောအခါမှ စ၍ ပကတတ်အရာ၌ တည်၏။ ။"(အာယသ္မာ၊ အာယသ္မန္တာ" စသည် ဆိုရပုံကို ရှေး၌ ဆိုခဲ့ပြီ။)

## မာနတ်စောင့်ပုံ

အကယ်၍ နည်းသော ရဟန်းရှိသော ကျောင်းသည် ဖြစ်အံ့၊ သဘောတူသော ရဟန်းတို့သည် နေကုန်အံ့၊ ဝတ်ကို မချမူ၍ ကျောင်းအတွင်း၌သာလျှင် ညဉ့်တို့ကို ရေတွက်အပ်ကုန်၏။ အကယ်၍ သုမ်သင်ခြင်းငှါ မစွမ်းနိုင်သည် ဖြစ်အံ့။ ဆိုအပ်ပြီး

သော နည်းဖြင့် ဝတ်ကိုချ၍ မိုးသောက်သောအခါ၌ ၄-ပါး ၅-ပါးသော ရဟန်းတို့နှင့်တကွ အာရာမ်ရှိသော ကျောင်း၏ အာရာမ်မှ၊ အာရာမ်မရှိသော ကျောင်း၏ အာရာမ် ထိုက်သော နေရာမှ ခဲနှစ်ကျတို့ကို လွန်၍ လမ်းကြီးမှ ဖဲ၍ ချုံဖြင့်လည်း ကောင်း၊ စောင် ရန်းဖြင့်လည်းကောင်း ဖုံးလွှမ်းသောနေရာ၌ နေအပ်၏။ အရုဏ် အတွင်း၌သာလျှင် ဆိုအပ်သော နည်းဖြင့် ဝတ်ကို ဆောက်တည်၍ ကြားအပ်၏။

အကယ်၍ တပါးသော အမှတ်မရှိသော ရဟန်းသည် တစုံ တခုသော ပြုဖွယ်ဖြင့် ထိုအရပ်သို့လာ၏။ အကယ်၍ ဝတ် စောင့်သော သူသည် ထိုသူကိုမူလည်း မြင်အံ့၊ ထိုသူ၏ အသံကို မူလည်း ကြားအံ့၊ ကြားအပ်၏။ မကြားသော သူအား ညဉ့် ပြတ်ခြင်းသည် လည်းကောင်း၊ ဝတ် ပျက်ခြင်းသည် လည်း ကောင်း ဖြစ်၏။ အကယ်၍ ၁၂-တောင်ရှိသော ဥပစာအတွင်း သို့ ဝင်၍ မသိစဉ်ပင် သွားအံ့၊ ညဉ့်ပြတ်ခြင်းသည် သာလျှင် ဖြစ်၏။ ဝတ်ပျက်ခြင်းကား မရှိ။ ကြားပြီးသော ကာလမှစ၍ တပါးသော ရဟန်းကိုထား၍ ကြွင်းသော သူတို့သည် ပြုဖွယ် ကိစ္စ ရှိသည်ရှိသော် သွားခြင်းငှာအပ်၏။ အရုဏ်တက်သည် ရှိသော် ထိုသူ၏ အထံ၌ ဝတ်ကြား၍ ချအပ်၏။

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ။ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သောဟံ မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိံ။ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ။ သောဟံ သံဃံ အန္တရာ

သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ။ တဿ မေ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။

ဟု သုံးကြိမ် တောင်းစေအပ်၏။

## အပ္ပဋိစ္ဆန္န မူလာယပဋိကဿန အဗ္ဘာနကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ ကုတ္တန္နာမော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ။ သံဃော ကုတ္တန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သော မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော ကုတ္တန္နာမံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ။ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ။ သံဃော ကုတ္တန္နာမဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ။

ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော ဣတ္ထန္နာမံ ဘိက္ခုံ အဗ္ဘေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ ဣတ္ထန္နာမော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော ဣတ္ထန္နာမဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သော မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ။ သံဃော ဣတ္ထန္နာမံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ။ သော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ။ သံဃော ဣတ္ထန္နာမဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ။ သံဃော ဣတ္ထန္နာမံ ဘိက္ခုံ အဗ္ဘေတိ။ ယဿာ ယသ္မတော ခမတိ ဣတ္ထန္နာမဿ ဘိက္ခုနော အဗ္ဘာနံ။ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ပ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ပ။ ။

အဗ္ဘိတော သံဃေန ဂုဏ္ဍနာမေဝ ဘိက္ခု ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

ဟု ကမ္မဝါစာကိုဖတ်၍ အဗ္ဘာန်သွင်းအပ်၏။ ။

အဗ္ဘာန် ထိုက်သောအခါ၌လည်း အကြား၌ အာပတ် သွင်း၍ မဖုံးလွှမ်းသော ရဟန်းအားလည်း ဤနည်းဖြင့်သာ လျှင် အရင်းသို့ငင်၍ မာနတ်ပေးခြင်းကို လည်းကောင်း၊ အဗ္ဘာန် သွင်းခြင်းကို လည်းကောင်း သိအပ်၏။ စင်စစ်သော်ကား ထို၌ "မာနတ္တံ စရန္တော" ဟု မဆိုမူ၍ "စိဏ္ဏမာနတ္တော အဗ္ဘာ နာရဟော" ဟု ဆိုအပ်၏။ ။

သုဒ္ဓန္တ သမောဓာန ပရိဝါသ် ပြီး၏။

## အဂ္ဃသမောဓာန်

"အဂ္ဃသမောဓာန်" မည်သည်ကား များစွာသော အာပတ် တို့တွင် တခုလည်း ဖြစ်သော၊ နှစ်ခုလည်း ဖြစ်ကုန်သော၊ သုံးခုလည်းဖြစ်ကုန်သော၊ များစွာလည်းဖြစ်ကုန်သော အကြင် အာပတ်တို့သည် အလုံးစုံတို့ထက် ကြာမြင့်စွာ ဖုံးလွှမ်းအပ် ကုန်၏။ ထိုအာပတ်တို့၏ အဘိုးအားဖြင့် ပေါင်း၍ ထိုအာပတ် တို့၏ ညဉ့်အပိုင်းအခြား၏ အစွမ်းအားဖြင့် ကြွင်းကုန်သော အယုတ်အားဖြင့် ဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့၏ ပရိဝါသ် ကို ပေးအပ်၏၊

အကြင် ပုဂ္ဂိုလ်အား ဆယ်ရက် ဖုံးလွှမ်း အပ်ကုန်သော တရာသော အာပတ်တို့သည် ရှိကုန်၏။ ထိုမှ တပါးလည်း

ဆယ်ရက် ဖုံးလွှမ်းအပ်ကုန်သော တရာသော အာပတ်တို့သည် ရှိကုန်၏။ ဤသို့လျှင် ဆယ်ကြိမ်ပြု၍ နေ့တရာဖုံးလွှမ်းအပ်သော အာပတ် တထောင်သည် ရှိ၏။ ထိုသူသည် အဘယ်သို့ ပြုအပ်သနည်း။ အလုံးစုံတို့ကို ပေါင်း၍ ဆယ်ရက်ပတ်လုံး ပရိဝါသ် ဆောက်တည်အပ်၏။

ဤသို့လျှင် တခုသောလျှင် ဖြစ်သော ဆယ်ရက်ဖြင့် နေ့တရာ ပတ်လုံး ပရိဝါသ် ဆောက်တည်အပ်သည် သာလျှင် (ဆောက်တည်ရာ ရောက်တော့သည် သာလျှင်) ဖြစ်၏။ ထိုစကား မှန်၏။ ထိုစကားကို မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူအပ်သည်သာလျှင်တည်း။

ဒသသတံ ရတ္တိသတံ၊ အာပတ္တိယော ဆာဒယိတွာန။
ဒသရတ္တိယော ဝသိတွာန၊ မုစ္စေယျ ပါရိဝါသိကော။
ပဉ္ဇာ မေသာ ကုသလေဟိ စိန္တိတာ။ ။

ဒသသတံ အာပတ္တိယော၊ တထောင်သော အာပတ်တို့ကို။ ရတ္တိသတံ၊ ညဥ့်တရာပတ်လုံး။ ဆာဒယိတွာန၊ ဖုံးလွှမ်း၍။ ပါရိဝါသိကော၊ ပါရိဝါသ် စောင့်သော ရဟန်းသည်။ ဒသရတ္တိယောဝ၊ ဆယ်ညဥ့်တို့ပတ်လုံးသာလျှင်။ ဝသိတွာန၊ ပရိဝါသ်စောင့်၍။ မုစ္စေယျ၊ လွတ်ရာ၏။ ဧသာပဉ္ဇာ၊ ဤပြဿနာသည်။ ကုသလေဟိ၊ ဝိနည်းအရာ လိမ္မာကျွမ်းကျင် ပညာရှင်တို့သည်။ စိန္တိတာ၊ ကြံအပ်၏။

ဤကား အဂ္ဃသမောဓာန် မည်၏။

ဝတ်ဆောက်တည်ရာ၌ အဂ္ဃသမောဓာန် ဆောက်တည်ခြင်းကို ရှေးဆရာတော်ကြီးများ လွန်စွာနှစ်သက်ကြကုန်၏။ အဘယ်ကြောင့် နည်းဟူမူ တရက်ဖုံးလွှမ်းအပ်သော အာပတ် တကူဋေ၊ နှစ်ရက် ဖုံးလွှမ်းအပ်သော အာပတ် တကူဋေ စသည်ဖြင့် အာပတ် ကုဋေ ကုဋာ, အသင်္ချေ အသင်္ချာ မရေတွက်နိုင်အောင် ဘယ်လောက်ပင် များသော်လည်း အကြာဆုံး ဖုံးလွှမ်းအပ်သော အာပတ်က ဆယ်ရက်သာ ရှိမည်ဆိုလျှင် အကြာဆုံး ဖုံးလွှမ်းအပ်သော အာပတ်သို့ ပေါင်း၍ ဆယ်ရက် ဝတ်စောင့်လျှင် ထိုဆိုအပ်ပြီးသော အသင်္ချေ အသင်္ချာ မရေတွက်နိုင်သော အာပတ်တို့သည် ပျောက်ခြင်းသို့ ရောက်ကုန် သောကြောင့်တည်း။

ယခုကာလ ရဟန်းတော်များတွင် အချို့သော ပုဂ္ဂိုလ်တို့သည် အာပတ် ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ နှုန်းနက်တိုင်း ဝတ်ထား၍ ဒေသနာ ကြားကြကုန်၏။ ဤသို့ မကြားသော်လည်း လခွဲတိုင်း ဥပုသ်ပြုသောအခါ၌ ဒေသနာကြားကြကုန်၏။ ထိုကြောင့် လခွဲထက်ပို၍ ဖုံးလွှမ်းသူ ရှားပေလိမ့်မည်။ သို့ကြောင့် အဂ္ဃသမောဓာန် ကိုလည်း အလွန်ဆုံး လခွဲလောက်သာ ယူရန်သင့်၏။ အချို့သော ပုဂ္ဂိုလ်တို့သည် အာပတ်သင့်သည်, မသင့်သည်ဟု မသိပဲ ရမ်းဆ၍ စောင့်တတ်ကြကုန်၏။ ထိုကဲ့သို့ အာပတ်သင့်သည်, မသင့်သည်ကို မသိသောသူများသည်ကား ဖုံးလွှမ်းခြင်း အကြောင်းဆယ်ပါးမှ လွတ်ကုန်၏။ ထိုကြောင့် ထိုပုဂ္ဂိုလ်တို့သည် အပ္ပဋိစ္ဆန္န မာနတ်ကိုသာ ယူရန်သင့်၏။

တောကျောင်း၌ တပါးတည်း နေရာ၌ အာပတ်သင့်သည်ဖြစ်၍ သဘောတူ ပုဂ္ဂိုလ်များ အလာကိုစောင့်နေဆဲ လွန်သွားသော ရက်တို့ကို ဖုံးလွှမ်းသော ရက်ထဲသို့ မသွင်းရပေ။ ငါ့ကို မည်သူမျှမသိ၊ ငါ ဒေသနာ မကြားတော့ဘူးဟူ၍ နှလုံးသွင်းမှသာ ဖုံးလွှမ်းရာရောက်၏။ ထိုသို့ ရက်ရှည်လများ ဖုံးလွှမ်းမိပါမူကား အရှည်ဆုံး ဖုံးလွှမ်းသော အာပတ်၌ ပေါင်း၍ အဂ္ဃသမောဓာန ပရိဝါသ်စောင့်အပ်၏။ ။

## သုဒ္ဓန်ထက် အဂ္ဃသမောဓာန် သင့်လျော်ပုံ

အချို့သူတို့သည်-

"အာပတ္တိပရိယန္တံ နဇာနာမိ၊ ရတ္တိပရိယန္တံ နဇာနာမိ။ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ။ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော"

ဟူသော ပါဠိတော်ကို ထောက်၍ အာပတ် ဘယ်လောက်သင့်သင့် သုဒ္ဓန္တ ပရိဝါသ်ကို စောင့်က ကျေသည်ဟု အယူရှိ၍ သုဒ္ဓန္တ ပရိဝါသ်ကို စောင့်ကြကုန်၏။ ပါဠိတော် အလိုမူကား ထိုသူတို့ယူသကဲ့သို့ ဖြစ်ယောင် အဓိပ္ပာယ် ရောက်၏။ အဋ္ဌကထာ၌မူကား ထိုအဓိပ္ပာယ်မျိုး မရောက်။ မဟာသုဒ္ဓန္တမှာ ရဟန်းဖြစ်သောနေ့မှ စ၍ ငါးဝါရလျှင် ငါးနှစ်, ခြောက်ဝါရလျှင် ခြောက်နှစ် စောင့်ရမည်ဟု ဆို၏။ စူဠသုဒ္ဓန္တမှာလည်း အနုလောမ နည်းအားဖြင့် ငါးဝါရသူဖြစ်အံ့၊ ရဟန်းဖြစ်သည်မှ စ၍ ၂ ဝါစင်ကြယ်လျှင် ၂ ဝါကိုချန်၍ ၃ ဝါစောင့်၊ ၃ ဝါ စင်ကြယ်လျှင် ၃ ဝါကို ချန်၍ ၂ ဝါ စောင့်ရမည် ဟု

ဆို၏။ ပဋိလောမနည်းအားဖြင့် ရဟန်းဖြစ်သည်မှ စ၍ တနှစ် မစင်ကြယ်လျှင် တနှစ်စောင့်၊ ၂နှစ်မစင်ကြယ်လျှင် ၂နှစ်စောင့်၊ ၃ နှစ်မစင်ကြယ်လျှင် ၃ နှစ်စောင့်ရမည်ဟုလာ၏။ ထို့ကြောင့် မှန်းဆ၍ ရက်အနည်းငယ်, တလ,နှစ်လ စောင့်ရုံမျှနှင့်ကျေမည့် လက္ခဏာ အရိပ်မထင်။ ထိုအဋ္ဌကထာတို့၏ အလိုကိုထောက်လျှင် သုဒ္ဓန္တပရိဝါသ်ကို မကုစားပဲ နှစ်ရှည်လများနေသော ရဟန်း များသာ စောင့်ရမည့် အခွင့်ရောက်၏။

ထို့ကြောင့် သုဒ္ဓန္တပရိဝါသ်ကို ဆောက်တည် ခြင်းထက် အဗ္ဘသမောဓာန် ပရိဝါသ်ကို ဆောက်တည် ခြင်းက သာ၍ အရေးပါအရာရောက် ကောင်းလှ၏။ ထိုအဂ္ဃသမောဓာန် ပရိဝါသ် တောင်းပုံစသည် အစုံအလင်ကို နောက်၌ အကျယ်ပြ လတ္တံ့။ ■

## မိဿကသမောဓာန်

"မိဿကသမောဓာန်"မည်သည်ကား အကြင် ပရိဝါသ်ကို အထူးထူးသော ဝတ္ထုရှိကုန်သော အာပတ်တို့ကို ပေါင်း၍ပေး အပ်၏။ ထိုသို့ပေးအပ်သော ပရိဝါသ်သည် မိဿကသမော ဓာန်မည်၏။

ထို၌ ဤဆိုလတ္တံ့သည်ကား ပေါင်းနည်းတည်း။

## မိဿကသမောဓာန်တောင်း

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိ ယော အာပဇ္ဇိံ။ ဧကံ သုက္ကဝိသဋ္ဌိံ, ဧကံ ကာယ သံသဂ္ဂံ, ဧကံဒုဋ္ဌုလ္လဝါစံ, ဧကံ အတ္တကာမံ, ဧကံ သဉ္စရိတ္တံ, ဧကံ

ကုဋိကာရံ, ကော ဝိဟာရကာရံ, ကော ဒုဋ္ဌဒေါသံ, ကော အညဘာဂိယံ, ကော သံဃဘေဒကံ, ကော သံဃဘေဒါနုဝတ္တကံ, ကော ဒုဗ္ဗစံ, ကော ကုလဒူသကံ, **သောဟံ တာသံ အာပတ္တိနံ မိဿကသမောဓာန ပရိဝါသံ ယာစာမိ။** ■

ဟု သုံးကြိမ်တောင်းစေ၍ ထိုအားလျော်သော ကမ္မဝါစာဖြင့် **ပေးအပ်၏။**

ဤ၌လည်း "သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော"ဟူ၍လည်းကောင်း၊ "သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ"ဟူ၍ လည်းကောင်း, ရှေး၌ဆိုအပ်ပြီးသော ဝတ္ထု၏ အစွမ်းအားဖြင့်လည်းကောင်း၊ အနှယ်၏ အစွမ်းအားဖြင့် လည်းကောင်း၊ အာပတ်၏ အစွမ်းအားဖြင့် လည်းကောင်း ယှဉ်၍ ကံပြုခြင်းငှာ အပ်သည်သာတည်း။

ထို့ကြောင့် ဤ၌ အသီးကမ္မဝါစာကို ယှဉ်၍ မပြတော့အံ့။ ရှေး၌အလုံးစုံသော အာပတ်နှင့် ဆက်ဆံသည်ကိုပြု၍ ယှဉ်၍ ပြအပ်ပြီးသည်သာလျှင် ဖြစ်သော ကမ္မဝါစာဖြင့် အထူးထူးသော ဝတ္ထုရှိသော အာပတ်တို့မှ ထခြင်း၏ ဖြစ်သင့်သောကြောင့် ဤ၌ ထိုကမ္မဝါစာဖြင့် သာလျှင် သင့်တော်လောက်ပြီ။ ■

မိဿကသမောဓာန ပရိဝါသ် ပြီး၏။

("သမ္ဗဟုလာ အာပတ္တိယော"ဟူ ဆိုက သံဃာဒိသိသ်တဆယ့်သုံးပါးကို ရသောကြောင့် "နာနာဝတ္ထုကာ"မဆိုသော်လည်း ပြီးသည်ဟု ဆိုလို၏။)

ဉတ္တိ ပဌမော ကဏ္ဍော။

ဒုတိယ ကဏ္ဍ

# ပရိဝါသာဒိပက်ကြက အဆုံးအဖြတ်

## ဝတ်စောင့်ဆဲ စသည်၌ ဖောက်ပြန် ရှေ့ရှား၍ ပကတိပြန်ဖြစ်သောအခါ ကျင့်ရပုံ

အကယ်၍ တစုံတယောက်သော ရဟန်းသည် ပရိဝါသ် စောင့်ဆဲ လူထွက်သည် ဖြစ်အံ့၊ သာမဏေမူလည်း ဖြစ်အံ့၊ ဝေဒနာနှိပ်စက်အံ့၊ ရူးသည်ဖြစ်အံ့၊ စိတ်ပျံ့လွင့်သည် ဖြစ်အံ့၊ ဥက္ခိတ္တကဖြစ်အံ့၊ လူထွက်သောသူအားလည်းကောင်း, သာမဏေအားလည်းကောင်း, ဝေဒနာနှိပ်စက်သော သူအားသည်းကောင်း, ရူးသောသူအား လည်းကောင်း, စိတ်ပျံ့လွင့်သော သူအားလည်းကောင်း, ဥက္ခိတ္တကအားလည်းကောင်း,ပရိဝါသ် စောင့်ခြင်းသည် မဖြစ်၊ ထိုသူသည် အကယ်၍ ရဟန်းတဖန် ခံသည် ဖြစ်အံ့၊ ဝေဒနာပျောက်သည်ဖြစ်အံ့၊ မရူးသည် ဖြစ်အံ့၊ စိတ်မပျံ့လွင့်သည် ဖြစ်အံ့၊ တဖန်ပြန်၍ သွင်းအပ်သည် ဖြစ်အံ့၊ ထိုသူအား ထိုရှေးဖြစ်သော ပရိဝါသ်ပေးခြင်းသာလျှင်ဖြစ်၏။

အကြင် ပရိဝါသ်ကို ပေးအပ်၏။ ထိုပရိဝါသ်သည်ကောင်းစွာ ပေးအပ်သော ပရိဝါသ်ဖြစ်၏။ အကြင် ပရိဝါသ်ကို စောင့်အပ်၏။ ထိုပရိဝါသ်သည် ကောင်းစွာ စောင့်အပ်သော ပရိဝါသ်မည်၏၊ ။

(ပရိဝါသ်စောင့်တုန်း လူထွက်သွား, သာမဏေဖြစ်သွားလျှင် လူဝတ်နှင့်နေစဉ်, သာမဏေဝတ်နှင့် နေစဉ်, ပရိဝါသ်

စောင့်ဖွယ်မရှိ။ တဖန် ရဟန်းခံသောအခါ နောက်တဖန် ပရိဝါသ်ပေးဖို့မလို။ ရှေးကပေးအပ်ပြီးဖြစ်သော ပရိဝါသ်အတိုင်းပင် ဖြစ်၏။ စောင့်ပြီး ရက်ကိုလည်း ထပ်မစောင့်ရ, မစောင့်ရသေးသောရက်ကိုလည်း ဆက်စောင့်ရမည်ဟူ၏။ လူထွက်ခြင်း, သာမဏေအဖြစ်သို့ ရောက်ခြင်းကြောင့် မထူးပြီဟူလို။)

ဝေဒနာနှိပ်စက်တတ်သောသူ၊ ရူးသောသူ၊ စိတ်ပျံ့လွင့်သောသူ၊ ဥက္ခိတ္တကဖြစ်သောသူတို့ကို၌လည်း နည်းတူပင်တည်း။ ။

အကယ်၍ မာနတ်ထိုက်စဉ်လည်းကောင်း, မာနတ်ကျင့်စဉ်လည်းကောင်း, အဗ္ဘာန်ထိုက်စဉ်လည်းကောင်း, လူသော်လည်း ထွက်အံ့၊ သာမဏေ အဖြစ်သို့သော်လည်း ရောက်အံ့၊ ရှေးပေးအပ်သော ပရိဝါသ်သည်သာလျှင်ဖြစ်၏။ အကြင်ပရိဝါသ်ကို ပေးအပ်၏။ ထိုပရိဝါသ်သည် ကောင်းစွာ ပေးအပ်သော ပရိဝါသ်ဖြစ်၏။ အကြင်ပရိဝါသ်ကို စောင့်အပ်၏၊ ထိုပရိဝါသ်သည် ကောင်းစွာ စောင့်အပ်သော ပရိဝါသ်မည်၏။ အကြင်မာနတ်ကို ပေးအပ်၏။ ထိုမာနတ်သည် ကောင်းစွာ ပေးအပ်သော မာနတ်ဖြစ်၏။ အကြင် မာနတ်ကို ကျင့်အပ်၏။ ထိုမာနတ်သည် ကောင်းစွာကျင့်အပ်သော မာနတ်မည်၏။ ထိုရဟန်းကို အဗ္ဘာန်သွင်းအပ်၏။ ။

(ပရိဝါသ်စောင့်ပြီးမှ လူထွက်ပြီးပြန်၍ ရဟန်းခံလျှင် ပရိဝါသ် ထပ်မစောင့်ရ၊ မာနတ်ကိုပေးရမည်။ မာနတ်ကျင့်ဆဲထွက်၍ တဖန်ရဟန်းခံလျှင် မာနတ်ကျင့်ပြီးသော ရက်ကို ထပ်မကျင့်ရ။ မကျင့်ရသေးသော ကျန်ရက်ကိုသာ ကျင့်ရမည်။ မာနတ် ကျင့်ပြီးထွက်၍ တဖန်ပြန်၍ ရဟန်းခံလျှင် မာနတ်

မကျင့်ရတော့ပြီ၊အဗ္ဘာန်သွင်းအပ်၏ဟူလို။) ရှေးသောသူ စသည် တို့၌လည်း ထိုနည်းပင်တည်း။ ။

## ဆာရတ္တ အဝိပ္ပာယ်

ဤ၌ အချို့က "ဆာရတ္တံ"ဟု အစ္စန္တသံယောဂ နှင့် ဟောတော်မူခြင်းကြောင့် ၆ ရက်ပတ်လုံး အစဉ်အတိုင်း ကျင့် ရမည်။ အကြား၌ အကယ်၍ တရက်တလေ ပြတ်သွားမူတဖန် ၆ ရက်ပြန်၍ စောင့်ရမည်ဟု ဆိုကြ၏၊ ထိုသို့ဆိုခြင်းသည်-

"ဣခ ပန ဘိက္ခဝေ မာနတ္တံ စရန္တော ဝိဗ္ဘမတိ၊ ဝိဗ္ဘန္တ ကဿ ဘိက္ခဝေ မာနတ္တစာရိယာ န ရူဟတိ၊ သော စေ ဥပသမ္ပဇ္ဇတိ၊ တဿ တဒေဝ ပုရိမံ ပရိဝါသဒါနံ။ ယော ပရိဝါသော ဒိန္နော သုဒိန္နော။ ယော ပရိဝုတ္ထော သုပရိ ဝုတ္ထော။ ယံ မာနတ္တံ စိဏ္ဏံ သုစိဏ္ဏံ။ အာဝသေသံ စရိတဗ္ဗံ"

ဟူသော စူဠဝါပါဠိတော်နှင့် အလွန်ဆန့်ကျင်၏။

ထို့ကြောင့် မာနတ်ကျင့်ဆဲ လူထွက်သော်လည်းကောင်း၊ အခြားကိစ္စ တစုံတခုရှိ၍ အကြားမှာ မာနတ် မကျင့်ရ၍ ပြတ် သွားသော်လည်းကောင်း ကျန်ရက်ကိုသာ ကျင့်ရမည်။ ကျင့်ပြီး ရက်ကို ထပ်၍ မကျင့်ရ ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ မာနတ် ကျင့်ပြီးလူထွက်၍ တဖန်ပြန်၍ဝင်သော ရဟန်းကို မာနတ် ထပ်ကျင့်စေရန်မလို။ အဗ္ဘာန်သာ သွင်းအပ်၏ဟူလို။

## အဗ္ဘာန်သွင်းပြီးနောက် မာနတ်ချရန် မလို

အချို့သောသူတို့သည် အဗ္ဘာန်သွင်းပြီးနောက် မာနတ် ချကြကုန်၏။ ထိုသူတို့အလိုမှာ အကယ်၍ မာနတ်သည် ခြောက် ညဥ့် ကျင့်ပြီ မဟုတ်က အဗ္ဘာန်သွင်းခြင်းကိစ္စ မပြီးစီးသည် ဖြစ်၍ မာနတ်ကို မချလျှင် ကြားရမည်၊ မကြားရသော် အနာ ရောစန ဖြစ်မည်ကြောင့် မာနတ်ကို ချရမည် ဟူ၏။

ဤမာနတ်သည် အပဏ္ဏကပဋိပဒါဖြစ်၍ "သာရတ္တ စိဏ္ဏ" မဖြစ်က "အဗ္ဘာနာရဟ" မဖြစ်၍ အဗ္ဘာန် မသွင်းအပ်။ အကယ်၍ စိဏ္ဏမာနတ္တဖြစ်,မဖြစ်၌ သံသယ မကင်းသေးက လည်း ကင်းအောင် ထပ်စောင့်ရမည်။ စိဏ္ဏမာနတ္တအဖြစ်ကို ပိုင်ပိုင်နိုင်နိုင် သံသယကင်းရှင်းစွာ သိရှိမှသာ အဗ္ဘာန်တက် သည် ဖြစ်ကလည်း ဆိုပြီး သံသယမျိုးကို ရိုးမယ် ဖွဲ့နေစရာ မရှိသဖြင့် အဗ္ဘာန်သွင်းပြီးနောက် မာနတ်ကို ချနေခြင်းသည် အကြောင်းမဲ့သက်သက် အကျိုးမရှိသော အလုပ်သာဖြစ်သည် ဟု သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ ။

## ဝတ် ယူရာ, စောင့်ရာ, ချရာ၌ ထူးပုံ

အဋ္ဌကထာ၌ ပရိဝါသ် ယူသောနေ့ နံနက်၌ပင် အရုဏ် မတက်မီ ပကတတ်ရဟန်းတပါးနှင့် သွားပြီး ဝတ်ကြားရန်၊ ထိုပကတတ်ရဟန်း ပြန်သွားသော်လည်း မိမိ တပါးတည်း နေခဲ့ရန်၊ အရုဏ်တက်သောအခါ ပြန်သွားပြီး ကျောင်းတိုက် ထဲသို့ ရောက်သော်လည်း ရှေးဦးစွာတွေ့သော မကြားရသေး သောရဟန်းကြား၍ ချရန် ခွင့်ပြု၏။

ဋီကာတို့၌လည်း နိက္ခိတ္တဝတ်၌ အာရာမ်အတွင်းရှိ အကုန် လိုက်ကြားရသည် မဟုတ်၊ အဆင်းကို မြင်မှု၊ အသံကို ကြားမှု ကြားရမည်။ ဤကား နိက္ခိတ္တဝတ်၏ အစောင့်အရှောက်တည်း ဟု ဆိုကုန်၏။

မာနတ်ကျင့်ရာ၌လည်း ဤနည်းအတိုင်းပင် မိန့်တော်မူ ကုန်၏။

## တေရသကဏ်ဋီကာ ဆိုပုံ

အယံ ပနေတ္ထ ထေရဿာဓိပ္ပါယော၊ ဝတ္တံ နိက္ခိပိတွာ ပရိဝသန္တဿ ဥပစာရဂတာနံ သဗ္ဗေသံ အာရောစနကိစ္စံ နတ္ထိ။ ဒိဋ္ဌရူပါနံ, သုတသဒ္ဒါနံ အာရောစေတဗ္ဗံ။ အဒိဋ္ဌ အသုတာနမ္ပိ အန္တော ဒွါဒသဟတ္ထ ဂတာနံ အာရောစေတဗ္ဗံ။ ဣဒံ ဝတ္တံ နိက္ခိပိတွာ ပရိဝသန္တဿ လက္ခဏန္တိ။ ။

အယံပန၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤအရာ၌။ ထေရဿ၊ မထေရ်၏။ အဓိပ္ပါယော၊ အလိုတည်း။ ဝတ္တံ၊ ဝတ်ကို။ နိက္ခိပိတွာ၊ ချ၍။ ပရိဝသန္တဿ၊ ပရိဝါသ်စောင့်သောသူအား။ ဥပစာရဂတာနံ၊ ဥပစာသို့ရောက်ကုန်သော။ သဗ္ဗေသံ၊ အလုံးစုံသော သူတို့အား။ အာရောစနကိစ္စံ၊ ကြားလျှောက်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဒိဋ္ဌရူပါနံ၊ မြင်အပ်သော အဆင်း ရှိကုန်သော ရဟန်းတို့အားလည်းကောင်း။ သုတသဒ္ဒါနံ၊ ကြားအပ်သော အသံရှိကုန်သော ရဟန်းတို့အားလည်းကောင်း။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ အဒိဋ္ဌအသုတာနမ္ပိ၊ မမြင်အပ်၊ မကြားအပ် ကုန်သော်လည်း။ အန္တောဒွါဒသ ဟတ္ထဂတာနံ၊ တဆယ့်

နှစ်တောင်အတွင်းသို့ ရောက်ကုန်သော ရဟန်းတို့အား။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ ဣဒံ၊ ဤကား။ ဝတ္တံ၊ ဝတ်ကို။ နိက္ခိပိတွာ၊ ချ၍။ ပရိဝာသန္တဿ၊ ပရိဝါသ် စောင့်သောရဟန်း၏။ လက္ခဏံ၊ မှတ်ကြောင်းတည်း။ ဣတိ၊ ဤကားအလိုဘည်း။

## ဝိသုဒ္ဓါရုံဆရာတော်ကြီးအဆို

ဤဝတ်အကျင့်သည် "အပဏ္ဏက" မချွတ်မယွင်း ကျင့်ရမည့် အကျင့်ဖြစ်ခြင်းကြောင့် ဥပစာအတွင်းသို့ ရောက်သော ရဟန်းဟူသာ ကြားရမည်၊ ထို့ကြောင့် ပရိဝါသ်စောင့်သော ရဟန်းသည် ထိုနေ့ ပရိဝါသ်ယူပြီး ထိုနေ့တိုက်အတွင်းရှိ သံဃာကို အကုန်မကြားနိုင်လျှင် ထိုနေ့ ဝတ်သွား မစောင့်မူ၍ နောက်တနေ့မှာ စောင့်ရမည်။ ဝတ်စောင့်နေတုန်း ပကတတ်များကို အရုဏ်မတက်မီ ပြန်သွားစေခြင်းလည်း မသင့်၊ ဥပစာအတွင်းသို့ ရောက်ပြီး ရဟန်းအားလုံးကို မကြားပဲ တွေ့အပ်သော အဆင် ရှိသောရဟန်း၊ ကြားအပ်သော အသံရှိသော ရဟန်းများကိုသာ ကြား၍ ဝတ်ကို ချခြင်းလည်းမသင့်ဟူ၍ မိန့်တော်မူ၏။ မာနတ်စောင့်ရာ၌လည်း ထို့အတူပင် မိန့်ဆိုတော်မူ၏။

ဤ၌ ဋီကာဝါဒထက် ဝိသုဒ္ဓါရုံဆရာတော်ဝါဒက လေး၏။ ထိုဝါဒအတိုင်းယူ၍ မလွန်နိုင်ချေ။ သို့သော်လည်း ဋီကာဝါဒကို မပယ်အပ်ချေ။

## မာနတ်ကို ကြား၍ချသင့်ပုံ

အထူးမှတ်ချန်ကား မာနတ် စောင့်သောအခါ ကြား၍ ချအပ်၏။ အဘယ့်ကြောင့်နည်း ဟူမူကား အရုဏ်တက်သော

အခါ ဤဘက်နေ့သို့ရောက်လာပြီဖြစ်၍ "ဒေဝသိကံအာရောစေတဗ္ဗံ" ဟူသည်နှင့်အညီ ထိုအရုဏ်တက်သောနေ့အတွက် မကြားရသေးသောကြောင့်တည်း။ အကယ်၍ နံနက် အရုဏ်မတက်မီ ဝတ်စောင့်သွားသည့် အခါ၌ ထိုရဟန်းစု အကုန်ပါသွားပါက သင့်လျော်ပါ၏။ အကယ်၍ မပါလျှင် မပါသောရဟန်းကို ချတုန်ကလည်း မကြားရသေး။ နောက်ထပ် အရုဏ်မတက်မီလည်း မကြားရသေးသဖြင့် အနာရောစနဖြစ်၏။

ဝိနယာလင်္ကာရဋီကာဆရာကလည်း ဤသို့ပင်ဆို၏။

ဝိနယာလင်္ကာရ ဋီကာဆရာ ဆိုပုံ

မာနတ္တံ စရဏကာလေ ပန သမာဒါနေ အာရောစိတေပိ နိက္ခိပနေ အဝဿံ အာရောစေတဗ္ဗမေဝ။ ကသ္မာ ဒိဝသန္တရဘာဝတော၊ ဒေဝသိကံ အာရောစေတဗ္ဗန္တိ ဟိ ဝုတ္တံ။ ဧဝံသန္တေပိ သာယံ သမာဒါနကာလေ အာရောစေဿတိ။ တသ္မာ နိက္ခိပနေ အာရောစနကိစ္စံ နတ္ထီတိ စေ န သာယံ သမာဒါန ကာလေ ဧတေ ဘိက္ခူ အာဂစ္ဆိဿန္တိပိ အနာဂစ္ဆိဿန္တိပိ၊ အနာ ဂတာနံ ကထံ အာရောစေတုံ လဘိဿတိ၊ အနာရောစနေ သတိ ရတ္တိစ္ဆေဒေါ သိယာ၊ တသ္မာ တသ္မိံ ဒိဝသေ အရုဏေ ဥဋ္ဌိတေ ဝတ္တနိက္ခိပနတော ပုရေယေဝ အာရောစေတဗ္ဗံ။

မာနတ္တ စရဏ ကာလေပန၊ မာနတ်ကျင့်ရာ အခါ၌ကား။ သမာဒါနေ၊ ဆောက်တည်သော အခါ၌။ အာရောစိတေပိ ကြားအပ်ပြီးသော်လည်း။ နိက္ခိပနေ၊ ချသောအခါ၌၊ အဝဿံ၊ မချွတ်။ အာရောစေတဗ္ဗမေဝ၊ ကြားအပ်သည်သာလျှင်တည်း။

ဆေသွာ၊ အဘယ်ကြောင့်နည်းဟူမူ။ ဒိဝသန္တရ ဘာဝတော၊ နေ့တပါး ဖြစ်သောကြောင့်တည်း။ ဟိ၊ မှန်၏။ ဒေဝသိကံ၊ နေ့တိုင်း။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဧဝံသန္တေပိ၊ ဤသို့ပင် ဖြစ်သော်လည်း။ သာယံ၊ ညအခါ၌။ ဝါ၊ အရုဏ်မတက်မီ အခါ၌။ အာရောစေသတိ၊ ကြားလတ္တံ။ တသ္မာ၊ ထိုကြောင့်။ နိက္ခိပနေ၊ ချသောအခါ၌။ အာရောစနကိစ္စံ၊ ကြားဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိစေ၊ ဤသို့ဆိုငြားအံ့။ န၊ မဆိုသင့်။ သာယံ၊ ညအခါ၌။ ဝါ၊ အရုဏ်မတက်မီအခါ၌။ သမာဒါနကာလေ၊ ဆောက်တည်သောအခါ၌။ ဧတေဘိက္ခူ၊ ထိုနံနက်က မကြားရသေးသော ရဟန်းတို့သည်။ အာဂစ္ဆိဿန္တိပိ၊ လာမူလည်း လာကုန်ရာ၏။ အနာဂစ္ဆိဿန္တိပိ၊ မလာမူလည်း မလာကုန်ရာ။ အနာဂတာနံ၊ မလာကုန်သော ရဟန်းတို့အား။ အာရောစေတုံ၊ ကြားခြင်းငှာ။ ကထံလဘိဿတိ၊ အဘယ်မှာ ရနိုင်အံ့နည်း။ အနာရောစနေ၊ မကြားခြင်းသည်။ သတိ၊ ရှိသော်။ ရတ္တိစ္ဆေဒေါ၊ ညဉ့်ပြတ်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ တသ္မာ၊ ထိုကြောင့်။ တသ္မိံ ဒိဝသေ၊ ထိုနေ့၌။ အရုဏော၊ အရုဏ်သည်။ ဥဋ္ဌိတော၊ တက်သည်ရှိသော်။ ဝတ္တနိက္ခိပနတော၊ ဝတ်ချသည်မှ။ ပုရေယေဝ၊ ရှေး၌သာလျှင်။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။

## သုဒ္ဓန်, အဂ္ဃသမောဓာန်၌ အပ္ပဋိစ္ဆန္နမာနတ် ပါပုံ

ဤ၌ အချို့က သုဒ္ဓန်, အဂ္ဃသမောဓာန် ပရိဝါသ် စောင့်လျှင် မာနတ်တက်သောအခါ မဖုံးလွှမ်းအပ်သော အပ္ပဋိစ္ဆန္န

အာပတ်မပါ။ သို့ကြောင့် သုဒ္ဓန္တပရိဝါသ်၊ အဂ္ဃသမောဓာန် ပရိဝါသ် စောင့်ပြီး၊ မာနတ်ကျင့်ပြီးသော်လည်း ဖုံးလွှမ်းအပ်သော အပ္ပဋိစ္ဆန္နအာပတ်များအတွက် အပ္ပဋိစ္ဆန္နမာနတ် တခြားကျင့်ရဦးမည်မှတ်၍ အပ္ပဋိစ္ဆန္နမာနတ် တခြားကျင့်ကြ၏။ ထိုသို့ကျင့်ရန်မလို။ မာနတ်ယူသောအခါပေါင်း၍ ပဋိစ္ဆန္န၊ အပ္ပဋိစ္ဆန္န နှစ်ခုလုံးအတွက် ယူလျှင် အပ္ပဋိစ္ဆန္နအတွက် တခြားသန့်သန့် မာနတ်ကျင့်ရန် မလိုတော့ပြီ။

ယခုကာလ စောင့်သောသုဒ္ဓန်၊ အဂ္ဃသမောဓာန် ကမ္မဝါစာ၌ ပဋိစ္ဆန္န၊ အပ္ပဋိစ္ဆန္န မာနတ်ပေါင်းလျက်ပါပြီးဖြစ်၍ ယခုကာလ ယူကြသော သုဒ္ဓန်၊ အဂ္ဃသမောဓာန်ကို ယူလျှင် အပ္ပဋိစ္ဆန္န မာနတ်အတွက် အသီး အခြား မာနတ် စောင့်ဘွယ်မရှိ ဖြစ်သည်။ အပ္ပဋိစ္ဆန္န မာနတ်ကို သီးခြားယူရန် မလိုကြောင်းကို ရှေးက အကျယ်ဆိုခဲ့ပြီ။

အပ္ပဋိစ္ဆန္နမာနတ်၊ အဂ္ဃသမောဓာန်၊ သုဒ္ဓန်တို့ကို ရှေးက ပြဆိုခဲ့ပြီး ဖြစ်သော်လည်း အလွယ်တကူ သုံးစွဲနိုင်စေခြင်းငှာ ရှေးဆရာတော်ကြီးများ လက်ထက်မှစ၍ ယခုအထိ သမားရိုးကျ အများ သုံးစွဲနေကြသော အပ္ပဋိစ္ဆန္န၊ အဂ္ဃသမောဓာန်၊ သုဒ္ဓန်တို့ကို အသီး အခြား ပြဆိုဦးအံ့။

### အပ္ပဋိစ္ဆန္နမာနတ်ဘောင်း

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သော ဟံ ဘန္တေ

သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဟု သုံးကြိမ်တောင်း....

### အပ္ပဋိစ္ဆန္န မာနတ်ပေးကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ဒဒေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ဒေတိ။ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ ။

ဒိန္နံ သံဃေန တိဿော ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ။ ။

## အပ္ပဋိစ္ဆန္န မာနတ် ဆောက်တည့်ကြောင်း

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သော ဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သောဟံ မာနတ္တံ စရာမိ။ ဝေဒယာ မဟံ ဘန္တေ။ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

မာနတ်ကျင့်ပုံကို ရှေး၌ အကျယ်ပြအပ်ပြီ။ မာနတ်ကျင့်၍ ၆-ရက်လွန်ပြီးသည်ရှိသော် အဗ္ဘာန်တောင်းအပ်၏။

## အပ္ပဋိစ္ဆန္န အဗ္ဘာန်တောင်း

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ဟု သုံးကြိမ်တောင်းအပ်၏။

## အပ္ပဋိစ္ဆန္န အဗ္ဘာန် ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ။ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ။ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ။ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ။ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ။ ။

အပ္ပဋိစ္ဆန္န မာနတ် အဗ္ဘာန် ပြီး၏။

## အဂ္ဃသမောဓာန် ပရိဝါသ်တောင်း

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော ။ပ။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစာမိ။
ဟုသုံးကြိမ်တောင်း။ ။

## အဂ္ဃသမောဓာန် ပရိဝါသ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော။ ပ။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ

အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ဒဒေယျ၊ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော။ပ။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစတိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ဒေတိ။ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသဿ ဒါနံ။ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ပ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ ။

ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာပပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသော။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

## အဂ္ဃသမောဓာန်

### ပရိဝါသ်ဆောက်တည်၊ ပရိဝါသ်ကြား

**ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။**

**အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာအာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော။ပ။သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာအာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိံ။ တဿမေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ အဒါသိ။ သောဟံ ပရိဝသာမိ၊ ဝေဒယာမဟံ ဘန္တေ။ ဝေဒယတီတိ မံ သံဃော ဓာရေတု။**

တပါးမှာ“သ္မာ”၊ နှစ်ပါးမှာ“န္တာ”၊
သုံးပါးမှာ“န္တော”၊ လေးပါးမှာ“သံဃော”။ ။

တပါးမှာ “အာယသ္မာ”၊ နှစ်ပါးမှာ “အာယသ္မန္တာ”၊ သုံးပါးမှာ “အာယသ္မန္တော”၊ လေးပါးမှာ “သံဃော” ဟုကြား။

“ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ”ဟု ဆို၍ချ။ ။

အဂ္ဃသမောဓာနပရိဝါသ် စောင့်ပြီးသော ရဟန်းသည် အကြင် အာပတ်တို့သည် မဖုံးလွှမ်းအပ်ကုန်။ ထိုအာပတ်တို့ကို ပါ ရော၍ အဂ္ဃသမောဓာနမာနတ်ကို တောင်းအပ်၏။ ။

**အဂ္ဃသမောဓာနမာနတ်၊ အပ္ပဋိစ္ဆန္နမာနတ် နှစ်ခုရောတောင်းပုံ**

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော။ ပ။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သော ဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ အဒါသိ။ သော ဟံ ပရိဝုတ္ထ ပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သော ဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဟူ၍ သုံးခေါက် ဆိုတောင်း....

**အဂ္ဃသမောဓာနမာနတ်၊ အပ္ပဋိစ္ဆန္နမာနတ်ပေး ကမ္မဝါစာ**

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာ

ယော ။ပ။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထ ပရိဝါသော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒဒေယျ။ သော ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာအာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော။ပ။သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာအာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ

အဂ္ဃသမောဓာန ပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထ ပရိဝါသော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ သာရတ္တံ မာနတ္တံ ယာစတိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ သာရတ္တံ မာနတ္တံ ဒေတိ။ ယဿာ ယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ သာရတ္တဿ မာနတ္တဿ ဒါနံ။ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ပ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ပ။ ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ သာရတ္တံ မာနတ္တံ။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ဟု မာနတ်ပေး။

## အဂ္ဃသမောဓာနမာနတ်၊ အပ္ပဋိစ္ဆန္နမာနတ် အောက်တည့်ကြား

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော။ပ။ သမ္ဗ-

ဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ အဒါသိ။ သောဟံ ပရိဝုတ္ထပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ။ သောဟံ မာနတ္တံ စရာမိ။ ဝေဒယာမဟံ ဘန္တေ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။ဟုကြား။ ချလိုက "မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ" ဆို၍ချ။

ကြားပြီး၍ မချလျှင် နံနက်၌ထိုရဟန်းများ မပါလာက အနာရောစနဖြစ်၍ ဝတ်ပျက်၏။ (၆-ရက် မာနတ်ကျင့်၊ ၆-ရက် ပြည့်သောအခါ အဗ္ဘာန်တောင်း။)

**အဂ္ဃသမောဓာန အဗ္ဘာန်၊ အပ္ပဋိစ္ဆန္နမာနတ် အဗ္ဘာန်တောင်း**

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော။ ပ။

သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ အဒါသိ။ သောဟံ ပရိဝုတ္ထ ပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ။ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။

ဟု သုံးကြိမ်တောင်း။

## အဂ္ဃသမောဓာန အဗ္ဘာန်, အပ္ပဋိစ္ဆန္န အဗ္ဘာန် ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော။ပ။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာအာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေနသမောဓာနပရိဝါသံ ယာစိ။ သံဃော

တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ
အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန
သမောဓာန ပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထ ပရိဝါ
သော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ
အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ
တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ
ဆာရတ္တံ မာနတ္တံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော
တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ
ဆာရတ္တံ မာနတ္တံ အဒါသိ။ သော စိဏ္ဏမာနတ္တော သံဃံ
အဗ္ဘာနံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော
တိဿံ ဘိက္ခုံ အဗ္ဘေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော
ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော
အာပဇ္ဇိ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိ
စ္ဆန္နာယော။ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆ
န္နာယော ။ပ။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိ
စ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ
အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာ
ယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိ။
သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟု
လာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိ
စ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ
အဒါသိ၊ သော ပရိဝုတ္ထ ပရိဝါသော။ အယံ တိဿော

ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿာ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ။ သံဃော တံ ဘိက္ခုံ အဗ္ဘေတိ။ ယဿာ ယသ္မတော ခမတိ တိဿာ ဘိက္ခုနော အဗ္ဘာနံ။ သော တုဏှဿ၊ ယဿ နက္ခမတိ။ သော ဘာသေယျ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ၊ ။

အဂ္ဃသမောဓာန အဗ္ဘာန်, အပ္ပဋိစ္ဆန္န အဗ္ဘာန် ပြီး၏။

ဤသို့ အဂ္ဃသမောဓာန မာနတ် ဟု သာမည မဆိုမူ၍ "အဂ္ဃသမောဓာန မာနတ်, အပ္ပဋိစ္ဆန္န မာနတ်" ဟု ဆိုခြင်းသည် မဖုံးလွှမ်းအပ်သော အာပတ်ပါ ပါသွားပြီး ဖြစ်၍ အပ္ပဋိစ္ဆန္နအာပတ် အတွက် အသီးအခြား မာနတ် ကျင့်ရန် မလိုသည့် အဖြစ်ကို သိစေလို၍ ဖြစ်သည်။ ။

## သုဒ္ဓန္တပရိဝါသ် တောင်း

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ အာပတ္တိ ပရိယန္တံ နဇာနာမိ။ ရတ္တိ ပရိယန္တံ နဇာနာမိ။ အာပတ္တိ ပရိယန္တံ နဿရာမိ။ ရတ္တိ ပရိယန္တံ နဿရာမိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိပရိယန္တေ ဝေမတိကော။ သော ဟံ ဘန္တေ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစာမိ။ ။

ဟု သုံးခေါက်တောင်း....

## သုဒ္ဓန္တ ပရိဝါသ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ အာပတ္တိ ပရိယန္တံ နဇာနာတိ။ ရတ္တိ ပရိယန္တံ နဇာနာတိ။ အာပတ္တိပရိယန္တံ နဿရတိ။ ရတ္တိ ပရိယန္တံ နဿရတိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိပရိယန္တေ ဝေမတိကော။ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ဒဒေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ အာပတ္တိ ပရိယန္တံ နဇာနာတိ။ ရတ္တိ ပရိယန္တံ နဇာနာတိ။

အာပတ္တိ ပရိယန္တံ နသရတိ။ ရတ္တိ ပရိယန္တံ နသရတိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိ ပရိယန္တေ ဝေမတိကော။ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစတိ။ သံဃော တိဿာ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ဒေတိ။ ယဿာ ယသ္မတော ခမတိ တိဿာ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသဿ ဒါနံ၊ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ပ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ပ။ ။

ဒိန္နော သံဃေန တိဿာ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသော၊ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ။ ။

ဤသို့ ပရိဝါသ်ပေး။

## သုဒ္ဓန္တပရိဝါသ်ကြား

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ အာပတ္တိ ပရိယန္တံ နဇာနာမိ။ ရတ္တိပရိယန္တံ နဇာနာမိ။ အာပတ္တိ ပရိယန္တံ နသရာမိ၊ ရတ္တိ ပရိယန္တံ နသရာမိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိ ပရိယန္တေ ဝေမတိကော။ သော ဟံ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစိံ။ တဿ မေ သံဃော

တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ။ သောဟံ ပရိဝသာမိ၊ ဝေဒယာမဟံ ဘန္တေ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

ဟု ကြား။ ။ပရိဝါသ် ဆောက်တည်ပြီး၍ ရက်စေ့သော အခါ မဖုံးလွှမ်းအပ်သော အာပတ်တို့၏ အပ္ပဋိစ္ဆန္နမာနတ်နှင့် ပေါင်း၍ "သုဒ္ဓန္တ သမောဓာန မာနတ်ကို" တောင်း။

သုဒ္ဓန္တ သမောဓာန မာနတ်တောင်းပုံ

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ အာပတ္တိ ပရိယန္တံ နပ္ပဇာနာမိ၊ ရတ္တိပရိယန္တံ နပ္ပဇာနာမိ။ အာပတ္တိ ပရိယန္တံ နဿရာမိ၊ ရတ္တိ ပရိယန္တံ နဿရာမိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိ ပရိယန္တေ ဝေမတိကော။ သောဟံ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထ ပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဟုသုံးကြိမ်တောင်း။

## သုဒ္ဓန္တ သမောဓာန မာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ အာပတ္တိ ပရိယန္တံ နဇာနာတိ၊ ရတ္တိ ပရိယန္တံ နဇာနာတိ။ အာပတ္တိ ပရိယန္တံ နဿရတိ။ ရတ္တိ ပရိယန္တံ နဿရတိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိ ပရိယန္တေ ဝေမတိကော။ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထပရိဝါသော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒဒေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ အာပတ္တိ ပရိယန္တံ နဇာနာတိ။ ရတ္တိ ပရိယန္တံ နဇာနာတိ။ အာပတ္တိ ပရိယန္တံ နဿရတိ။ ရတ္တိ ပရိယန္တံ နဿရတိ။ အာပတ္တိပရိယန္တေ ဝေမတိကော။ ရတ္တိ ပရိယန္တေ ဝေမတိကော။ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ။

သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထပရိဝါသော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ။ ယဿာ ယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တဿ ဒါနံ။ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

ဟု မာနတ်ပေး။ ။

သုဒ္ဓန္တသမောဓာန မာနတ်ကြားပုံ

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ အာပတ္တိ ပရိယန္တံ နဇာနာမိ။ ရတ္တိ

ပရိယန္တံ နဇာနာမိ။ အာပတ္တိ ပရိယန္တံ နဿရာမိ။ ရတ္တိပရိယန္တံ နဿရာမိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိ ပရိယန္တေ ဝေမတိကော။ သော ဟံ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ။ သော ဟံ ပရိဝုတ္ထ ပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သော ဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ။ သော ဟံ မာနတ္တံ စရာမိ။ ဝေဒယာမဟံ ဘန္တေ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။ဟု မာနတ်ကိုကြား။။

ကြားပြီး အရုဏ်တက်၍ ချသောအခါ ကြား၍ချ။ ။

## သုဒ္ဓန္တသမောဓာန အဗ္ဘာန်တောင်း

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ အာပတ္တိ ပရိယန္တံ နဇာနာမိ။ ရတ္တိ ပရိယန္တံ နဇာနာမိ။ အာပတ္တိ ပရိယန္တံ နဿရာမိ။ ရတ္တိ ပရိယန္တံ နဿရာမိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိ ပရိယန္တေ ဝေမတိကော။ သော

ဟံ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ။ သောဟံ ပရိဝုတ္ထ ပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ။ သောဟံ ဘန္တေ ဝိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။

ဟုသုံးခေါက် တောင်း....

## သုဒ္ဓန္တ သမောဓာန အဗ္ဘာန်ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ အာပတ္တိ ပရိယန္တံ နဇာနာတိ။ ရတ္တိ ပရိယန္တံ နဇာနာတိ။ အာပတ္တိ ပရိယန္တံ နဿရတိ။ ရတ္တိ ပရိယန္တံ နဿရတိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိ ပရိယန္တေ ဝေမတိကော။ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထ ပရိဝါသော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ

တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ။ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ အာပတ္တိ ပရိယန္တံ နဇာနာတိ။ ရတ္တိပရိယန္တံ နဇာနာတိ။ အာပတ္တိ ပရိယန္တံ နဿရတိ။ ရတ္တိပရိယန္တံ နဿရတိ။ အာပတ္တိ ပရိယန္တေ ဝေမတိကော။ ရတ္တိပရိယန္တေ ဝေမတိကော။ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထ ပရိဝါသော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ။ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ။ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ။ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ။ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ။ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဝေမတ္တံ ဝဒါမိ။ပ။ ။

တတိယမ္ပိ ဝေမတ္တံ ဝဒါမိ။ပ။ ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု။ခမတိ သံဃဿ။
တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

သုဒ္ဓန္တပရိဝါသ်ပြီး၏။

## "သမ္ဗဟုလ" ပုဒ်နှင့်စပ်၍ သိမှတ်ဘွယ်

သမ္ဗဟုလ-၌ "သမ္ဗဟောတီတိ သမ္ဗဟုလံ၊ သံပုဗ္ဗော ဟု သတ္တာယံ၊လော၊ ပဿ ဗော၊ သမ္ဗဟုလမ္ပိ" ဟူသော အဘိဓာနပ္ပဒီပိကာသူစိ အလိုအားဖြင့် "သမ္ဗဟုလ-သမ္ဗဟုလ" ၂ချက် သင့်၏။ ။"သမ္ဗဟောတီတိ သမ္ဗဟုလံ၊ လော" ဟူသော အဘိဓာနဋီကာ၌ "သမ္ဗဟုလ"၊ သဒ္ဒနီတိ၌ ဟုဓာတ်- ဟူဓာတ် နှစ်ချက်ရှိသည်ကို ထောက်က သမ္ဗဟု- သမ္ဗဟူလ နှစ်ချက် သင့်၏။ "ဟု သတ္တာယံ" မရှိ၊ "ဟူ-သတ္တာယံ" ဟူ၍သာ ရှိသော ဓာတ်ကျမ်း အလိုအားဖြင့် "သမ္ဗဟူလ"သာ သင့်၏။

ငါတို့ကား- အလုံးစုံသော သက္ကတ ကျမ်းတို့၌ အများ ဟော "ပဟု" သဒ္ဒါ မရှိ၊ "ဗဟု" သဒ္ဒါသာ ရှိသည်ကို ထောက်၍လည်းကောင်း၊ များသော အားဖြင့် ပါဠိတော် တို့၌ 'သမ္ဗဟုလ' သဒ္ဒါကိုသာ တွေ့ရသောကြောင့် လည်းကောင်း "ဗဟုမှိ သင်္ချာနေ အသင်္ချေ ဗဟုလော၊ သံသုဋ္ဌု ဗဟုလော သမ္ဗဟုလော" ဟူသောကစ္စည်း၊ ရူပသိဒ္ဓိတို့ အရ "ဗဟုလ" ၌ သံသဒ္ဒါယှဉ်၍ "သမ္ဗဟုလ" ကိုသာ နှစ်သက်ကုန်၏။ ။

(၁)အပ္ပဋိစ္ဆန္နမာနတ်၊

(၂)အဂ္ဃသမောဓာန်၊

(၃) သုဒ္ဓန္တ တို့ကို ယခုတာလ အသုံးများကြသဖြင့် ၎င်းသုံးမျိုးကို အလွယ်တကူ အသုံးပြုနိုင်ရန် ဤ၌ သီးခြားပြ ထားအပ်သည်။

မာနတ်တက်သောအခါ အပ္ပဋိစ္ဆန္န မာနတ်ပါ ပါသွားပြီး အဖြစ်ကို သိစေခြင်း အကျိုးငှါ "သမောဓာန မာနတ်၊ အဂ္ဃသမောဓာန မာနတ်၊ အပ္ပဋိစ္ဆန္န မာနတ်" စသည်ဖြင့် စာခေါင်း တပ်လိုက်သော်လည်း အထူး မဟုတ်၊ ရှေးက သုံးစွဲခဲ့သော သမားရိုးကျ အတိုင်းဖြစ်သည်။ ။

ဣတိ ဒုတိယော ကဏ္ဍော။

ဤ"ပရိဝါသ်မာနတ် အဆုံး အဖြတ်" သည် ၁၂၉၇ ခုနှစ် နတ်တော်လဆန်း ၄ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီ မိနစ် ၂၀ အချိန်တွင် ပြီးဆုံးခြင်းသို့ ရောက်ပြီ။

**ဤတွင်ရှေ့ ပရိဝါသ်မာနတ် အဆုံးအဖြတ်နှင့်**
**ကမ္မဝါစာများ ပြီးပြီ။**

## တတိယ ကဏ္ဍ

# သိမ် အဆုံးအဖြတ်

### "သိမ်"ဟု ခေါ်ပုံ

"သိမ်"ဟူသည် အပိုင်းအခြား ပင်တည်း။ ပါဠိဘာသာ၊ သက္ကတဘာသာ အားဖြင့် "သီမာ"ဟု ခေါ်သည်။

ထိုအပိုင်းအခြားသည် လောကတွင် ရွာ အပိုင်းအခြား၊ မြို့အပိုင်းအခြား၊ နိုင်ငံအပိုင်းအခြားကို ပိုင်းခြားရာ၌ အကျိုးရှိသည်။ သာသနာတော်၌ ဥပုသ်၊ ပဝါရဏာပြုခြင်း၊ ရဟန်းခံခြင်းစသော သံဃာတို့၏ ပြုဖွယ်ကိစ္စ အရပ်ရပ်ကို ပြုလုပ်ရာ၌ အကျိုးရှိသည်။ ထိုစကားမှန်၏၊ သာသနာတော်၌ မည်သည့် အမှုကိုပင် လုပ်လုပ်၊ အားလုံး ညီညွတ်မှသာ ထိုအမှုပြီးမြောက်သည်။ တပါးပါးသော ရဟန်းက သဘောမကျ၍ တားမြစ်လျှင် ထိုအမှု ပျက်စီးရသည်။ အားလုံး ညီညွတ်ရမည်ဟူရာ၌ တကမ္ဘာလုံးရှိ ရဟန်းအားလုံး ညီညွတ်ရမည် မဆိုလို၊ မြတ်စွာဘုရား ခွင့်ပြု၍ ထားအပ်သော အပိုင်းအခြားအတွင်းရှိ ရဟန်းအားလုံး ညီညွတ်ရမည်ဖြစ်သည်။ ထို့ကြောင့် သာသနာတော်၌ ထိုအပိုင်းအခြားကို "သီမာ"သိမ်ဟု ခေါ်သည်။

ထိုသိမ်သည် အလွန်အရေးကြီး၏။ သိမ်နေရာ ကျမှ ကံမြောက်ခြင်းကြောင့် ထိုသိမ်သည် သာသနာတော်၏ရေသောက်မြစ်ကြီးသဖွယ် ဖြစ်၏။

ထို့ကြောင့် ထိုသိမ်၏အကြောင်းကို "ဝိနယသင်္ဂဟာအဋ္ဌကထာ၊ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ၊ ဝိနယာလင်္ကာရဋီကာ၊ သာရတ္ထဒီပနီ၊ ဝဇိရဗုဒ္ဓိ၊ ဝိမတိဝိနောဒနီဋီကာ၊ ကင်္ခါဋီကာ" တို့၌ လာသောစကားရပ်နှင့် တကွ "အာစရိယဝါဒ"ကိုပါ ထည့်သွင်းပြီးလျှင် မကျဉ်းမကျယ် သိလွယ်ရုံသာ ရေးသားပေအံ့။ ။

ထိုသိမ်သည် ဉာတ်ကမ္မဝါစာတို့ဖြင့် ဖွဲ့အပ်သော "ဗဒ္ဓသိမ်"၊ သူ့အလိုအလျောက် ဖြစ်သော "အဗဒ္ဓ" သိမ်ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် တဆယ့်တပါးသော သိမ်ပျက်တို့ကို လွန်မြောက်၍ သုံးပါးသော ပြည့်စုံခြင်းနှင့်ယှဉ်သောနိမိတ် အချင်းချင်းကို စပ်၍ သမုတ်အပ်သော သိမ်သည် "ဗဒ္ဓသိမ်" မည်၏။

## သိမ်ပျက် တဆယ့်တပါး

(၁) နှစ်ကျိပ် တပါးသော ရဟန်းတို့ မစည်းဝေးလောက်သော အလွန် သေးငယ်သော သိမ်။ ။(ယခုကာလ၌ လူ တယောက်၏ နေရာကို ပေ စတုရန်း လေးနှစ်ပိုင်းတပိုင်းပေဟု အစိုးရများသည် သတ်မှတ်၍ထား၏။ ထိုနှုန်းဖြင့်တွက်မူ နှစ်ဆယ့်တစ် အမြောက် လေးနှစ်ပိုင်းတစ်ပိုင်း ညီမျှခြင်း ကိုးဆယ့်လေး နှစ်ပိုင်းတစ်ပိုင်းပေ စတုရန်းရှိမှ နှစ်ကျိပ် တပါး နေလောက်၏၊ ထို့ကြောင့် အနည်းဆုံး အလျား ဆယ်ပေ၊ အနံ ကိုး နှစ်ပိုင်းတစ်ပိုင်းပေရှိမှ သိမ်မြောက်၏။ထိုထက် ကျဉ်းသော သိမ်သည် အလွန် သေးငယ်သောသိမ် မည်၏။)

(၂) အလွန်ကြီးသောသိမ်။ ။လေးထောင့် သိမ်ဖြစ်အံ့၊ ထောင့်တန်း တထောင့်မှ တထောင့်သို့ သုံးယူဇနာထက် ကျယ်သော အလွန် ကြီးလွန်းသောသိမ်။ ။(ယူဇနာ-အရ* ကုလားလေး အတာဖြင့် တိုင်းတာမှ အိန္ဒိယနိုင်ငံရှိ အတိုင်း အရှည်များနှင့် လည်းကောင်း၊ သက္ကတကျမ်းများနှင့် လည်း ကောင်း ညီညွတ်၏။ ထိုအတိုင်းအရှည် အားဖြင့် တိုင်းတာမူ တယူဇနာမှာ အတောင်ပေါင်း ၃၂၀၀၀ ရှိ၍ သုံးယူဇနာ၌ အတောင်ပေါင်း ၉၆၀၀၀ ရှိ၏။ အင်္ဂလိပ်မိုင်အားဖြင့် ၂၇-မိုင်နှင့် ၂-ဖာလုံအတောင် ၈၀ ရှိ၏။)

(၃) ကျိုးသော နိမိတ်ရှိသော သိမ်။ ။(အရှေ့အရပ်မှ စ၍ နိမိတ်ကြားလျှင် အရှေ့တောင်ထောင့် စသောအားဖြင့် အစဉ်အတိုင်းကြားခဲ့၍၊ ပထမ ရှေ့၌ ကြားသော တိုအရှေ့ အရပ်ကို ထပ်၍ကြားရသည်။ ထိုသို့ မကြားလျှင် နိမိတ် ကျိုးသည် မည်၏။)

(တနည်းကား) နိမိတ် မလောက်သော အခွင့်လျှင်အနှစ် ရှိသော သစ်ပင်ကိုလည်းကောင်း၊ သင်ပုတ်၊ မြေပုံ့ သဲပုံတို့တွင် တခုခုကိုလည်းကောင်း၊ အကြားထဲ၌ နိမိတ်ပြု၍ ကြားအပ် သည်ရှိသော် နိမိတ်ကျိုးသည် မည်၏။ ကန်ဒါး၌ကား၌ နိမိတ် အများဖြင့် ကြားရာ၌ အကြား၌ နိမိတ်တခုခု ပျက်သော်

* ကုလားလေးဟူသည် ညှို့မတင်ရသေးမူ လေးတောင် ၁ထွာ၊ ညှို့တင်ပြီးမူ ၄-တောင်ရှိ၏။ တိုင်းတာသောအခါ ညှို့တင်ပြီး ဖြစ်သော တိုင်းတာရသည်။

လည်း နိမိတ်သုံးခုအောင်မှ ကံမပျက်ဟု ဆို၏။ အဋ္ဌကထာ၌ သာမည ဆိုသောကြောင့် မိမိတို့ ကြားအပ်သောနိမိတ်အများမှ တခုခုသော နိမိတ်မအောင်က နိမိတ်ကျိုးသည်ပင်ဟု ယူသင့်၏။ ထို့ကြောင့် မိမိတို့ ကြားအပ်သော နိမိတ် အားလုံး အောင်မြင်မှုကို အထူးသတိပြုအပ်၏။)

(၄) တောင်ရိပ်, တောရိပ်, သစ်ပင်ရိပ်တို့တွင် တခုခုသောအရိပ်ကို နိမိတ်ပြု၍ သမုတ်အပ်သော အရိပ်လျှင် နိမိတ်ရှိသော သိမ်။

(၅) နိမိတ် တခုကိုမျှ မကြားပဲ သမုတ်အပ်သော နိမိတ်မရှိသော သိမ်။

(၆) နိမိတ်ကို ကြားပြီးလျှင် နိမိတ် အပြင်ဘက်မှ နေ၍ သမုတ်အပ်သော, သိမ်ပ၌နေ၍ သမုတ်အပ်သော သိမ်။

(၇) မြစ်၌ သမုတ်အပ်သော သိမ်။

(၈) သမုဒ္ဒရာ၌ သမုတ်အပ်သော သိမ်။

(၉) ဇာတဿရအိုင်၌ သမုတ်အပ်သော သိမ်။

(၁၀) မိမိသိမ်နှင့် သူတပါးသိမ်ကို စပ်၍ သမုတ်အပ်သော သိမ်။

(၁၁) မိမိသိမ်ဖြင့် သူတပါးသိမ်ကို လွှမ်းမိုး၍ သမုတ်အပ်သော သိမ်။

ဤတဆယ့်တလုံးသော သိမ်တို့သည် သိမ်ပျက်တို့ မည်ကုန်၏။ ။(သူတပါး၏ သိမ်ပေါ်သို့ ရဟန်းလေးပါး, လေးပါးအထက် အလွန် နေလောက်အောင် လွှမ်းမိုးလျှင်လွှမ်းမိုးသည်

ဟု ခေါ်အပ်၏။ လေးပါး မနေလောက် အနည်း ငယ်မျှသာ လှမ်းမိုးမှုကား စပ်သည်မည်၏။ ဤကား စပ်ခြင်းနှင့် လှမ်းမိုး ခြင်းတို့၏ ထူးခြားခြင်းတည်း။)

## နိမိတ် ၈-မျိုး

သုံးပါးသော ပြည့်စုံခြင်းနှင့် ယှဉ်သော သိမ် ဟူသော်ကား နိမိတ်နှင့်ပြည့်စုံခြင်း၊ ပရိသတ်နှင့်ပြည့်စုံခြင်း၊ ကမ္မဝါစာနှင့် ပြည့်စုံခြင်းနှင့် ယှဉ်သော သိမ်တည်း။

ထိုတွင် နိမိတ်သည် တောင်၊ ကျောက်၊ တော၊ သစ်ပင်၊ လမ်း၊ တောင်ပို့၊ မြစ်၊ ရေဟူ၍ ရှစ်မျိုးရှိ၏။ ထိုတွင်....

**တောင်နိမိတ်**။ ။တောင်နိမိတ်၌ ခုနစ်တောင်ထွာ ဆင် ပမာဏထက် ကြီးသော မြေသက်သက် ဖြစ်သော တောင်၊ ကျောက်သက်သက် ဖြစ်သော တောင်၊ နှစ်ပါးလုံးရောစပ်သော တောင် ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးလုံးပင် နိမိတ် လောက်၏။ ခုနစ်တောင်ထွာ ဆင်ပမာဏအောက် ယုတ်သော တောင်သည် မအပ်။

ကျောက်နိမိတ်။ ။ကျောက်နိမိတ်၌ အယုတ်ဆုံး ၃၂ပိုလ် အချိန်ရှိသော တင်လဲဆိုင် ပမာဏ ထိုပမာဏထက် ကြီး၍ ခုနစ်တောင်ထွာ ဆင်ပမာဏအောက် ငယ်သောကျောက်သည် နိမိတ်လောက်၏။ ထိုထက်ငယ် ထိုထက်ကြီးသော ကျောက် သည် မအပ်၊ သံတွဲခဲကိုလည်း ကျောက်၌ ရေတွက်အပ်၏။ ၃၂ပိုလ် တင်လဲဆိုင် ပမာဏအောက် ငယ်သော ကျောက်ပုံ၊ သဲပုံ၊ အုတ်ပုံသည် မအပ်။ မြေနှင့်ညီ၍နေသော၊ မြေပေါ်သို့

ပေါ်၍မနေသော ကျောက်ဖျာသည်လည်းကောင်း၊ သစ်ငုတ်ကဲ့သို့ပေါ်၍နေသောကျောက်ဖျာသည်သည် ကောင်း၊ ၃၂ပိုလ်တင်လဲဆိုင်ပမာဏရှိက အပ်၏။ ကျောက်ဖျာသည် မည်မျှပင်ကြီးသော်လည်း တောင်မဟုတ်၊ ကျောက်ဖျာပင် ဖြစ်၏။

## ပိုလ် အဆုံးအဖြတ်

၃၂ပိုလ်ဟူရာ၌ တပိုလ်လျှင် ဒင်္ဂါးချိန် ၄ကျပ် ရှိကြောင်းကို "ဝိသုဒ္ဓါရုံဆရာတော်၊ မှိုင်းခိုင်းဆရာတော်" စသော သုတဓရ ဆရာတော် ဟူသမျှတို့ နိဿံသယ အညီအညွတ် ဆုံးဖြတ်တော်မူကြကုန်၏။ ထောမနိဓိ အဘိဓာန်၊ ပဒ္ဓစန္ဒြကောသ အဘိဓာန်၊ ပကတိဗောဓ အဘိဓာန်၊ နုတနသဗ္ဗတ္တပကာသိကာ အဘိဓာန်၊ အမရကောသအဘိဓာန်တို့၌လည်း တပိုလ်မှာ ဒင်္ဂါးချိန် ၄ကျပ်သားရှိကြောင်းကိုအညီအညွတ်ဆိုကြကုန်၏။ ထို့ကြောင့် တပိုလ်မှာ ဒင်္ဂါးချိန် ၄ကျပ်သားရှိကြောင်းကို နိဿံသယ သန္နိဋ္ဌာန်ကျယုံယုံကြည်ကြည် မှတ်အပ်၏၊ သို့လော သို့သောတွေးတော၍ မယုံမှားအပ်။ တပိုလ်မှာ ဒင်္ဂါးချိန် ၄ကျပ်သားရှိ၍ ၃၂ပိုလ်မှာ ဒင်္ဂါးချိန် ၁၂၈ကျပ်သားရှိ၏။ ၂ပိဿာမှာ ဒင်္ဂါးချိန် ၂၇၅ကျပ်သားရှိသည်ဟု အင်္ဂလိပ် အတွက်ကျမ်းတို့၌ ဆိုသောကြောင့် ပိဿာချိန်အားဖြင့် ၆၃ကျပ်၊ ၁ပဲ၊ ၄ရွေးသာသာရှိ၏။ ထို့ကြောင့် တင်လဲကို ဒင်္ဂါး ၁၂၈ကျပ်နှင့် ချိန်၊ သို့မဟုတ် ပိဿာချိန် ၆၄ကျပ်သားချိန်၊ အခဲလုပ်၊ ထို ထန်းလျက်ခဲနှင့် နှိုင်းယှဉ်ကြည့်၊ ထိုသန်းလျက်ခဲ ပမာဏရှိသော ကျောက်ခဲသည် နိမိတ်လောက်၏။ ထန်းလျက်ခဲ တပိဿာကို

အသေအချာ ချိန်၍ မုန့်သေတ္တာပုံးထဲထည့်ကြည့်ရာ ထု သုံးနှစ်ပိုင်းတစ်ပိုင်းလက်မ၊ ဗျက် ၄လက်မ၊ အရှည် ၉ လက်မရှိ၍ ထုထည်လက်မ ၁၂၇ လက်မသာ ရှိ၏။ အကယ်၍ လုံးပတ် ထွာဆိုင်ရှိသော ကျောက်ခဲဖြစ်က အရှည် ၅လက်မရှိလျှင် ထုထည်လက်မ ၁၂၀လက်မ ရှိ၍ နိမိတ်လောက်ပြီ။ ယခုကာလ သိမ်တိုင်များမှာ အငယ်ဆုံး လုံးပတ် ထွာဆိုင် အရှည်လက်မ ၂၀ ထက် မနည်းရှိကြသည့် အတွက် နိမိတ်လောက်ရုံမက လေး၊ငါး၊ ဆယ်ဆပိုနေပြီ ဖြစ်၍ ကျောက်နိမိတ် ပြုလုပ်၍ ကြားခြင်း၌ အနည်းငယ်မျှ သံသယ မရှိသင့်၊ ။ထိုစကား သင့်စွ။ သစ်ပင်၊ တောတို့မှာလည်း လုံးပတ် လက်သန်း လက်ချောင်းရှိက အပ်၏၊ တောင်ပို့မှာလည်း လုံးပတ် နွားချို အရှည် လက်ရစ်သစ် ရှိက အပ်၏။ ရေမှာလည်း အနည်းငယ်မျှရှိက အပ်၏။ ထိုနိမိတ်များကို [illegible]လျှင်လည်း ဘာမျှသံသယ မရှိသင့်။

တောနိမိတ်။ ။တောနိမိတ်၌ အနှစ် ရှိသော သစ်ပင် အနည်းဆုံး ၃ ပင်ပါသော၊ အယုတ်ဆုံး သစ်ပင် ၄ ပင်ရှိသောတောသည် နိမိတ်လောက်၏။ လေးပင်ထက် ပိုမူကား ဆိုဘွယ်မရှိ။ ပေါ်ထွန်းစသော အနှစ်မရှိသော သစ်ပင်ရှိသော တောသည် မအပ်။ သစ်ပင်၏ လုံးပတ်မှာ လက်သန်းလုံးလောက် ရှိက အပ်ပြီဟု သာရတ္ထ၌ ဆို၏။ ဝိမတိ၌ အငယ်ဆုံးသော ဝါးလုံးပမာဏရှိမှ အပ်မည်ဟုဆို၏။ သာရတ္ထအဆိုကို သဘောကျကြ၏။ ။

**သစ်ပင်နိမိတ်။** ။သစ်ပင်နိမိတ်၌ အတွင်း၌ အနှစ်ရှိသော သစ်ပင်မျိုးဖြစ်၍ လုံးပတ် လက်သန်းလုံးပမာဏ ရှိသော အသက်ရှင်လျက်ရှိသော မြေပေါ်၌ ပေါက်သော သစ်ပင်သည် အပ်၏။ ထိုထက်ငယ်မှု မအပ်။ ဝါးကျည်တောက်၊ ပန်းအိုး စသည်၌ တည်သော သစ်ပင်၊ အနှစ်ရှိသော အမျိုး မဟုတ်သော သစ်ပင်သည် မအပ်။ ဝါးကျည်တောက်အိုးခွက်မှ ထုတ်၍ ထိုခဏ၌မြေတွင် စိုက်အပ်သော သစ်ပင်မူကား အပ်၏။ အကိုင်းအခက်ထွက်ရန် မလို။ အကိုင်းအခက်ကို စိုက်အပ်သော သစ်ပင်မူကား အကိုင်းအခက်ထွက်မှ အပ်၏။

**လမ်းနိမိတ်။** ။လမ်းနိမိတ်၌ ဇတာ၊ မြစ်၊ လယ် စသော အရပ်သို့ သွားသောလမ်းသည် မအပ်။ အနည်းဆုံး နှစ်ရွာ သုံးရွာလို့ ထုတ်ချင်းပေါက် သွားသော လူလမ်း၊ လှည်းလမ်း ကားလမ်း၊ မီးရထားလမ်းသာ အပ်သည်။ လူတို့ အသုံးပြု သောလမ်း၊ လမ်းမကြီးမှခွဲပြီးလျှင် ထိုလမ်းမကြီးသို့ပြန်ပေါင်း သော လူလမ်းတို့ကား မအပ်။ ။

**တောင်ပို့နိမိတ်။** ။တောင်ပို့နိမိတ်၌ ယနေ့ ပေါက်သစ်စ ဖြစ်သော တောင်ပို့ပင် ဖြစ်သော်လည်း အရှည် လက်ရှစ်သစ် လုံးပတ် နွားဦးချို ပမာဏရှိသော တောင်ပို့သည် အပ်၏။ ထိုအောက်ငယ်မှု မအပ်။

**မြစ်နိမိတ်။** ။မြစ်နိမိတ်၌ ဝါဆိုလပြည့်မှစ၍ တန်ဆောင် မုန်းလပြည့်အထိ လေးလအတွင်း၌ ပဆစ်ဒူးဝန်းအောက်လက် ရှစ်သစ်ချ၍ဝတ်လျက် ဆိပ်မှဖြစ်စေ၊ ဆိပ်မဟုတ်သော အရပ်မှ

ဖြစ်စေ ကူးသွားသော ဘိက္ခုနီမ၏ သင်းပိုင်ကို ရေစုတ်လောက် အောင် ရေတည်သောမြစ်သည် အမှန်မှုစ၍ ရေလွှမ်းမိုးရာ အရပ် ဟူသမျှသည် မြစ် မည်၏။ ယခုတာလ အတိုင်းအရှည် အားဖြင့် အနက်ဆုံးနေရာ၌ ရေတပေ၊ သို့မဟုတ် တောင်ဆုပ်ခန့် နက်ရန်သင့်၏။

ရေနိမိတ်။ ။ရေနိမိတ်၌ အိုး-ခွက်စသည်တို့၌ တည်သော ရေသည် နိမိတ်မလောက်။ ရေတွင်း၊ ရေထန် ထုံးအိုင် သမုဒ္ဒရာ စသည်တို့၌တည်သော မစီးသောရေသည်သာ နိမိတ်လောက် ၏။ စီး၍နေသောရေသည် နိမိတ်မလောက်။ ယုတ်သောအပိုင်း အခြားအားဖြင့် ဝက်တူးသောတွင်း ကလေးများ ကစားသော တွင်း၊ ထိုခဏ၌ တူးသောတွင်းတို့၌ ရေအိုင်ဖြည့်ခင်း၍ လောင်း အပ်သော ရေပင်ဖြစ်စေ နည်းသည်ဖြစ်စေ၊ များသည်ဖြင်စေ၊ နိမိတ်ကြားသည်မှစ၍ ကမ္မဝါစာဆုံးသည့်တိုင်အောင် တည် သောရေသည် နိမိတ်လောက်၏။ ။ဆိုအပ်ခဲ့ပြီးသော နိမိတ် တို့တွင် တမျိုးတည်းနှင့်ဖြစ်စေ၊ နှစ်မျိုး သုံးမျိုး စသည်ရောစပ်၍ ဖြစ်စေ၊ ရှစ်မျိုးလုံးနှင့်ဖြစ်စေ၊ သင့်လျော်သော အရပ်၌ သင့် လျော်သော နိမိတ်ကို အယုတ်ဆုံး သုံးခုထက်မနည်း ပြုလင်၍ နိမိတ်ကိုကြား၍ သမုတ်အပ်သော သိမ်သည် နိမိတ်ပြည့်စုံခြင်း နှင့် ယှဉ်သော သိမ် မည်၏၊ နိမိတ် သုံးခုထက်နည်း မှု မအပ်၊ ပိုလျှင် အရာမကသော်လည်း အပ်၏။

နိမိတ် ကြားပုံ

ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ၊)

ဧတံ ဥဒကံ နိမိတ္တံ။ ။(ဧဝံ ဘန္တေ။)

ပုရတ္ထိမာယဒိသာယ၊ အရှေ့မျက်နှာအရပ်၌။ နိမိတ္တံ၊ ဤသိမ်၏ အပိုင်းအခြားအမှတ်အသား နိမိတ်ကား။ ကိံ၊ အဘယ်နည်း။

(ဘန္တေ၊ အရှင်ဘုရား။ ဥဒကံ၊ ရေပါဘုရား။)

ဣဒံဥဒကံ၊ ဤရေသည်ပင်လျှင်။ နိမိတ္တံ၊ ဤသိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်တည်း။

(ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဟုတ်ပါ၏ဘုရား။)

အရှေ့အရပ်၌ ဤသိမ်၏အပိုင်းအခြား အမှတ်အသားနိမိတ်ကား အဘယ်နည်း။ (ရေပါဘုရား။) ဤရေသည်ပင်လျှင် ဤသိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်တည်း။ (ဟုတ်ပါ၏ဘုရား။) ဤနည်းအတိုင်း ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ။ပ။ ဥတ္တရာယ အနုဒိသာယ ကိံ နိမိတ္တံ။ပ။ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ။) ဣဒံ ဥဒကံ နိမိတ္တံ။ (ဧဝံ ဘန္တေ)ဟု ကြား၊ ။အခေါ်ကနေ ကြားလျှင် "ဧတံ ဥဒကံ နိမိတ္တံ"ဟု ဆို။ အမေးမှာ ရဟန်းမေးမှအပ်၏။ အဖြေ၌ကား ရဟန်း၊ ရှင် လူ မည်သူမဆို ဖြေနိုင်သည်။ ။သိမ်နိမိတ်ကြားပုံ ပ ဋ္ဌ အပြည့်အစုံကို နောက်၌ပြထားသည်။ ။ပရိသတ် ပြည့်စုံခြင်းနှင့် ယှဉ်သော သိမ် ဟူရာ၌ အယုတ်ဆုံး ၄ ပါးအောက် မယုတ်မူ၍ သမုတ်လတ္တံ့သော သိမ်၏ တည်ရာ ဂါမခေတ် အတွင်း၌ရှိသော ရဟန်းအားလုံးကို ဟတ္ထပါသ်သို့ ဆောင်၍ ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏ဆန္ဒကို ဆောင်၍ သမုတ်အပ်သော သိမ်သည် ပရိသတ်ပြည့်စုံခြင်းနှင့်ယှဉ်သော သိမ်မည်၏။

ကမ္မဝါစာပြည့်စုံခြင်းနှင့် ယှဉ်သော သိမ်မည်သည်ကား- သုဏာတု မေ-စသော သိမ်သမုတ်ကမ္မဝါစာဖြင့် ရွတ်ဖတ်သမုတ်အပ်သော သိမ်သည် ကမ္မဝါစာပြည့်စုံခြင်းနှင့်ယှဉ်သော သိမ်မည်၏။

## မဟာသိမ်ပေါ်သို့ ဝိသုံဂါမ ရောက်နေပုံ




ဤပုံ၌ မိမိတို့ သမုတ်လျှော့သော သိမ်နေရာသည် မဟာသိမ် အတွင်းသို့ ရောက်နေသည့်အတွက် မိမိတို့ သမုတ်လျှော့သော ဝိသုံဂါမအတွင်း တနေရာရာက နုတ်သိမ်းမိသောအခါ ထိုမဟာသိမ်ကြီး ကျွတ်ပြီဟု၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။

အကယ်၍ များစွာသော နေရာတို့က အကြိမ်များစွာ နုတ်ပြန်မူကား ပြောဖွယ်မရှိ၊ အတပ်သင့်ဖြစ်၏။ အထူး သတိပြုရန်ကား ယခုနည်းအတိုင်း မဟာသိမ်ကြီးများ ရှိနေခဲ့က ဝဂ်မပြတ်ရန် မိမိတို့ ကျောင်းတိုက်၌ သံဃာကိုလည်းကောင်း၊ ကျောင်းတိုက်နှင့် အတောင် ၂-ဆာ, ၃-ဆာရှိ, အနီးအနား

ကျောင်းက သံဃာများကိုလည်းကောင်း ပင့်အပ်၏။ မလာနိုင်ကာ ဆန္ဒတောင်းအပ်၏။ ။

## အခြား ဗဒ္ဓသိမ်တို့နှင့် အမျိုးမျိုး ငြိတွယ်နေပုံ




သီမန္တရိကကို ၁၀-တောင်, ၉-တောင်ထက်မနည်းထား၍ သိမ်ကို နုတ်သောအခါ အနီးအနားရှိ ဗဒ္ဓသိမ်ထဲသို့ ရဟန်း ၄-ပါး ရောက်၍ သိမ်နုတ် ကမ္မဝါစာကို ရွတ်ဆိုမိသောအခါ အနီးအနားရှိ ဗဒ္ဓသိမ်များ ကျွတ်၍ သွားပြီဖြစ်သဖြင့် မိမိတို့ သမုတ်အပ်သောသိမ် ထမြောက် အောင်မြင်ခြင်းသို့ ရောက်ပြီဟူ၍ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။ ။

## သိမ် နုတ်ပုံ

သိမ်ကို သမုတ်ရာ၌ သိမ်ပျက် ၁၁-ပါးတို့တွင် မိမိသိမ်နှင့် သူတပါးသိမ်ကိုစပ်၍သမုတ်အပ်သောသိမ်၊ မိမိသိမ်ဖြင့် သူတပါး သိမ်ကို လွှမ်းမိုး၍ သမုတ်အပ်သော သိမ်ဟူသော သိမ်ပျက် နှစ်ပါးကို လွန်မြောက်ရန် သိမ်ရှိသည်ဟုသိက သိမ်နှင့်မစပ်စေပဲ ထိုသိမ်ကို မလွှမ်းမိုးစေပဲသမုတ်ရန် လွယ်ကူ၏၊ အဆောယ်၍ မသိခဲ့လျှင် သမ္မောဒ၊ အဇ္ဈောတ္တရကာတို့မှ ထင်းလွှတ်အောင် ပြုလုပ်ရန် ခဲယဉ်း၏၊ ထိုသို့ အဇ္ဈောတ္တရကာ၊ သမ္မောဒတို့မှ လွတ်စေခြင်းငှာ မိမိသမုတ်မည်ဟု သတ်မှတ်ထားသောနေရာ၊ ထိုနေရာအပြင်ဘက် ရှစ်တောင်၊ ကိုးတောင်ခန့် ပိုထွက်စေ၍ ထိုအတွင်း ရှိ ခြေရာ၌ ဟတ္ထပါသ်ချင်း စပ်မိအောင် သိမ်နုတ် ကမ္မဝါစာဖြင့် သိမ်ကိုနုတ်အပ်၏။

ထိုသို့နုတ်ရာ၌ "ဝိမတိဝိနောဒနီဋီကာ၊ ဝိနယာလင်္ကာရ ဋီကာ ဆရာတော်"တို့ကား-ထိုသိမ်ရာ၌ အလျား လေးတောင်၊ အနံနှစ်တောင်ရှိသော ညောင်စောင်းကွက်ချပြီးလျှင် ညောင် စောင်းကွက် တကွက်၌ ရဟန်း ၄-၅-၆ ပါးစီနေစေ၍ တပါး က ကမ္မဝါစာကို ဖတ်ရွတ်၍ ညောင်စောင်းကွက် စေ့အောင် နုတ်ရမည်ဟူ၍ မိန့်တော်မူ၏။

"ဝိနယဂဏ္ဌိဒွာန ဝိနိစ္ဆယကျမ်းဆရာ" ကား ညောင် စောင်းကွက်ချဖို့လည်း မလို။ ညောင်စောင်းကွက် စေ့အောင် နုတ်ဖို့လည်းမလို၊ ရသမျှရဟန်း အကုန်စု၍ အစွန်ဖြစ်သော

အရပ်ရှစ်မျက်နှာ၌ ရှစ်ကြိမ်၊ အလယ်၌တကြိမ်၊ ကိုးကြိမ်နုတ်လျှင် တော်လောက်ပြီဟု မိန့်ဆိုတော်မူ၏။

ငါတို့ ဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးကား- အကွက်စသည်ကို မပြုလုပ်မူ၍ ရဟန်းရှိသမျှ အကုန်လုံး စီတန်း၍ တတ္ထုပါသ်ချင်း စပ်စေလျက် အရှေ့ဘက်အစွန်းမှ အနောက်ဘက် အစွန်းထိတကြိမ်၊ တောင်ဘက်အစွန်းမှ မြောက်ဘက်အစွန်းထိ တကြိမ်၊ တောင့်တန်းတကြိမ်၊ သုံးကြိမ်နုတ်တော်မူ၏။ ထိုသို့နုတ်ရာ၌ ရဟန်းရှိသမျှအကုန်လုံး ကမ္မဝါစာ ဖတ်ရ၏။ အကုန်မဖတ်နိုင်က တပါးကျော် ဖတ်ရ၏။ အလွတ်ရသူ အလွတ်ရွတ်ရ၏။

ယခု ကာလ၌ ထိုဝိသုဒ္ဓါရုံ ဆရာတော်၏ နုတ်နည်းကို အကြိုက်များကြ၍ ဝိသုဒ္ဓါရုံဆရာတော်ကြီး နည်းအတိုင်း နုတ်ကြသူများ၏။ အရှေ့နှင့်အနောက် နှစ်တောင်တကွက်၊ တောင်နှင့် မြောက် နှစ်တောင်တကွက်၊ လေးကွက်ကျား သဏ္ဍာန် အကွက်ချပြီး တကွက်၌ ရဟန်းတပါးစီနေ၍ မိမိအကွက်အတိုင်း စီတန်းစေ၍ အရှေ့မှအနောက်သို့ တကြိမ်၊ တောင်မှမြောက်သို့ တကြိမ်၊ ထောင့်တန်း တကြိမ်ဟူသော ဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး နုတ်ပုံနည်းအတိုင်း နုတ်ခြင်းသာ သာ၍ကောင်း၏။

ဤ၌ အကွက် ချရမည်ဆိုသော်လည်း ရှေးက ချနည်း အတိုင်း အလျားငါးတောင်၊ အနံနှစ်ထောင်ထွာ ညောင်း စောင်းကွက် မဟုတ်၊ အလျားနှစ်တောင်၊ အနံ နှစ်တောင်ရှိ ရဟန်းတပါးနေလောက်ရုံ လေးထောင့်ကွက် ဖြစ်သည်ကိုလည်း သတိပြု။

## အကွက်ပုံစံ



အကွက် တကွက် တပါးစီ နေ၍ နုတ်သော် မညီသေးဘူး၊ ရှေ့ကိုတိုးပါဦး ဟူ၍လည်း ကောင်း၊ နောက်သို့ ဆုတ်ပါဦးဟူ၍လည်း ကောင်း၊ တပါးနှင့် တပါး သက်နိုး ချင်း မထိပါစေနှင့် ဟူ၍လည်းကောင်း၊ ရှုရှာ ဖွေဖွေ ပြောနေစရာ မရှိသည့်ပြင် အလွန်ကျနေသည်၊ အနီးသို့ ကပ်ပါဦးဟူ၍လည်း ပြောဖို့မရှိသဖြင့် အချိန်မကုန်ပဲ ပြီးလွယ်၍ အကွက်ချ၍ နုတ်ခြင်းသည် အကွက်မချပဲ နုတ်သည်ထက် ကောင်း၏။

အကွက်ချရာ၌ ထုံးကို ရေနှင့်ဖျော်၍ ကရားထဲသို့ ထည့်ပြီးလျှင် အကွက်ချမည့် မျဉ်းကြောင်း၌ ကြိုးတန်းထားပြီးလျှင် ထိုကြိုးအတိုင်း ကရားမှ ထုံးရေကို လျှောက်၍ လောင်းအပ်၏။

## ဝိမတိဋီကာ, ဝိနယာလင်္ကာရဋီကာတို့၌ လာသော နည်းအတိုင်း အလျား ၄-တောင်, အနံ ၂-တောင်ရှိ ညောင်စောင်းကွက်ချ၍ နုတ်သော ပုံစံ




အလယ်မှစ၍ ဂဏန်းစဉ်အတိုင်း လှည့်နုတ်သော် ၅၀-ကွက်သို့ ရောက်လျှင် ပြီး၏။

# အရှေ့မြောက်ထောင့်မှ စ၍
# လူးလားပြန်ခေါက် နှုတ်ပုံ

အရှေ့

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | |
| | ၁၂ | ၁၁ | ၁၀ | ၉ | ၈ | ၇ | |
| မြောက် | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | တောင် |
| | ၂၄ | ၂၃ | ၂၂ | ၂၁ | ၂၀ | ၁၉ | |
| | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | |

အနောက်

အရှေ့မြောက်ထောင့်မှစ၍ တောင်သို့ မျက်နှာပြု၍ တသွယ်၊ တောင်မှစ၍ မြောက်သို့ မျက်နှာပြု၍ တသွယ်၊ ဤနည်းဖြင့် လူးလားပြန် ၅-သွယ်ခေါက်သော် အနောက် တောင်ထောင့်မှာ အကွက် ၃၀-ပြည့်၏။

ဤကား လူးလား ပြန်ခေါက် အထပ်ထပ် နှုတ်နည်းတည်း။

## အလယ်ကွက်မှစ၍ လက်ျာရစ် နှုတ်ပုံ

| | | | | | |
|---|---|---|---|---|---|
| ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ |
| ၂၄ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၂၃ | ၈ | ၁ | ၂ | ၃ | ၁၄ |
| ၂၂ | ၇ | ၆ | ၅ | ၄ | ၁၅ |
| ၂၁ | ၂၀ | ၁၉ | ၁၈ | ၁၇ | ၁၆ |

အလယ်ကွက်မှစ၍ ၂-ကွက်, ၃-ကွက်, ၄-ကွက် စသည်ဖြင့် ဂဏန်းစဉ်အတိုင်း လက်ျာရစ် လှည့်၍ နှုတ်သော် အရှေ့တောင်ထောင့်မှာ အကွက် ၃၀-ပြည့်၏။

ဤကား အလယ်ကွက်မှစ၍ ဂဏန်းစဉ်အတိုင်း လက်ျာရစ် နှုတ်နည်းတည်း။

## အရှေ့စူးစူးမှစ၍

## လက်ျာရစ် လှည့်နုတ်ပုံ

အရှေ့

| မြောက် | | | | | | | တောင် |
|---|---|---|---|---|---|---|---|
| | ၁၇ | ၁၈ | ၁ | ၂ | ၃ | ၄ | |
| | ၁၆ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၅ | |
| | ၁၅ | ၂၈ | ၂၉ | ၃၀ | ၂၃ | ၆ | |
| | ၁၄ | ၂၇ | ၂၆ | ၂၅ | ၂၄ | ၇ | |
| | ၁၃ | ၁၂ | ၁၁ | ၁၀ | ၉ | ၈ | |

အနောက်

အရှေ့စူးစူး ၁-ကွက်မှစ၍ ၂-ကွက်, ၃-ကွက်, ၄-ကွက် စသည်ဖြင့် ဂဏန်းအစဉ်အတိုင်း လက်ျာ အပြင်ရစ်လှည့်သော် အတွင်းအကွက် ၃၀-သို့ ရောက်သောအခါ ဆုံးစေရမည်။

ဤနုတ်နည်းကား လက်ျာရစ် ပြင်ဘက်မှစ၍ အတွင်း အဆုံးထား၍ နုတ်သောနည်းတည်း။

## အရှေ့တောင်ထောင့်မှ စ၍
## ထောင့်တန်းစပ်၍ နုတ်ပုံ

အရှေ့

မြောက် | တောင်

| | | | | | |
|---|---|---|---|---|---|
| ၁ | ၃ | ၆ | ၁၀ | ၁၅ | ၂၀ |
| ၂ | ၅ | ၉ | ၁၄ | ၁၉ | ၂၄ |
| ၄ | ၈ | ၁၃ | ၁၈ | ၂၃ | ၂၇ |
| ၇ | ၁၂ | ၁၇ | ၂၂ | ၂၆ | ၂၉ |
| ၁၁ | ၁၆ | ၂၁ | ၂၅ | ၂၈ | ၃၀ |

အနောက်

အရှေ့ မြောက်ထောင့်မှစ၍ ထောင့်တန်း စပ်ခါ စပ်ခါ ဂဏန်းအစဉ်အတိုင်းနုတ်သည်ရှိသော် အနောက် တောင်ထောင့် အကွက် ၃၀-သို့ ရောက်သောအခါ ပြီး၏။

ဤနုတ်နည်းကား ထောင့်တန်း စပ်ခါ စပ်ခါ နုတ်နည်း တည်း။

## ရက်ကန်းခတ် နှုတ်ပုံ

အရှေ့

| မြောက် | | | | | | တောင် |
|---|---|---|---|---|---|---|
| | ၁ | ၁ | ၁ | ၁ | ၁ | |
| | ၂ | ၂ | ၂ | ၂ | ၂ | |
| | ၃ | ၃ | ၃ | ၃ | ၃ | |
| | ၄ | ၄ | ၄ | ၄ | ၄ | |
| | ၅ | ၅ | ၅ | ၅ | ၅ | |
| | ၆ | ၆ | ၆ | ၆ | ၆ | |

အနောက်

အရှေ့အရပ်မှသည် အနောက်သို့ မျက်နှာမူ၍ ၁-ကွက်တန်း ပြီးဆုံးလျှင် ၂-ကွက်တန်း ၃-ကွက်တန်း စသည်ဖြင့် ၆-ကွက်တန်း တိုင်အောင် နှုတ်ပြီးလျှင် တဖန် ၆-ကွက်တန်းမှ ၅-ကွက်တန်း စသည်ဖြင့် ပြန်၍ ၁-ကွက်တန်းကျအောင် နှုတ်ရာ၏။

ဤနည်းကား ရက်ကန်းခပ် နှုတ်နည်းတည်း။

## ပျားကြီးစွဲ နှုတ်ပုံ

| | | |
|---|---|---|
| ၉ | ၂ | ၃ |
| ၈ | ၁ | ၄ |
| ၇ | ၆ | ၅ |

သံဃာ ၃၀, သံဃာ ၅၀, သံဃာ ၇၀-တို့ ပထမတကွက်မှစ၍ ဂဏန်းစဉ်အတိုင်း သိမ်တွင်း, သိမ်ပြ မသပ် အသပ်ထပ် သံဃာစု မကွဲမပြား ဟတ္ထပါသ်မလွတ် အညီ အညွတ် နေထိုင်ကြ၍ ကမ္မဝါစာ တကြိမ်တကြိမ် ရွတ်၍ နှုတ်ရာ၏။

ဤနှုတ်နည်းကား ပျားကြီး စွဲ နှုတ်နည်းတည်း။

သိမ်နုတ်သောအခါ သိမ်သမုတ်မည့်ကျောင်းတိုက် အတွင်းရှိရဟန်း အကုန်လုံးကို ပင့်အပ်၏။ မလာနိုင်သော ရဟန်းတို့၏ ဆန္ဒကို တောင်းအပ်၏။ မကျွပ်ထိုး၍ သိမ်ကိုနုတ်သော်လည်း အပြစ်မရှိ၍ ကလျာဏီစသော သိမ်များကိုနုတ်ရာ၌ မကျွပ်ထိုး၍ နုတ်ကြောင်းကို-

"ဟံသာဝတီနဂရေ ဓမ္မစေတိယရညော ကလျာဏီယ သီမာဗန္ဓနကာလေပိ ပဌမံ သာလံ ကရိတွာ ပစ္ဆာ သမူဟနိံသု"

ဟု ဝိနယာလင်္ကာရဋီကာ၌ မိန့်တော်မူ၏။

သိမ်စပ်ခြင်းကြောင့် ကံပျက်သည် မဟုတ်၊ ဝင်ကြစ်ခြင်းကြောင့်သာ ကံပျက်၏။ မကျွပ်ထိုးသည့်အတွက် သိမ်ချင်းစပ်ဖွယ်ရှိလိမ့်မည်ဟု သံသယရှိဖွယ် ဖြစ်သော်လည်း တခုခုသော သိမ်းအတွင်းသို့ ရဟန်း ၄-ပါး ရောက်သောအကြိမ်မှာ ထိုသိမ်ကျွတ်ရမည် မုချဖြစ်၏။ ထို့ကြောင့် မကျွပ် ထိုးရာ၌ သံသယရှိဖွယ်မရှိ။ သို့သော်လည်း ပုဂ္ဂိုလ် အများတို့၏ သံသယမှ ကင်းစိမ့်သောငှာ မကျွပ်မထိုးပဲ နုတ်ခြင်းက သာ၍ကောင်း၏။ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးလည်း မကျွပ်မထိုးခြင်းကို သဘောကျ၏။

## သိမ် သမုတ်ပုံ

သိမ်ကို သမုတ်လိုသော ရဟန်းတို့သည် အကြင် ဂါမခေတ်၌ သိမ်ကိုသမုတ်ခြင်းငှာ အလိုရှိ၏။ ထို ဂါမခေတ် အတွင်းရှိ ရဟန်းတို့ကို အကုန်ပင့်ဖိတ်အပ်၏။ မလာနိုင်သော

ရဟန်းတို့၏ဆန္ဒကို ယူအပ်၏။ တတိုက်လုံး သမုတ်အပ်သော သိမ်ရှိသော ရဟန်းတို့ကိုမူကား "တပည့်တော်တို့ ယနေ့ သိမ် သမုတ်ပါမည်။ သိမ်နိမိတ် ကြားမည့်အခါ မကြားမီ ၅-မိနစ် လောက်က ကျောက်စည်၊ခေါင်းလောင်း၊ ကြေးစည်၊ကရဒက်၊ ခရုသင်း၊သေနတ်စသည်တို့တွင် တခုခုဖြင့်အမှတ်သညာပေးပါ မည်။ သိမ်သမုတ်ပြီးသောအခါ၌လည်း အမှတ်သညာ ပေးပါ မည်။ပထမအမှတ်သညာ ပေးသည်မှ စ၍ ဒုတိယ အမှတ်သညာ ပေးသည့်တိုင်အောင် ထိုအတော အတွင်း၌ မိမိတို့သမုတ်ထား အပ်သော ဗဒ္ဓသိမ် အတွင်းမှ ဘယ်ကိုမျှ မထွက်ကြပါနှင့်"ဟု လျှောက်ကြား အပ်၏။ လျှောက်ကြားသည့် အတိုင်းလည်း အမှတ်သညာကို ပြုအပ်၏။

(တနည်းကား) မိမိတို့ သိမ်သမုတ်မည့် ဂါမခေတ်တွင်းရှိ ရဟန်းတို့ထံမှ ည ၈-နာရီ, ၉-နာရီလောက်မှာ ဆန္ဒယူပြီး အမျှားအိပ်ချိန် ၁၂-နာရီလောက်မှာ သမုတ်အပ်၏။

မိမိတို့နေသော ဂါမခေတ်မှ တပါး အခြားသော ဂါမ ခေတ်ကို အတွင်းပြု၍ သိမ်သမုတ်လိုကလည်း သမုတ်နိုင်၏။ အခြားသော ဂါမခေတ်များမှာ သီးခြားသော ဗဒ္ဓသိမ်နှင့်တူ သောကြောင့် အခြားသော ဂါမခေတ်ရှိ ရဟန်းအားလုံးတို့ကို ပင့်ရန်မလို။ ဆန္ဒလည်း ဆောင်ရန် မလို။ မပင့်ပဲနေသော် လည်းကောင်း၊ ဆန္ဒမဆောင်သော်လည်းကောင်း အပြစ်မရှိ။ နိမိတ်အတွင်းရှိ ရဟန်းအားလုံးကိုမူကား ပင့်ဖိတ်အပ်၏။မလာ နိုင်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်၏။

ထိုစကားကို ရှိသေသည်၏ အငွှမ်းအားဖြင့်သာ ဆိုအပ်၏။ မလာသော်လည်း ကံမပျက်။ ။အဝိပ္ပဝါသသိမ် သမုတ်သောအခါ သိမ်အတွင်းရှိ ရဟန်းအားလုံး လာအပ်၏။

ဤသို့ သံဃာစည်းဝေး ပြီး၍ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ပြီးသည်ရှိသော် ထိုထိုသော လမ်း, ထိုထိုသော ရေဆိပ်, ရွာတံခါး စသော အာဂန္တုရဟန်းများ ထွက်ဝင် သွားလာတတ်သော နေရာဟူသမျှတို့၌ အာဂန္တုရဟန်းတို့ကို လျင်မြန်စွာ နိမိတ်အတွင်း မဝင်စေခြင်ငှါလည်းကောင်း၊ သို့မဟုတ် ဟတ္ထပါသ်သို့ ဆောင်ခြင်းငှါ လည်းကောင်း၊ သွက်လက်ချက်ချာသောလူ၊ သာမဏေ၊ အာရာမ်စောင့်တို့ကို စောင့်စေ၍ အချက်ပေးပြီးလျှင် ကမ္မဝါစာကို ဖတ်၍ သမုတ်အပ်၏။ ကမ္မဝါစာ၏ အဆုံး၌ နိမိတ်တို့သည် အပြင်ဘက်မှာ ကျန်နေ၍ နိမိတ်အတွင်းရှိ မြေအားလုံးကို ပျံ့နှံ့၍ မြေကိုခံသော ရေတိုင်အောင်သက်၏။

ထိုနောက် မိမိတို့ သိမ်သည်ရွာ၏ ဥပစာမှ လွတ်ကင်းလျှင် "အဝိပ္ပဝါသသိမ်" ကို သမုတ်အပ်၏။ အကယ်၍ ရွာ၏ ဥပစာမှ မလွတ်မကင်းလျှင် "အဝိပ္ပဝါသသိမ်" ကို ထပ်၍ မသမုတ်အပ်၊ အကယ်၍ သမုတ်ခဲ့လျှင် "ဝဋ္ဌုဝိပ္ပန္နအကမ္မ" ဖြစ်၍ အာပတ်သင့်၏။

ဂါမခေတ်ကြီးက ကျယ်ဝန်းလှသည့် အတွက် ယနေ့ ဆောင်အပ်သောဆန္ဒ ယနေ့ရောက်နိုင်လျှင် နက်ဖြန် သမုတ်မည့်သိမ်အတွက် ယနေ့ကပင် ဆန္ဒ ဆောင်ထား အပ်၏။ ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌ ဤသို့ မိန့်မှာတော်မူအပ်၏။

သုဒ္ဓာန္တပရိဝါသ ဆန္ဒဝါဝါ ပါရိသုဒ္ဓိဝါ ပဝါရဏာဝါ၊ တာယ ကမ္မ ဝါတို ဝဋ္ဋတိ။

သုဒ္ဓန္တပရိဝါသ၊ နက်ဖြန်အလိုငှါ။ ဆန္ဒဝါဝါ၊ ဆန္ဒသည် လည်းကောင်း။ ပါရိသုဒ္ဓိဝါ၊ ပါရိသုဒ္ဓိသည် လည်းကောင်း။ ပဝါရဏာဝါ၊ ပဝါရဏာသည်သည်းကောင်း။ သစေပဟောတိ၊ အကယ်၍ ဖြစ်အံ့။ တာယ၊ ထိုဆန္ဒ၊ ပါရိသုဒ္ဓိ၊ ပဝါရဏာဖြင့်။ ကမ္မ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

ဤကား "ဂါမခေတ်ကြီး"ကို သိမ်း၍ သမုတ်အပ်သော သိမ်ကို ပြဆိုအပ်သော စကားတည်း။

အကယ်၍ ထိုမျှမကျယ် သေးငယ်သော "ဝိသုံဂါမခေတ်" အတွင်း၌ သမုတ်အပ်သောသိမ် ဖြစ်အံ့၊ ထိုကဲ့သို့ အသင်ပန်း ခံ၍ သိမ်းဘွယ်မရှိ၊ မိမိတို့ "ဝိသုံဂါမခေတ်" အတွင်းရှိ သံဃာများကိုသာ သိမ်းရန်ရှိ၏။

## ဝိသုံဂါမ အပြင်ဘက်ကို သမုတ်ပုံ

ဤ၌ မိမိတို့ ဝိသုံဂါမက သေးငယ်၍ မိမိတို့ ဝိသုံဂါမ အပြင်ဘက်ကို ချဲ၍ သမုတ်လိုက ချဲ၍သမုတ်နိုင်၏။ ပကတိ ဂါမခေတ်အတွင်းရှိ သံဃာတို့ကို ပင့်ရန်မလို၊ နိမိတ်အတွင်းရှိ သံဃာများကိုသာ သိမ်းရန်လို၏။

သစေ အညာနိဂါမခေတ္တာနိ အန္တောကတ္တုကာမာ။ပ။
အန္တော နိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗံ။
(ဝိ၊ ည်းမဟာဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။)

အကယ်၍ မိမိတို့ အမိန့်ရသော ဝိသုံဂါမသိမ်က သေးငယ်နေသည့်အတွက် ဝိသုံဂါမ အပြင်ဘက်သို့ခွဲ၍ ပကတိဂါမကိုပါ သွတ်သွင်း၍ သမုတ်လိုက သမုတ်နိုင်၏။ ပကတိဂါမအတွင်းရှိ ရဟန်းများကို သိမ်းဘွယ်မရှိ၊ နိမိတ်အတွင်းရှိ ရဟန်းများကိုသာ ပင့်အပ်၏။ ထိုစကားကိုလည်း အရှိအသေ ပြုသောအားဖြင့် ဆိုအပ်၏။

အသီးသီးသော ဂါမခေတ်တို့သည် အသီးသီးသော ဗဒ္ဓသိမ်နှင့် တူကုန်၏။

(က) သစေ အညာနိပိ ဂါမခေတ္တာနိ အန္တောကတွာ ကာမာ၊ တေသု ဂါမေသု ယေဘိက္ခူ ဝသန္တိ၊ တေဟိပိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ။ မဟာ ပဒုမတ္ထေရော ပန နာနာဂါမခေတ္တာနိ နာမ ပါဋေက္ကံ ဗဒ္ဓသီမာ သဒိသာနိ။ န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ။ အန္တောနိမိတ္တဂတေဟိ ပန အာဂန္တဗ္ဗံ ဝတွာ ပုန အာဟ သမာနသံဝါသကသီမာသမ္မန္နကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ။

(ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာ။)

(က) အညာနိပိ၊ တပါးသည်းဖြစ်ကုန်သော။ ဂါမခေတ္တာနိ၊ ဂါမခေတ်တို့ကို။ သစေအန္တောကတွာကာမာ၊ အကယ်၍ အတွင်း ပြုလိုကုန်သည်ဖြစ်အံ့။ တေသု ဂါမေသု၊ ထိုရွာတို့၌။ ယေဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ ဝသန္တိ၊ နေကြကုန်၏။ တေဟိပိ၊ ထိုရဟန်းတို့သည်လည်း။ အာဂန္တဗ္ဗံ၊ လာအပ်၏။ အနာဂစ္ဆန္တာနံ၊ မလာသော ရဟန်းတို့၏။ ဆန္ဒော၊ ဆန္ဒကို။ အာဟရိတဗ္ဗော၊

ဆောင်အပ်၏။ ဣတိ၊ ဤသို့။ မဟာသုမတ္ထေရော၊ မဟာသုမ မထေရ်သည်။ အာဟ၊ ဆိုပြီ။ မဟာပဒုမတ္ထေရောပန၊ မဟာပဒုမ မထေရ်သည်ကား။ နာနာဂါမခေတ္တာနိနာမ၊ အသီးသီးသော ဂါမခေတ်တို့မည်သည်ကား။ ပါဠိယံ၊ အသီး။ ဗဒ္ဓသီမာ သဒိသာနိ၊ ဗဒ္ဓသိမ်နှင့် တူကုန်၏။ တတော၊ ထိုတပါးသော ဂါမ ခေတ်မှ။ ဆန္ဒပါရိသုဒ္ဓိ။ ဆန္ဒပါရိသုဒ္ဓိသည်။ နအာဂစ္ဆတိ၊ မလာ။ အန္တောနိမိတ္တဂတေဟိပန၊ နိမိတ်အတွင်း၌ တည်ကုန်သော ရဟန်းတို့သည်ကား။ အာဂန္တဗ္ဗံ၊ လာအပ်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ပုန၊ တဖန်။ သမာနသံဝါသသီမာ သမ္မန္နကာလေ၊ သမာနသံဝါသသိမ်ကို သမုတ်သောအခါ၌။ အာဂမနမ္ပိ၊ လာ ခြင်းသည်လည်းကောင်း။ အနာဂမနမ္ပိ၊ မလာခြင်းသည် လည်း ကောင်း။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုပြီ။ ။

(ခ) အာဂန္တဗ္ဗန္တိစ သာမိစိဝသေန ဝုတ္တံ။ နာယံ နိယမော အာဂန္တဗ္ဗမေဝါတိ။ တေနေဝါဟ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတီတိ။ (ဘေရသကဏ်ဋီကာ၊ ဝိနယာလင်္ကာရဋီကာ။)

(ခ) အာဂန္တဗ္ဗန္တိစ၊ အာဂန္တဗ္ဗံ ဟူသော စကားကိုလည်း။ သာမိစိဝသေန၊ ရိုသေသည်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ အာဂန္တဗ္ဗမေဝါတိ၊ အာဂန္တဗ္ဗမေဝ ဟူ၍။ အယံနိယမော၊ ဤ ကဲ့သို့ ပိုင်းခြားသတ်မှတ်ခြင်းသည်။ နဟောတိ၊ မဖြစ်။ တေနဝ၊ ထိုကြောင့်သာလျှင်။ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတီတိ၊ အာ ဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ ဟူသောစကားကို။ အာဟ၊ ဆိုပြီ။

အကယ်၍ မိမိတို့ သမုတ်ထားအပ်သော ဗဒ္ဓသိမ်က သေး ငယ်၍ သိမ်ကျောင်းကို ထိုဗဒ္ဓသိမ်အပြင်ဘက် ဂါမခေတ်တွင်း

သို့ ရောက်အောင် ချဲ့ဆောက်လိုကလည်း ချဲ့ဆောက်နိုင်၏။ ဂါမနှင့် ဗဒ္ဓမှာ နိဿယ နိဿိတဖြစ်၍ စပ်ခြင်းကြောင့် အပြစ်မရှိ၊ စပ်ကောင်း၏။ ထို့ကြောင့် ချဲ့ဆောက်လိုက ချဲ့ဆောက်နိုင်၏။

(ဂ) ဗဒ္ဓသီမဂါမသီမာနံ အညမညံ သဘာဂတာ၊ သမ္ဘေဒါဒိ ဒေါသာဘာဝေါစ သုတ္တာသုတ္တာနုလောမတော သိဒ္ဓေါ။

(ဝိမတိ ဝိနောဒနီဋီကာ)

(ဂ) ဗဒ္ဓသီမဂါမသီမာနံ၊ ဗဒ္ဓသိမ်၊ ဂါမသိမ်တို့၏။ အညမညံ၊ အချင်းချင်း။ သဘာဂတာစ၊ သဘောတူသည်၏ အဖြစ်သည်လည်းကောင်း။ သမ္ဘေဒါဒိ ဒေါသာဘာဝေါစ၊ စပ်ခြင်းစသည်ကြောင့် အပြစ်မရှိသည်၏ အဖြစ်သည်လည်းကောင်း။ သုတ္တ သုတ္တာနုလောမတော၊ သုတ္တ သုတ္တာနုလောမအားဖြင့်။ သိဒ္ဓေါ၊ ထင်ရှား၏။

သိမ်သမုတ်ပုံပြီးပြီ။

| ချဲ့သမုတ်ပုံ | ချဲ့ဆောက်ပုံ |
| --- | --- |
| ပကတိဂါမ | ဂါမ |
| ဝိသုံဂါမ | ဗဒ္ဓသိမ် |

## သိမ်နုတ်ကမ္မဝါစာ

### အဝိပ္ပဝါသ သီမသမူဟနန ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော။ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနတိ။ ယဿာယသ္မတော ခမတိ။ ဧတဿ တိစီဝရေန အဝိပ္ပဝါသဿ သမုဂ္ဃာတော။ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမူဟတော သံဃေန တိစီဝရေန အဝိပ္ပဝါသော။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

အဝိပ္ပဝါသသီမသမူဟနနကမ္မဝါစာ နိဋ္ဌိတာ။

## သမာန သံဝါသ သီမသမူဟနန ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တံ သီမံ သမူဟနေယျ၊ သမာနသံဝါသံ ဧကူပေါသထံ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ။ သံဃော တံ သီမံ သမူဟနတိ သမာနသံဝါသံ ဧကူပေါသထံ။ ယဿာယသ္မတော ခမတိ၊ ဧတိဿာ သီမာယ သမာန သံဝါသာယ ဧကူပေါသထာယ သမုဂ္ဃာတော။ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

သမူဟတာ သာ သီမာ သံဃေန သမာန သံဝါသာ ဧကူပေါသထာ။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

သမာနသံဝါသသီမသမူဟနနကမ္မဝါစာနိဋ္ဌိတာ။

### သိမ် နိမိတ်ကြား:

ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ) ဧတံ ဥဒကံ နိမိတ္တံ။

ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ၊ (ဥဒကံ ဘန္တေ) ဧတံ ဥဒကံ နိမိတ္တံ။

ဒက္ခိဏာယ ဒိသာယ ကိန္နိမိတ္တံ။ (ဥဒကံ ဘန္တေ) ဧတံ ဥဒကံ နိမိတ္တံ။

ဒက္ခိဏာယ အနုဒိသာယ ကိန္နိမိတ္တံ။ (ဥဒကံ ဘန္တေ) ဧတံ ဥဒကံ နိမိတ္တံ။

ပစ္ဆိမာယ ဒိသာယ ကိန္နိမိတ္တံ။ (ဥဒကံ ဘန္တေ) ဧတံ ဥဒကံ နိမိတ္တံ။

ပစ္ဆိမာယ အနုဒိသာယ ကိန္နိမိတ္တံ။ (ဥဒကံ ဘန္တေ) ဧတံ ဥဒကံ နိမိတ္တံ။

ဥတ္တရာယ ဒိသာယ ကိန္နိမိတ္တံ။ (ဥဒကံ ဘန္တေ) ဧတံ ဥဒကံ နိမိတ္တံ။

ဥတ္တရာယ အနုဒိသာယ ကိန္နိမိတ္တံ။ (ဥဒကံ ဘန္တေ) ဧတံ ဥဒကံ နိမိတ္တံ။

ပုရတ္ထိမာယ ဒိသာယ ကိန္နိမိတ္တံ။ (ဥဒကံ ဘန္တေ) ဧတံ ဥဒကံ နိမိတ္တံ။ ။

## သိမ်သမုတ်ကမ္မဝါစာ

## သမာနသံဝါသ သီမသမ္မုတိ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နေယျ သမာနသံဝါသံ ဧကူပေါသထံ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နတိ

သမာနသံဝါသံ ဧကူပေါသထံ။ ယဿာယသ္မတော ခမတိ ဧတေဟိ နိမိတ္တေဟိ သီမာယ သမ္မုတိ သမာန သံဝါသာယ ဧကူပေါသထာယ။ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

သမ္မတာ သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာန သံဝါသာ ဧကူပေါသထာ။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

သမာနသံဝါသ သီမသမ္မုတိကမ္မဝါစာ နိဋ္ဌိတာ။

အဝိပ္ပဝါသ သီမသမ္မုတိ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ယာဝတာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နေယျ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ ယာဝတာ သံဃေန သီမာ သမ္မတာ သမာန သံဝါသာ ဧကူပေါသထာ။ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ။ ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ တိစီဝရေန အဝိပ္ပဝါသာယ သမ္မုတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ။ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

သမ္မတာ သာ မာသီ သံဃေန တိစီဝရေန အဝိပ္ပဝါသာ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

အဝိပ္ပဝါသ သီမသမ္မုတိကမ္မဝါစာ နိဋ္ဌိတာ။

## အဗဒ္ဓသိမ်

အဗဒ္ဓသိမ်သည် ဂါမသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ် ဟူ၍ သုံးပါးပြား၏။ ထိုတွင် သူကြီးတယောက် တယောက် အခွန်ကောက်ပိုင်သော နယ်အပိုင်းအခြား တခုခုသည် တခုခု သော "ဂါမသိမ်" မည်၏။ ဤ၌ဂါမအရကို "ဂါမောဝါ အရညာဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ"၌ ဂါမကဲ့သို့ အိမ်ကို ဂါမ မယူအပ်။ အပိုင်းအခြား တခုကိုသာ ယူအပ်၏။ ထို အပိုင်းအခြားကို အဘယ် ဝတ္ထုဖြင့် ပိုင်းခြား အပ်သနည်းဟူမူ အခွန်ဖြင့်ပိုင် ခြားအပ်၏။ ထို့ကြောင့် 'ဘောဇကာ ဗလိ လဘန္တိ' ဟူ၍ အဋ္ဌကထာ၌ မိန့်တော်မူအပ်၏။ အခွန်ရ,မရ လိုရင်း မဟုတ်၊ အခွန်ကောက်ပိုင်, မကောက်ပိုင်သာ လိုရင်းဖြစ်သည်။

ထို့ကြောင့် သူကြီး အခွန် မကောက်ပိုင်သော မင်းများ လှူထားသော ဘုရားမြေ၊ ကျောင်းမြေများသည် ထိုသူကြီး အခွန် ကောက်ပိုင်သော နယ်မှလွတ်၍ ဝိသုံဂါမဖြစ်သည်ဟု ဝိသုဒ္ဓါရုံ အဆုံးအဖြတ်၌ ဆို၏။

ဘောင်ဘီလာ ဆရာတော်ကလည်း "တံတီးဘုရား" ဝတ်မိုး ဝတ်မြေသည် ဝိသုံဂါမ ဖြစ်သည်။ ထိုဝတ်မိုး ဝတ်မြေတွင်း၌ပင် သိမ်သမုတ်သင့်သည်ဟု သာလွန်မင်းတရားကြီးအား မေတ္တာ ဆက်သွင်းဘူးကြောင်းကို သာသနာလင်္ကာရကျမ်း၌ ဆို၏။

တိပိဋကဝိနိစ္ဆယ၌လည်း ပကတိဂါမနှင့် မစပ်သောမြေကွက် ကို ဝိသုံဂါမ ဟု ဆို၏။ ညောင်ကန်ဆရာတော် ဦးဗုဓ်လည်း မောင်းထောင်ရွာ အနီးရှိ ရှင်မတီးဝတ္ထုကံမြေ အတွင်း၌ရှိသော သံဃာကိုသာ သိမ်း၍ သိမ်သမုတ်ဘူးကြောင်းကို ကြားဘူး၏။

ထိုစကားစုသည် ဆိုလတ္တံ့သော ဝဇိရဗုဒ္ဓိဋီကာနှင့် ညီညွတ်ရကား လွန်စွာသင့်မြတ်လှ၏။

ဂါမသင်္ခမေဝ ဂစ္ဆတီတိ ယေဟိ ကတံ တေသံ ဂါမသင်္ခံဝါ၊ သမန္တတော ဝိရဠဂါမေဟိ စေ ကတံ သဗ္ဗဂါမသင်္ခံဝါ၊ အညေဟိ ဂါမခေတ္တေဟိ အသမ္ဗဒ္ဓဋ္ဌာနံ စေ ဝိသုံဂါမသင်္ခံဝါ ဂစ္ဆတိ။

မနုဿေဟိ ဝလဥ္ဇနဋ္ဌာနံ စေတံ ဟောတိ။ ဂါမခေတ္တသင်္ခံ ဂစ္ဆတိ။ ကတရ ဂါမခေတ္တံ။ ယတော မနုဿာ သဥ္စရန္တိ။ ဝိသုံဂါမခေတ္တသင်္ခံ ဂစ္ဆတီတိ အာစရိယော။ ။(ဝဇိရဗုဒ္ဓိဋီကာ)

ဂါမသင်္ခမေဝ ဂစ္ဆတီတိ၊ ဂါမသင်္ခမေဝ ဂစ္ဆတိ ဟူသော်စကား။ ယေဟိ၊ အကြင်သူတို့သည်။ ကတံ၊ ပြုအပ်၏။ တေသံ၊ ထိုသူတို့၏။ ဂါမသင်္ခံဝါ၊ ရွာ ဟူသော ရေတွက်ခြင်းသို့လည်းကောင်း။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဝိရဠဂါမေဟိ၊ ကျဲ၍ တည်သော ရွာသားတို့သည်။ စေကတံ၊ အကယ်၍ ပြုအပ်သည်ဖြစ်အံ့။ သဗ္ဗဂါမသင်္ခံဝါ၊ အားလုံးသော ရွာသားတို့၏ ရွာဟူသော အရေအတွက်သို့လည်းကောင်း။ အညေဟိ၊ တပါးကုန်သော။ ဂါမခေတ္တေဟိ၊ ဂါမခေတ်တို့နှင့်။ အသမ္ဗဒ္ဓဋ္ဌာနံ။ မစပ်သော အရပ်သည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ ဝိသုံဂါမသင်္ခံဝါ၊ ရွာသီးဟူသော အရေအတွက်သို့ လည်းကောင်း။ ဂစ္ဆတိ၊ ရောက်၏။

တံ၊ ထိုနဒီလက္ခဏာသို့ မရောက်သော ကျွန်း၊ သောင်၊ ကျောက်ဖျာ၊ သစ်ပင်သည်။ မနုဿေဟိ လူတို့သည်။ ဝလဥ္ဇန

ဋ္ဌာနံ၊ သုံးဆောင်ရာအရပ်သည်။ စေဟောတိ၊ အကယ်၍ဖြစ် အံ့။ ဂါမခေတ္တံသင်္ခါတံ၊ ဂါမခေတ် ဟူသော အရေအတွက်သို့။ ဂစ္ဆတိ၊ ရောက်၏။ ကတရဂါမခေတ္တံ၊ အဘယ်ဂါမခေတ် ဟူသော အရေအတွက်သို့။ ဂစ္ဆတိ၊ ရောက်သနည်း။ ယတော၊ အကြင်ရွာမှ၊ မနုဿာ၊ လူတို့သည်။ သဉ္စရန္တိ၊ လှည့်လည် ရောက်ပေါက် ကြကုန်၏။ တဿ၊ ထိုရွာ၏။ ဂါမခေတ္တံ၊ ဂါမ ခေတ်ဟူသော အရေအတွက်သို့။ ဂစ္ဆတိ၊ ရောက်၏။ ဝိသုံဂါမ ခေတ္တသင်္ခါတံ၊ ဝိသုံဂါမခေတ်ဟူသော ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏၊ ဣတိ၊ ဤသို့။ အာစရိယော၊ ရှင်အာနန္ဒာ ဆရာ သည်။ အာဟ၊ ဆိုပြီး။

ဤသို့ ဆိုအပ်ပြီးခဲ့သော စကားရပ်တို့ကို ထောက်၍ ဝိသုံ ဂါမဟူသည် ပကတိဂါမဘောဇက ဟု ဆိုအပ်သော သူကြီး ဟောင်း အခွန် မကောက်ပိုင်သော နယ်ကို ဆိုသည် ဟူ၍ သန္နိဋ္ဌာန်ကျ ဆုံးဖြတ်အပ်၏။

> ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံပဒေသံ၊အယံ
> ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ
> ဒေတိ။ သောပိ ဝိသုံဂါမ သီမာ ဟောတိယေဝ။

ဟူသော အဋ္ဌကထာ စကားသည်လည်း ဆိုအပ်ခဲ့ပြီးသော အဓိပ္ပာယ်တို့နှင့် တသားတည်းကျ၏။

ထို့ကြောင့် အင်္ဂလိပ်မင်းများ ပေးသော ဝိသုံဂါမ ၂-မျိုး တွင် တမျိုးမျိုးရက ဝိသုံဂါမ ဖြစ်ပြီဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ် အပ်၏။

[ဂ]

# သိမ်သမုတ်ရန် မြေပေး အမိန့်တော်

မအူပင် စီရင်စု မအူပင်မြို့ အထက်ပိုင်းရပ်ကွက်တွင် ပူးတွဲပါ မြေပုံအရ အောက်ပါ နယ်နိမိတ်များအတွင်း ဒသမ ၁၅ရှိ မြေကို သိမ်သမုတ်ရန် (မောင်[illegible])က ဝိသုံဂါမ မြေအား သနားတော်ခံစေ။

နယ်နိမိတ်

| | |
|---|---|
| မြောက်အလား<br>တောင်အလား<br>အရှေ့အလား<br>အနောက်အလား | ဘုန်းကြီး ဦးနန္ဒမာလာ သီတင်းသုံးသည့် ကျောင်းပရိဝုဏ်အတွင်း |

သနားတော်ခံရသည့် မြေတွင် သိမ် သမုတ်ခြင်းမှ တပါး အခြားတစုံတရာ ပြုလုပ်ချင်း သနားတော်မူခြင်း အမိန့်တော်ကို နုတ်သိမ်းစေ။

R. H. CRADOCK

မြန်မာနိုင်ငံတော်ကို

စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းကြီး

ရန်ကုန်မြို့

၁၉၃၈ ခုနှစ် ဖေဖေါ်ဝါရီလ ၁ ရက်၊

၁၂၉၉ ခုနှစ် တပို့တွဲလဆုတ် ၆ ရက်။

[ ၁ ]

၁၈၉၈ ခုနှစ် မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့ရွာရှိမြေရာ အက်ဥပဒေအရ နည်းဥပဒေများအနက် နည်းဥပဒေ ၅၉။

ယခုအပိုင် ပတ္တာစာချုပ်ကို ၁၉၁၅ ခု ဖေဖော်ဝါရီလ ၁၅ရက်၊ ၁၂၇၆ ခု တပေါင်းလဆန်း ၅ရက်နေ့၊ မင်းတိုင်ပင် မှူးမတ် အစိုးအညီတွင် အိန္ဒိယနိုင်ငံတော်ဆိုင်ရာ အတွင်းဝန်ကြီးချုပ်နှင့် ကျောက်ဘန်းရွာနေ မောင်ဘိုးကျော်တို့ ချုပ်ဆိုကြသည်မှာ-

ပဲခူးဒိစတြိတ် ကာမြို့နယ် ကျောက်ဘန်းအုပ်စု ကျောက်တန်း အနောက်ကွင်း အတွင်းတည်းရှိ ပူးတွဲပါ နယ်ပုံကို အနီရောင် ဆေးခြယ် နယ်နိမိတ် ပိုင်းခြားသတ်မှတ်လျက် ပါသည်။

၂၂ ဒသမခန့်ရှိ မြေယာအားလုံးကို ဆိုခဲ့သည့် အိန္ဒိယနိုင်ငံတော်ဆိုင်ရာ အတွင်းဝန်ကြီးချုပ် မင်းတိုင်ပင် မှူးမတ် အစိုးအညီတို့က ရှေ့တွင် ယုံမှတ်အပ်နှံသူ ခေါ်တွင်စေမည်။

ယခု စာချုပ်အရ ဖြစ်ပွားစေသည့် ယုံမှတ် အပ်နှံမှုတွင် ယုံမှတ်အပ်နှံဆဲ ဖြစ်ဘူးသူဘဲ၊ သို့တည်းမဟုတ် အများ ဖြစ်သော ကျောက်ဘန်းရွာနေ မောင်ဘိုးကျော်မှ စ၍ ၎င်းတို့အနက် တဦးဦးသေဆုံးလျှင် ကျန်ရစ်သူ၊ သို့မဟုတ် အခြားသူတို့သို့ ယခုစာချုပ်အရ ပေးအပ်ချထား သနားတော်မူသည်။ ။

ထို ၂ မျိုးတို့တွင် (က)ပုံစံ၌ ပါသော နည်းအတိုင်း ရက သာ၍ ကောင်း၏။ ထိုပေးခြင်းမှာ အများနားလည်၍ အများသိသာ ကင်းဖွယ် ဖြစ်၏။

(ဝ) ပုံစံ၌ ပြအပ်သော ပေးခြင်းမှာလည်း စကားဆိုပုံသာ မကျနသည်၊ ပေ ပုံမှာ မြန်မာပြည် ဘုရင်ခံ၏ အသက်ကာ နေသော အိန္ဒိယ ဘုရင်ခံချုပ်က ပေးသော အမိန့်ဖြစ်၍ (က) ပုံစံ အပေးသက် လေးနက်၏။ ထိုသို့ လေးနက်သော်လည်း မြန်မာလူမျိုးများ နားမလည်သော အသုံးအနှုန်း ဖြစ်နေ၍ အချို့သံသယ လှန်သော ပုဂ္ဂိုလ်များ နှစ်သက်မည် မဟုတ်၍ မြန်မာလူမျိုးများ နှစ်သက်မည်ဖြစ်သော (က) ပုံစံကို ရအောင် အမိန့် ခံယူကြရာ၏။ အမိန့်ကို မြို့အုပ်ရုံး၌မဟုတ် ဝန်ထောက်ရုံးမှ တဆင့် အရေးပိုင်ရုံး၌ လျှောက်ထား၍ ခံယူရသည်။

(ခ) ပုံစံ၌ အချို့က တာဝကာသိဟု မှတ်ထင်၏။ တာဝကာသိက မဟုတ်သည့် အဖြစ်ကို (သာ... ဓာချုပ်သရ ပေးအပ်ထားတော်မူသည်) ...သောကာ ... ထင်ရှား၏၊ ဒါမ်ာရန်ပေးသည်မျိုး မဟုတ်သော ပေးခြင်း ...ပြ ...ကြာ ... ကိုလည်း (အပိုင်းစာချုပ်) ဟုသော စကား ... သိသာ၏၊ ထို့ကြောင့် ထိုအမိန့် နှင့်ပါတို့တွင် တမျိုးမျိုးခက သ...ချော် ပြီ။ သို့သော်လည်း (က) ပုံစံ အမိန့်ကို ရက သာ၍ကောင်းသည်။

## သိမ်သမုတ်ရန် လျှောက်လွှာကို အောက်ပါ စည်းကမ်းများ ပါရှိစေရမည်

(က) လျှောက်သူ၏ အမည်၊ နေရပ်၊ အလုပ်အကိုင်။

(ခ) မြေရှိရာ မြို့၊ နယ်၊ တိုက်၊ ကွင်း နံပါတ်။

(ဂ) လျှောက်ထားသော မြေ၏ ရေိယာ ကေ၊ ဒသမ

(ဃ) လျှောက်ထားသော မြေ၏ နယ်နိမိတ်။
(င) မြေကို မည်သည့်အတွက် အလိုရှိကြောင်း။
(စ) မြေကို ရှင်းလင်းသတ်မှတ် ပန်တိုင်များ စိုက်ထူပြီး၊ လွယ်လင့်တကူနှင့် သိသာစေရမည်။

(ဆ) ၎င်း မြေသည် မိမိပိုင် ဝယ်ယူ၍ ရသည်၊အပေါင်ခံ၍ရသည်၊ မိမိအမည်နှင့် အခွန်စည်းကြပ်သောမြေ၊ သို့မဟုတ် မိဘနာမည်၊ သို့မဟုတ် မယား၊ သို့မဟုတ် သားသမီးတို့၏ အမည်နှင့် ရှိ,မရှိကြောင်း စုံလင်စွာ ရေးသားပါရှိစေရမည်။ ။

အထက်ပါ (ဆ) အစီရင် ခံချက်သည် မဟုတ်မမှန်ခဲ့လျှင် အရေးပိုင်မင်းက ထုတ်ပေးပြီး ဂရန်ကို ပြန်၍ သိမ်းယူနိုင်ကြောင်း။ ။

(မှတ်ချက်) သိမ်သမုတ်လိုသော မြေသည် ကျောင်းမြေသော်လည်းကောင်း၊ သာသနာမြေသော် လည်းကောင်း ဖြစ်လျှင် (ဆ) အချက် အစီရင်ခံရန် မလို။ ။

— ကျောင်းမြေ၊ သာသနာမြေ မဟုတ်ခဲ့လျှင် ရှေးဦးစွာ ကျောင်းမြေ၊ သာသနာမြေဖြစ်ရန် လျှောက်တောင်း ရမည်။
— ကျောင်းမြေ၊ သာသနာမြေ အဖြစ်သို့ အမိန့်ရပြီးမှ သိမ်သမုတ်ရန် အမိန့်တောင်းရမည်။
— သိမ် သမုတ်ရန် အမိန့်ကို လူဒါယကာများကသော် လျှောက်တောင်းနိုင်သည်။

– သိမ်သမုတ်ရန် လျှောက်သူသည် လျှောက်လွှာတွင် မိမိ လက်မှတ်ကို လျှောက်လွှာ လက်ခံသော အရာရှိ မျက်မှောက်တွင်သာ ရေးထိုးရမည်။ အခြားမှာ မရေးထိုးရ။

သိမ်သမုတ်မည့် ကျောင်းတိုက်၏မြေပုံနှင့် သိမ်သမုတ်မည့် မြေကွက်ပုံကိုပါ မြေတိုင်းစာရေးကိုခေါ်ပြီး မြေပုံနှစ်ခု ပြုလုပ်စေပြီး ထိုမြေပုံနှစ်ခုနှင့်တကွ ကျောင်းတိုက်ပိုင်ရှင်၏ ခွင့်ပြုပုံ အလှူကိုပါ ပူးတွဲပြီးလျှင် စာအိတ်ကြီးတခုထဲသို့ ထည့်၍ ........မြို့၊ ........မင်းရုံးတော်သို့ လျှောက်ထားနိုင် လျှောက်လွှာဟု လိပ်တပ်၍၊ မြို့ပိုင်မင်းရုံးသို့သွားပြီး မိမိလျှောက်လွှာ၌ မြို့ပိုင်မင်း၏ ရှေ့မှာ လျှောက်သူ၏အမည်ကို လျှောက်သူကိုယ်တိုင် လက်မှတ်ထိုးပြီး မြို့ပိုင်မင်း၏လက်ထဲသို့ ထည့်လိုက်ရသည်။

[သိမ်သမိန့် ခံရန် လျှောက်လွှာပုံစံနှင့် မြေပိုင်ရှင်၏ ခွင့်ပြုပုံ ပုံစံကို နောက်၌ ဖော်ပြထားသည်။]

ဆိပ်ပြီသမုတ်ရန် အမိုင်ပစ္စာ ရလိုကြောင်း ဂ ၅ တန်

လျှောက်လွှာပုံစံ ခေါင်းကပ်ရန်

---

## ကြခင်းမြို့, မြို့ပိုင်မင်းရုံးတော်သို့-လျှောက်လွှာ

ကျွန်ုပ်တော် ဘက်ခဲ့ရွာနေ မောင်မြ လျှောက်ထားပါသည်။ အကြောင်းမှာ ပူးတွဲ ပါရှိသော မြေပုံအရ ကြခင်းမြို့နယ်, ပန်းတော်ဘုင်ရ, ဘက်ခဲ့ ကွင်း နံပါတ် ၃၆၊ ဘူ့ ၃၈-၃၉ ရှိ ဦးပိုင်နံပါတ်( )A. B. C. D. ထဲ ကွင်း(E) အမှတ်ပြထားသော မြေ ဧရိယာ ၀.၁၀ ကေရှိ ဘုန်းတော်ကြီး ဦးနန္ဒိယ ကျောင်းဝင်းအတွင်း၌ ဝိသုံဂါမ, ဇွန်သိမ် သမုတ် လိုပါ၍ အမိုင်ပစ္စာ ထုတ်ပေးတော်မူပါရန်။ ။ ၁

| | | |
|---|---|---|
| လျှောက်သူ အမည်, နေရပ် | (က) | မောင်မြ, ဘက်ခဲ့ |
| လျှောက်ထားသည့် မြေ, ဧရိယာ | (ခ) | ဧရိယာ ၀.၁၀ |
| မြေ တည်ရာ ကျေးရွာ, နယ်, မြေကွင်းအမည် နှင့် ကွင်းနံပါတ်။ | (ဂ) | ပန်းတော်ဘိုက်, ဘက်ခဲ့ ကွင်း နံပါတ် ၃၆ |
| ဝိသုံဂါမ မြေပေးမည့် နေရာတွင် ဆင်းဒေါ မရှိကြောင်းနှင့် လျှောက်ထားလိုသော လျှောက်ထားနိုင် ရန် ကြောင်းပြ ထုတ်ပြီးကြောင်း, မပြီး ကြောင်း၊ ရှင်းပြရန် | (ဃ) | မဆုတ် ရသေးကြောင်း<br>ထုတ်ပြီး ကြောင်း |
| လျှောက်ထားသောမြေမှာကျောင်း မြို့ဂုဏ် တစုံတရာ အတွင်း တည်ရှိ သည့် ၎င်းကျောင်းအမည်နှင့် ထိုကျောင်း အသင်္ဃာပိုင် ဘုန်းတော်ကြီးဘွဲ့အမည်မှစ၍ ၎င်းဘုန်းတော်ကြီးက သိမ်သမုတ်ရန် အမိုင်ပစ္စာ ပေးစေလို ချထားသည်ကို သဘော တူသည်, မတူသည်။ | (င) | သယ်ဒိုင်းကျောင်း ဘုန်းတော်ကြီး ဦးနန္ဒ သဘောတူသည် |

(လျှောက်သူလက်မှတ်) မောင်မြ။

# သာသနာ့မြေ မြှုပ်ပေးရန် လျှောက်လွှာပုံစံ

၁၅ တန် ဒေါင်းကင်ရန်

## ကြခင်းမြို့, မြို့ပိုင်မင်းရုံးတော်သို့-လျှောက်လွှာ

ဘက်ခဲ့ရွာနေ မောင်နီ လျှောက်ထားပါသည်၊ သိသာ တော်မူရန် အကြောင်းမှာ ပူးတွဲပါ မြေပုံအရ ပန်းတော်ဘုဝ်ရ ဘက်ခဲ့ A ကွင်း, နံပါတ် ၁၁ မြေပုံတွင် A အမှတ်ပြ မြေမျိုး ဧရိယာ ၃.၁၁. ဧကကို (မြေလင်) သို့မဟုတ် ကျွန်တော်ပိုင်မြေကို (အုတ်ကျင်းတူးရန်) သို့မဟုတ် ဘုန်းတော်ကြီးကျောင်းဆောက်ရန် အလို့ငှါမိမိ၏ အနှုန်းအားလျော်စွာ သာသနာ့မြေ မြှုပ်ပေးရန် လျှောက်ထားပါသည်။

| | | |
|---|---|---|
| လျှောက်သူအမည်, နေရပ်, တိုက်နယ် အကိုင် | (က) | မောင်နီ, ကုန်သည်, ဘက်ခဲ့ |
| လျှောက်ထားသောမြေတည်ရာ, ကျေး, နယ်, တိုက်, ကွင်း | (ခ) | ပန်းတော်ဘုဝ်ရ, ဘက်ခဲ့ A ကွင်း |
| လျှောက်သည့် မြေဧရိယာ | (ဂ) | ဧရိယာ ၃ ဧက ၁၁ |
| လျှောက်သည့် မြေ နယ်နိမိတ် | (ဃ) | အရှေ့ မနီလယ်, တောင် မောင်ဘယ်, အနောက် မနက်လယ်, မြောက် မဂုဏ်ယ |
| မြေကို [illegible] | (င) | သာသနာ့မြေ မြှုပ်ရန် |
| မြေကို [illegible] မှတ်သားထားနိုင် ရှိ [illegible] မြေကွက်ပတ်လည် [illegible] လမ်းကြောင်းကိုလည်း ရှင်းလင်းပြီးကြောင်း ဖော်ပြချက်၊ | (စ) | မြေကို လွယ်ကူစွာ [illegible] မှတ်သားနိုင်ရန် နယ်နိမိတ် မှတ်သားပြီး ပါပြီ လမ်းကြောင်းလည်း ရှင်းပြီးပါပြီ။ |
| လျှောက်သူ, ၎င်း၏ မယား, သား, သမီးတို့က အငှါး ချထား၍ပိုင်ဆိုင် ပေါင်နှံထားခြင်း, အပေါင်ခံထားခြင်း, ၎င်းတို့အမည်နှင့်ဖြစ်စေ သည့် အခြားမြေ အကြောင်း အရာနှင့် မြေ ဧရိယာများ, ၎င်းမြေမျိုးများ မရှိသည် မရှိကြောင်း။ | (ဆ) | မရှိပါ |

(လျှောက်ထားသူလက်မှတ်) မောင်နီ ။

အမှာ။ ။မအူပင်မြို့ ရုံးအုပ်စာရေးကြီး ဦးဘေထံမှ ရရှိသော လျှောက်ပုံ စည်းမျဉ်းများနှင့်၊ ကြံခင်းမြို့ မြို့ပိုင်ထံမှ ပေးပို့လိုက်သော လျှောက်လွှာ ပုံစံတို့ကို အများ သိသာရန် ထည့်သွင်းလိုက်သည်။ ။

## မြေပိုင်ရှင်၏ ခွင့်ပြုပုံ အလွှာပုံစံ

ဘုန်းကြီး ပိုင်သော ဘက်ရဲကွင်းရှိ ပူးတွဲပါ မြေပုံ၌ ပါသော ဧရိယာ ၀.၁၀. ဧကကို သိမ် သမုတ်ရန် မောင်ဖြူအား အစိုးရမင်းထံမှ ဝိသုံဂါမ မြေစား အသ နားခံရန် ဘုန်းကြီးသဘောတူ ခွင့်ပြုလိုက်သည်။ ။

ဦးနန္ဒ
လယ်ဝိုင်းကျောင်း၊ ဘက်ရဲ။

---

## အခွန်လွှတ် ဝတ္ထုကံမြေ ပြုလုပ်ရာ၌ သိရန် ဥပဒေ

သာသနာရေး၊ သာသနာမှု၊ သို့မဟုတ် တိုင်းကျိုး၊ ပြည်ကျိုး အတွက် မြေကို အပိုင်ပတ္တာ ပေးအပ် ချထားခြင်းအကြောင်း။

နည်းဥပဒေ ၃၂။ သာသနာရေး၊ သာသနာမှုနှင့် ဆိုင်သည့် အဆောက်အဦ တစုံတရာ ဆောက်လုပ်ရန် အစိုးရမင်းတို့ စီရင်ချထားပိုင်သည့် မြေရာများကို မြေခွန်တော် တစုံတရာ ရှိလျှင် မြေခွန်တော်လွှတ် အရေးပိုင်က ပေးအပ်၊ ချထားခွင့် ရသည်မှာ....

(က) ၎င်းမြေတန်ဖိုးမှာ ငွေ ၁၀ဝိ ထက် မပိုလျှင် မိမိ အခွင့်, အမိန့်နှင့် ပေးအပ် ချထားခွင့် ရသည်။ ။

(ခ) ၎င်းမြေတန်ဖိုးမှာ ငွေ ၁၀ဝိ ထက် ပို၍ ၂၀ဝိ ထက် မပိုလျှင်၊ ဝန်ရှင်တော်မင်းကြီး အမိန့်ကို တင်ရင်ခံယူ၍၊ ပေးအပ်၊ ချထားခွင့်ရသည်။ ။

(ဂ) ၎င်းမြေတန်ဖိုးမှာ ငွေ ၂၀ဝိ ထက်ပို၍ ၅၀ဝိ ထက် မပိုလျှင် အခွန်တော် ဌာနချုပ် ဝန်ကြီးအမိန့်ကို တင်ရင်ခံယူ၊ ပေးအပ်၊ ချထားခွင့်ရသည်။ ။

ယခု နည်းဥပဒေအလိုငှာ မြေရာ တန်ဖိုးကို တွက်စစ်ရာတွင် ၎င်းမြေပေါ်တွင် စိုက်ပျိုး လုပ်ကိုင်လျက် ရှိလျှင် စည်းကြပ်သည့်၊ သို့မဟုတ် စည်းကြပ်သည့် မြေခွန်တော်ကို တနှစ်အတွက် စည်းကြပ်ရအခွန်တော် ၂ဝိ အဆပွား၍ သတ်မှတ်ရမည်။ သို့မဟုတ် ၎င်းမြေမှာ အခွန်တော် စည်းကြပ်ရန် မထိုက်သက်လျှင် မြေတန်ဖိုးပေါက်ရာ ဈေးနှုန်းအတိုင်း ဖြစ်စေရမည်။ ။

**အဓိပ္ပာယ်ဖော်ပြချက်။** ။ယခုနည်းဥပဒေတွင် ရည်ညွှန်းသည့်အတိုင်း သတ်မှတ်သည့် မြေခွန်တော်အကျ တန်ဖိုးကို အပိုင်ပတ္တာရသူက ထမ်းဆောင်စေရန် ရည်ရွယ်သည်မဟုတ်၊ မြေခွန်တော်ကို တွက်စစ် သတ်မှတ်ရသည်မှာ ယခု နည်းဥပဒေအရ အပ်နှင်းသည့်အတိုင်း ဆိုခဲ့သည့် အပိုင်ပတ္တာမျိုးပေးအပ်၊ ချထားပိုင်ခွင့်၊ ရှိ မရှိ။ ၎င်းမြေရာ စုစုပေါင်း တန်ဖိုးကို ထောက်၍ သိသာအောင် ပြုလုပ်ရန်မျှသာ ဖြစ်သည်။ ။

အမှာ။ ။ဤ ဥပဒေစကားစုသည် မြန်မာနိုင်ငံ မြေခွန် တော်လက်စွဲ ဥပဒေ စာအုပ်မှ ထုတ်၍ ရေးအပ်သော စကားစု ဖြစ်သည်။

---

## ဝိသုဒ္ဓါရုံ သိမ် အဆုံးအဖြတ်

သူကြီးစာတိုက်ထဲမှာ ထိုတိုက်သူကြီးကိုပင် ဝိသုံဂါမ ခံစေ မှုကား မသင့်။ သူကြီးစာတိုက်ကုန် အသိမ်းမလွတ် ဟူ၍မှတ်။

ထိုသို့ ဝိသုံဂါမ ပေးရာ၌ မာဂဓမှာ "ဝိသုံဂါမ"၊ မြန်မာ တို့မှာ "ရွာသီး"၊ ကုလားများမှာ "ဂရန်ပတ္တာ" ဟူ၍ ခေါ်သည်။

ဝိသုံဂါမ ဆိုလျှင် အစိုးရများ နားမလည်၊ ဂရန်ပတ္တာဆိုမှ နားလည်သည်။ သူတို့ နားလည် သုံးစွဲနေကျ ဂရန်ပတ္တာ ဝေါဟာရဖြင့် သိမ်မြေပေးကြသည်ကို အစတ အချို့သဘော မကျ၍ လျှောက်လာကြသောကြောင့် ကုလားများ အခေါ် အသုံးကို နားလည်သော ပညာစာရေးကြီး၊ ပညာအုပ်၊ ဝန် ထောက်၊ လမ်းဝန်ထောက်တို့ကို မေးရာ "ဂရန်ပတ္တာ" ဆို သည်မှာ မြေအသီး၊ အကွက်၊အရပ်ကို ဆိုပါသည်။

"ဝိသုံဂါမ ဆိုသည်နှင့် အတူတူပါ"ဟူ၍ လျှောက်ထားကြ သည်နှင့် ကုက္ကုစ္စ ကင်းကြသည်။ ထို ဂရန်ပတ္တာသည် အိမ်ရာ မြေ၊ လယ်ရာ၊ ခြံဥယျာဉ် မြေဂရန်များ ပေးရာ၌ ကဲ့သို့ ရေး အခွန် အတော်က် ခံခဲ့ယူမြဲ သူကြီးလက်ထဲက မလွတ်လျှင် ဂရန်ဂတ္တာ အသီး မဆိုရ။ ဝိသုံဂါမ မဖြစ်။ လွတ်မှုကား ဖြစ်၏။ ။

ယခု သိမ်မြေပေးရာ အမိန့်စာ၌ အိမ်ရာမြေ ပေးသည်နှင့် မတူ၊ သူကြီးလက်ကလွတ်အောင် အပိုင်ပတ္တာအခွန် ပြတ်ပေးသည်။ ထိုသို့ပေးရာ၌ မြေဆုံးဘူးသောကြောင့် သိမ် သမုတ်ခြင်းမှတပါး အခြားတစုံတရာပြုလုပ်လျှင် သနားတော်မူချင်း အမိန့်ကို နုတ်သိမ်းစေဟု နောက်ထပ် အကျပ်စကား ပါ၍ တာဝဓာလိက ဖြစ်နေသော်လည်း သူကြီး ရှာစားခန့်ရာ၌ ငါ့အမှုတော်ကို ကျေကုန်အောင် မထမ်းဆောင်လျှင် အရာကို နုတ်မည်ဟုဆို၍ သူကြီးခန့်သည်နှင့် အလားတူပင် မနုတ်ခင် နယ်သီးခြား ဖြစ်နေတော့၏။

ထိုမြေပတ္တာပေးရာ၌ ရေမြေ့ရှင်မှ ပေးနိုင်သည် မဟုတ်၊ ရှင်ဘုရင့်အမိန့်ကိုရသော ဘုရင်ခံ၊ မဟာမင်းကြီး၊ အတွင်းဝန်၊ အရေးပိုင်၊ အယုတ်အားဖြင့် နယ်ကိုခွဲ၍ ပေါင်း၍ သူကြီး ခန့်နိုင်သော နယ်ပိုင်ဝန်ထောက်များ၊ သံတော်ဆင့်များပင် ပေးနိုင်သည်။ အစိုးရမင်းများ ဝင်ရောက်စက ကျောင်းတိုက်တွင်း မြေကို ဝိသုံဂါမမြေအား တောင်းခံကြရာ "ကျောင်းမြေ၊ ဘုရားမြေကိုကျွန်ုပ်တို့မပိုင်၊ မပေးနိုင်" ဟု ဆိုကြသည်။ "မြန်မာမင်းများ ပေးရိုးထုံးစံ ဥပဒေရှိပါသည်။ ပေးမှ သိမ် သမုတ်ကောင်းပါသည်၊ ပေးသာပေးပါ" ဟု ထပ်မံ တောင်းခံမှ ပေးကြသည်။

ဝိသုံဂါမ ပေးသည်ကို ဆိုသော အဋ္ဌကထာ၌ "ရာဇာ ကဿစိ ဒေတိ" ဟု သာမညလာရှိသောကြောင့် သဒ္ဓါပြည့်ဝသော မြန်မာမင်းအချို့ ဘုရားတည်၊ ကျောင်းဆောက်ပြီး၍ တတိုင်၊ နှစ်တိုင်၊ သုံးတိုင် အပိုင်းအခြား ကျောက်တိုင်စိုက်ထူ

မှတ်သား၍ ကြည်ညို သဒ္ဓါရာ ပုဂ္ဂိုလ်၊ သံဃာ၊ ကျောင်း၊ စေတီတို့အား ဝတ်မိုး၊ ဝတ်မြေ လှူထားသော ဝတ္ထုကံမြေ။ အစိုးရမင်းတို့ မသိမ်း၊ မယူ၊ စွန့်လှူ၊ ပယ်ထားသော ဘုရားမြေ၊ ကျောင်းမြေများ "ကာယဓိ ဒေတိ" တွင် ပါဝင်၍ ဝိသုံဂါမ ဖြစ်ဖို့ရာ ရှိ၏။

မင်း နှစ်ဦးသုံးဦးတို့၏ နိုင်ငံအစပ်၌ ကျန်လပ်သော တိုင်းကြပ် ရွာကဲ့သို့ ရွာစားနှစ်ဦး,သုံးဦးတို့၏ နယ်ခြားမှာဖြစ်စေ၊ ရွာစားတဦးဦး၏ နယ်တွင်းမှာဖြစ်စေ တစုံတခုသော ကျေးဇူးရှိဘူးခြင်း စသည်ကြောင့် ဘယ်သူကြီးမှ အခွဲ၊ အခန့်၊ အနှိပ်အစက် မရှိစေနှင့်ဟု ဘေးမဲ့လွှတ်ထားသော ဘေးမဲ့ရွာ၊ ဘေးမဲ့အင်းအိုင်၊ ဘေးမဲ့ဘာတော် အစရှိသော အမိန့်တော်ရ အသီးအရပ်များလည်း ဝိသုံဂါမပင်တည်း ဟု ဆိုသင့်၏။ ကြံကြလေကုန်။

"သာသနာလင်္ကာရကျမ်း"၌လည်း ဝတ္ထုကံမြေကို ဝိသုံဂါမဟု ဆို၏။

ဤသို့လျှင် ယခုအခါ အစိုးရမင်းများလက်ထက် မသိမ်း၊ မယူ၊ စွန့်လှူ၊ ပယ်ထားသောမြေ၌ သိမ်သမုတ်သည်များကို နဂိုရင်းက ဝိသုံဂါမ သက်၍ နေသည့်အပေါ်မှာ သိမ်အမိန့်စာ ထပ်မံပေးပြန်သည့်အတွက် "ဂရန်ပတ္တာ"ဟူသော ဘာသန္တရ သဒ္ဒါသည် "ဝိသုံဂါမ"သဒ္ဒါနှင့် ပရိယာယ်တူသည့် အတွက် အရေးပိုင်စသော မင်းတို့သည် မြို့မာတို့ထုံးစံရှိတိုင်း ပေးစေဟု ရေးမြေပိုင် အထက်မင်း၏ အမိန့်အာဏာနှင့် ပေးသည့်အတွက် အိမ်ရာ၊ လယ်မြေ၊ ဂရန်ပတ္တာပေးသည်နှင့်မတူ သီးခြားပေး

သည့်အတွက်များကြောင့် ယုံမှားသံသယ ကုက္ကုစ္စမရှိသင့်ပြီဟု နှလုံးပြု၍ ထိုထို ဂိုဏ်းဆရာ ပညာရှိကြီးများ ရဲရင့်စွာ သိမ်သမုတ်ကြသည်ဟု မှတ်ရမည်။

[၁၂၇၀ ပြည့်နှစ်၊ ဖြူးဌ ခေတ္တ သီတင်းသုံးတော် မူစဉ် ဆုံးဖြတ်အပ်သော ဝိသုဒ္ဓါရုံ သိမ်အဆုံးအဖြတ်အကျဉ်းတည်း။]

## သတ္တဗ္ဘန္တရသိမ်

"သတ္တဗ္ဘန္တရသိမ်"ဟူသည် လူတို နေ့ချင်းပြန် မသွားနိုင်သော တော၊တောင်၊ ကျွန်းစသော အရပ်တို့၌ ကံပြုသော သံဃာ၏ ပတ်လည် ၁၉၆ တောင်ရှိသော အရပ်သည် မိမိ၏ ပကတိသဘောအားဖြင့် သတ္တဗ္ဘန္တရသိမ်ဖြစ်၍ နေ၏။ တဘက်တဘက်၌ ၁၉၆ တောင်ရှိ၍ တဘက်အစွန်းမှ တဘက်အစွန်းသို့ တိုင်းမူ ၃၉၂တောင်ရှိ၏။ ပရိသတ်တိုးသမျှ သိမ်လည်း ကျယ်၍သွား၏။ အကယ်၍ သံဃာတို့ အသီးသီး ကံပြုသည်ဖြစ်အံ့၊ အလယ်၌ သတ္တဗ္ဘန္တရတခုကို ဥပစာရ အလို့ငှာ ထားအပ်၏။ နေ့ချင်းပြန်ခရီး၌ တနေ့မှာ ၁၂နာရီရှိ၍ အသွား ၃နာရီ၊ အပြန် ၃နာရီအားဖြင့် ၆နာရီခရီးအတွက် အသုံးပြု၍ ၆နာရီကို အလုပ်အတွက် အသုံးပြုဖို့ရာ ထားလျှင် ဘယ်ရွာကမှ ၃နာရီနှင့် ရောက်အောင်မသွားနိုင်သော အရပ်ကို တောဟူ၍ သိအပ်၏။ ထိုတောအရပ်၌ သတ္တဗ္ဘန္တရသိမ်ကို ရအပ်၏။ ထို သတ္တဗ္ဘန္တရသိမ်၌ ဗဒ္ဓသိမ် သမုတ်ခြင်းကို တားမြစ်တော်မမူချေ။ သတ္တဗ္ဘန္တရတခု၌ ၂၈ တောင်ရှိ၏။

## ဥဒကုက္ခေပ သိမ်

မြစ်၊ သမုဒ္ဒရာ၊ ထုံးအိုင်အတွင်း၌ အား အလယ် အလတ် ရှိသော သူ၏ အားကုန်လွှဲ၍ ပက်အပ်သော ရေတပက်၊ သဲတပက်၏ ရေသဲ ကျရာ အရပ်သည် သူ့ပတတိ သဘောအတိုင်း ''ဥဒကုက္ခေပသိမ်''ဖြစ်လျက်နေ၏။ ထိုမြစ်၊ သမုဒ္ဒရာ၊ ထုံးအိုင်တို့၏ အပိုင်းအခြားကို ဝါဆိုလပြည့်နေ့မှ တန်ဆောင်မုန်းလပြည့်အတွင်း၌ တည်သော ရေဖြင့် ပိုင်းခြားအပ်၏။ ထိုရေတည်ရာအတွင်းသည် မြစ်၊ သမုဒ္ဒရာ၊ ထုံးအိုင် မည်၏။

ထိုဥဒကုက္ခေပသိမ်၏ အတွင်း၌ ဟတ္ထပါသ်ကို စွန့်၍ တည်သော သူလည်းလည်းကောင်း၊ ထိုဥဒကုက္ခေပ အပြင်ဘက်၌ ထိုဥဒကုက္ခေပ အတိုင်းအရှည် ပမာဏကို မလွန်မူ၍ တည်သော သူသည်လည်းကောင်း ကံကို ပျက်စေ၏ဟူ၍ ဆာဝါဝိတရဏီ အဋ္ဌကထာ၌ ဆို၏။

နွေအခါ၊ မိုးခေါင်သောအခါတို့၌ ခန်းခြောက်သော်လည်း ဥဒကုက္ခေပသိမ်ပင် ဖြစ်၏။ ထိုနေရာ၌ တွင်းတူးသော်လည်းကောင်း၊ စိုက်ပျိုးခြင်းကိုသော်လည်းကောင်း၊ ထိုတူးရာ၊ စိုက်ပျိုးရာအရပ်သည် ဂါမခေတ်ဖြစ်၍ သွား၏။ လှေဖြင့် ကံပြုသော ရဟန်းတို့သည် သွား၍နေသော လှေ၌ ကံမပြုအပ်။ ဥဒကုက္ခေပကို မလွန်စေမူ၍ လှည့်ပတ်နေသော လှေ၌ကား အပ်၏။ ထိုကြောင့် လှေကို ထိုးဝါး စိုက်၍ သော်လည်းကောင်း၊ ကျောက်ချ၍သော်လည်းကောင်း၊ မြစ်တွင်း၌ ပေါက်သောသစ်ပင်၌ ကြိုးနှင့် ချည်၍သော်လည်းကောင်း

ကံပြုအပ်၏။ ကမ်း၌တည်သော သစ်ပင်၊ သစ်ငုတ်၌ ကြိုးကို ချည်၍ ကံပြုခြင်းငှာ မအပ်။ ပြုလိုက ဂါမခေတ်ကို သုတ်သင် အပ်၏။

အကယ်၍ မြစ်ကို တမံဖို့အံ့၊ ထိုတမံကို ကျော်၍သော်လည်း ကောင်း၊ ဖောက်၍သော်လည်းကောင်း ရေစီးသေးအံ့၊ ရေစီး သောနေရာ၌ ကံပြုအပ်၏။ အကယ်၍ တမံတုတ်၍သော်လည်း ကောင်း၊ တိုင် သစ်ခက်တို့ဖြင့် ပိတ်၍သော် လည်းကောင်း၊ ရေစီး ရပ်သွားသည် ဖြစ်အံ့ ရေမစီးသောနေရာ၌ ကံပြုခြင်းငှာ မအပ်။ တမံပေါ်၌နေ၍လည်း ကံပြုခြင်းငှာ မအပ်။ မြစ်ကို ပိတ်၍ တဘက်ဆည်ကန် ပြုအံ့၊ အထက်ဘက် ရေစီးသောနေရာ ၌လည်းကောင်း၊ အောက်ဘက် ရေစီးသောနေရာ၌ လည်း ကောင်း ကံပြုခြင်းငှာ အပ်၏။ ရေမစီးသောနေရာ၌ ကံပြုခြင်း ငှာ မအပ်။

မြစ်၏အတွင်း၌ ကျောက်ဖျာသည် လည်းကောင်း၊ ကျွန်း သည်လည်းကောင်း ရှိအံ့ မိုးလေးလ ရေလွှမ်းမိုးရာ အရပ်သည် မြစ်မည်၏။ ရေ မလွှမ်းသော အရပ်သည် "ဂါမခေတ်" မည်၏။

ဤ၌ အချို့သောသူတို့သည် ရေသိမ်ကိုအုတ်တိုင်ဖြင့်လည်း ကောင်း၊ ကျောက်တိုင်ဖြင့်လည်းကောင်း ပြုလုပ်ကြ၏။ ထိုသို့ ပြုလုပ်ရာ၌ အချို့က ကျောက်၊ အုတ်၊ အင်္ဂတေတို့သည် ဘူမိ ဂတိကဖြစ်၍ ရေသိမ်မမြောက်၊ ဖြစ်အတွင်း၌ ပေါ်နေသော ကျောက်ဖျာများကဲ့သို့ ဂါမခေတ်သာ ဖြစ်မည်ဟု ဆိုကြ၏။

အချို့က ကျောက်တို့ အုတ်တို့ပင် ဖြစ်သော်လည်း တိုင် အတွက်သာ ဖြစ်ခြင်းကြောင့် ရေသိမ်မြောက်၏ ဟု ဆိုကြ၏။

ထိုစကား ၂-ရပ်တို့တွင် ပထမ စကားက လေးလည်းလေး နက်၏၊ ယုတ္တိလည်းရှိလှ၏။ ထို့ကြောင့် ပထမ စကားအတိုင်း လိုက်နာက အပြစ်ကင်းခြင်း၊ အပြစ် မရှိခြင်းကြောင့် ပထမ စကားအတိုင်း လိုက်နာ၍ ရေသိမ်ကို ဆောက်လုပ်ရာ၌ အုတ်တိုင်,ကျောက်တိုင်တို့ကို အသုံးမပြုမိအောင် အထူးသတိဆောင်ကုန်ရာ၏။

ထိုမှတပါးလည်း ရေသိမ်ကိုဆောက်လုပ်ရာ၌ တံတားကို ကမ်းနှင့်စပ်၍ ထိုးလာပြီး သိမ်ကျောင်းနားကျမှ သိမ်ကျောင်းနှင့် မစပ်မိအောင် ဖြတ်ထား တတ်ကြကုန်၏။ ထိုသို့ပြုလုပ်ရာ၌ တံတားတို့သည် ဥဒကုက္ခေပအတွင်း၌ပင် တည်နေကြသဖြင့် ထိုသိမ်သည် ဂါမနှင့် စပ်မြဲစပ်လျက်ပင် နေ၏။ ထိုကြောင့် ထိုသို့ ဂါမနှင့် မစပ်ရအောင် တံတားကိုကမ်းမှ ဖြတ်၍ ထားကြကုန်ရာ၏။ ထိုကဲ့သို့ ဆောက်လုပ်ရန် သိမ်ကျောင်းပုံကိုလည်း ထည့်သွင်းပြထားလိုက်သည်။ ထို့ပြင် ကမ်းမှ ထိုးလာ၍ ဥဒကုက္ခေပ အတွင်းသို့ ကျရောက်သက်ဝင်နေသော သစ်မြစ်, သစ်ပါးပျဉ်းများကိုလည်း သုတ်သင်ကြကုန်ရာ၏။



ဂါမနှင့် ဆက်သော ဥဒကုက္ခေပသိမ်ပုံ

ဂါမနှင့် စပ်သော ဥကောဈွေပဆိမ်ပုံ



## သိမ်အမိန့်ခံရခြင်း၊ သိမ်သမုတ်ရခြင်း၊
## သိမ်ဆောက်ရခြင်းအကျိုးများ

"သဒ္ဒိသံဂါကံဇနေတိ"ဟူသည်နှင့်အညီ သိမ်အမိန့်ခံရခြင်းကြောင့် ဖြစ်လေရာဘဝတို့၌ သဌေး၊ သူကြွယ်၊ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်းစသော မြေကို ပိုင်ဆိုင်သော အမျိုး၌သာ ဖြစ်ရ၍ နောက်ဆုံး၌ တဏှာ စသော ကိလေသာ ကုန်ခန်းသော ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ ရောက်ရ၏။ မြေကို မပိုင်ဆိုင်သော လူမွဲ၊ လူဆင်းရဲအဖြစ်၌ တရံတခါမျှ မဖြစ်ရ၊ အဆုံးဘဝ၌ တဏှာ စသော ကိလေသာ ကျွန်အဖြစ်မှ လွတ်ရ၏။

သိမ်သမုတ်ရခြင်းကြောင့် ဖြစ်လေရာဘဝ၌ မိမိပြုသော အမှုကိစ္စ၊ ကြံစည်သော အရာဟူသမျှတို့သည် ပြီးစီးအောင်မြင်ကုန်၏။ အဆုံးဘဝ၌ ကတကိစ္စ၊ ကတကရဏီယဖြစ်၍ ပြုဘွယ်ကိစ္စ ဟူသမျှတို့မှ လွန်မြောက်၍ ရဟန္တာအဖြစ်သို့ ရောက်ရ၏။ ပြုလုပ်သော အမှုကိစ္စ၊ ကြံစည်သော အရာဟူသမျှ မပြီးမရှိ၊ အလုံးစုံ ပြီးစီးရ၏။

သိမ်ဆောက်လှူခြင်းကြောင့် အဆင်း၊ ခွန်အား၊ မျက်စိ၊ ချမ်းသာတို့ကို ပေးလှူသည်မည်သည်သာမက အလုံးစုံကို ပေးလှူရာရောက်၍၊ ဖြစ်လေရာဘဝ၌ မျက်စိမွဲခြင်း၊ မှုံခြင်း၊ နားထိုင်းခြင်း စသော ရောဂါတို့မှ ကင်းရှင်း၍ မျက်စိအမြင်နှင့် ပြည့်စုံခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ချမ်းသာကြီးခြင်း

**စသော** အကျိုးတို့နှင့် ပြည့်စုံ၏။ ။ဤ**ကား** အကျိုး **အာနိသံသ**တည်း။

**ဋ္ဌတိ တတိယော ကဏ္ဍော**

(ဤသိမ် အဆုံးအဖြတ်သည် ၁၃၀၀-ပြည့်၊ တောင်သလင်း လဆုတ် ၉-ရက်နေ့ နံနက် ၁၀-နာရီအချိန်တွင် ပြီးဆုံးခြင်း သို့ ရောက်၏။)

**သိမ်အဆုံးအဖြတ် ပြီးပြီ။**

## စတုတ္ထ ကဏ္ဍ

# ရဟန်းခံမှုဆိုင်ရာ

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။ ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။ အယံ တေ ပတ္တော၊ အယံ သင်္ဃာဋိ၊ အယံ ဥတ္တရာသင်္ဂေါ၊ အယံ အန္တရဝါသကော။ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။ ။

### အနုသာသနဉတ်

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ။ ။

သုဏသိ နာဂ။ အယံ တေ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ သံဃမဇ္ဈေ ပုစ္ဆန္တေ သန္တံ အတ္ထီတိ ဝတ္တဗ္ဗံ။ အသန္တံ နတ္ထီတိ ဝတ္တဗ္ဗံ။ မာခေါ ဝိတ္ထာသိ၊ မာခေါ မင်္ကု အဟောသိ။ ဧဝံ တံ ပုစ္ဆိဿန္တိ၊ သန္တိ တေ ဧဝရူပါ အာဗာဓာ။ ကုဋ္ဌံ၊ ဂဏ္ဍော၊ ကိလာသော၊ သောသော၊ အပမာရော၊ မနုဿောသိ၊ ပုရိသောသိ၊ ဘုဇိဿောသိ၊ အဏဏောသိ၊ နသိ ရာဇဘဋော၊ အနုညာတောသိ မာတာပိတူဟိ၊ ပရိပုဏ္ဏဝီသတိဝဿောသိ၊ ပရိပုဏ္ဏံ တေ ပတ္တစီဝရံ၊ ကိံနာမောသိ၊ ကောနာမော တေ ဥပဇ္ဈာယော။ ။

[ န ဧကတော အာဂန္တဗ္ဗံ၊ အနုသာသကေန ပဌမတရံ အာဂန္တွာ သံဃော ဉာပေတဗ္ဗော။ ]

## ဩသာရဏာဉတ်

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ။ နာဂေါ အာဂစ္ဆေယျ။ ။အာဂစ္ဆာဟီတိ ဝတ္တဗ္ဗော။

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

## ပုစ္ဆနဉတ်

သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

သုဏာသိ နာဂ။ အယံ တေ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ ပုစ္ဆာမိ။ သန္တံ အတ္ထီတိ ဝတ္တဗ္ဗံ။ အသန္တံ နတ္ထီတိ ဝတ္တဗ္ဗံ၊ သန္တိ တေ ဧဝရူပါ အာဗာဓာ။ ကုဋ္ဌံ။ (နတ္ထိဘန္တေ။) ဂဏ္ဍော။ (နတ္ထိဘန္တေ။) ကိလာသော။ (နတ္ထိ ဘန္တေ။) သောသော။ (နတ္ထိဘန္တေ။) အပမာရော။ (နတ္ထိ ဘန္တေ။) မနုဿောသိ။ (အာမဘန္တေ။) ပုရိသောသိ။ (အာမ ဘန္တေ။) ဘုဇိဿောသိ။ (အာမဘန္တေ။) အနဏောသိ။

(အာမ ဘန္တေ။) နသိ ရာဇဘဋော။ (အာမ ဘန္တေ။) အနုညာတောသိ မာတာပိတူဟိ။ (အာမ ဘန္တေ။) ပရိပုဏ္ဏဝီသတိဝဿောသိ။ (အာမ ဘန္တေ။) ပရိပုဏ္ဏံ တေ ပတ္တစီဝရံ။ (အာမ ဘန္တေ။) ကိံနာမောသိ။ (အဟံ ဘန္တေ နာဂေါ နာမ။) ကော နာမော တေ ဥပဇ္ဈာယော။ (ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ။)

ရဟန်းခံ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ။ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

## အာဝိက္ခနဝိဓိ

တာဝဒေဝ ဆာယာ မေတဗ္ဗာ။ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ။ ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော။ သင်္ဂီတိ အာစိက္ခိတဗ္ဗာ။ စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ။ စတ္တာရိ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိ။

## နိဿယ

ပိဏ္ဍိယာလောပ ဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော သံဃဘတ္တံ၊ ဥဒ္ဒေသဘတ္တံ၊ နိမန္တနံ၊ သလာကဘတ္တံ၊ ပက္ခိကံ၊ ဥပေါသထိကံ၊ ပါဋိပဒိကံ။ (အာမ ဘန္တေ)

ပံသုကူလ စီဝရံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော ခေါမံ၊ ကပ္ပါသိကံ၊ ကောသေယျံ၊ ကမ္ဗလံ၊ သာဏံ၊ ဘင်္ဂံ။ (အာမဘန္တေ)

ရုက္ခမူလ သေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော ဝိဟာရော၊ အဍ္ဎယောဂေါ၊ ပါသာဒေါ၊ ဟမ္မိယံ၊ ဂုဟာ။ (အာမ ဘန္တေ)

ပူတိမုတ္တ ဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေကလာဘော သပ္ပိ၊ နဝနီတံ၊ တေလံ၊ မဓု၊ ဖာဏိတံ။ (အာမ ဘန္တေ)

## အကရဏီယ

ဥပသမ္ပန္နေန ဘိက္ခုနာ မေထုနောဓမ္မော နပ္ပဋိသေဝိတဗ္ဗော၊ အန္တမသော တိရစ္ဆာနဂတာယပိ။ ယော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ၊ အဿမဏော ဟောတိ အသကျပုတ္တိယော။ သေယျထာပိ နာမ ပုရိသော သီသစ္ဆိန္နော အဘဗ္ဗော တေန သရီရဗန္ဓနေန ဇီဝိတုံ။ ဧဝမေဝ ဘိက္ခု မေထုနံဓမ္မံ ပဋိသေဝိတွာ အဿမဏော ဟောတိ အသကျပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ။ (အာမ ဘန္တေ)

ဥပသမ္ပန္နေန ဘိက္ခုနာ အဒိန္နံ ထေယျသင်္ခါတံ န အာဒါတဗ္ဗံ၊ အန္တမသော တိဏသလာကံ ဥပါဒါယ။ ယော ဘိက္ခု ပါဒံဝါ ပါဒါရဟံဝါ အတိရေကပါဒံဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယတိ၊ အဿမဏော ဟောတိ အသကျပုတ္တိယော။ သေယျထာပိနာမ ပဏ္ဍုပလာသော ဗန္ဓနာ ပမုတ္တော အဘဗ္ဗော ဟရိတတ္တာယ။ ဧဝမေဝ ဘိက္ခု ပါဒံဝါ ပါဒါရဟံဝါ အတိရေကပါဒံဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယိတွာ၊ အဿမဏော ဟောတိ အသကျ ပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ။ (အာမဘန္တေ)

ဥပသမ္ပန္နေန ဘိက္ခုနာ သဉ္စိစ္စ ပါဏော ဇီဝိတာ န ဝေါရောပေတဗ္ဗော အန္တမသော ကုန္ထကိပ္ပိလ္လိကံ ဥပါဒါယ။ ယော ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတိ၊ အန္တမသော ဂဗ္ဘပါတနံ ဥပါဒါယ။ အဿမဏော

ဟောတိ အသက္ကျပုတ္တိယော။ သေယျထာပိနာမ ပုထုသိလာ ဒွေဓာဘိန္နာ အပ္ပဋိသန္ဓိကာ ဟောတိ။ ဧဝမေဝ ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတွာ၊ အဿမဏော ဟောတိ အသက္ကျပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ။ (အာမ ဘန္တေ)

ဥပသမ္ပန္နေန ဘိက္ခုနာ ဥတ္တရိမနုဿဓမ္မော န ဥလ္လပိတဗ္ဗော၊ အန္တမသော သုညာဂါရေ အဘိရမာမီတိ။ ယော ဘိက္ခု ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ။ ဈာနံ ဝါ ဝိမောက္ခံ ဝါ သမာဓိံ ဝါ သမာပတ္တိံ ဝါ မဂ္ဂံ ဝါ ဖလံ ဝါ။ အဿမဏော ဟောတိ အသက္ကျပုတ္တိယော။ သေယျထာပိနာမ တာလော မတ္ထကစ္ဆိန္နော အဘဗ္ဗော ပုန ဝိရုဠှိယာ။ ဧဝမေဝ ဘိက္ခု ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပိတွာ၊ အဿမဏော ဟောတိ အသက္ကျပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ။ (အာမ ဘန္တေ)

## ရဟန်းလောင်းဆုံးမအနက်

ဥပသမ္ပဒါပေက္ခဿ ပကတိနာမံ ပရိဝတ္တေတွာ အနုပုဗ္ဗေန အနုဿာဝိတု ကာမေန ပဋိကစ္စေဝ တံ နာဂေါတိအာဒိနာ ဝိညာပေတွာ။

ဋီကာ ဝိမတိ လာရှိသည်နှင့် လျော်ညီစွာ ဥ တ်ကမ္မဝါစာ ဖတ်ရွတ်ရာဝယ် လွယ်စေခြင်း အကျိုးငှာ ဥပဇ္ဈာယ်ဆရာ၏

အမည်ကို တိဿဟူ၍ မှည့်ပါ၏။ တိဿဟူ၍ မှတ်တော်မူကြပါ။

ရဟန်းလောင်း၏ အမည်ကို နာဂဟူ၍ မှည့်ပါ၏။ နာဂဟူ၍ မှတ်တော်မူကြပါ။

ပဌမံ၊ သပိတ် သင်္ကန်းကို ကြားခြင်း စသည်တို့၏ ရှေးဦးစွာ။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂါဟာ ပေတဗ္ဗော၊ ယူစေအပ်၏။ ဣတိ၊ဤသို့။ ဝစနတော၊ မြတ်စွာဘုရား ဟောကြားတော် မူခြင်းကြောင့်။ နာဂ၊နာဂ အမည်ရှိသော ပဉ္စင်းလောင်း။ တံ၊ သင်သည်။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂဏှ၊ ယူဦးလော့။ ။

(ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ ။ဘန္တေ၊ အရှင်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်၏။ဥပဇ္ဈာယော၊ ဥပဇ္ဈာယ် ဆရာမြတ်သည်။ ဟောဟိ၊ ဖြစ်တော်မူပါလော့—ဟူ ဥပဇ္ဈာယ်ယူ၊

ပါသာဒိကေန သမ္ပာဒေဟိ၊ ။ အာဝုသော။ငါ့ရှင်။ တွံ၊ သည်။ ပါသာဒိကေန၊ ကြည်ညိုဖွယ် ဖြစ်သော အကျင့်နှင့်။ သမ္ပာဒေဟိ၊ ပြည့်စုံစေလော့-ဟူ၍ ဥပဇ္ဈာယ် ဆရာကဆို။)

ဥပဇ္ဈံ၊ကို။ ဂ ဟာပေတွာ၊ ယူစေပြီး၍။ ပတ္တစီဝရံ၊ သပိတ် သင်္ကန်းကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။

နာဂ၊ လောင်း။ အယံ၊ ဤသပိတ်သည်။ တေ၊ သင်၏။ ပတ္တော၊ သပိတ်တည်း။

နာဂ၊ လောင်း။ အယံ၊ ဤဒုကုဋ် သင်္ကန်းသည်။ တေ၊ ၏။ သင်္ဃာဋိ၊ ဒုကုဋ် သင်္ကန်းတည်း။

နာဂ၊ လောင်း။ အယံ၊ ဤ ကိုယ်ဝတ်သင်္ကန်းသည်။ တေ၊ ၏။ ဥတ္တရာသင်္ဂေါ၊ ကိုယ်ဝတ်သင်္ကန်းတည်း။

နာဂ၊ လောင်း။ အယံ၊ ဤ ခါးဝတ် သင်းပိုင်သည်။ တေ၊ ၏။ အန္တရဝါသကော၊ ခါးဝတ် သင်းပိုင်တည်း။

နာဂ၊ နာဂအမည်ရှိသော ပဉ္စင်းလောင်း။ ဂစ္ဆ၊ သွားလေလော့။ အမုမှိဩကာသေ၊ မကြောက်မရွံ့ လျှောက်ဆိုဝံ့ရာ ဆယ့်နှစ်တောင့်သွာ ပမာဏ သင့်တင့် လျှောက်ပတ်သော ဌာန၌။ တိဋ္ဌာဟိ၊ ရပ်နား, ဆိုင်းငံ့, တန့်လေလော့။

နာဂ၊ နာဂ အမည်ရှိသော ပဉ္စင်းလောင်း။ သုဏာသိ၊ နားစေ့စေ နာလော့။ အယံ၊ ဤအခါသည်။ တေ၊ သင် ပဉ္စင်း လောင်း၏။ သစ္စကာလော၊ မှန်သည်ကိုသာ ဆိုရအံ့သော အခါတည်း။ ဘူတကာလော ဟုတ်သည်ကိုသာ ဆိုရအံ့သော အခါတည်း။ ယံ၊ အကြင် ပဗ္ဗဇ္ဇာဒေါသ ဟူသည်။ တေ၊ သင် ပဉ္စင်းလောင်း၏။ သရီရေ၊ ကိုယ်၌။ ဇာတံ၊ ဖြစ်ခဲ့ပြီးအံ့။ တံ၊ ထို ပဗ္ဗဇ္ဇာဒေါသ ဟူသမျှကို။ သံဃမဇ္ဈေ၊ သံဃာတော်တို့၏ အလယ်၌။ ပုစ္ဆန္တေ၊ ငါတို့က မေးသည်ရှိသော်။ သန္တံ၊ ထင်ရှား ရှိသော အပြစ်ကို၊ အတ္ထီတိ၊ ရှိပါ၏ ဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထား ပြောဆိုအပ်၏။ အသန္တံ၊ ထင်ရှား မရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထား ပြောဆို အပ်၏။ မာ ခေါ ဝိတ္ထာသိ၊ မလျှောက်ထားဝံ့ ရှို့တိုး ရှို့တွန့် မရှိလင့်၊ မာခေါမင်္ကုအဟောသိ၊ မျက်နှာ မသာမယာ မရှိလင့်။ ဧဝံ၊ ဤသို့။ တံ၊ သင့်ကို။ ပုစ္ဆိဿန္တိ၊ မေးမြန်းကြကုန်လတ္တံ့။

ဝေရူပါ၊ ဤသို့ ယုတ်မာသော သဘောရှိကုန်သော။
အာဗာဓာ၊ အနာတို့သည်။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။
သန္တိ၊ ရှိကုန်သလော။ ကုဋ္ဌံ၊ နူနာသည်။ အတ္ထိ၊ ရှိသလော။
ဂဏ္ဍော၊ ထင်ရှားအိုင်းနာသည်။ အတ္ထိ၊ ရှိသလော။
ကိလာသော၊ ပွေး, ညှင်း, တင်းထိပ် စသော အနာတို့
သည်။ အတ္ထိ၊ ရှိသလော။
သောသော၊ ခယရုဂ်, ချောင်းဆိုး အနာမျိုးသည်။ အတ္ထိ၊
ရှိသလော။
အပမာရော၊ ဝက်ရူး, ကြက်ရူး စသော အနာမျိုးသည်။
အတ္ထိ၊ ရှိသလော။
မနုဿောသိ၊ လူဇာတ် စင်စစ်သည်။ အသိ၊ ဖြစ်၏လော။
ပုရိသောသိ၊ ယောကျ်ားစင်စစ်သည်။ အသိ၊ ဖြစ်၏လော။
ဘုဇိဿောသိ၊ တော်လှန် စင်စစ် သူ့ကျွန်မဖြစ်သည်။အသိ၊
ဖြစ်၏လော။
အနဏောသိ၊ သူတပါး၏ ကြွေးမြီမတင်သည်။ အသိ၊လော။
ရာဇဘဋောသိ၊ မင်းခစား ယောကျ်ားသည်။ နအသိ၊
မဖြစ်ပဲ ရှိ၏လော။
မာတာပိတူဟိ၊ သင့်မိ သင့်ဘတို့သည်။ အနုညာတောသိ၊
အနုးအညွှတ် ခွင့်ပြုအပ်သည်။ အသိ၊ လော။
ပရိပုဏ္ဏဝီသတိဝဿောသိ၊ ပြည့်သော အသက်နှစ်ဆယ်ရှိသည်။
အသိ၊ လော။
တေ၊ သင့်အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊
ပြည့်စုံ၏လော။

တွံ၊ သင်သည်၊ ကိန္နာမော၊ ဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။

တေ၊ သင်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ် ဆရာသည်။ ကောနာမော၊ ဘယ်အမည် ရှိသနည်း။

ဧဝံ၊ ဤသို့။ တံ၊ သင့်ကို။ ပုစ္ဆိယန္တိ၊ မေးကြကုန်လတ္တံ့။ တဒါ၊ မေးကြလေရာ ထိုအခါ၌။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဝဒေဟိ၊ လျှောက်ဆိုပါလော့။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏၊ ဘန္တေ၊ တို့။ သံဃော။ သည်။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု၊ မည်းညစ်သော အကုသိုလ် အဘို့မှ ထုတ်နုတ်၍၊ ဖြူစင်သော ကုသိုလ် အဘို့၌ တည်ပါစေလော့။ ဝါ၊ ယုတ်နိမ့်သော ရှင်သာမဏေ အဖြစ်မှ ထုတ်နုတ်၍ မြင့်မြတ်သော ရဟန်း ပဉ္စင်းအဖြစ်၌ တည်ပါစေလော့။ ဝါ၊ သံသရာတည်းဟူသော ဝဲဩဃမှ ထုတ်နုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်ပါစေလော့။ ။

## နိဿယ

တာဝဒေဝ၊ ထိုပဉ္စင်းဖြစ်သည်၏ အခြားမဲ့၌သာလျှင်။ ဆာယာ၊ အရိပ်ကို။ မေတဗ္ဗာ၊ နှိုင်းယှဉ်အပ်၏။ ဥတုပ္ပမာဏံ၊ ဥတု ပမာဏကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ဒိဝသဘာဂေါ၊ နေ့အဘို့ကို။ အာစိက္ခိတဗ္ဗော၊ ၏။ သင်္ဂီတိ၊ အရိပ်, ဥတု, နေ့အဘို့ဟု ဆိုအပ်သော သုံးပါး

သော အပေါင်းကို။ အာဝိကွိတဗ္ဗာ၊ ၏။ စတ္တာရော၊ လေးပါးကုန်သော။ နိဿယာ၊ မှီရာတို့ကို။ အာစိက္ခိတဗ္ဗာ၊ ကုန်၏။ စတ္တာရိ၊ လေးပါးကုန်သော။ အကရဏီယာနိ၊ မပြုမကျင့် အပ်သော ပါရာဇိကအမှုတို့ကို။ အာစိက္ခိတဗ္ဗာနိ၊ ကုန်၏။ ။

ဆွမ်း။ ။ပိဏ္ဍိယာ လောပဘောဇနံ၊ အိမ်စဉ်မပြတ် ရပ်၍ ရအပ်သော ဆွမ်းကို။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ အကြောင်ရဟန်း၏ အဖြစ်သည်။ ပဝတ္တာ၊ ဖြစ်၏။ တတ္ထ၊ ထိုရဟန်း၏ အဖြစ်၌။ တေ၊ သင်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်၌တည်၍ အသက်ရှည်သမျှ ကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုကျင့်အပ်၏။ အတိရေကလာဘော၊ လာဘ်သပ္ပကာ ပေါများသောသူ ဖြစ်ပါမူကား။ သံဃဘတ္တံ၊ သံဃာကို ရည်မှန်း၍ လှူဒါန်းအပ်သော ဆွမ်းကိုလည်းကောင်း။ ဥဒ္ဒေသဘတ္တံ၊ သံဃာမှညွှန်ချ၍ လှူအပ်သော ဆွမ်းကိုလည်းကောင်း။ နိမန္တနံ၊ ပင့်ဖိတ်၍ လှူအပ်သော ဆွမ်းကိုလည်းကောင်း။ သလာကဘတ္တံ၊ စားရေတံချ၍လှူအပ်သော ဆွမ်းကိုသည်းကောင်း။ ပက္ခိကံ၊ ပက္ခကိုမှတ်၍လှူအပ်သောဆွမ်းကိုလည်းကောင်း။ ဥပေါသထိကံ၊ ဥပုသ်နေ့၌ လှူအပ်သော ဆွမ်းကိုသည်းကောင်း။ ပါဋိပဒိကံ၊ အထွက်တရက်နေ့၌ လှူဒါန်းအပ်သော ဆွမ်းကိုလည်းကောင်း။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။ ။

သင်္ကန်း။ ။ပံသုကူလစီဝရံ၊ မြေမှုန့် အလိမ်းလိမ်းကပ်သော ပံသုကူသင်္ကန်းကို။ နိဿာယ၊ မှီ၍။ ယာပဗ္ဗဇ္ဇာ၊ အကြောင်

ရဟန်း၏အဖြစ်သည်။ ပဝတ္တာ၊ ၏။ တတ္ထ၊ ထိုရဟန်း၏အဖြစ်၌။ တေ၊ သင်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်၌ တည်၍ အသက်ရှည်သမျှ ကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေကလာဘော၊ အလွန်ပေါများသော လာဘ်သာဘရှိသူ ဖြစ်ပါမူကား။ ခေါမံ၊ ခေါမတိုင်းထွက် လျှော်ချည်ဖြင့် ရက်အပ်သော သင်္ကန်းကိုလည်းကောင်း။ ကပ္ပါသိကံ၊ ဝါချည်သင်္ကန်းကိုလည်းကောင်း။ ကောသေယျံ၊ ပိုးချည်သင်္ကန်းကို လည်းကောင်း၊ ကမ္ဗလံ၊ သားမွေးဖြင့်ပြီးသော သက္ကလတ် သင်္ကန်းကိုလည်းကောင်း။ သာဏံ၊ ပိုက်ဆံလျှော်ဖြင့်ပြီးသော သင်္ကန်းကိုလည်းကောင်း။ ဘင်္ဂံ၊ ငါးပါးစုံ ရောယှက်၍ ရက်အပ်သော သင်္ကန်းကိုလည်းကောင်း။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။ ။

ကျောင်း။ ။ရုက္ခမူလသေနာသနံ၊ သစ်ပင်ရင်း တည်းဟူသော ကျောင်းကို။ နိဿာယ၊ မှီ၍။ ယာပဗ္ဗဇ္ဇာ၊ အကြင်ရဟန်း၏ အဖြစ်သည်။ ပဝတ္တာ၊ ဖြစ်၏။ တတ္ထ၊ ထိုရဟန်း၏အဖြစ်၌။ တေ၊ သင်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်၌ တည်၍ အသက် ရှည်သမျှ ကာလ ပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေကလာဘော၊ အလွန်ရအပ်သော လာဘ်ရှိသူ ဖြစ်ပါမူကား။ ဝိဟာရော၊ နှစ်ဘက်စောင်း မိုးအပ်သော ကျောင်းကိုလည်းကောင်း။ အဍ္ဍယောဂေါ၊ တဘက်စောင်း မိုးအပ်သောကျောင်း ကိုလည်းကောင်း။ ပါသာဒေါ၊ ပြာသာဒ်ရှည်ကို လည်းကောင်း။ ဟမ္မိယံ၊

ပြာသာဒ် ဦးပြည်ကိုလည်းကောင်း။ ဂုဟာ၊ ဥမင်လိုဏ်ခေါင်း လိုလည်းကောင်း။ ပရိဘုဉ္ဇိတဗ္ဗာ၊ သုံးဆောင်အပ်၏။ ။

ဆေး။ ။ပူတိမုတ္တဘေသဇ္ဇံ၊ နွားကျင်ငယ်ရည်ဖြင့် ထုံစိမ် အပ်သောဆေးကို။ နိဿာယ၊ မှီ၍။ ယာပဗ္ဗဇ္ဇာ၊ အကြင်ရဟန်း ၏ အဖြစ်သည်။ ပဝတ္တာ၊ ဖြစ်၏။ တတ္ထ၊ ထိုရဟန်း၏ အဖြစ် ၌။ တေ၊ သင်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်ခတော် ကိုယ်၌တည် ၍ အသက်ရှည်သမျှ ကာလပတ်လုံး။ ဥဿာဟော၊ အားထုတ် ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေက လာဘော၊ အလွန် ရတတ်သောသူ ဖြစ်ပါမူကား။ သပ္ပိ၊ ထောပတ်ကိုလည်း ကောင်း။ နဝနီတံ ဆီဦးကို လည်းကောင်း။ တေလံ၊ ဆီကို လည်းကောင်း။ မဓု၊ ပျားကိုလည်းကောင်း။ ဖာဏိတံ၊ တင်လဲ ကိုလည်းကောင်း။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။ ။

အကရဏီယ

မေထုန်မမှီဝဲရ။ ။ဥပသမ္ပန္နေန၊ မြင့်မြတ်သော ပဥ္စင်း အဖြစ်သို့ ရောက်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ အန္တမသော၊ အယုတ်သဖြင့်။ တိရစ္ဆာနဂတာယပိ၊တိရစ္ဆာန်မ၌သော်လည်း။ မေထုနော၊ အချင်းချင်းတပ်သော သူနှစ်ယောက် တို့၏ ဥစ္စာ ဖြစ်သော။ ဓမ္မော၊ အကျင့်ကို။ နပ္ပဋိသေဝိတဗ္ဗော၊ မမှီဝဲအပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်၊ မေထုနံဓမ္မံ မေထုန်အကျင့် ကို။ ပဋိသေဝတိ၊ မှီဝဲသည်ဖြစ်အံ့။ သော ဘိက္ခု၊ ထိုရဟန်း သည်။ အဿမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင် မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊

ဖြစ်၏။ သေယျထာပိနာမ၊ ဥပမာ မည်သည်ကား။ သီသ—
စ္ဆိန္နော၊ဦးခေါင်းပြတ်ပြီးသော။ ပုရိသော၊ ယောကျ်ားသည်။
တေန၊ ထိုပြတ်သောဦးခေါင်းနှင့်။ သရီရဗန္ဓနေန၊ ကိုယ်ကို
ဆက်စပ်သဖြင့်။ ဇီဝိတုံ၊ အသက်ရှင်ခြင်းငှာ။ အဘဗ္ဗောသေယျ
ထာပိ၊ မထိုက်သကဲ့သို့။ ဧဝမေဝ၊ ဤ အတူသာလျှင်။ ဘိက္ခု၊
သည်။ မေထုနံဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝိတွာ၊ မှီဝဲ၍။
ဝါ၊ သေဝ်၍ အဿမဏော၊ ရဟန်း မဟုတ်သည်။ အသကျ
ပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်မဟုတ်သည်။
ဟောတိ၊ ဖြစ်၏။ တံ၊ ထိုမေထုန်အကျင့်ကို။ တေ၊ သည်။
ယာဝဇီဝံ၊ သိက္ခာပုဒ်တော်ကိုယ်၌ တည်သမျှ ကာလပတ်လုံး ။
အကရဏီယံ၊ မပြုကျင့်အပ်။ ။

သူ့ဥစ္စာမခိုးရ။ ။ဥာသမ္ပန္နေန၊ မြင့်မြတ်သော ပဥ္စင်း
အဖြစ်သို့ ရောက်သော။ဘိက္ခုနာ၊ ရဟန်းသည်။ အန္တမသော၊
အယုတ်သဖြင့်။ တိဏ သလာကံ၊ မြက်,ဝါးခြမ်းစိတ်ကို။ ဥပါ
ဒါယ၊ အစပြု၍။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေး
အပ်သော ဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးလိုသောစိတ်အစုဖြင့်။
နအာဒါတဗ္ဗံ၊ မခိုး မယူအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။
အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော။ ပါဒံဝါ၊
တမတ်ကိုလည်းကောင်း၊ ပါဒါရဟံဝါ၊ တမတ်ထိုက်တန်
သော ဥစ္စာကိုလည်းကောင်း။ အတိရေကပါဒံဝါ၊ တမတ်
ထက် ပိုလွန်သော ဥစ္စာ, တမတ်ထက် ပိုလွန်ထိုက်တန်သော
ဥစ္စာကိုလည်းကောင်း။ ထေယျသင်္ခါတံ၊ ဖြင့်။ အာဒိယတိ၊
ခိုးယူမိသည်ဖြစ်အံ့။ သောဘိက္ခု၊ထိုရဟန်းသည်။အဿမဏော၊

ရဟန်းမဟုတ်သည်။ အသကျ ပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိနာမ၊ ဥပမာ မည်သည်ကား။ ဗန္ဓနာ၊ အညာမှ။ ပဝုတ္တော၊ ကင်းလွတ် ကြွေကျပြီးသော။ ပဏ္ဍုပလာသော၊ ဖက်ရွက် လျော်သည်။ ဟရိတတ္တာယ၊ စိမ်းရှင် ခြင်းငှာ။ အဘဗ္ဗော သေယျထာပိ၊ ဧထိုက်သကဲ့သို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော။ ပါဒံဝါ၊ တမတ်ကိုလည်းကောင်း။ ပါဒါရဟံဝါ၊ တမတ်ထိုက်တန်သောဥစ္စာကို လည်းကောင်း၊ အတိရေကပါဒံဝါ၊ တမတ်ထက် ပိုလွန်သောဥစ္စာ, တမတ်ထက် ပိုလွန်ထိုက်တန်သော ဥစ္စာကိုလည်းကောင်း။ ထေယျသင်္ခါတံ၊ ခိုးလိုသောစိတ်အစုဖြင့်။ အာဒိယိတွာ၊ ခိုးယူမိသည် ရှိသော်။ အဿမဏော၊ ရဟန်းမဟုတ်သည်။ အသာကျ ပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထို ခိုးခြင်းအမှုကို။ တေ၊ သင်သည်။ ယာဝဇီဝံ။ သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှကာလပတ်လုံး။ အကရဏီယံ၊ မပြုအပ်။

သူ့အသက်မသတ်ရ။ ဥပသမ္ပန္နေန၊ မြင့်မြတ်သောပဉ္စင်း အဖြစ်သို့ ရောက်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ သဉ္စိစ္စ၊ သေစေ လိုသော စိတ်စေတနာရှိသည် ဖြစ်၍။ အန္တမသော၊ အယုတ်သဖြင့်။ ကုန္ထ ကိပိလ္လိကံ၊ ပိုးရွ ခြပုန်းကို။ ဥပါဒါယ၊ အစပြု၍။ ပါဏော၊ သတ္တဝါကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ နဝေါရောပေတဗ္ဗော၊ မချအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။

သဉ္စိစ္စ၊ သေစေလိုသော စိတ်စေတနာ ရှိသည် ဖြစ်၍။ အန္တမသော၊ အယုတ်သဖြင့်။ ဂဏ္ဍုပါတနံ၊ ကိုယ်ငန်ကျဆေးပေးခြင်းကို။ ဥပါဒါယ၊ အစပြု၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ် ရှိသောသူ၏ ကိုယ်ကို။ ဇီဝိတာ၊ ဇီဝိတ်ခြွေမှု။ ဝေါရောပေတိ၊ ချသည်ဖြစ်အံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ အဿမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိ နာမ၊ ဥပမာမည်သည်ကား။ ဒွေဓာ၊ နှစ်ဖြာ။ ဘိန္နာ၊ ကွဲလေပြီးသော။ ပုထုသိလာ၊ ကျောက်ဖျာကြီးသည်။ အပ္ပဋိသန္ဓိကာပိ သေယျထာ၊ တပန်စပ်ပြန်ခြင်းငှာ မတတ်နိုင်သကဲ့သို့။ ဧဝမေဝ။ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ သဉ္စိစ္စ၊ သေစေလိုသော စိတ်စေတနာရှိသည် ဖြစ်၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ရှိသောသူ၏ ကိုယ်ကို။ ဇီဝိတာ၊ ဇီဝိတ်ခြွေမှု။ ဝေါရောပေတွာ၊ ချမိသည်ရှိသော်။ အဿမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုသူ့အသက်ကို သတ်ခြင်းအမှုကို။ ဝော၊ သင်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှ ကာလပတ်လုံး။ အကရဏီယံ၊ မပြုအပ်။

ဈာန်မဂ်ဖိုလ်မရပဲ ရဟုပြောရ။ ။ဥပသမ္ပန္နေ၊ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဥတ္တရိမနုဿဓမ္မော လူတို့၏ ကုသိုလ်ကမ္မပထ တရားဆယ်ပါးတို့ထက် မြတ်သောတရားကို။ န ဥလ္လပိတဗ္ဗော၊ ငါရ၏,

ငါသိ၏ဟူ၍ မပြောအပ်။ အန္တမသော၊ အယုတ်သဖြင့်။ သုညာ ဂါရေ၊ သိတ်ငြိမ်ရာအရပ်၌။ အဘိရမာမိတိ၊ အလွန် မွေ့လျော်၏ ဟူ၍ပင်။ နဥလ္လပိတဗ္ဗော၊ မပြောကြားအပ်၊ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ပ ပိစ္ဆော၊ ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုရမက် နှိပ်စက်အပ်သည်ဖြစ်၍။ အသန္တံ၊ မိမိ၌ထင်ရှားမရှိသော၊ အဘူတံ၊ မဟုတ်မမှန်သော၊ ဥတ္တရိမနုဿဓမ္မံ၊ လူတို့၏ကုသိုလ် ကမ္မပထတရားဆယ်ပါးထက် မြတ်သော။ ဈာနံဝါ၊ ဈာန်ကိုသည်းကောင်း။ ဝိမောက္ခံဝါ၊ ဝိမောက္ခကိုလည်းကောင်း။ ဝါ၊ နိဗ္ဗာန်ကိုလည်းကောင်း။ သမာဓိံဝါ၊ ဈာနသမာဓိ ဖလသမာဓိကို လည်းကောင်း။ သမာပတ္တိံဝါ၊ ဈာနသမာပတ်၊ ဖလသမာပတ်ကိုလည်းကောင်း။ မဂ္ဂံဝါ၊ မဂ်ကိုလည်းကောင်း။ ဖလံဝါ၊ ဖိုလ်ကိုလည်းကောင်း။ ဥလ္လပတိ၊ ငါရ၏၊ ငါသိ၏ဟု ပြောကြားငြားအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ အဿမဏော၊ ရဟန်း မဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိနာမ၊ ဥပမာ မည်သည်ကား။ မတ္ထကစ္ဆိန္နော၊ လည်ဆစ်ပြတ်ပြီးသော။ တာလော၊ ထန်းပင်သည်။ ပုနဝိရုဠှိယာ၊ တဖန် စည်ကားကြီးပွားခြင်းငှာ။ အဘဗ္ဗော သေယျထာပိ၊ မတိုက်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပ ပိစ္ဆော၊ ယုတ်မာသော အလိုရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုရမက် နှိပ်စက်အပ်သည်ဖြစ်၍။ အသန္တံ၊ မိမိ၌ထင်ရှားမရှိသော။ အဘူတံ၊ မဟုတ်မမှန်သော။ ဥတ္တရိမနုဿဓမ္မံ၊ လူတို့၏ ကုသိုလ်ကမ္မပထတရား

ဆယ်ပါးထက် မြတ်သောတရားကို။ ဥလ္လပိတွာ၊ ပြောဆိုမိသော်။ အဿမဏော၊ ရဟန်းမဟုတ်သည်။ အသက္ယပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဥတ္တရိမနုဿဓမ္မကို ငါရ၏ ငါသိ၏ဟု ပြောဆိုခြင်းအမှုကို။ တေ၊ သင်သည်။ ယာဝဇီဝံ၊ ပတ်လုံး။ အကရဏီယံ၊ မပြုအပ်။

## ရဟန်းဒါယကာ ခံရခြင်းအကျိုး

မစ္စဘာဝေါတိဒုလ္လဘော၊ ဗုဒ္ဓုပ္ပါဒေါပိဒုလ္လဘော။
တတောဒုလ္လဘတရာ၊ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါ။ ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော။
သမ္မသံ အတ္ထ မတ္တနော။
ကရေယျ ပဗ္ဗဇ္ဇံ သယံ၊
အညံဝါပိစ ကာရယေ။ ။

မစ္စဘာဝေါ၊ လူ့အဖြစ်ကို။ အတိဒုလ္လဘော၊ အလွန်ရခဲ၏။ ဗုဒ္ဓုပ္ပါဒေါပိ၊ ဘုရားပွင့်တော်မူသော အခါကာလကိုလည်း။ အတိဒုလ္လဘော၊ အလွန်ရခဲ၏။ တတော၊ ထို့ထက်။ ပဗ္ဗဇ္ဇာစ၊ ရှင်အဖြစ်ကိုသည်းကောင်း။ ဥပသမ္ပဒါစ၊ ရဟန်း အဖြစ်ကိုလည်းကောင်း။ အတိဒုလ္လဘ တရာ၊ သာလွန်၍ ရခဲသည်သာတည်း။

တသ္မာဟိ၊ ထိုကြောင့်သာလျှင်။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ အကျိုးကို။ သမ္မသံ၊ မြော်မြင်သိရှိသော။ ပဏ္ဍိတော၊ ပညာရှိသော။ ပေါသော၊ ယောကျ်ားသည်။ သယံဝါ၊ ကိုယ်

တိုင်မှုလည်း။ ပဗ္ဗဇ္ဇံ၊ ရှင်,ရဟန်းအဖြစ်ကို။ ကရေယျ၊ ပြုလုပ်ရာ၏။ အညံ ဝါပိစ၊ သူတပါးကိုမှုလည်း။ ကာရေယျ၊ ဒါယကာခံ၍ ပြုလုပ်စေရာ၏။

လူ့အဖြစ်ကိုရခဲ့၏။ ဘုရားပွင့်တော်မူသော အခါနှင့်လည်း ကြုံကြိုက်ခဲ့၏။ "ထိုထက် ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရခဲ့၏"။ ထို့ကြောင့် မိမိကိုယ်တိုင်သော်လည်း ရှင်ပြု၊ ရဟန်းခံရာ၏။ သို့မဟုတ်မူ ရှင်ဒကာ၊ ရဟန်းဒကာခံ၍ သူတပါးကို ပြုလုပ်စေရာ၏။

ရှင်ဒကာ၊ ရဟန်းဒကာပြုလုပ်ရသည့် အတွက် သာသနာတော်နှင့် ဆွေမျိုးတော်နေသဖြင့် သာသနဒါယာဒ ဖြစ်ပြီးလျှင် မိမိသန္တာန်၌ ကုသိုလ်တရား အလွန်တိုးပွါး၏။ ထို့ကြောင့် သာသနဒါယာဒဖြစ်အောင် ပြုကြကုန်ရာ၏။ ။

ဣတိ စတုတ္ထော ကဏ္ဍော။

ရဟန်းခံမှုဆိုင်ရာ ပြီးပြီ။

## ပဥ္စမ ကဏ္ဍ

# ကထိန် အဆုံးအဖြတ်

### ကထိန် မည်ပုံ

ကထိနန္တိ ပဉ္စာနိသံသေ အန္တောကရဏ သမတ္ထတာယ ထိရန္တိ အတ္ထော။ ။(တေရသကဏ်၊ ဝိမတိ၊ ဝဇိရဗုဒ္ဓိ။)

ကထိနန္တိ၊ ကထိနံ ဟူသည်ကား။ ပဉ္စာနိသံသေ ငါးပါးသောအကျိုးတို့ကို။ အန္တောကရဏ သမတ္ထတာယ၊ အတွင်း၌ပြုခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ထိရံ၊ မြဲ၏။ ဣတိ၊ ဤကား။ အတ္ထော၊ အနက်တည်း။ ။

ဤသို့ ဋီကာ ဆရာတို့ မိန့်မှာတော် မူကြသောကြောင့် အနာမန္တစသော ငါးပါးသော အကျိုးတို့တွင် အသမာဒါနစာရမှ တပါး ကြွင်းသော အကျိုး လေးပါးကို ကထိန် မခင်းသော်လည်း သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့် တိုင်အောင် ရ၏၊ ထို အကျိုးလေးပါး သည် ကာလာနိသံသ မည်၏။ ကထိန် ခင်းသောအခါ ထိုအကျိုး လေးပါးနှင့်တကွ အသမာဒါနစာရပါ တပေါင်းလပြည့်တိုင် အောင် မြဲ၍သွားစေ၏။ ထို့ကြောင့် ကထိန်မည်၏။

တနည်း။ ။ကထိယတေ သီလာဃိယတေ ပသံသိယတေ ဗုဒ္ဓါဒီဟီတိ ကထိနံ။ ။(ဝိနယာလင်္ကာရ)

ဗုဒ္ဓါဒိဟိ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ အာထိယတေ သီလာသိယတေ ပသံသိယတေ၊ ချီးမွမ်းအပ်၏။ ကတ္တိတသ္မာ၊ ထိုကြောင့်။ အထိန်၊ ကထိန်မည်၏။

ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော ကြောင့် ကထိန်မည်၏-ဟုလိုသော်။

## ကထိန်ခေတ် ကထိန်အာနိသင် ရထိုက်သူ

သီတင်းကျွတ် လဆုတ် ၁-ရက်နေ့မှ စ၍၊ တန်ဆောင်မုန်း လပြည့်နေ့ တိုင်အောင်သည် ကထိန်ခေတ် မည်၏။

ပထမဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှာ ဝါဆို၍၊ သီတင်း ကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုသော ပုဂ္ဂိုလ်ဟူသမျှ သီတင်း ကျွတ်လဆုတ်၁-ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်အတွင်း ရထိုက်၏။ ပထမ ဝါဆိုလမှာ ဝါဆို၍၊ ဝါ မကျွတ်မီ ရဟန်းခံ၍၊ ပဝါရဏာနေ့မှာ ပဝါရဏာပြုသော ရဟန်းသစ် များလည်း ကထိန် အာနိသင် ရထိုက်၏။ (ဝါကျိုးသော ရဟန်း၊ ဒုတိယဝါကပ်သော ရဟန်းတို့ကား မရ)။ တစုံတခု သော အကြောင်းကြောင့် ပဝါရဏာ မပြုရသော်လည်း ဝါ မကျိုး၊ ဝါ မပြတ်က ကထိန် အာနိသင် ရထိုက်၏။

## ကထိနကံကို ပြုနိုင်သော ရဟန်း အရေအတွက်

ငါးပါး၊ ငါးပါးထက် လွန်သော ရဟန်းတို့သည် ကထိန ကံကို ဆောင်ရွက်နိုင်ကုန်၏။ မိမိတို့ ကျောင်းမှာ ငါးပါး မပြည့်လျှင် အခြားကျောင်းမှ ရဟန်းတို့ကို ပင့်၍ ကံဆောင်

အပ်၏။ အခြားကျောင်းမှ ရဟန်းများ မူကား ကထိန် အာနိသင်ကို မရထိုက်ကြကုန်။

## ကထိန် သင်္ကန်းကို လှူနိုင်သူနှင့် လှူပုံ

ကထိန် သင်္ကန်းကို ရဟန်းဖြစ်စေ၊ လူဖြစ်စေ၊ နတ်ဖြစ်စေ မည်သူမဆို လှူနိုင်သည်။

ဒါယကာက ကထိန်သင်္ကန်းကို ဘယ်လို လှူရပါမည် နည်းဟု လျှောက်ထားသောအခါ ဒုကုဋ်၊ ကိုယ်ဝတ်၊ သင်းပိုင် တို့တွင် တထည်ထည် ပြုလုပ်လောက်သော အဝတ်ကို အရှေ့ တက်သောအခါ "ဣမံ စီဝရံ ကထိနတ္ထာယ သံဃဿ ဒေမ=ဤ သင်္ကန်းကို ကထိန်ခင်းခြင်း အလို့ငှာ သံဃာအား လှူပါ၏" ဟူ၍ လည်းကောင်း၊ "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ=ဤ ကထိန် သင်္ကန်းကို သံဃာအား လှူပါ၏"ဟူ၍ လည်းကောင်း ဆို၍ လှူအပ်၏။

ဤအဝတ် အထည်ကို သင်္ကန်းချုပ်ရန် အပ်မည်မျှ, အပ် ချည် မည်မျှ လိုမည်၊ သင်္ကန်းချုပ်ခြင်း, ဆိုးခြင်းအမှုကိုပြုသော ရဟန်းမည်မျှရှိ၍ ထိုရဟန်းတို့အတွက် ဆွမ်းမည်မျှလိုမည်-ဟု ပြောကြားအပ်၏။

ယခုကာလ၌ကဲ့သို့ ချုပ်ပြီး၊ ဆိုးပြီး သင်္ကန်းကိုသာ လှူကြ မူကား ထိုသို့ ပြောဘွယ်မရှိ။ ပဉ္စခဏ်း၊ သတ္တခဏ်း စသည်တို့ကို ဓားဖြင့် အသေအချာဖြတ်၍ စပ်အပ်သော၊ ဆိုးရည်ဖြင့် ဆိုးအပ် သော သင်္ကန်း ၃-ထည်တို့တွင် တထည်ထည်ကို ယခင်နည်း အတိုင်းဆို၍ လှူအပ်၏-ဟု ပြောကြားအပ်၏။

## ကထိန် သင်္ကန်းကို ပေးသင့်သူ

အကြင်သူအား သံဃာသည် သင်္ကန်းကို ပေး၏။ ထိုသူသည် ကထိန် ခင်းအပ်၏။

သံဃာသည် အဘယ်သူကို ပေးသင့်သနည်း။ အကြင်သူသည် "ပုဗ္ဗကရဏံ ဇာနာတိ" စသော ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံ၍၊ ဆွေးရိ ဟောင်းနွမ်းသော သင်္ကန်းရှိ၏။ ထိုသူအား ပေးအပ်၏။

ဟောင်းနွမ်းသော သင်္ကန်းရှိသျက် ပုဗ္ဗကရဏ စသည်ကို မသိက၊ သိသော မထေရ်ကြီးများက ပြောပြ၍ ထိုသူအား ပေးလိုက ပေးနိုင်၏။

ဆွေးရိ ဟောင်းနွမ်းသော သင်္ကန်းရှိသူ မရှိခဲ့သော် သီတင်းကြီးသောသူအား ပေးအပ်၏။

သီတင်းကြီးသူတို့တွင်လည်း အကြင်သူသည် များသော ပရိသတ်ရှိ၏။ ထိုနေ့အတွင်း၌ သင်္ကန်းအဖြစ်သို့ ရောက်အောင် ပြုလုပ်၍ ကထိန်ခင်းခြင်းငှာ စွမ်းနိုင်၏။ ထိုသူအားပေးအပ်၏။

သီတင်းကြီးက မစွမ်းနိုင်မူ၍ သီတင်းငယ်က စွမ်းနိုင်လျှင် သီတင်းငယ်အား ပေးအပ်၏။

စင်စစ်သော်ကား သံဃာသည် မထေရ်ကြီးအား ချီးမြှင့်ခြင်းငှာ သင့်၏။ ထိုကြောင့် "အရှင်ဘုရား အရှင်ဘုရားတို့သည် ကထိန် သင်္ကန်းကို ခံတော်မူပါကုန်၊ တပည့်တော် တို့သည် သင်္ကန်းအဖြစ်သို့ ရောက်အောင် ပြုလုပ်၍ ပေးပါမည်" ဟု

လျှောက်ထားအပ်၏။ ထိုသို့လျှောက်ထားပြီးလျှင် သိမ်အတွင်း၌ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးအပ်၏။

မထေရ်ကြီးက ခံခြင်းငှာ အလိုမရှိက သံဃာနှစ်သက်ရာ ပုဂ္ဂိုလ်တပါးပါးအား ပေးခြင်းငှာ အပ်၏။

အဆာယ်၌ မိမိတို့ကျောင်းတိုက်အတွင်း၌ သိမ်မရှိလျှင် သိမ်ရှိရာအရပ်သို့ သွား၍ ပေးအပ်၏။ ခင်းသောအခါ မိမိတို့ကျောင်းတိုက်အတွင်းမှာသာ ခင်းအပ်၏။ ကျောင်းတိုက်ကြီးတခုအတွင်း၌ ကျောင်း အများရှိအံ့၊ ကျောင်းတိုင်း ကျောင်းတိုင်း ကထိန်မခင်းအပ်။ အားလုံးစုပေါင်း၍ ခင်းအပ်၏။

> သစေ ပန ကေသိမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ။ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ။
>
> (ဝိနယသင်္ဂဟအဋ္ဌကထာ၊ ဝိနည်းမဟာဝါအဋ္ဌကထာ)
>
> ဧကသီမာယာတိ ဧက ဥပစာရ သီမာယာတိ အတ္ထော ယုဇ္ဇတိ။ ။(ဝဇိရဗုဒ္ဓိ)

ထိုသို့ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ပေးအပ်သော ကထိန်သင်္ကန်းသည် ချုပ်ပြီ၊ ဆိုးပြီးဖြစ်က ပြောဘွယ်မရှိ၊ မချုပ်၊ မဆိုးရသေးလျှင် ငါမထေရ်ကြီး-ဟူ၍ လည်းကောင်း၊ ငါ အကြားအမြင်နှင့် ပြည့်စုံသောသူ-ဟူ၍ လည်းကောင်း၊ ငါ ဂဏဝါစက-ဟူ၍ လည်းကောင်း၊ ငါ ဓမ္မကထိက-ဟူ၍ လည်းကောင်း မည်သူမျှ မကူညီပဲ နေခြင်းငှာ မအပ်။ အားလုံး ဝိုင်းဝန်း ကူညီ၍ ပြုလုပ်အပ်၏။

ထိုစကားမှန်၏။ ပဒုမုတ္တရ ဘုရားရှင်၏ အဂ္ဂသာဝိက ဖြစ်တော်မူသော သုဇာတမထေရ်၏ ကထိန်သင်္ကန်းကို ခြောက်သိန်း၊ ရှစ်သောင်းသော ရဟန်းတို့နှင့် အတူ တကွ ပဒုမုတ္တရ ဘုရားရှင်ကိုယ်တော်တိုင် ကူညီ၍ ပြုလုပ်တော် မူဘူးကြောင်း ထုံးဟောင်းသာဓကရှိ၏။ ယခု ကာလကဲ့သို့ ချုပ်ပြီး၊ ဆိုးပြီး ဖြစ်မှုကား ထိုကဲ့သို့ ပြုလုပ်ဘွယ် မရှိတော့ပြီ။ ။

## ကထိန် ခင်းပုံ

ကထိန်သင်္ကန်းကိုရ၍ ကထိန်ခင်းသောပုဂ္ဂိုလ်သည် သံဃာကို စည်းဝေးစေ၍ အကယ်၍ ဒုကုဋ်ဖြင့် ကထိန် ခင်းလိုသည် ဖြစ်အံ့၊ အဓိဋ္ဌာန်တင်ပြီးသော ဒုကုဋ်သင်္ကန်း ဟောင်းလည်း ရှိသည်ဖြစ်အံ့၊ ဒုကုဋ်ဟောင်းကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟု အဓိဋ္ဌာန်ချ၍။

ကထိန်သင်္ကန်းကို 'ဣမံ သံဃာဋိံ' အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်၍။

"ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" ဟု-ဆို၍ ကထိန်ခင်းအပ်၏။

အကယ်၍ ကိုယ်ဝတ်ဖြင့် ခင်းလိုသည်ဖြစ်အံ့၊ မူလက အဓိဋ္ဌာန် တင်ပြီးသော ကိုယ်ဝတ်ရှိအံ့၊ ကိုယ်ဝတ်အဟောင်းကို "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ"ဟု အဓိဋ္ဌာန်ချ၍၊ ကထိန် ကိုယ်ဝတ် သင်္ကန်းကို "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်၍ "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ"ဟုဆို၍ ကထိန် ခင်းအပ်၏။

အကယ်၍ သင်းပိုင်ဖြင့် ခင်းလိုသည် ဖြစ်အံ့၊ မူလက အဓိဋ္ဌာန် တင်ပြီးသော သင်းပိုင် ရှိအံ့၊ သင်းပိုင် အဟောင်းကို "ဣမံ အန္တရ ဝါသကံ ပစ္စုဒ္ဓရာမိ" ဟု အဓိဋ္ဌာန်ချ၍၊ ကထိန်သင်းပိုင်ကို "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" ဟု အဓိဋ္ဌာန်တင်၍၊ "ဣမိနာ အန္တရ ဝါသကေန ကထိနံ အတ္ထရာမိ" ဟု ဆို၍ ကထိန်ခင်းအပ်၏။

## ကထိန်အနုမောဒနာပြုပုံ

ကထိန်ခင်းပြီးသော ရဟန်းသည် သံဃာသို့ကပ်၍ လက်ဝဲ တဘက် ပခုံးထက်၌ ကိုယ်ဝတ်ကို လက်ကတော့ထိုး၍၊ ဆောင့် ကြောင့်ထိုင်လျက် လက်အုပ်ချီ၍ "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ" ဟု ဆိုအပ်၏။

ကြွင်းသော ရဟန်းတို့က "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ" ဟု ဆို၍ အနုမောဒနာ ပြုအပ်၏။

ထိုရဟန်းတို့တွင် အကြီးဆုံးသောရဟန်းက "ဘန္တေ" နေရာ၌ "အာဝုသော" ဟုဆိုအပ်၏။

## ပစ္စည်းကို စိစစ်ပုံ

ကထိန်၏ အခြံအရံဖြစ်သော လှူဘွယ်ဝတ္ထုတို့ကို ကထိန်ခံ သော ပုဂ္ဂိုလ်အားသာ လှူအံ့၊ ကထိန်ခံသော ပုဂ္ဂိုလ်သာ ရ၏။ အကယ်၍ အသီးအသီး ပိုင်းခြား၍ လှူအံ့၊ ပိုင်းခြား၍ လှူသည့် အတိုင်း ရ၏။ အကယ်၍ "သံဃဿ ဒေမ" ဟုဆို၍ သံဃာအား

လျှုအံ့၊ သင်္ကန်းကို ကထိန်အာနိသင်ရသော ရဟန်းများသာ ရ၏။ ကြွင်းသော ပစ္စည်းသည် ရဟန်းအားလုံးနှင့် ဆိုင်၏။

အကယ်၍ ထိုကျောင်း အာရာမ်အတွင်း ဝတ္ထုကံမှ ဖြစ်သော ဆန်စသည်ကို သင်္ကန်းနှင့် ဖလှယ်အံ့၊ ထိုသင်္ကန်းကို ကထိန် အာနိသင် ရသောရဟန်းများသာ ရထိုက်၏။ သင်္ကန်းကို ဆန်နှင့်ဖလှယ်အံ့၊ ထိုဆန်သည် သံဃာအားလုံးနှင့် ဆက်ဆံ၏။

## ကထိန်ခင်းထိုက်သူ

"အဋ္ဌဟိ အင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ" စသော ပရိဝါ ပါဠိတော်နှင့်အညီ ပုဗ္ဗကရဏ၊ ပစ္စုဒ္ဓါရ၊ အဓိဋ္ဌာန၊ အတ္ထာရ၊ မာတိကာ၊ ပလိဗောဓ၊ ဥဒ္ဓါရ၊ အာနိသံသ ဤရှစ်ပါးတို့ကို အသေအချာ သိသော ရဟန်းသာ ကထိန်ခံထိုက်၊ ကထိန်ခင်းထိုက်၏။

ထို့ကြောင့် ထိုရှစ်ပါးတို့ကို သိအောင် အားထုတ်အပ်၏။ မသိက သိသော ပုဂ္ဂိုလ်ကို မေးအပ်၏။

## ပုဗ္ဗကရဏ စသည်

ထိုတွင် သင်္ကန်းလျှာအဝတ်ကို ဖွပ်လျှော်ခြင်း၊ ပဉ္စခဏ်းချုပ်မည်၊ သတ္တခဏ်းချုပ်မည်၊ သင်းပိုင်ချုပ်မည်၊ ကောစိချုပ်မည်၊ ဒုကုဋ္ဋချုပ်မည် စသည်ဖြင့် စီရင်ခြင်း၊ စီရင်သည့်အတိုင်း ဖြတ်ခြင်း၊ တွယ်အပ်ဖြင့် တွယ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ ဗိန္ဒုထိုးခြင်း၊ ဤခုနစ်ပါးသည် "ပုဗ္ဗကရဏ" မည်၏။

"ဣမံ သံဃဿ ပစ္စုဒ္ဓရာမိ၊ ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။ ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ"ဟု အခဲ့ဦးဘနဲ့ချခြင်းသည် "ပစ္စုဒ္ဓါရ"မည်၏။

"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ၊ ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ၊ ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်ခြင်းသည် "အဓိဋ္ဌာန"မည်၏။

"ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ။ ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ၊ ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"ဟု ကထိန်ခင်းခြင်းသည် "အတ္ထာရ"မည်၏။

မာတိကာ

ပက္ကမနံ နိဋ္ဌာ သန္နိဋ္ဌာနဉ္စ နာသနန္တိက သဝနံ့ အာသာ၊
သီမာတိက္ကမ၊ ဥတ္တာရ အဋ္ဌမာတိကာ ။

"မာတိကာ"သည် ပက္ကမန္တိက၊ နိဋ္ဌာနန္တိက၊ သန္နိဋ္ဌာနန္တိက၊ နာသနန္တိက၊ သဝနန္တိက၊ အာသာဝစ္ဆေဒိက၊ သီမာတိက္ကမန္တိက၊ သဟုဗ္ဘာရ-ဟူ၍ ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးတို့တွင်—

ပက္ကမန္တိက။ ။ကထိန် ခင်းပြီးသော ရဟန်းသည် မိမိအဖို့ ရသော ချုပ်ပြီး၊ ဆိုးပြီးသော သင်္ကန်းကို ယူ၍ ကျောင်းသို့ မပြန်တော့အံ့ဟူ၍ ဖဲသွား၏။ ထိုရဟန်းအား အာရာမ်၏ အပိုင်း အခြားကို လွန်ခြင်းလျှင် အဆုံးရှိသော "ပက္ကမန္တိက"ကထိန် နုတ်ခြင်းသည် ဖြစ်၏။ ကထိန်အာနိသင်ကို မရတော့ပြီ-ဟူလို။

နိဋ္ဌာနန္တိက။ ။ကထိန်ခင်းပြီးသော ရဟန်းသည် မချုပ် မဆိုးရသေးသော ကထိန်လျာကိုယူ၍ တပါးသောကျောင်းသို့ သွား၏၊ အာရာမ်သို့ ရောက်သောအခါ ငါ ထိုကျောင်းသို့

မပြန်တော့အံ့၊ ဤကျောင်း၌ပင် ချုပ်, ဆိုးတော့အံ့-ဟု ကြံ၍၊ ဤကျောင်း၌ပင် ချုပ်ဆိုးခြင်းကို ပြီးစေ၏။ ထိုရဟန်းအား ပြီးခြင်းလျှင် အဆုံးရှိသော "နိဋ္ဌာနန္တိက" ကထိန်နုတ်ခြင်းသည် ဖြစ်၏။ ။

**သန္နိဋ္ဌာနန္တိက**။ ။ကထိန်ခင်းပြီးသော ရဟန်းသည် မချုပ်၊ မဆိုးရသေးသော သင်္ကန်းလျာကို ယူ၍ ဖဲသွား၏၊ အာရာမ်ပသို့ ရောက်သောအခါ ငါ ဤသင်္ကန်းလျာကိုလည်း မချုပ်၊ မဆိုးတော့အံ့၊ ထိုကျောင်းသို့လည်း မပြန်တော့အံ့-ဟု ဆုံးဖြတ်၏။ ထိုရဟန်းအား ဆုံးဖြတ်ခြင်းလျှင် အဆုံးရှိသော "သန္နိဋ္ဌာနန္တိက" ကထိန်နုတ်ခြင်းသည် ဖြစ်၏။

**နာသနန္တိက**။ ။ကထိန်ခင်းပြီးသော ရဟန်းသည် မချုပ် မဆိုးရသေးသော သင်္ကန်းလျာကို ယူ၍ ဖဲသွား၏၊ အာရာမ်ပသို့ ရောက်သောအခါ ငါ ထိုကျောင်းသို့ မပြန်တော့အံ့၊ ဤ၌ပင် ချုပ်ဆိုးတော့အံ့-ဟု ကြံ၍ ချုပ်၊ ဆိုးနေဆဲမှာ ခိုးသူဘေး၊ မီးဘေး စသည်ကြောင့် ပျောက်ပျက်၍ သွား၏။ ထိုရဟန်းအား ပျက်စီးခြင်းလျှင် အဆုံးရှိသော "နာသနန္တိက" ကထိန် နုတ်ခြင်းသည် ဖြစ်၏။

**သဝနန္တိက**။ ။ကထိန်ခင်းပြီးသော ရဟန်းသည် မချုပ်၊ မဆိုး ရသေးသော သင်္ကန်းလျာကိုယူ၍၊ ငါ ဤကျောင်းသို့ ပြန်လာမည် ဟု ကြံ၍ဖဲသွား၏၊ အာရာမ်ပသို့ ရောက်သော အခါ ဤ၌ပင် ချုပ်ဆိုးအံ့-ဟု ကြံ၍ ချုပ်ဆိုးခြင်းကို ပြီးစေ၏၊ ချုပ်ဆိုး၍ ပြီးသောအခါ သံဃာသည် ကထိန်ကို နုတ်

အပ်ပြီ ဟူ၍ ကြား၏၊ ထိုရဟန်းအား ကြားခြင်းလျှင် အဆုံး ရှိသော "သဝနန္တိက" ကထိန်နုတ်ခြင်းသည် ဖြစ်၏။

**အာသာဝစ္ဆေဒိက။** ။ကထိန် ခင်းပြီးသော ရဟန်းသည် တပါးသောအရပ်၌ သင်္ကန်းလျှာ ရလိမ့်မည်-ဟု မျှော်လင့်လျက် ဖဲသွား၏၊ အာရာမ်ပသို့ ရောက်သောအခါ ငါ ထိုကျောင်းသို့ မပြန်တော့အံ့၊ မျှော်လင့်အပ်သော အရပ်သို့ သွားတော့အံ့-ဟု ကြံ၍ မျှော်လင့်အပ်သော အရပ်သို့ သွား၏၊ သွားသော်လည်း မျှော်လင့်တိုင်းမရသဖြင့် မျှော်လင့်ချက် ပြတ်သွား၏၊ ထိုရဟန်းအား မျှော်လင့်ချက် ပြတ်ခြင်းရှိသော "အာသာဝစ္ဆေဒိက" ကထိန်နုတ်ခြင်းသည် ဖြစ်၏။

**သီမာတိက္ကမန္တိက။** ။ကထိန် ခင်းပြီးသော ရဟန်းသည် မချုပ်၊ မဆိုးရသေးသော သင်္ကန်းလျှာကိုယူ၍ ဤကျောင်းသို့ ပြန်လာမည်ဟု ကြံ၍ ဖဲသွား၏၊ အာရာမ်ပသို့ ရောက်သောအခါ ချုပ်ဆိုး၏၊ ချုပ်ဆိုး၍ ပြီးသောအခါ ပြန်မည်ဟု ကြံဆဲပင် မပြန်ဖြစ်ပဲ တပေါင်းလပြည့်ကို လွန်စေ၏၊ ထိုရဟန်းအား ကထိန်အာနိသင် ရထိုက်သော ကာလ အပိုင်းအခြားကို လွန်ခြင်းရှိသော "သီမာတိက္ကမန္တိက" ကထိန်နုတ်ခြင်းသည် ဖြစ်၏။

**သဟုဗ္ဘာရ။** ။ကထိန် ခင်းပြီးသော ရဟန်းသည် မချုပ်၊ မဆိုးရသေးသော သင်္ကန်းလျှာကိုယူ၍ ဤကျောင်းသို့ပြန်လာအံ့ဟု ကြံ၍ ဖဲသွား၏။ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီး ဆိုးပြီးသောအခါ ပြန်လာ၏၊ ထိုရဟန်းပြန်ရောက်မှ သံဃာသည် ကထိန်ကို နုတ်၏၊ ထိုရဟန်းအား ရဟန်းတို့နှင့် အတူ

တကူ နုတ်ခြင်းဟု ဆိုအပ်သော "သဟပ္ဗာရ" ကထိန်နုတ်ခြင်းသည် ဖြစ်၏။ ။

ပလိဗောဓ

"ပလိဗောဓ"သည် အာဝါသပလိဗောဓ၊ စီဝရပလိဗောဓ-ဟူ၍ နှစ်ပါး ရှိ၏။ ထိုတွင် ဤကျောင်းမှာပင် နေအံ့၊ အဖယ်၍ တစုံတခုသော ကိစ္စရှိ၍ သွားသော်လည်း ပြန်လာအံ့-ဟု နှလုံးသွင်းခြင်းသည်"အာဝါသ ပလိဗောဓ" မည်၏။

ဤကျောင်းမှာ မနေတော့ဘူးဟု အာလယ ပြတ်သွားခြင်းသည် "အာဝါသ အပလိဗောဓ"မည်၏။ အာဝါသပလိဗောဓ ပြတ်ပြီဟူလို။ ။

သင်္ကန်းကို မချုပ်မဆိုးရ သေးသော်လည်းကောင်း၊ ချုပ်ဆိုးသော်လည်း မပြီးသေးသော်လည်းကောင်း၊ သင်္ကန်းလျှာ ရလိမ့်ဦးမည် ဟူသော မျှော်လင့်ချက် မပြတ်သေးသော်လည်းကောင်း"စီဝရပလိဗောဓ"မည်၏။ချုပ်ပြီး ဆိုးပြီးသော် လည်းကောင်း၊ မီးလောင်သော်လည်းကောင်း၊ ပျောက်ပျက်၍ သွားသော်လည်းကောင်း၊ သင်္ကန်းလျှာ ရလိမ့်ဦးမည်ဟူသော မျှော်လင့်ချက် ပြတ်သွားသော်လည်းကောင်း "စီဝရ အပလိဗောဓ"မည်၏။ စီဝရပလိဗောဓ ပြတ်ပြီ ဟူလို။ ထိုပလိဗောဓ နှစ်ပါးလုံး ပြတ်က ကထိန် အာနိသင် မရတော့ပြီ ဟူလို။

ဥဗ္ဘာရ

ဥဗ္ဘာရသည် အဋ္ဌမာတိကာ ဥဗ္ဘာရ၊ အန္တရုဗ္ဘာရ-ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုတွင် ဆိုခဲ့ပြီးသော မာတိကာ၏ အစွမ်းအားဖြင့် နုတ်ခြင်းသည်"အဋ္ဌမာတိကာ ဥဗ္ဘာရ"မည်၏။

ကျောင်းတိုက်အပသို့ မသွားပဲ ကျောင်းတိုက်ထဲ၌ နေဆဲပင် ဥတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန် နုတ်ခြင်းသည် "အန္တရုဗ္ဘာရ" မည်၏။

ဤ၌ ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန် နုတ်ခြင်းသည် သံဃိကာ လှူထားသော သင်္ကန်းများကို ကထိန် အာနိသင် မရသော ရဟန်းများပါ ရစေလို၍လည်းကောင်း၊ ကထိန် ခင်းလိုက်သဖြင့် ရရှိအပ်သော သင်္ကန်းကာလကို ပျက်ပြားစေ၍၊ အကာလ သင်္ကန်းကို လှူလိုသူ၏ အကာလ သင်္ကန်းကို အလှူခံနိုင်ခြင်း အကျိုးငှာလည်းကောင်း ဖြစ်လေသည်။ ကထိန် ထပ်ခင်းလို၍ မဟုတ် ကထိန်ကို ထင်၍ မခင်းကောင်း။

ထို့ကြောင့် ဘိက္ခုနီဝိဘင်းပါဠိတော် နဂ္ဂဝဂ် ဒသမ သိက္ခာပုဒ်၌ ဤသို့ ဟောတော်မူ၏။

တေန ခေါ ပန သမယေန အညတရေန ဥပါသကေန သံဃံ ဥဒ္ဒိဿ ဝိဟာရော ကာရာပိတော ဟောတိ၊ သော တဿ ဝိဟာရဿ မဟေ ဥဘတောသံဃဿ အကာလစီဝရံ ဒါတုကာမော ဟောတိ၊ တေန ခေါ ပန သမယေန ဥဘတောသံဃဿ ကထိနံ အတ္ထတံ ဟောတိ၊ အထ ခေါ သော ဥပါသကော သံဃံ ဥပသင်္ကမိတွာ ကထိနုဒ္ဓါရံ ယာစိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အထ ခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဓမ္မိံ ကထံ ကတွာ ဘိက္ခူ အာမန္တေသိ အနုဇာနာမိ ဘိက္ခဝေ ကထိနံ ဥဒ္ဓရိတုံ။

ကထိန်ခင်းခြင်းကြောင့် တပေါင်းလပြည့် တိုင်အောင်၊ သင်္ကန်းကာလ ဖြစ်နေသည်ကို အကာလဖြစ်အောင် ကထိန်ကို နုတ်ခြင်းကို ခွင့်ပြုသည် ဟူလို၊

ဤ ပါဠိတော်အရ ကထိန် နုတ်ခြင်းသည် နောက်ထပ် ကထိန် ခင်းလို၍ မဟုတ်ကြောင်း ထင်ရှား၏။

"ကထိန် ခင်းသည်" ဟူသည် ရရှင်းစွဲ အကျိုးတို့ကို တပေါင်းလပြည့်တိုင်အောင် ခို မြဲစေခြင်းပင် ဖြစ်၏။

"ကထိန်ကို နုတ်သည်" ဟူသည် ထိုရှုပြီးသော အကျိုး တို့ကို ဖျက်ပယ်လိုက်ခြင်းပင် ဖြစ်၏။ ဤသို့ ကထိန် နုတ်ခြင်း ဖြင့် ရရှင်းစွဲအကျိုးတို့ ပျက်စီးသောကြောင့် ဖြစ်ခြင်းကြောင့် ထိုအကျိုး ခိုင်မြဲရန် ကထိန် ခင်းခြင်းကိစ္စ မဖြစ်နိုင်သောပြီ။ ဤသို့သော သဘာဝယုတ္တိ အားဖြင့်လည်း ကထိန်ကို ထပ် မခင်းကောင်းကြောင်း ထင်ရှား၏ ထို့ကြောင့် ကထိန်ကို ထပ် မခင်းကောင်း ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

## အာနိသံသ

အာနိသံသသည် အနာမန္တစာရ၊ အသမာဒါနစာရ၊ ဂဏဘောဇန၊ ယာဝဒတ္ထစီဝရ၊ ယော စ တတ္ထ စီဝရုပ္ပါဒ ဟူ၍ ငါးပါးရှိ၏။

ထိုငါးပါးတို့တွင် ရှေးဦးစွာ ပင့်ဖိတ်အပ်သော ဆွမ်းရှိ လျက် ထင်ရှားရှိသော ရဟန်းကို မပန်မကြားပဲ နေ့ဆွမ်းမစားမီ ဖြစ်စေ၊ နေ့ဆွမ်းစားပြီးမှဖြစ်စေ၊ ဒကာအိမ်သို့ သွားလာ လှည့်လည်သော်လည်း"ယောပန ဘိက္ခုနိမန္တိတော သဘတ္တော

သမာနေ့ သန္တိ ဘိက္ခူ အနာပုစ္ဆာ ပုရေဘတ္တံ ဝါ ပစ္ဆာဘတ္တံ ဝါ” စသော သိက္ခာပုဒ်ဖြင့် အာပတ် မသင့်ခြင်းသည် “အနာမန္တစာရ”မည်၏။

မိမိအမည်ဖြင့် အဓိဋ္ဌာန် တင်ထားသော သင်္ကန်းသုံးထည်တို့တွင် တထည်ထည်နှင့် ညဉ့်ကင်း၍ နေသော်လည်း “နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ တေရတ္တမ္ပိ တိစီဝရေန ဝိပ္ပဝါသေယျ” စသော သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်းသည် “အသမာဒါနစာရ”မည်၏။

လေးပါးလေးပါးထက် လွန်သော ရဟန်းတို့အား ထမင်းဖြင့် ဖိတ်ပါ၏၊ ထမင်းကိုစားကြကုန်၊ ထမင်းစား၊ ကြွကြပါ။ ဤသို့သော ပရိယာယ် စကားဖြင့် မည်သည့်ဘာသာဖြင့်ဖြစ်စေ ဘောဇဉ် ငါးပါးတို့တွင် တပါးပါးဖြင့် ဖိတ်အပ်သောဘောဇဉ်သည်လည်းကောင်း၊ ထိုလေးပါးလေးပါးထက်လွန်သောရဟန်းတို့က လေးပါးလေးပါးထက် လွန်ကုန်သော ငါတို့အားပေးကြကုန်လော့ စသည်ဖြင့် ဒါယကာတို့ထံမှ တောင်း၍ ရအပ်သော ဘောဇဉ်သည်လည်းကောင်း ဂဏဘောဇဉ်မည်၏။ ထိုဘောဇဉ်ကို စားခြင်းကြောင့် “ဂဏဘောဇနေ အညတြ သမယာ ပါစိတ္တိယံ”စသော သိက္ခာပုဒ်ဖြင့် အာပတ် မသင့်ခြင်းသည် “ဂဏဘောဇန”မည်၏၊

သင်္ကန်းတို့ကို အဓိဋ္ဌာန်မတင်, ဝိကပ္ပနာမပြုပဲ ဆယ်ရက်ထက် ပိုလွန်၍ ထားသော်သည်း “ဒသာဟ ပရမံ အတိရေကစီဝရံ ဓာရေတဗ္ဗံ”စသော သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်းသည်“ယာဝဒတ္ထစီဝရ”မည်၏။

အာရုံ အတွင်း၌ "သံဃာသုဒ္ဓိမေဒ" ဟု ဆို၍လှူအပ်သော သင်္ကန်းတို့ကို ဓာထိန်အာနိသင် ရသော ရဟန်းတို့သာ ပိုင်ဆိုင်ခြင်းသည် "ယောဓတတ္ထစီဝရုပ္ပါဒ" မည်၏။

ဤကား အာနိသံသတည်း။

ဆောင်ပုဒ်

အနာမန္တ, အာသမာနင့်, တဖြာဂဏ, ယာဝ ယောတတ်, ယင်း ငါးရပ်, မှတ်လေ အာနိသင်။

၁။ အနာမန္တစာရ။ ။ဦးစွာ ရှေးဖျား, ပင့်ဖိတ်ထားအပ်, ဆွမ်းရှိ လတ်လျက်၊ တတ်တတ် ထင်ရှား, ရဟန်းအားကို, မကြားမပန်, သွားနိုင်ပြန်, မှတ်ရန် နာမန္တာ။

၂။ အသမာဒါနစာရ။ ။မိမိနာမ, ဓိဋ္ဌာနဖြင့်, ကိစ္စပြီးပြေ, စီသုံး ထွေနှင့်၊ ကင်းကွေအရုဏ်, နေပါတို လျက်, ပြစ်မထွက်, လှစ်မြွက် အသမာ။

၃။ ဂဏဘောဇနေ။ ။ဝစီဝိညတ်, မအပ် နိမန့်, ကြောင်းနှစ်တန်ကြောင့်, ဂိုဏ်းထံ ရောက်လာ, ဘောဇနာကို, စားပါလျက်ပင်, ပြစ်မထင်, ကျိုးအင် ဂဏသာ။

၄။ ယာဝဒတ္ထစီဝရ။ ။ဓိဋ္ဌာန်ဝိကပ်, ပြုအပ်သမျှ, စီဝရကို, မပြုလိုက, ငါးလ အတွင်း, ထားနိုင်ခြင်း, ကျိုးရင်း ယာဝသာ။

၅။ ယောစတတ္ထစီဝရုပ္ပါဒ။ ။ကထိန် ခင်းသည့်, တိုက်တွင်းဖြစ်လာ, သံဃာ့ပိုင်ထ, စီဝရကို, နိသံသချို့, ရဟန်းတို့အား, ပေးဌြား မပြု, ယူနိုင်မှု, မှတ်ရှု ယောတတ္ထာ။

## ကထိနတ္ထာရ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ဣဒံ သံဃဿ ကထိန စီဝရံ ဥပ္ပန္နံ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော ဣမံ ကထိနစီဝရံ တိဿ ဘိက္ခုနော ဒဒေယျ၊ ကထိနံ အတ္ထရိတုံ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ ဣဒံ သံဃဿ ကထိန စီဝရံ ဥပ္ပန္နံ။ သံဃော ဣမံ ကထိန စီဝရံ တိဿ ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ။ ယဿာယသ္မတော ခမတိ ဣမဿ ကထိန စီဝရဿ တိဿ ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ။ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။ ။

ဒိန္နံ သံဃေန ဣဒံ ကထိန စီဝရံ တိဿ ဘိက္ခုနော။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

ကထိနတ္ထာရ ကမ္မဝါစာ နိဋ္ဌိတာ။

## ကထိနုဒ္ဓါရ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ကထိနံ ဥဒ္ဓရေယျ၊ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ သံဃော ကထိနံ ဥဗ္ဘရတိ၊ ယဿာယသ္မတော ခမတိ ကထိနဿ ဥဗ္ဘာရော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဥဗ္ဘတံ သံဃေန ကထိနံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ကထိနုဗ္ဘာရ ကမ္မဝါစာ နိဋ္ဌိတာ။

## ကထိန်သင်္ကန်း လှူကျိုး

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" အလုံးစုံသော အလှူကို တရားတည်းဟူသော အလှူက နိုင်၏။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ ကထိန်သင်္ကန်း လှူခြင်းသည် ရဟန်းတော်တို့အား လေးပါးသော အာပတ်မှ ကင်းလွတ်၍၊ သံဃိက သင်္ကန်းဟူသမျှရခြင်းကို ဖြစ်စေတတ်ရကား တရားအလှူကို လှူသည်မည်ခြင်းကြောင့် ခပ်သိမ်းသော အလှူတို့ ထက် မြတ်သောအလှူ မည်၏။

ထိုမှတပါးလည်း သံဃာတော်တို့အား ငါးပါးသောအကျိုး အာနိသင်ကို ရစေခြင်းကြောင့် သုဇာတာ သဌေးသမီးလှူသော ဆွမ်းအလှူပမာ များစွာသော အာနိသံသကိုရစေနိုင်၏။

ထိုမှတပါးလည်း တန်ဆောင်မုန်းလအတွင်း၌သာ လှူဒါန်း ပူဇော်နိုင်သော အလှူဖြစ်၍ ကာလဒါနလည်း ဖြစ်၏။

ထိုမှတပါးလည်း ဖြစ်လေရာရာတို့၌ မိမိအပေါ်၌ မည်သူမျှ စိုးမိုးနိုင်းခြင်း မရှိမူ၍၊ မိမိကသာ စိုးမိုးနိုင်ခြင်း ဟူသော အနာဂမန္တစာရ သဒိသ အကျိုး။

စိတ္တ သူကြွယ်ပမာ သွားလေရာရာ၌ လူနတ်တို့ ပူဇော်ထောက်ပံ့ကြ၍ သုံးဆောင် စားသောက် ပေးကမ်းစွန့်ကြ၍ မကုန်နိုင်သော စားဖွယ်သောက်ဖွယ်တို့နှင့် ပြည့်စုံခြင်းဟူသော အသမာဒါနစာရ သဒိသ အကျိုး။

အနှစ် တသောင်း ကာလပတ်လုံး နေ့စဉ် ဆန်လှည်းအစီးပေါင်း ၆-သောင်း လှူဒါန်းသော်လည်း မကုန်မခန်းနိုင်သော ဘောဇဉ် ခဲဘွယ်တို့နှင့် ပြည့်စုံသော အင်္ကုရ မင်းသားကဲ့သို့ သုံးဆောင် ပေးကမ်း လှူဒါန်းစွန့်ကြ၍ မကုန်နိုင်သော ဘောဇဉ် ခဲဘွယ်တို့နှင့် ပြည့်စုံခြင်း ဟူသော ဂဏ ဘောဇန သဒိသ အကျိုး။

မေဏ္ဍကသူဌေး၊ ၎င်း၏ဇနီး၊ ၎င်း၏သား၊ ၎င်း၏သမီးတို့သည် အလိုရှိသမျှ လှူဒါန်း ပေးကမ်း၍ မကုန်နိုင်သော ဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံသကဲ့သို့ လှူဒါန်း ပေးကမ်း၍ မကုန်နိုင်သော ရတနာတို့နှင့် ပြည့်စုံခြင်း ဟူသော ယာဝဒတ္ထ စိဝရသဒိသ အကျိုး။

မိမိတိုင်းပြည်တွင်းရှိ လူအပေါင်းတို့အား ပေးကမ်း၍ မကုန်နိုင်သော ပဒေသာပင်မှ ဖြစ်သော အဝတ်ပုဆိုးတို့နှင့် ပြည့်စုံသော နန္ဒမင်းသားကဲ့သို့ သုံးဆောင် ပေးကမ်း လှူဒါန်း စွန့်ကြ၍ မကုန်နိုင်သော အဝတ်အထည်တို့နှင့် ပြည့်စုံခြင်း ဟူသော ယောစတတ္တစိဝရုပ္ပါဒ သဒိသအကျိုး။

ထိုဆိုအပ်ခဲ့ပြီးသော အကျိုးတို့ကိုလည်း ရရှိနိုင်၏။

ထိုမှတပါးလည်း ရွှေအဆင်းကဲ့သို့သော အဆင်းနှင့်ပြည့်စုံခြင်း၊ ကိုယ်၌ အညစ်အကြေး ကင်းစင်သန့်ရှင်းခြင်း၊ ကိုယ်မှ နေရောင်လရောင်ကဲ့သို့အရောင်ထွက်ခြင်း၊ တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံခြင်း၊လဲဝါဂွမ်းပမာ ခန္ဓာကိုယ်၏ နူးညံ့ သိမ်မွေ့ခြင်း၊ ဖြူသောအထည်၊ နီသောအသည်၊ ရွှေသောအထည်တို့ကို ရတတ်ခြင်း၊ ခေါမအထည်၊ ပိုးထည်၊ သက္ကလတ်ထည်တို့ကို ရတတ်ခြင်း။သွားလေရာ၌ အထည် ဗိမာန် မိုးကာလျက် ရှိခြင်း ဟူသောအကျိုး အာနိသံသတို့ကို ရနိုင်၏။ ဤသို့အားဖြင့် များစွာသောအကျိုးကို ရနိုင်၏။

ဣတိ ပဋ္ဌမော ကဏ္ဍော

(ဤကထိန် အဆုံးအဖြတ်သည် ၁၃၀၀ပြည့်နှစ် တော်သလင်း လဆန်း ၁၁ ရက်နေ့တွင်ပြီး၏။)

ဆဋ္ဌမ ကဏ္ဍ

# နိဿယပဋိပ္ပဿမ္ဘန ဝိနိစ္ဆယ

က။ အာစရိယံ အနာပုစ္ဆာ ပက္ကမန္တဿ ပန ဥပစာရ
သီမာတိက္ကမေန နိဿယော ပဋိပ္ပဿမ္ဘတိ၊ အန္တော
ဥပစာရသီမတော ပဋိနိဝတ္တန္တဿ နပ္ပဋိပ္ပဿမ္ဘတိ။

ခ။ သစေ ဥဘောပိ အာစရိယန္တေဝါသိကာ ကေနစိ
ကရဏီယေန ဗဟိသီမံ ဂစ္ဆန္တိ။

ဂ။ တတော စေ အာစရိယော ဂမိယစိတ္တေ ဥပ္ပန္နေ
အနာပုစ္ဆာ ဂန္တွာ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တောယေဝ
နိဝတ္တတိ နိဿယော နပ္ပဋိပ္ပဿမ္ဘတိ။

ဃ။ သစေ ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ နိဝတ္တတိ
ပဋိပ္ပဿဒ္ဓေါ ဟောတိ။

င။ သစေ ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မ အညသ္မိံ
ဝိဟာရေ ဝသန္တိ နိဿယော ပဋိပ္ပဿမ္ဘတိ။

(မဟာဝဂ္ဂဝိနယဋ္ဌကထာ)

အဋ္ဌကထာ၏ (က) အမှတ်ပါ ဝါကျဖြင့် နိဿယည်း ငြိမ်းခြင်း အပိုင်းအခြားကို ဥပစာရသိမ်ဖြင့် ပိုင်းခြားရမည် ဟူသော အဓိပ္ပာယ်ကိုပြ၏။ အကယ်၍ အာရာမ်ပ၌ ဖြစ်ခဲ့လျှင် မည်ကဲ့သို့ ပိုင်းခြားရမည်နည်းဟု မေးဘွယ်ရှိ၍၊ ထိုကို ဖြေခြင်းငှာ (ခ) (ဂ)(ဃ) ဝါကျတို့ကို မိန့်၏။ ထိုဝါကျသုံးရပ်ဖြင့် အာရာမ် ပြင်ပ၌ ဖြစ်ခဲ့လျှင် ခဲနှစ်ပစ်ဖြင့် ပိုင်းခြားရမည် အဖြစ်ကို ပြ၏။

တဖန်တုံ ခရီးမသွား တပါးသော ကျောင်း၌ သွားနေခဲ့လျှင် မည်ကဲ့သို့ ပိုင်းခြားရမည်နည်း ဟူ၍ မေးဘွယ်ရှိပြန်သောကြောင့် (င)ဝါကျကို မိန့်၏။ ထို ဝါကျဖြင့်လည်း ခဲနှစ်ပစ်ဖြင့် ပိုင်းခြားရမည် ဟူ၍ဆိုတော်မူ၏။

ဤ (င) ဝါကျ၌ အာရာမ်ရှိလျှင် အာရာမ်ဖြင့် ပိုင်းခြားရမည် အဖြစ်သည် (က) ဝါကျဖြင့် ထင်ရှားလေပြီ ဖြစ်သောကြောင့် အာရာမ်မရှိသော ကျောင်းကိုယူမှ အဓိပ္ပာယ် ကျနမည်။ မိမိတို့အာရာမ်မှ တပါးသော သူတို့၏ အာရာမ်အတွင်းက ကျောင်းဟူ၍ မယူသင့်။ အချို့သော ကျောင်းများသည် သူ့အာရာမ်၊ ကိုယ့်အာရာမ် ဟူ၍လည်း ပိုင်းခြားခြင်း မရှိ၊ အပြင်ဘက်တာ ပတ်၍ ကာရံအပ်သော အာရာမ်လည်းမရှိ၊ ထိုသို့သော ကျောင်းများ၌ အာရာမ်ဟူ၍ သတ်မှတ်မထားပဲ ဆရာတကျောင်း၊ တပည့်တကျောင်းစီ နေခဲ့ကြရာ၌ ခဲနှစ်ပစ်အတွင်းဖြစ်လျှင် နိဿယည်း မငြိမ်း။ ခဲနှစ်ပစ်မှ ပြင်ဘက်၌ ဖြစ်လျှင် နိဿယည်းငြိမ်း၏။ ဤအဓိပ္ပာယ်ကို ဆိုလိုရင်းဖြစ်၏။

အကယ်၍ တပည့်သည် မိမိတို့၏အာရာမ်တွင်း၌၊ ဆရာသည် အာရာမ် အပြင်ဘက်၌၊ ဆရာသည် သူတပါး အာရာမ်တွင်း၌၊ တပည့်သည် သူတပါး အာရာမ် ပြင်ဘက်၌ ဖြစ်လျှင်လည်း နိဿယည်းငြိမ်း၏။ ။ဤကား အဋ္ဌကထာ ဆရာ၏ စကားသန့်သန့်တည်း။

အဋ္ဌကထာ စကားကို သေတ္တာချလျှင် အာရာမ်ရှိက အာရာမ်ဖြင့် ပိုင်းခြား၊ အာရာမ်မှ ပြင်ဘက်၌ ဖြစ်သော်လည်း

ဆောင်း၊ အာရုမ်မရှိသော်လည်းကောင်း ခဲနှစ်ပစ်ဖြင့် ဆုံးဖြတ်ရမည်ဟုသာ အဓိပ္ပာယ်ရသည်။

က။ အာစရိယုပဇ္ဈာယာ ဒွေ လေဍ္ဍုပါတေ အနတိက္ကမ္မ လေဍ္ဍုပါတဒွယဗ္ဘန္တရေ တိရောဝိဟာရေပိ ပရိက္ခိတ္တေ ဝါ အပရိက္ခိတ္တေ ဝါ ဝသိတုံ ဝဋ္ဋတီတိ လိခိတံ။

ခ။ အပရိက္ခိတ္တေယေဝါတိ နော တက္ကောတိ အာစရိယော။

ဂ။ ဧတ္ထ ပန အပရိက္ခိတ္တေသု ပရိက္ခေပါရဟဋ္ဌာနတော ဝိမုတ္တေ အညသ္မိံ ဝိဟာရေ ဝသန္တီတိ အဓိပ္ပာယော။

ဃ။ ဝိဟာရေတိစေတ္ထ တာဒိသဿ ဝိဟာရဿ အန္တော ဌိတာ ကော ကုဋိကာ အဓိပ္ပေတာတိ ဥပတိဿတ္ထေရောတိ ဝုတ္တံ။

င။ တတ္ထ သစေ ဥဘောပိ အာစရိယန္တေဝါသိကာ ဆောနစ်။ ပ ။ နိဿယော နပ္ပဋိပဿမ္ဘတီတိ ဣမိနာ သာမညတော ဝုတ္တေန အဋ္ဌကထာဝစနေန ဓမ္မသိရိ ထေရဝါဒေါ သမေတိ။

စ။ အပရိက္ခိတ္တေဝါတိ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တော ပရိက္ခိတ္တေဝါ ဟောတိ အပရိက္ခိတ္တေဝါ။

ဆ။ ဗဟိသီမန္တိစ ဝုတ္တတ္တာ အန္တောဝိဟာရေ သီမာယံ ဒွေလေဍ္ဍုပါတာတိ အတိက္ကမိတွာ ဝသိတုံ သိဒ္ဓတ္တာ ပန ဥပတိဿတ္ထေရဝါဒေါ န သမေတိ။

၉။ ကောဝ ါသေယိ ပရိက္ခိတ္တာဝ ါ အပရိက္ခိတ္တာဝ ါ အန္တမသော အဇ္ဈော တိယောဇနေပိ ဝသတော နိဿယော နပ္ပဋိပဿမ္ဘတိ။

၈၂။ သော စ ဥပစာရသီမာယ ပရိစ္ဆိန္နော။

ည။ သော စ ဥပစာရသီမာ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန၊ အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နော ဧကဝ ါသော။ ။(ဝဇိရဗုဒ္ဓိဋီကာ)

ဝဇိရဗုဒ္ဓိဋီကာ၌ အချို့ ထေရ်များက အာရာမ် ရှိသော်လည်း ခဲနှစ်ပစ်ကို မလွန်လျှင် နိဿယည်းမငြိမ်းဟု-ယူကြောင်းကို (ဏ)ဝ ါကျဖြင့် ပြ၏။

(ခ) ဝ ါကျဖြင့် အာရာမ်မရှိသော တောကျောင်းမျိုးကို ယူရမည်ဟူသော ဓမ္မသိရိထေရ်စသော အရှင်တို့၏အယူကိုပြ၏။

(ဂ) ဝ ါကျဖြင့် ဓမ္မသိရိထေရ်၏ အယူကို ဖွင့်ပြ၏။တပည့်တော်က အာရာမ်မရှိသော ကျောင်း၌ နေကြ၏။ ဆရာလည်း ထိုကျောင်း အာရာမ် ထိုက်သော နေရာမှ လွတ်သော ခဲနှစ်ပစ်အတွင်း၌ တည်သော တပါးသော ကျောင်း၌ နေသည်ဟု ဆိုလိုသည်။

ဓမ္မသိရိ ထေရ်၏ ဝါဒ မှန်ကန်ကြောင်း အဋ္ဌကထာနှင့် ညီညွတ်ကြောင်းကို (ဃ) ဝ ါကျဖြင့် ပြ၏။ (စ)ဝ ါကျဖြင့် ဓမ္မသိရိ ထေရ်၏ အပရိက္ခိတ္တ အဓိပ္ပာယ်ကို ပြ၏။ အပရိက္ခိတ္တ ဟု ဆိုသော်လည်း ဥပစာရ သိမ်အတွင်းလည်းဖြစ်၊

ခဲနှစ်ပစ်အတွင်းလည်းဖြစ်လျှင် ပရိက္ခိတ္တ ဖြစ်သော်လည်း အပြစ်မရှိ၊ နိဿယည်း မငြိမ်းဟု ဆိုလို၏။

(ဃ) ဝါကျဖြင့် ဥပတိဿထေရ်၏ ဝါဒကို ပြ၏။ ထိုဥပတိဿထေရ်၏ ဝါဒမှာ တရာမ်တည်း၌သာ ခဲနှစ်ပစ်အပ်သည်ဟူ ဆို၏။ (ဆ) ဝါကျဖြင့် ဥပတိဿ ထေရ်၏ ဝါဒ အဋ္ဌကထာနှင့် မညီကြောင်းကို အဋ္ဌကထာကို ဆောင်၍ ပြ၏။ (ဇ) ဝါကျဖြင့် ထိုစကားကို မြဲစေ၏၊ (ဈ) ဝါကျဖြင့် အာရာမ်အရကို ဥပစာရသိမ်ဖြင့် ပိုင်းခြားရမည့်အဖြစ်ကို ပြ၏။ (ည) ဝါကျဖြင့် ထိုဥပစာရသိမ်၏ အဓိပ္ပာယ်ကို ပြ၏။

ဝဇိရဗုဒ္ဓိ၏ စကားကို သေတ္တာချလျှင် နိဿယည်းငြိမ်းခြင်း တည်ခြင်းကို ဥပစာရသိမ်ဖြင့် ပိုင်းခြားရမည်။ ထိုကြောင့် အာရာမ်မရှိ၍ ဥပစာရ သိမ် မထင်ရှားသော ကျောင်းတိုက်၌သာလျှင် ဒွေလေဍ္ဍုပါတဖြင့် နှိုင်းချိန်ရမည် ဟူ၏။

က။ ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မ အညသ္မိံ ဝိဟာရေ ဝသန္တိတိ ဥပစာရသီမတော ဗဟိ အညသ္မိံ ဝိဟာရေ အန္တေဝါသိကာနံ ဝသနဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မ ဝသန္တိ။

ခ။ တေန ဗဟိဥပစာရေပိ အန္တေဝါသိကာနံ ဝသနဋ္ဌာနတော ဒွိန္နံ လေဍ္ဍုပါတာနံ အန္တရေ အာသန္နပဒေသေ ဝသတိ နိဿယော နပ္ပဋိပဿမ္ဘတီတိ ဒဿေတိ။

ဂ။ အန္တော ဥပစာရသီမာယံ ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ ဝသတော နိဿယော နပ္ပဋိပဿမ္ဘတိ။

(ဝိမတိဝိနောဒနီဋီကာ)

ဝိမတိဋီကာ (က) ဝါကျဖြင့် အဋ္ဌကထာ၏ "ဒွေ လေဍ္ဍုပါတ" အရကို ဥပစာရသိမ် အပ၌သာ ယူရမည်ကို ပြ၏။ (ခ) ဝါကျဖြင့် ထိုအဋ္ဌကထာ၏ လဒ္ဓဂုဏ်ကို ပြ၏။ (ဂ) ဝါကျဖြင့် ဥပစာရသိမ် တခုတည်း ဖြစ်ခဲ့လျှင် ဒွေ လေဍ္ဍုပါတ မလို၊ ဥပစာရသိမ်ဖြင့်သာ ပိုင်းခြားရမည့် အဓိပ္ပါယ်ကို ပြ၏။

ဝိမတိဋီကာစကားကို သဘောကျ ချုံ့လျှင်လည်း ဥပစာရသိမ် အတွင်းဖြစ်သော် ဒွေလေဍ္ဍုပါတ မလို၊ ဥပစာရသိမ်ဖြင့်သာ ပိုင်းခြားရမည်ဟု ဆို၏။ ဒွေလေဍ္ဍုပါတကို ဥပစာရသိမ် အပြင်ဘက်၌သာ လိုသည်ဟု ဆိုလို၏။

က။ အာစရိယုပဇ္ဈာယာ ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မ အညသ္မိံ ဝိဟာရေ ဝသန္တိ ဗဟိဥပစာရ သီမာယံ အန္တေဝါသိကာ သဒ္ဓိဝိဟာရိကာနံ ဝသန္တာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မ အညသ္မိံ သေနာသနေ ဝသန္တိ။

ခ။ အန္တော ဥပစာရသီမာယံ ပန ဒွေ လေဍ္ဍုပါတေ အတိက္ကမ္မဝသတောပိ နိဿယော နပ္ပဋိပဿမ္ဘတိ။

(သာရတ္ထဒီပနီဋီကာ)

သာရတ္ထ (က) ဝါကျဖြင့် ဒွေလေဒ္ဒွေပါတကို ဥပစာရ သိမ်မှ ပြင်ပ၌သာ လိုသည့် အဖြစ်ကို ပြ၏။ (ခ) ဝါကျဖြင့် ဥပစာရ သိမ်တွင်း ဖြစ်ခဲ့လျှင် ဒွေ လေဒ္ဒွေပါတ မလို ဟူသော အဓိပ္ပာယ်ကိုပြ၏။

၎င်းသာရတ္ထ၏ အဓိပ္ပာယ်ကို သေတ္တု ချလိုက်လျှင်လည်း ဥပစာရ သိမ်တွင်းမှာ ဒွေ လေဒ္ဒွေပါတ မလို၊ ဥပစာရသိမ်ပ၌သာ လိုသည်ဟူသော အဓိပ္ပာယ်ပင် ထွက်၏။

ဥပစာရ သိမ်ပဟူရာ၌ ဆရာတပည့် နှစ်ဦးလုံး ဥပစာရ သိမ်ပ၌ တည်သည်ကို ဟူခုမည်။ ဆရာသည် ဥပစာရ သိမ်တွင်း၊ တပည့်သည် သိမ်ပြင်၌ ဖြစ်ခဲ့လျှင်လည်း ဥပစာရ သိမ်ဖြင့်ပိုင်းခြား ခြင်းကြောင့် နိဿယည်း ပျက်၏။ တပည့်သည် ဥပစာရ သိမ်တွင်း၊ ဆရာသည် သိမ်ပြင်၌ ဖြစ်ပြန်လျှင်လည်း ၎င်းနည်းပင် ပျက်၏ ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။

ဤ အဋ္ဌကထာဋီကာတို့ကို ထောက်၍ နိဿယည်း ပျက် မပျက်ကို ဥပစာရ သိမ်ဖြင့် ပိုင်းခြားရမည်။ အကယ်၍ ဥပစာရ သိမ် မရှိသောကျောင်း ဖြစ်အံ့၊ ခဲနှစ်ပစ်ဖြင့် ပိုင်းခြားရမည် ဟု မှတ်ရမည်။

ထိုကြောင့် တခုသော ဥပစာရ သိမ်တွင်း၌ နေ၍ ထိုဥပစာရ သိမ်၏ ပြင်ဘက်၌ နေသော တပည့်ကို နိဿယည်း မပေးနိုင် ဟု မှတ်ရမည်။

“သစေ ဒွေ လေဋ္ဌုပါတေ အတိက္ကမ္မ အညသ္မိံ ဝိဟာရေ ဝသန္တိ နိဿယော ပဋိပဿမ္ဘတိ” ဟူသော အဋ္ဌကထာ ဝါကျ၌ အနန္တရသီမ ဟူ၍လည်းကောင်း၊ ဗဟိသီမဟူ၍လည်း ကောင်း မပါသော်လည်း ရှေးဝါကျ၌ ရှိသော “ဗဟိသီမံ” ကို လိုက်စေရမည်။ သာရတ္ထ၌လည်း ဗဟိ ဥပစာရသီမာယံ စသောစကားကို ဆို၏၊ ထို့ကြောင့် ရှေး၌ ပြဆိုခဲ့သော အဓိပ္ပာယ် အတိုင်း မြဲစွာပင် မှတ်အပ်၏။

သာမဏေများ ဆရာအမှီကင်း၍ နေကောင်း၏ ဟူသော အယူသည် ယုတ္တိယုတ္တာ မရှိသော အယူဖြစ်၏။ ရဟန်းကို ငါးဝါပြည့်ခြင်း စသော အင်္ဂါပြည့်စုံမှ ခွင့်ပြုပါလျက် သာမဏေကိုကား ယနေ့ဖြစ်စ သာမဏေကိုပင် ခွင့်ပြုသည် ဆိုသောစကားသည် အာဂမယုတ္တိ သဘာဝယုတ္တိ ကင်းသော စကားဖြစ်၏။

အချို့က ရေဝတသာမဏေငယ်တပါးတည်းနေသော ဝတ္ထု ကို သာဓကအဖြစ် ကိုးကား ပြကြကုန်၏။ ထိုသို့ကိုးကားပြလျှင် ရေဝတ သာမဏေ ရဟန်းဖြစ်စ၌ ဆရာအမှီမရှိစေပဲ နေခွင့်ရှိ ခဲ့ဘူးသည်ကို အတုလိုက်၍၊ ရဟန်းလည်း ရေဝတထေရ်ကဲ့သို့ နေကောင်းသည်ဟု ယူဘွယ်ရှိ၏။ ထိုသို့ကား မယူမူ၍ ငါးဝါပြည့်ခြင်းစသော အင်္ဂါ ပြည့်စုံမှသာလျှင် နိဿယည်း လွှတ်သည် ဟူသောအယူဝါဒကိုသာ မြဲစွာယူကြ၏။ အမှန်မှာ ရေဝတ သာမဏေ၊ ရေဝတရဟန်း ဆရာအမှီ ကင်း၍၊ နေစဉ်အခါ၌ သိက္ခာပုဒ် မပညတ်ရသေး၍ နေကြရသည်း

သိက္ခာပုဒ် ပိညတ်ပြီးနောက် မနေကြရဟူ၍ ယူမှ ရှေ့နောက် စကား လိုက်လျော်ပေမည်။

သာမဏေများ၏ နိဿယည်းကို အထူးမဆိုသော်လည်း ရှေးအစဉ်အဆက် ယူလာသောအယူဝါဒအတိုင်းကိုသာ လေးစား လိုက်နာသော်မှ ဂရုဏဖြစ်၍ သင့်လျော်ပေမည်။

## ဣတိ သဒ္ဓမ္မော ကဏ္ဍော

၁၃၁၁-ခုနှစ် ဝါခေါင်လ အတွင်း စစ်ကိုင်း တောင်ရိုး ရွှေဟင်္သာချောင်ဘုန်းကြီး၊ ရတနာ့မာရ် အောင် ဘုန်းတော်ကြီးတို့ လျှောက်ထား၍၊ ရွှေဟင်္သာ တောရ စံကျောင်းဆရာတော်ဘုရားကြီး ဖြေကြား၊ ဆုံးဖြတ် တော်မူအပ်သော "နိဿယပဋ္ဌာန်းဝိဘင်း အသုံးဖြတ်" ပြီး၏။

ပဲခူးမြို့ **တောင်** ခရိုးတယူဇနာခန့် ကွာဝေးသော **အနောက်**ဘက်က တော၊ တောင်ကုန်း၊ ဥယျာဉ်ခြံ။ **အရှေ့ဘက်က** ပဲခူးမြစ်၊ ပဲခူးကွင်းတို့ဖြင့် ခြံရံ၍။ သူတော်ကောင်းတို့ မွေ့လျော်ပျော်ဖွယ်ရာဖြစ်သော ကျောက်တန်းရွာ၌ ကုန်သည်အမျိုးမှ ၁၂၃၅ခုနှစ် တန်ပေါင်းလဆန်း ၁၀ရက် ဗုဒ္ဓဟူးနေ့ နံနက် ၃နာရီခွဲခန့်အချိန်၌ ဖွားမြင်၍ ၁၂၅၅ ခုနှစ် ပထမဝါဆိုလဆန်း ၁၄ရက်၊ အင်္ဂါနေ့ ညနေ ၃နာရီအချိန်၌ ရန်ကုန်မြို့ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလုပ်၍ ၎င်းတိုက်အတွင်း သိလဝိသောခနီ မည်သော သိမ်၌ ၄၅ ပါးသော ကာရကသံဃာတော်တို့ဖြင့် ရဟန်းအဖြစ်သို့ရောက်၍ ရဟန်း သိက္ခာ ၈ ဝါမြောက်၊ ညောင်တုန်းမြို့ ရွှေဟင်္သာ တောရတိုက်သို့ ရောက်၍ ရွှေဟင်္သာတောရတိုက်၌ သီတင်းသုံးနေလေ့ရှိသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ စံကျောင်း ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူအပ်သော ပရိဝါသ်မာနတ်၊ သိမ်၊ ရဟန်းခံမှုဆိုင်ရာ၊ ကထိန်အဆုံးအဖြတ်၊ နိဿယပဋိပဿမ္ဘန အဆုံးအဖြတ်တို့၏ တည်ရာဖြစ်သော ဤ **"ပရိဝါသ မာနတ္တာဒိ ဝိနိစ္ဆယကျမ်း"** သည် ကောင်းမွန်သပ်ရပ်စွာ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပြီ။ ။

အမျိုးသမီးသီဒ္ဓိပိဋကတ်စာအုပ်ဆိုင်မှ

ရိုက်နှိပ်ဖြန့်ချိသော ကျမ်းစာများ

- ပကိဏ္ဏကဝိသဇ္ဇနာကျမ်း(ပ) (လုံးတော်ဆရာတော်)
- ထေရအပဒါန် ဝတ္ထုတော်(ပ) (မြို့မိဆရာတော်)
- လောကဟိတဂမ္ဘီရကျမ်း၊
- သံဒိဋ္ဌဇာတာဖွဲ့နည်း (ဆရာမောက်)
- ပရိတ်ကြီး ပါဠိမြန်မာပြန် (ဦးတင်မြင့်)
- ကမ်္မဝါမေးခွန်း / အဖြေ (ပ+ဒု)
  (အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိမလ)
- ၃၈ ဖြာမင်္ဂလာဝတ္ထုတော် (ဦးထွန်းရည်)
- ငါးပါးသီလဝတ္ထုတော် ( ။ )
- သင်္ဂဇာစကားပုံ ပေါင်းချုပ် (လေးကျွမ်းတွဲ)
- မေတ္တာအဖွင့်အကျယ် လက်စွဲ(စံကျောင်းဆရာတော်)
- အရိယမဂ္ဂဒီပနီ (သေက္ခတောင် ဦးတိလောက)

18